www.burmeseclassic.com

အချစ်ဆုံးချင်းဝတ္ထုသစ်

မျက်ဝန်းထဲကချစ်ပုံရိပ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

[illegible]

# မျက်ဝန်းထဲက ချစ်ပုံရိပ်

www.burmeseclassic.com

www.burmeseclassic.com

စွဲသွားပြီ...

နောင်းကိုလယ်(ပ)ရဲ့မျက်ဝန်းထဲမှာရောနှလုံးသား

ထဲမှာရောစွဲနစ်နေအောင်သိမ်းထားလိုက်ပြီ။

ဒီတစ်သက်.နောက်တစ်သက်.နောက်ဘဝအထိ

ဘယ်တော့မှမမေ့ဘူး။

ဒီဘဝနောက်ဘဝဘဝဆက်တိုင်းမှာလယ်(ပ)ရဲ့

မျက်ဝန်းထဲမှာနောင်းရဲ့ပုံရိပ်ကိုအမြဲထာဝရစွဲထင်

နေစေချင်တယ်။ဒါမှ...

နောင်းနဲ့လယ်(ပ)ဘဝချင်းခြားသွားလည်း...

နောင်းကိုအမြဲမှတ်မိနေအောင်လို့

လယ်(ပ)

(ရွှန်းလဲ့တာရာ)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဘယ်လောက်များ

ထူးခြားဆန်းကြယ်တဲ့အပြစ်လဲဟာ၊

အပြစ်မှာ တစ်ခါမှမျက်နှာချင်းဆိုင်မတွေ့ခဲ့

ဖူးခြင်းမရှိတဲ့လူတစ်ယောက်ကို...

အိပ်မက်တွေထဲမှာရင်းနှီးခဲ့ပြီး...

ရွှဲရွှဲလမ်းလမ်းနဲ့

အရူးအမူးချစ်မိသွားသတဲ့...

မနော်ဖြူ

မျက်ဝန်းလေးတစ်စုံနဲ့

ရင်တံခါးကိုဖွင့်လှစ်ခဲ့တဲ့...သူ

ချစ်သူ...။

အိပ်မက်လေးတစ်ခုနဲ့

နှလုံးသားကိုကိုင်လှုပ်ခဲ့တဲ့...သူ...

ချစ်သူ...။

မထင်မှတ်ဘဲခွဲခွာ

တစ်ကမ္ဘာခြားကာ...ထားရစ်ခဲ့

ရက်စက်တဲ့...သေခွဲ။

ကျဉ်းမြောင်းတဲ့အမြင်

ပေါင်းနွမ်းတဲ့အယူနဲ့

ပြင်းထန်စွာတားဆီး

လူ့စည်းဘိလူးစည်းဘဝချင်းခြားပစ်

အလစ်ဝင်မီးလောင်တိုက်သွင်းတဲ့

ရက်စက်တဲ့ရှင်ကွဲ။

ထနောင်းညို

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

**တစ်** နှစ်တာရဲ့ သုံးရာခြောက်ဆယ့်ငါးရက်ထဲမှာ ဒီနေ့ဟာ အလှပဆုံး၊ အနွေးထွေးဆုံး၊ အငြိမ်းချမ်းဆုံး၊ အချိုမြိန်ဆုံး ... လို့ ထနောင်းညိုနှင့် ရွှန်းလဲ့တို့နှစ်ယောက် ထင်မှတ်မိကြသည်။

ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ဟာ ဖေဖော်ဝါရီလ ဆယ့်လေးရက် ...Valentine's Day ဖြစ်သည်လေ။

ဒီတော့ ချစ်သူနှစ်ယောက်ဖြစ်တဲ့ "ထနောင်းညို" နှင့် "ရွှန်းလဲ့တာရာ" တို့နှစ်ယောက်အဖို့လည်း ဒီနေ့ဟာ အလှပဆုံးနေ့ကလေးတစ်နေ့ပေါ့။

ကောင်းကင်ကြီးကလည်း ပြာ၊ တိမ်တွေကလည်း ပြာ၊ ညင်းညင်းသွဲ့သွဲ့တိုက်ခတ်နေတဲ့ လေနုအေးကတောင် သင်းချိုလို့။

ရန်ကုန်မြို့ကြီးတစ်မြို့လုံးဟာ ချစ်သူများရဲ့ Valentine's

(သက်ပိုင်ရဲ့စာပေ)

www.burmeseclassic.com

www.burmeseclassic.com



Day ဆင်နွှဲမှုနဲ့ ပိုပြီး သက်ဝင်လှုပလာသလို။

ဘယ်နေရာကြည့်ကြည့် ဖက်ရှင်ကျကျ ဆင်တူဝတ်ဆင်ထားကြတဲ့ ချစ်သူတွေက ပျားပန်းခပ်။

ဖက်ရှင်ကျအောင် တမင်ရည်ရွယ်ပြီး ဆင်တူဝတ်ဆင်တဲ့ ချစ်သူစုံတွဲတွေထဲမှာ ထနောင်းနှင့်ရွှန်းလဲ့တို့နှစ်ယောက် မပါ သော်လည်း ...

ထနောင်းက မိုးပြာရောင် ဘော်ဒီဖစ် ရှပ်လက်တိုကို Tie သေးသေးလေးတပ်ကာ အနက်ရောင်အကွက်စိပ်စိပ် ကွာတားဘောင်းဘီတိုနှင့် တွဲဝတ်ထားပြီး ...

ရွှန်းလဲ့ကတော့ လည်ပင်းအတွန့်ပိုင်းပိုင်းကလေး၊ လက်မောင်းရင်းကလေး ဖုံးအုပ်ရုံ လက်ပြတ်ဂါဝန်တိုကလေးက ခါးပတ်ကြီးကြီး၊ ပေါင်လယ်မှာ သားရေကြိုးအတွန့်စည်းကလေးနှင့် ဖောင်းဖောင်းကလေးမို့ ဘာဘီရုပ်ကလေးတစ်ရုပ်လို ချစ်စဖွယ် လှပနေပါသည်။

ပြီးတော့ ... ရွှန်းလဲ့ဝတ်ထားသည့် ဂါဝန်တိုကလေးက ပန်းရောင်နုနုကလေးမို့ ထနောင်းဝတ်ထားသည့် မိုးပြာရောင်နှင့် ထင်ဟပ်လိုက်ဖက်လို့နေလေသည်။

ပန်းရောင်နှင့်မိုးပြာရောင်ဆိုတာ ချစ်ခြင်းရဲ့သင်္ကေတကို ဖော်ကျူးတဲ့အရောင်တွေပဲ မဟုတ်လား။

နှစ်ယောက်သား လက်ချင်းမြဲမြဲဆုပ်ကိုင်ကာ တစ်မြို့လုံး





အနှံ့ လျှောက်လည်ကြသည်။

သူတို့လိုပဲ နေရာအနှံ့မှာ ဗယ်လင်တိုင်းဒေးကို ကြည်နူးပျော်ရွှင်စွာ ဆင်နွှဲကြသည့် ချစ်သူစုံတွဲက ပျားပန်းခပ်။

နှစ်ယောက်သား ပျော်မြူးစွာလျှောက်လည်ရင်းမှ ရှိုလာကိုစတာရှေ့ရောက်တော့ ရွှန်းလဲ့က ခြေလှမ်းတွေကို တုံ့ခနဲ ရပ်သည်။

ထနောင်းက ... 'ဘာဖြစ်လို့လဲ'ဆိုသည့်ပုံစံ မေးဆတ်မေးသည်။

"နောင်း ... လပ်(ဗ) ရှိုလာကိုစတာ စီးချင်တယ်"

ရွှန်းလဲ့ ချစ်သူကို မူပွဲ့နွဲ့ကလေး ပူဆာသည်။

ရွှန်းလဲ့က ထနောင်းနှင့်မို့ဆိုလျှင် ကိုယ့်ကိုယ်ကိုယ် လပ်(ဗ) (Love) လို့သာ သုံးစွဲသည်။

ဒါ ... နှစ်ယောက်တည်းသုံးနှုန်းသည့် အခေါ်အဝေါ်ကလေးဖြစ်သည်။

ဟန်နေတို့၊ ဆွိတီတို့က အသုံးများလွန်းတာမို့ လပ်(ဗ) ဆိုသည့် အသုံးအနှုန်းကလေးကို ရွှန်းလဲ့က ရှားရှားပါးပါး စိတ်ကူးရကာ အရမ်းကို မြတ်နိုးပါသည်။

"အာ ... အဲ့ဒါကြီး ကိုယ် အသည်းယားတယ်ကွ"

ထနောင်းက ရှိုလာကိုစတာကြီးကိုကြည့်ကာ ပခုံးကျုံ့ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... နောင်းကလည်း အဲ့လို အသည်းထဲတလှပ်လှပ်အေးရတဲ့ ဖီလင်ကို လပ်(ဖ)က ခံစားချင်တာ"

ရွှန်းလဲ့ မျက်စောင်းဝင့်ပြီး နှုတ်ခမ်းစူသည်။

"လပ်(ဖ)ကလည်းကွာ ... ကြောက်စရာကြီး"

ထနောင်း ဖက်ကိုပု မျက်လုံးပြူးပြီး ပြန်ပြောသည်။

"ဒါဆို နောင်းက မစီးချင်ဘူးပေါ့"

ရွှန်းလဲ့ ထနောင်းလက်ချောင်းတွေကို ဆတ်ခနဲဖြုတ်ကာ လှည့်ထွက်ရန် ခြေလှမ်းပြင်သည်။

ထနောင်း ရွှန်းလဲ့ရဲ့လက်ကလေးကို အသည်းအသန်ပြန်ဖမ်းဆွဲကာ ...

"ဟင့်အင်း ... အခု လက်မှတ်သွားဝယ်မယ်"

လှည့်ထွက်ရန် ဟန်မူပြင်သည့်ခြေလှမ်းများ တုံ့ခနဲရပ်ကာ နှုတ်ခမ်းစူစူကလေးကလည်း ချက်ချင်းပြုံးယောင်ပြန်သန်းလာခဲ့သည်။

"နောင်းနော် ... ခုနကတည်းက တစ်ခါတည်းပြောတာ မဟုတ်ဘူး"

"နှုတ်ခမ်းစူစူကလေးကို တွေ့ချင်သေးလို့"

"သွားပါ ... ဟွန်း"

"သွားမယ်"

ရွှန်းလဲ့ မျက်လုံးလေး ပြူးသွားရသည်။





"ဘယ်ကိုလဲ"

"ရိုလာကိုစတာဆီလေ"

ထနောင်း ရွှန်းလဲ့လက်ကိုဆွဲကာပြေးသည်။ နှစ်ယောက်သား ကြည်ကြည်နူးနူး ရယ်လိုက်မိကြသည်။

ထို့နောက် ... စိတ်လှုပ်ရှားစရာကောင်းလွန်းလှသော ရိုလာကိုစတာ အတူစီးကြသည်။

ဝုန်းခနဲ နိမ့်ဆင်းထိုးကျ ...၊

အရှိန်ဖြင့် မြန်ဆန်စွာ ပြန်မြင့်တက် ...၊

နံဘေးဆီမှ လေတိုးသံ တဝီးဝီး ...၊

အသည်းထဲ လှပ်ခနဲ လှပ်ခနဲ အေးသွားစေသော ခံစားမှု။

စီးချင်လှပါသည်ဆိုသော ရွှန်းလဲ့ ခုတော့ ထနောင်းရဲ့ ရင်ခွင်ထဲမှာ ခေါင်းတိုးဝင်ပြီး ကြောက်လွန်းလို့ ကိုယ်လေးကျုံ့ထားမိသည်။

ရိုလာကိုစတာက အသည်းအေးပြီး တထိတ်ထိတ်နှင့် ကြောက်စရာကောင်းလှသလို ...

နွေးထွေးသော ချစ်သူ့ရင်ခွင်ကလည်း ရင်ခုန်စရာကောင်းလွန်းလှသည်လေ။

ရိုလာကိုစတာပေါ်က ဆင်းခဲ့သည့်တိုင် ရွှန်းလဲ့မှာ မျက်လုံး ရဲရဲမဖွင့်ရဲသေး။



www.burmeseclassic.com

www.burmeseclassic.com



ထနောင်းကိုလည်း အားကိုးတကြီး ဖက်တွယ်ထားဆဲ။

"ဟ ... ဘယ်လိုလဲကွ ဖက်လှချည်လား၊ ပြောတော့ အသည်းထဲ တလှပ်လှပ်အေးရတဲ့ ဗီလင်ကို ခံစားချင်တာဆို၊ ခုတော့ မျက်လုံးတောင် မဖွင့်ရဲပါလား"

"နောင်း ... နော်"

ရွှန်းလဲ့ ထနောင်းရဲ့ရင်ခွင်ကို နဖူးလေးနဲ့ ဦးတိုက်ထိ, ထားရင်း မျက်လုံးများ မဖွင့်ရဲသေး။

"လပ်(ဖ)မျက်လုံးတွေ ဖွင့်လာအောင် ကိုယ်လုပ်ပေးမယ်"

ထနောင်း ရွှန်းလဲ့နားရွက်ကလေးဆီ ငုံ့ကာ တိုးတိုးကလေး ပြောသည်။

"နောင်းနော် ... လူတွေအများကြီးရှေ့မှာ"

ရွှန်းလဲ့ ချစ်သူကို ရှက်ဝဲဝဲလေး ကျိတ်မာန်သည်။

"ဟ ... ဘာလဲ ... မျက်လုံးတွေပွင့်သွားအောင် ဘရာဇီးလ်ကော်ဖီတိုက်မယ်လို့ ပြောမလို့"

"ကော်ဖီ"

"အင်း ... ဟင် မသောက်ချင်ဘူးလား"

ရွှန်းလဲ့ နှာခေါင်းလေးရှုံ့သည်။ ပြီးတော့မှ ...

"အခုလား"

နောက်တောက်တောက် ပြောပုံကလေးကြောင့် နှစ်





ယောက်သား ရယ်လိုက်မိကြပြန်သည်။

ထို့နောက် ... နှစ်ယောက်သား ချစ်ခြင်းအပြည့်ဖြင့် လက်များတွဲလျက် ကော်ဖီဆိုင်ကလေးဆီ။

ကော်ဖီဆို နှစ်ယောက်လုံး အခါးပြင်းသော ဘရာဇီးလ် ကော်ဖီကို အကြိုက်ချင်းတူကြသည်။

ထနောင်းပြောသည့်အတိုင်းပင် သင်းပျံ့သော ဘရာဇီးလ်ကော်ဖီခါးခါးကို ပူပူကလေး တစ်ငုံငုံပြီးလျှင် ရွှန်းလဲ့ အကြောက်ပြေကာ မျက်ဝန်းကလေးများ ပွင့်လာတော့သည်။

"ဘယ်လိုလဲ ... အိုကေသွားပြီမဟုတ်လား လပ်(ဖ)၊ ကိုယ်ပြောတဲ့အတိုင်း မျက်လုံးတွေ ပွင့်လာပြီမဟုတ်လား"

ထနောင်း ဆရာကြီးစတိုင်လ်ဖမ်းကာ မျက်ခုံးပင့်ပြီး ပြောသည်။ ရွှန်းလဲ့က ဘာမှပြန်မပြော။

ကော်ဖီခါးခါးကို အရသာခံသောက်ရင်း ချစ်သူကို မျက်တောင်မခတ်တတ်သလို တစိမ့်စိမ့်ကြည့်သည်။

ရွှန်းလဲ့တာရာဆိုသော နာမည်ကလေးနှင့်လိုက်အောင် ကြယ်ပွင့်ကလေးလို ရွှန်းလဲ့တောက်ပသော မျက်ဝန်းကလေးတွေရဲ့အကြည့်က အချိန်တွေကြာလာခဲ့သည်နှင့်အမျှ ရူးစူးနစ်နစ်နိုင်လာခဲ့သည်မို့ ထနောင်း မနေနိုင်တော့ဘဲ ဖွင့်ဟပြောမိလေတော့သည်။

"ဟ ... ဘာလဲ ... အဲ့လောက်ကြီး မကြည့်နဲ့လေ၊



www.burmeseclassic.com

www.burmeseclassic.com



ရှက်တောင်ရှက်လာပြီ''

ထနောင်း တမင်ရှက်ချင်ယောင်ဆောင်ကာ ရယ်ဟဟ ပြောသည်။

ရွှန်းလဲ့ကတော့ဖြင့် ထနောင်း ဘာပဲပြောပြော အကြည့်တို့ကို လုံးဝမရုပ်သိမ်းမိ။ ထိုစဉ်မှာပင် ...

♫ ကြည်ပြာရီဝေသောအကြည့်နဲ့ ညို့ချစ်သူ ××× ကျွန်တော်ရဲ့ ကြင်နာသူ ××× သူ့အကြည့် ဘဝင်မှာဆူ ××× ရင်ခွင်လှာကိုပူ ××× အသွေးအသားတွေဆူလို့ ××× အသည်းလေးပေါက်အောင်ကြည့်တဲ့ ကျွန်တော့်ချစ်သူ ×××

ကြည်ပြာရီဝေသောအကြည့်နဲ့ ညို့ချစ်သူ ××× ကျွန်တော်ရဲ့ ကြင်နာသူ ♫

ချိုချိုဝဲဝဲ သီချင်းသံကလေးက တိတ်ဆိတ်ငြိမ်းချမ်းသော ကော်ဖီဆိုင်လေးထဲမှာ လှပစွာ ပျံ့လွင့်လာသည်။

တိုက်ဆိုင်သွားသော အခြေအနေကလေးကြောင့် ချစ်သူနှစ်ယောက် ကြည်နူးစွာ ရယ်လိုက်မိသည်။

Lလွန်းဝါရဲ့သီချင်းစာသားလေးက ထနောင်းရဲ့အနေအထားနှင့် တိုက်ဆိုင်လို့နေသည် မဟုတ်လား။

ရွှန်းလဲ့က ချစ်သူကို မျက်တောင်မခတ်စတမ်း တစိမ့်စိမ့်ကြည့်ရင်းက တိုးလျှနူးညံ့စွာ ပြောသည်။

''နောင်းကို အရမ်းချစ်တယ် သိလား''





ထနောင်း ခေါင်းညိတ်ပြကာ ရွှန်းလဲ့က ဖျဖျကလေးပြုံးပြီး ဆက်ပြောသည်။

''နောင်းရဲ့ပုံရိပ်ကို လပ်(ဖ) မျက်ဝန်းထဲမှာ အမြဲစွဲထင်အောင် သိမ်းထားချင်လို့''

နူးညံ့တိုးလျသော စကားသံလေးက ထနောင်းရင်ထဲ စမ်းချောင်းလေးတစ်စင်းလို ဖြတ်စီးသွားသည်။

အရမ်းလည်း မြတ်နိုးလို့သွားရသည်။

''တကယ်လား ... ကိုယ့်ပုံရိပ် လပ်(ဖ)ရဲ့မျက်ဝန်းထဲမှာ တကယ်စွဲသွားပြီလား''

''စွဲသွားပြီ၊ နောင်းကို လပ်(ဖ)ရဲ့မျက်ဝန်းထဲမှာရော၊ နှလုံးသားထဲမှာရော စွဲနစ်နေအောင် သိမ်းထားလိုက်ပြီ''

''ကိုယ့်ကို ဒီတစ်သက် ဘယ်တော့မှ မမေ့တော့ဘူးပေါ့''

''ဒီတစ်သက်၊ နောက်တစ်သက်၊ နောက်ဘဝအထိ ဘယ်တော့မှမမေ့ဘူး''

''အား ... အရမ်းချစ်သွားပြီ လပ်(ဖ)ရယ်''

ချစ်သူလေးကို အရမ်းကို တိုးချစ်သွားရရင်း လက်ကလေးကို တင်းတင်းဆုပ်လိုက်မိပါ၏။

''နောင်း''

''ဟင်''



www.burmeseclassic.com

www.burmeseclassic.com



စူးစူးနစ်နစ်ကြည့်ရင်း ခေါ်လိုက်သော ရွှန်းလဲ့ကို . . . ထနောင်း မေးဆတ်ပြပြီး ဟင်ခနဲ ပြန်ထူးသည်။

"ဒီနေ့ ဘာနေ့လဲ"

အထူးအဆန်းလုပ်ပြီး မေးလိုက်တာမို့ ထနောင်း ခစ်ခနဲ ရယ်လိုက်ပြီး . . .

"ဗယ်လင်တိုင်းဒေး . . . ပါတဲ့ခင်ဗျာ"

"တွေ့လား . . . ပြောပုံက ပေါ့ဆဆနဲ့၊ မမှတ်မိဘူး မဟုတ်လား"

ရွှန်းလဲ့ အလိုမကျသလို မျက်နှာလေး ညိုသွားသည်။

"ဟိတ် . . . စိတ်ကောက်ဖို့ စိတ်မကူးနဲ့နော်၊ ဒီနေ့ ဗယ်လင်တိုင်းဒေး၊ ပြီးတော့ ကိုယ်နဲ့လပ်(ဖ) ချစ်သူဖြစ်တာ တစ်နှစ်ပြည့် . . . ဟုတ်တယ်နော်၊ ကိုယ်က မေ့ရမှာလား"

ထနောင်း ပျာပျာသလဲပြောတော့မှ ရွှန်းလဲ့ရဲ့ညိုကျသွားသည့်မျက်နှာလေးက ပြန်ပြီး ပြုံးယောင်သန်းလာတော့သည်။

ရွှန်းလဲ့က ထူးထူးခြားခြားလေးနှင့် အမှတ်တရဖြစ်အောင် ဗယ်လင်တိုင်းဒေးမှာ ထနောင်းကို ချစ်အဖြေပေးခဲ့တာ ဖြစ်သည်။

"ပြောလေ . . . လပ်(ဖ)က ဘာလုပ်ချင်လို့လဲပြော၊ ဘာဆန္ဒရှိလဲပြော"

ရွှန်းလဲ့ စကားစ,လိုက်ကတည်းက ချစ်သူရဲ့သဘောကို





သိတတ်နေသည်မို့ ထနောင်း မေးလိုက်သည်။

ရွှန်းလဲ့ ထနောင်းကို ချစ်မြတ်နိုးစွာ စိုက်ကြည့်ရင်း နူးညံ့ကြည်စင်သော အပြုံးကလေးဖြင့် . . .

"လပ်(ဖ)တို့ ချစ်သူသက်တမ်း တစ်နှစ်ပြည့်မှာ အမှတ်တရဖြစ်သွားအောင်"

"လပ်(ဖ) ဘာလုပ်ချင်လဲပြော"

ရွှန်းလဲ့ စကားမဆုံးခင် ထနောင်း စိတ်လိုလက်ရ စကား ထောက်ပေးလိုက်သည်။

"နောင်းနဲ့လပ်(ဖ) ထူးခြားတဲ့ကုသိုလ်အလှူလေးတစ်ခု လုပ်ရအောင်"

"ကုသိုလ်အလှူ . . . ဟုတ်လား၊ အိုကေ . . . ကောင်းတာပေါ့၊ ပြော . . . လပ်(ဖ)က ဘာလှူချင်လဲပြော"

ရွှန်းလဲ့ ချစ်သူကို ရွှန်းရွှန်းစားစားကြည့်ကာ တိုးသက်သော်လည်း ပီသစွာ ပြောလိုက်သည်။

"မျက် ကြည် လှာ"

ထနောင်း အရမ်းကို အံ့ဩသွားရသည်။

သူထင်ထားသည်က မိဘမဲ့ကျောင်းလိုမျိုး၊ မျက်မမြင်ကျောင်းလိုမျိုး၊ ဘိုးဘွားရိပ်သာလိုမျိုး၊ နေရာတစ်ခုခုမှာ ပိုက်ဆံသွားလှူပြီး ကုသိုလ်လုပ်မယ် ထင်ထားတာ။

ခုတော့ ကိုယ့်အသွေးအသား ခန္ဓာကိုယ်ကို လှူမည့်



www.burmeseclassic.com

www.burmeseclassic.com



အမြတ်ဆုံးအလှူမို့ ထနောင်း ချစ်သူလေးကို အရမ်းကို လေးစား သွားရတော့သည်။

"အိုကေ . . . လှူကြမယ်၊ ကိုယ်တော့ လပ်(ဖ)ကို အရမ်းကို လေးစားသွားရပြီ . . . သိလား၊ ပြော . . . ဘယ်တော့ သွားလှူမှာလဲ"

"ခုပဲလေ"

စကားနှင့်အတူ ရွှန်းလဲ့ ချက်ချင်းထ,ရပ်သည်။

"အိုကေ . . . Let's go"

စိတ်တူ၊ သဘောတူ ချစ်သူတွေမို့ ရွှန်းလဲ့က ထ,ရပ် လိုက်သည်နှင့် ထနောင်းကလည်း ကားသော့ကိုကိုင်ကာ တစ် ပြိုင်တည်း ထ,ရပ်လိုက်ပြီးသား။

ချစ်သူနှစ်ယောက်ရဲ့ခြေလှမ်းများက ဆေးရုံကြီးဆီ တက်ကြွစွာ ဦးတည်လျက်။

❀ ❀

"ပျော်လားဟင် . . . နောင်း"

ဆေးရုံကြီးထဲမှအထွက်တွင် ရွှန်းလဲ့ ချစ်သူပခုံးကိုမှီရင်း မေးလိုက်မိသည်။





ထနောင်း ကားမောင်းနေရင်းမှ ခေါင်းညိတ်ပြကာ . . .

"ပျော်တာပေါ့ လပ်(ဖ)ရယ် . . . ကိုယ်တို့နှစ်ယောက်ရဲ့ အမှတ်တရနေ့ကလေးမှာ ခုလိုမျိုး ထူးထူးခြားခြားလှူရတာ အရမ်းပျော်တယ် . . .၊

ပြီးတော့ ဒီလိုလှူဖြစ်အောင် စိတ်ကူးမိတဲ့ လပ်(ဖ)ကို လည်း ကိုယ် အရမ်းကျေးဇူးတင်တယ်"

ထနောင်း ချစ်သူကို လှိုက်လှိုက်လှဲလှဲ ပြောလိုက်မိသည်။

"ကျေးဇူးတင်စရာမလိုပါဘူး နောင်းရယ်၊ လပ်(ဖ)က လည်း ကိုယ့်စိတ်ကူးနဲ့ကိုယ်လေ"

"ပြောပါဦး . . . လပ်(ဖ)က ဘယ်လိုစိတ်ကူးထားလို့လဲ"

ထနောင်းက စိတ်ဝင်တစားမေးလျှင် ရွှန်းလဲ့ . . . 'အဟင်း'ခနဲ တစ်ချက်ရယ်လိုက်ပြီးမှ . . .

"လပ်(ဖ) ခုနက ကော်ဖီဆိုင်ထဲမှာ နောင်းကို မျက်ဝန်း ထဲ စွဲထင်နေအောင် ကြည့်ထားတာ အကြောင်းရှိတယ် နောင်း ရဲ့"

"ဟား . . . ဘာအကြောင်းလဲ"

ထနောင်း . . . စိတ်ဝင်တစား မျက်လုံးအပြူးသားနှင့် မေးပြန်သည်။

ရွှန်းလဲ့ ထနောင်းရဲ့ပခုံးစွန်းမှာ ပါးကပ်ထားရင်း တိုးဖွဖွ လေး ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဒီဘဝ, နောက်ဘဝ, ဘဝဆက်တိုင်းမှာ လပ်(ဖ)ရဲ့မျက်ဝန်းထဲမှာ နောင်းရဲ့ပုံရိပ်ကို အမြဲထာဝရစွဲထင်နေစေချင်တယ် ...၊

ဒါမှ နောင်းနဲ့လပ်(ဖ) ဘဝချင်းခြားသွားလည်း နောင်းကို အမြဲမှတ်မိနေအောင်လို့''

''လပ်(ဖ)''

ရွှန်းလဲ့စကားကြောင့် ထနောင်း မျက်စိမျက်နှာပျက်ကာ အလန့်တကြား ထ,အော်သည်။

''ဘာတွေလျှောက်ပြောနေတာလဲကွာ ...ဒီနေ့က ကိုယ်တို့ ချစ်သူသက်တမ်း တစ်နှစ်ပြည့်တဲ့နေ့၊ ကြည်ကြည်နူးနူးနေရမယ့်နေ့မျိုးမှာ နိမိတ်မရှိ နမာမရှိကွာ''

ထနောင်းရဲ့အလန့်တကြားပုံစံတွေ့ရတော့ ရွှန်းလဲ့ မျက်နှာလေး ညှိုးသွားသည်။

''နောင်းရယ် ...တကယ်တော့ လပ်(ဖ) ခုလိုပြောနေမိတာဟာ နောင်းကိုချစ်လွန်းလို့ပါ၊ လပ်(ဖ)လေ နောင်းနဲ့ခွဲရမှာ သိပ်ကြောက်တယ် ...သိလား''

ညှိုးငယ်သွားသောမျက်နှာလေးက မျက်ဝန်းတွင် စွတ်စိုရစ်ဝဲလာတာကို မှန်ထဲမှတစ်ဆင့် မြင်လိုက်ရသောအခါ ထနောင်းစိတ်မကောင်းဖြစ်သွားရသည်။

ရွှန်းလဲ့က ခံစားလွယ်သူဖြစ်သည်။





ထနောင်း စတီယာရင်ကို ညာလက်ဖြင့်သာ ထိန်းကိုင်ရင်း ဘယ်ဘက်လက်က ရွှန်းလဲ့ရဲ့မျက်နှာလေးကို နောက်ပြန်ကိုင်ပြီး ချော့လိုက်မိသည်။

''လပ်(ဖ)ရယ် ... ဘာလို့ ကိုယ်တို့နှစ်ယောက် ခွဲရမှာလဲ၊ ကိုယ်တို့အချစ်ရေးက အားလုံးဖြောင့်ဖြူးနေတာပဲဟာ၊ ကိုယ်တို့ကို နှစ်ဖက်မိဘတွေကလည်း သဘောတူထားကြတာပဲ၊ စိတ်ချ ... ကိုယ်တို့နှစ်ယောက်ကြားမှာ ခွဲခွာခြင်းဆိုတာ ဘယ်တော့မှ မရှိစေရဘူး''

ထနောင်း ချစ်သူကို သေချာပိုင်နိုင်သော စကားလုံးများဖြင့် ချော့နေမိသည်။

တကယ်တမ်းမှာလည်း ဒါဟာ ရင်ထဲမှ ယုံကြည်ချက်ပဲဖြစ်သည်။

ထနောင်းနှင့်ရွှန်းလဲ့ဆိုတာ တစ်ယောက်ကိုတစ်ယောက် အရမ်းချစ်ကြတဲ့ ချစ်သူတွေလေ။

ပြီးတော့ နှစ်ဖက်စလုံးက မိဘတွေကလည်း သဘောတူကြည်ဖြူထားကြတာ။

နှစ်ယောက်လုံးကလည်း ကျောင်းလည်းပြီးသွားပြီ။

ထနောင်းက မကြာခင်မှာ ဖေဖေ့ကုမ္ပဏီမှာ လုပ်ငန်းကို အနီးကပ်လေ့လာပြီး မန်နေဂျာနေရာဝင်ဖို့ အားလုံးစီစဥ်ထားပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ဘဝ ရှေ့ခရီးက ဘာခလုတ်ကန်သင်းမှ မရှိ။ ပန်းခင်းသောလမ်း။ လှပသာယာလို့နေသည်သာ။

သို့သော် ... သူတို့နှစ်ယောက်လုံး မေ့လျော့ထားခဲ့မိသည်က ကံကြမ္မာဆိုသောအရာပင်။

ထနောင်းသည် ခံစားလွယ်သော ချစ်သူကလေးကို ဘယ်ဘက်လက်ဖြင့် ခေါင်းကလေးပုတ်ကာ ချော့မော့ပြီး ညာဘက်လက်တစ်ဖက်တည်းဖြင့်သာ စတီယာရင်ကို ထိန်းကိုင်မောင်းဆဲမှာပင် ...

ရုတ်တရက် မျက်နှာချင်းဆိုင်မှ ကုန်တင်ကားကြီးတစ်စီး ဘွားခနဲ ပေါ်လာခဲ့သောအခါ ...

"နောင်း ... ရှေ့ ... ရှေ့မှာ"

ရွှန်းလဲ့ရဲ့ ထိတ်လန့်တကြား အော်လိုက်သံ။ ထနောင်း ဘရိတ်ကို အမြန်နင်းလိုက်ပါသော်လည်း ...

"အား"

တုန်လှုပ်ချောက်ချားစွာ အော်ဟစ်လိုက်သံကို ကြားလိုက်ရပြီးသည့်နောက် ကားတစ်စီးလုံး တဝုန်းဝုန်းခါသွားကာ

နာကျင်မွန်းကျပ်လှသော ခံစားမှုနှင့်အတူ အသိစိတ်အာရုံတစ်ခုလုံး မှောင်အတိကျသွားခဲ့ရတော့သည်။





"အား"

သူ ကြောက်လန့်တကြား သွေးရူးသွေးတန်းအော်ကာ အမှောင်ထုထဲမှ အတင်းရုန်းထ,လိုက်သည်။

"သား ... သားလေး သတိရလာပြီ"

"သားရေ ... ထနောင်း ... သား"

စိုးရိမ်တကြီး ခေါ်သံများ။

"သား ... ပြန်လှဲ, ပြန်လှဲနေလိုက်၊ ချက်ချင်းမထသေးနဲ့ဦး၊ ခေါင်းမူးနေမယ်"

ရုန်းထလိုက်သော သူ့ကို ဖြည်းညင်းစွာ ပြန်လှဲသိပ်လိုက်သောအသိ။

သူ မျက်ခွံတွေကို အားယူဖွင့်ကြည့်လိုက်သည်။

မသဲကွဲသော ပုံရိပ်များ။

အာခေါင်ထဲမှ ခြောက်သွေ့သောခံစားမှု။

"ရေ"

ဝတ်မွတ်စွာ သူ တောင်းဆိုလိုက်မိသည်။

"ရေ ... ရေတဲ့"

နူးညံ့အေးမြသော အထိအတွေ့။

သူ့နှုတ်ခမ်းလွှာများ စိုစွတ်လာခဲ့သည်။ ဝေဝါးနေသော



www.burmeseclassic.com

www.burmeseclassic.com



ပုံရိပ်များသည်လည်း တစ်စထက်တစ်စ သဲကွဲလာခဲ့သည်။

"ဖေဖေ"

"မေမေ"

သူ့ကို စိုးရိမ်တကြီး ငုံ့ကြည့်နေသော ဖေဖေနှင့်မေမေ။

"သား ... သားလေးရယ်"

မေမေ သူ့လက်ကို တင်းတင်းဆုပ်ပြီး မျက်ရည်တွေ တတွေတွေကျသည်။

"နိုင်ကလည်းကွာ ... သား ပြန်သတိရလာပြီပဲ၊ ငိုမနေနဲ့လေ၊ သား စိတ်မကောင်းဖြစ်နေပါ့မယ်"

ဖေဖေက မေမေ့ကို နှစ်သိမ့်ရင်း သူ့ကိုမေးသည်။

"ဘယ်လိုနေလဲသား ... ခေါင်းမူးနေသေးလား၊ ဘယ်နေရာက နာသေးလဲ"

"သား နေလို့ကောင်းပါတယ် ဖေဖေ၊ ခေါင်းကတော့ နည်းနည်းအုံနေသေးတယ်၊ ကျန်တာအားလုံး ကောင်းပါတယ်၊ နာလည်း မနာတော့ပါဘူး"

စိုးရိမ်တကြီးဖြစ်နေသေးသော ဖေဖေနှင့်မေမေ့ကို သူက ပြန်ပြီး နှစ်သိမ့်နေမိသည်။

သူ လှဲနေရင်းမှ အခန်းထဲကို အကြည့်ဝေ့ဝဲကာ တစ်စုံတစ်ယောက်ကို ရှာဖွေမိသည်။

လပ်(ဖ) ...။





သူ့ရင်ထဲ ဒိန်းခနဲ မြည်ဟည်းသွားရသည်။

"မေမေ ... ရွှန်းလဲ့ရော"

သူ မေမေ့ကို စိုးရိမ်တကြီး မေးလိုက်မိသည်။

မေမေ့မျက်နှာ ကွက်ခနဲပျက်သွားတာ သတိပြုလိုက်မိလျှင် ရင်ထဲမှ စိုးရိမ်စိတ်က ပိုပြီးကြီးထွားလာခဲ့ရသည်။

"ရွှန်းလဲ့ ... ရွှန်းလဲ့ရော မေမေ ... ရွှန်းလဲ့ ဘယ်မှာလဲ၊ ရွှန်းလဲ့ ဘာဖြစ်သွားသေးလဲ"

သူ ချက်ချင်း ဆတ်ခနဲ ထ,လိုက်သည်။ ခေါင်းထဲမှ မိုက်ခနဲ။

"သား ... စိတ်အေးအေးထားပါ သားရယ်၊ ရွှန်းလဲ့ ဘာမှမဖြစ်ပါဘူး၊ ရှိပါတယ်၊ သူလည်း ထိခိုက်ဒဏ်ရာနည်းနည်း ရလို့ အနားယူနေရတယ်"

ဖေဖေက သူ့ပခုံးကို ဆုပ်ကိုင်ထားရင်း တိုးသက်အေးဆေးစွာပြောသည်။

"သား ... ရွှန်းလဲ့ဆီသွားချင်တယ် ဖေဖေ"

"သွားတာပေါ့ သား၊ အခုတော့ သား သတိရခါစပဲ ရှိသေးလို့ ပြန်အနားယူလိုက်ဦး၊ သားကို သတိရလာရင် ဘာမှ လှုပ်လှုပ်ရှားရှား မလုပ်စေနဲ့ ... လို့ ဆရာဝန်ကြီးက မှာထားတယ်"

ဖေဖေက သူ့ပခုံးကိုပွေ့ကာ အိပ်ရာပေါ် အသာအယာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်လှဲချပေးသည်။

သူ သက်ပြင်းကိုရှိုက်ကာ မျက်လုံးအစုံကို မှိတ်လိုက်သည်။

ရွှန်းလဲ့ ဘယ်မှာလဲ ...။

ပိန်းပိတ်သောအမှောင် ...။

ချောက်ချားစရာကောင်းလွန်းလှသော ပကတိအေးစက်စက်နိုင်မှု။

သူ အေးစက်လှသော အမှောင်ထုကြီးထဲမှာ တစ်စထက်တစ်စ မွန်းကျပ်ချောက်ချား၍လာသည်။

သူ ဆောက်တည်ရာမရအောင် ချောက်ချား၍နေဆဲ။ အဝေးဆီမှ အလင်းရောင်လေး တစ်စကို တွေ့လိုက်ရသည်။

အလင်းရောင် ... ပြာလဲ့လင်းပသော အလင်းရောင်။

သူ အံ့အားသင့်စွာ ငေးနေမိဆဲမှာပင် ထိုအလင်းရောင်က သူနှင့် တဖြည်းဖြည်းချင်း နီးကပ်လို့လာခဲ့သည်။

သူ အနည်းငယ်မျှ မလှုပ်ရှားဝံ့ဘဲ အံ့အားသင့်စွာ ငေးစိုက်နေမိဆဲ။





ထိုအလင်းရောင်မှာ အလွန်နီးကပ်၍လာခဲ့လျှင် ...

"ဟင်"

သူ မထင်မှတ်နိုင်လွန်းစွာ ...

ပြာလဲ့သော အလင်းရောင်မှာ ကြည်စင်တောက်ပရွှန်းလဲ့သော မျက်ဝန်းအိမ်ကလေးတစ်စုံဆီမှ ဖြာထွက်လင်းပလို့လာခဲ့တာကို သိမြင်လိုက်ရပြီး ...

ထိုမျက်ဝန်းအိမ်ကလေးမှာ ရွှန်းလဲ့ရဲ့မျက်ဝန်းဖြစ်သည်ကို နှလုံးသားဖြင့် ခံစားလိုက်ရသောအခါ ...

'လပ်(ဖ)'

သူ တိုးဖွဖွကလေး ခေါ်လိုက်သည်။ အလင်းရောင်မှာ ချက်ချင်းပျောက်ကွယ်သွားတော့သည်။

ရွှန်းလဲ့ရဲ့မျက်ဝန်းကလေးလည်း ပျောက်ကွယ်သွားလေပြီ။

"လပ်(ဖ) ... လပ်(ဖ)ရေ ... လပ်(ဖ)"

သူ ဝေ့ဝဲရှာဖွေကာ သွေးရူးသွေးတန်း ခေါ်နေမိသည်။

"လပ်(ဖ)"



www.burmeseclassic.com

www.burmeseclassic.com



"သား ... ထနောင်း ... သား"

သူ ဝုန်းခနဲ ထ,ထိုင်လိုက်မိသည်။ သူ့ရှေ့မှာ ရှိနေသည်က ဖေဖေ။

"ဖေဖေ ... ရွှန်းလဲ့ရော၊ ရွှန်းလဲ့ အခု ဘယ်မှာလဲ၊ သား ရွှန်းလဲ့ကိုတွေ့ချင်တယ် ဖေဖေ ... ရွှန်းလဲ့ ဘယ်မှာလဲ"

သူ ဖေဖေ့လက်ကို ကိုင်လှုပ်ကာ အတင်းမေးလိုက်မိသည်။

သူ့ကိုပြန်ကြည့်နေသော ဖေဖေ့မျက်လုံးများမှာ ရီဝေ၍လာသည်။

သက်ပြင်းကိုရှိုက်ကာ သူ့ပခုံးများကို တင်းကျပ်နေအောင် ဆုပ်ကိုင်ရင်းက ...

"ရွှန်းလဲ့ ဆုံးသွားပြီ သား"

တိုးသဲ့သော်လည်း သူ့နားစည်အိမ်၌ ဆူညံစွာ မြည်ဟည်းပေါက်ကွဲသွားခဲ့ရသည်။

"ဗျာ ... ဖေဖေ၊ ဘယ် ဘယ်လို ... ရွှန်း ... ရွှန်းလဲ့ ဆုံးပြီ ... ဟုတ်လား၊ ဟင့်အင်း ဟင့်အင်း ... မဖြစ်နိုင်ဘူး၊ ရွှန်းလဲ့က ဘာလို့ဆုံးရမှာလဲ ... ရွှန်းလဲ့ ဘယ်မှာလဲ၊ ရွှန်းလဲ့ ဘယ်မှာလဲ"

သူ လုံးဝကို မယုံကြည်နိုင်စွာ, မထင်မှတ်နိုင်စွာ သွေးရူးသွေးတန်း ဖြစ်သွားမိသည်။





ရွှန်းလဲ့ ဆုံးသွားပြီတဲ့။

ဟင့်အင်း ... မဖြစ်နိုင်ဘူး။

ရွှန်းလဲ့က ဘာလို့ဆုံးရမှာလဲ ... မဖြစ်ရဘူး။

"သားရယ် ... စိတ်ကိုထိန်းပါ၊ ဖေဖေပြောတာ ယုံပါကွာ၊ သမီး ရွှန်းလဲ့က အက်ဆီးဒင့်ဖြစ်တဲ့နေရာမှာပဲ ပွဲချင်းပြီး"

"ပွဲချင်းပြီး၊ ပွဲချင်းပြီး ... မယုံဘူး၊ လုံးဝမယုံဘူး"

ရွှန်းလဲ့ ဘာလို့သေရမှာလဲ။ သူတောင် မသေသေးတာ။

"သားကိုယ်တိုင်လည်း ဒဏ်ရာတွေက ပြင်းထန်နေတာမို့ ဖေဖေတို့ သား သတိရ,ရချင်း အသိမပေးခဲ့တာ"

"စိတ်ကိုထိန်းပါ 'သားရယ် ... သမီးဟာ ကောင်းရာသုဂတိလားမယ်ဆိုတာ ဖေဖေတို့အားလုံး အသေအချာ ယုံကြည်တယ်"

"သမီးရွှန်းလဲ့ဟာ သေဆုံးပြီးသွားတာတောင် ကောင်းသောအလှူကို ပြုလုပ်ခဲ့သေးတာ"

ဖေဖေ့စကားကို သူ နားမလည်နိုင်။ ဖေဖေက ခေါင်းကို တဆတ်ဆတ်ညိတ်ကာ ဆက်ပြောသည်။

"သမီးဟာ အဲဒီနေ့က သားနဲ့အတူ မျက်ကြည်လွှာ လှူဒါန်းခဲ့ကြတယ် မဟုတ်လား။ သမီးဆုံးတော့ ဆရာဝန်ကြီးတွေက မျက်ကြည်လွှာကို ချက်ချင်းထုတ်ယူပြီး လိုအပ်နေတဲ့ လူနာကို အစားထိုးပေးနိုင်ခဲ့တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးရွှန်းလဲ့ရဲ့အလှူဟာ အင်မတန်မွန်မြတ်တဲ့အလှူပါ၊ ဒါကြောင့် ဖေဖေတို့အားလုံး သမီးရွှန်းလဲ့ကို ကောင်းရာဘုံဘဝရောက်လိမ့်မယ်ဆိုတာ ယုံကြည်မိတယ်၊ သမီးရဲ့အလှူကို သာဓုလည်း ခေါ်မိတယ်"

"ဖေဖေပြောချင်တာက သမီးရွှန်းလဲ့အတွက် ငါ့သားအရမ်းကို စိတ်ထိခိုက်ကြေကွဲနေတယ်ဆိုတာ ဖေဖေ သိတယ်"

"ဒါပေမဲ့ မွန်မြတ်သောဒါနနဲ့ သေဆုံးခြင်းဖြစ်တဲ့ သမီးရွှန်းလဲ့အတွက် ငါ့သားသောကကို ထိန်းနိုင်စေချင်တယ်၊ ဖေဖေပြောတာ နားလည်ရဲ့လား သား"

ရှည်လျားစွာ စိတ်ရှည်လက်ရှည် ပြောပြသော ဖေဖေ့စကားအဆုံး၌ သွေးရူးသွေးတန်းဖြစ်နေသော သူ ငြိမ်သက်သွားရတော့သည်။

စိတ်ထားနူးညံ့လွန်းစွာ ခံစားလွယ်သော ချစ်သူလေး။

သူနှင့်ခွဲရမှာ ကြောက်တတ်လွန်းသော ချစ်သူကလေး။

အမွန်မြတ်ဆုံးသော အလှူတစ်ခုကို ဖေးဆပ်ခဲ့ပြီး သူ့ကို ထာဝရ ခွဲခွာသွားခဲ့လေပြီ။

ငြိမ်သက် အံ့ကြိတ် လက်သီးကို တင်းတင်းဆုပ်ကာ ခေါင်းကို ငုံ့စိုက်ထားမိသည်။

ရင်တစ်ခုလုံး ဆုပ်ညှစ်ခြေမွထားသလို နာကျင်ကြေမွကာ မျက်လုံးအိမ်ထဲ ပူနွေးစွတ်စိုလို့ လာခဲ့သည်။





ဘယ်တော့မှ မခွဲခွာရဘူးလို့ ယုံကြည်ထားခဲ့သမျှ ဆိုးဝါးမှောင်မိုက်လွန်းလှသော ကံကြမ္မာမုန်တိုင်းက ချစ်သူနှစ်ယောက်ကို ရက်ရက်စက်စက် သေကွဲခွဲခဲ့လေပြီ။

လပ်(ဗ) (Love) ရယ် . . . ။

"ဟ . . . ဘာလဲ . . . အဲ့လောက်ကြီး မကြည့်နဲ့လေ၊ ရှက်တောင် ရှက်လာပြီ" '

"နောင်းရဲ့ပုံရိပ်ကို လပ်(ဗ)မျက်ဝန်းထဲမှာ အမြဲစွဲထင်အောင် သိမ်းထားချင်လို့"

"ဒီတစ်သက်, နောက်တစ်သက်, နောက်ဘဝအထိ ဘယ်တော့မှ မမေ့ဘူး"

"ဒီဘဝ, နောက်ဘဝ, ဘဝဆက်တိုင်းမှာ လပ်(ဗ)ရဲ့မျက်ဝန်းထဲမှာ နောင်းရဲ့ပုံရိပ်ကို အမြဲထာဝရစွဲထင်နေစေချင်တယ်၊ ဒါမှ နောင်းနဲ့လပ်(ဗ) ဘဝချင်း ခြားသွားလည်း နောင်းကို အမြဲမှတ်မိနေအောင်လို့"

နူးညံ့ချိုနွဲ့သော စကားသံလေးက ခုချိန်ထိ အနား,နားကပ်ပြီး လာပြောနေသလို . . . ။



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကြာလာသည်နှင့်အမျှ စိတ်တွေအနည်ထိုင်ငြိမ်သက်လာခဲ့ပြီဖြစ်သော်လည်း . . . တစ်နေ့မှ မေ့မရခဲ့။

ခွဲခွာခါနီး နိမိတ်ပြခဲ့လေသော စကားသံကလေးများကို အမြဲလို နားထဲပြန်ကြားယောင်မိသည်။

ပြီးတော့ . . . သူ့ပုံရိပ်ကို အမြဲထာဝရစွဲထင်အောင် သိမ်းထားချင်သည်ဟုပြောသော မျက်ဝန်းကလေးများ။

ရွှန်းလဲ့ကြည်စင်တောက်ပသော မျက်ဝန်းကလေးတစ်စုံရဲ့ကရုဏာရိပ်လွှမ်းသော နူးညံ့သည့် အကြည့်ကလေးများကို သူ စက္ကန့်တိုင်း လွမ်းဆွတ်တမ်းတနေမိသည်။

အဲဒီမျက်ဝန်းကလေးတစ်စုံထဲမှာ တကယ်ပဲ သူ့ပုံရိပ်တွေ စွဲထင်လို့ နေခဲ့သတဲ့လား။

ရင်တစ်ခုလုံး နင့်နင့်သီးသီး နာကျင်လို့ နေမိသည်။



# တစ်နှစ်ခန့်ကြာခဲ့ပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ဖေဖော်ဝါရီလ ဆယ့်လေးရက်။

(Valentine's Day)

ထနောင်းရင်ထဲ ဆွတ်ကျင်လို့နေသည်။

လပ်(ဖ) ဆုံးတာ တစ်နှစ်တိတိပြည့်ခဲ့ပြီ။

တကယ်လို့ လပ်(ဖ)သာ အသက်ရှင်လျက် ရှိနေဦးမယ်ဆိုလျှင် ဒီနေ့ဟာ သူတို့နှစ်ယောက်ရဲ့ ချစ်သူသက်တမ်း နှစ်,နှစ်ပြည့်အဖြစ် ဆင်နွှဲခွင့်ရဦးမှာ။

ခုတော့ ... သူ ကြေကွဲသောအတွေးများကို မျိုသိပ်လျက်။

မနက်အစောကြီးထ,ကာ ရွှေတိဂုံဘုရားသို့ ရွှန်းလဲ့အတွက်ရည်စူးပြီး ကောင်းမှုကုသိုလ်များပြုလုပ်ပေးရန် ရောက်ခဲ့ရသည်။

ရွှန်းလဲ့ရဲ့မွေးနေ့မွေးနံဖြစ်သော ဗုဒ္ဓဟူးထောင့်မှာ သူ





ပန်း, ရေချမ်း, အလင်းတိုင်တို့ကို ရွှန်းလဲ့အတွက်ရည်စူးပြီး ကပ်သည်။

ပြုသမျှကောင်းမှုကုသိုလ်အားလုံးသည် ရွှန်းလဲ့အတွက်။

နာကျင်ကြေကွဲရသောရင်ဖြင့် သူ ပူနွေးစွတ်စိုလာသော မျက်လုံးအစုံကိုမှိတ်ကာ ...

"လပ်(ဖ)ရေ ကိုယ်ပြုလုပ်ခဲ့သမျှ ကုသိုလ်ကောင်းမှု အစုစုကို လပ်(ဖ)အတွက် အမျှပေးဝေတယ် ... သိလား၊ သာဓု ခေါ်နော်"

"အမျှ ... အမျှ ... အမျှ"

အမျှတစ်ခွန်းဝေတိုင်း ရင်ထဲ တစ်ချက်ဆို့ရသည်။

သုံးခွန်းသုံးကြိမ် ဝေပြီးချိန်တွင် သူ့လက်ခုံပေါ် ပေါက်ခနဲ, ပေါက်ခနဲ မျက်ရည်သုံးစက် လိမ့်ကျသည်။

လပ်(ဖ) ... ကိုယ် ဘယ်လိုမေ့လို့ရမလဲ ကလေးရယ်။

တစ်နှစ်ဆိုတဲ့ အချိန်အတိုင်းအတာဟာ ချစ်သူတစ်ယောက်ကို မေ့ဖို့တော့ ဘယ်လိုမှ မစွမ်းဆောင်နိုင်ပါဘူး။

ကြည်စင်တောက်ပတဲ့ မျက်ဝန်းကလေးတွေဟာ ကိုယ့်ရင်ထဲ ခုထိ စွဲစွဲနစ်နစ် ခိုဝင်စိုးမိုးဆဲပဲ။

အတွေး၌ အထီးကျန်စွာ ဆိုမိဆဲ ...

သူ့နှလုံးသားက ဆန်းကြယ်စွာ ဆတ်ခနဲ လှုပ်ခါသွားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ယောက်က စူးစူးနစ်နစ်စိုက်ကြည့်နေသလို ခံစားလိုက်ရသည်မို့ သူ အနောက်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ ဘယ်သူမှ မရှိ။

သို့သော် ... အကွယ်တစ်နေရာသို့ ပုန်းကွယ်လိုက်သည့် လှုပ်ရှားမှုသဏ္ဍာန်တစ်ခုကိုတော့ ရိပ်ခနဲ တွေ့လိုက်ရသည်။

သူ ချက်ချင်းထ,ကာ ... ထိုနေရာသို့ သွားလိုက်မိသည်။

ဘာမှမရှိ။ ဘယ်သူမှမရှိ။ လှည့်ပတ်ရှာဖွေပါသော်လည်း ဘာမှမတွေ့ရ။

''ထနောင်း''

သူ့ပခုံးကို စိုးရိမ်တကြီး ဆုပ်ကိုင်လိုက်သော လက်တစ်ဖက်။

''ဘာရှာနေတာလဲ''

ဖေယျအသံက သူ့ကို စိုးရိမ်တကြီး။

''ငါ ... ငါ့ကို တစ်ယောက်ယောက်က ချောင်းကြည့်နေသလို စိတ်ထဲ ခံစားရတယ်''

သူ ဖေယျကို ဖဝေဖဝါ ပြောလိုက်မိသည်။

သူ့ကိုကြည့်နေသော ဖေယျမျက်လုံးများထဲမှ သနားကရုဏာရိပ် လွှမ်းနေသည်ကို တွေ့လိုက်ရသည်။





''သူငယ်ချင်းရယ်''

''မဟုတ်ဘူး ဖေယျ၊ ငါ စိတ်ထင်တာမဟုတ်ဘူး ... တကယ်ပြောနေတာ၊ ငါ့ကို တစ်ယောက်ယောက်က ကြည့်နေသလို ငါ တကယ်ခံစားရတာ ...၊

ဒီနေရာကို ဖျတ်ခနဲဝင်လိုက်တာ တွေ့လိုက်လို့ အခုလာကြည့်တော့ ဘာမှမတွေ့ရဘူး''

သူ ဖေယျကို အားကိုးတကြီး ပြောလိုက်မိသည်။

ဖေယျက သက်ပြင်းရှိုက်ကာ သူ့ကို ပခုံးဖက်လျက်နေရာမှ ပြန်ခေါ်လာခဲ့သည်။

''မဟုတ်ပါဘူး သူငယ်ချင်းရယ် ... မင်း စိတ်ထင်နေလို့ပါကွာ၊ ဘာမှမရှိပါဘူး၊ မင်းအနားမှာ ငါတစ်ယောက်လုံးရှိနေတာပဲ၊ ငါလည်း တွေ့ရမှာပေါ့၊ မင်းစိတ်က စွဲလမ်းနေလို့ပါ၊ ရွှန်းလဲ့က အမွန်မြတ်ဆုံး အလှူဒါနနဲ့ သေဆုံးခဲ့ရတာမို့ ကောင်းတဲ့ဘဝကို ကူးပြောင်းနေလောက်ပါပြီ''

ဖေယျစကားတွေက အဓိပ္ပာယ်များစွာ လေးနက်၍နေသည်။

ရွှန်းလဲ့ကို သူ့အနားမှာ မကျွတ်လွတ်ဘဲ ရစ်ဝဲကပ်ငြိနေသလို သူ့ပုံစံက ဖော်ပြနေမိပြီလား။

ဟင့်အင်း ... တကယ်ပဲ သူ့ကို တစ်စုံတစ်ယောက်က စိုက်ကြည့်နေသလို ခံစားလိုက်ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



အခု လာရှာဖွေတော့လည်း မတွေ့ရပြန်သည်မို့ သူ့စိတ်ထဲ မကျေမနပ်ဖြစ်သွားရသည်။

ဖေယျ ဆွဲခေါ်ရာနောက် တိတ်ဆိတ်စွာ လိုက်ပါလာခဲ့ရသော်လည်း သူ့စိတ်ထဲမှာတော့ ဗွိုဟပေါင်းများစွာ။

● ●

အဲဒီနေ့ကစပြီး သူ့နောက်ကို အမြဲတစ်စုံတစ်ယောက်က လိုက်စောင့်ကြည့်နေသလို ထနောင်း ခံစားနေရတော့တာ ဖြစ်သည်။

ဘယ်နေရာသွားသွား ... အမြဲ နောက်မှာ တစ်စုံတစ်ယောက်က လိုက်ပါနေသလို နောက်ကျောမလုံသော စိတ်ခံစားမှုနှင့် မလွတ်လပ်။

လှည့်ကြည့်လိုက်ပြန်လျှင်လည်း အကွယ်တစ်ခုရဲ့နောက် ပုန်းလျှိုးပျောက်ကွယ်သွားတတ်သည်။ ရှာဖွေကြည့်တိုင်းလည်း မရှိ။

ဒီနေ့လည်း သူ အတန်းသာ တက်နေရသည်။ ဆရာ လက်ချာပေးနေသည်ကို စိတ်မဝင်စားနိုင်။

သူ့ကို တစ်ယောက်ယောက်က ငေးစိုက်ကြည့်နေသည်





ဟုသာ ခံစားနေမိသည်။

လှည့်ကြည့်လိုက်ချင်သော်လည်း သူကိုယ်တိုင် လှည့်ကြည့်၍မဖြစ်။

သူ လှည့်ကြည့်လိုက်လျှင် အကွယ်တစ်ခုနောက် ချက်ချင်း ပုန်းလျှိုးပျောက်ကွယ်သွားမှာ သိနေသည်မို့ ...

"ရန်ရှင်း ... ငါ့ကို နောက်က တစ်ယောက်ယောက်များ ကြည့်နေသလားလို့ မင်း မသိမသာလှည့်ကြည့်ပေးစမ်းပါ"

သူ ရန်ရှင်းကို ခပ်တိုးတိုးပြောလိုက်သည်။ ရန်ရှင်း သူ့စကားအတိုင်း နောက်ကို ဘာလိုလိုနှင့် လှည့်ကြည့်သည်။ ပြီးတော့ မျက်မှောင်ကြုတ်သွားသည်။

"တွေ့လား ရန်ရှင်း"

သူ အလောတကြီး မေးလိုက်မိသည်။ ရန်ရှင်းက ဇဝေဇဝါနှင့် ...

"တွေ့တော့ တွေ့လိုက်တယ်၊ ဒါပေမဲ့ ဖျတ်ခနဲပျောက်သွားတယ်"

"တွေ့လိုက်တယ်၊ မင်း တွေ့လိုက်တယ် ... ဟုတ်လား၊ ဘယ် ... ဘယ်လိုပုံစံမျိုးလဲ ရန်ရှင်း ... ငါ့ကို မြန်မြန်ပြောစမ်းပါ"

"ဖျတ်ခနဲပဲ တွေ့လိုက်တာ၊ ငါ ... ငါ မျက်လုံးကလေးတွေပဲ မှတ်မိလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မျက်လုံးကလေးတွေ"

သူ ရန်ရှင်းစကားကို စိတ်ဝင်တစား သံယောင်လိုက်, လိုက်မိသည်။

"အေး ... အရမ်းလှတဲ့ မျက်လုံးကလေးတွေပဲ၊ အပြစ်ကင်းစင်ပြီး တောက်ပနေတဲ့ မျက်လုံးကလေးတွေ၊ နေဦး ... ငါ အဲဒီမျက်လုံးမျိုး မြင်ဖူးတယ်၊ အသေအချာ မြင်ဖူးတယ်"

ရန်ရှင်း မျက်ခုံးတွေကို ကုပ်ချီးကာ အသည်းအသန် စဉ်းစားနေတာ တွေ့လိုက်ရလျှင် သူ့ရင်တွေ တထိတ်ထိတ်ခုန်လာခဲ့သည်။

သူ ရန်ရှင်းကို မမှိတ်မသုန်ကြည့်ကာ တိတ်ဆိတ်ငြိမ်သက်ပြီး စောင့်ဆိုင်းဆဲ။

"ငါ ... ငါ မှတ်မိပြီ၊ အဲ့ ... အဲ့ဒါ ရွှန်း ... ရွှန်းလဲ့ရဲ့ မျက်လုံးတွေပဲ"

သူ့ရင်တွေ ဝုန်းခနဲ ဆောင့်ခုန်သွားရသည်။

ရွှန်းလဲ့ ...။

သူ နေရာမှ ချက်ချင်းထ,လိုက်သည်။

ရှေ့မှာ ဆရာ လက်ချာပေးနေသည်ကိုလည်း သူ သတိမရတော့။

တစ်တန်းလုံး တအံ့တသြ လှည့်ကြည့်ကြဆဲ ... သူ ကော်ရစ်ဒါဆီ အပြေးထွက်ခဲ့မိတော့သည်။





ကင်တင်းဘက် ပြေးထွက်သွားသောအရိပ်ကလေးတစ်ခုကို မြင်လိုက်ရလျှင် ...

"လပ်(ဖ) ... လပ်(ဖ)"

သူ တကြော်ကြော်အော်ခေါ်ရင်း အပြေးလိုက်မိသည်။

သို့သော် ... အရိပ်ကလေးမှာ ကြည့်နေရင်းမှပင် မျက်ခြည်ပြတ်ပျောက်ကွယ်သွားခဲ့သည်။

သူ့ရင်တစ်ခုလုံးလည်း မောဟိုက်လို့နေသည်။ နံရံကို ကျောမှီကာ မျက်လုံးများမှိတ်ပြီး အမောဖြေနေမိသည်။

အမိဖမ်းဖို့ ကြိုးစားခါမှ မျက်စိရှေ့တင် ပျောက်ကွယ်သွားခဲ့သည်မို့ သူ မချင့်မရဲ ဖြစ်မိသည်။

"ထနောင်းရာ ... ဘယ်လိုလုပ်လိုက်တာလဲ၊ ဆရာ့ကို အားနာစရာကြီးကွာ၊ အတန်းထဲမှာလည်း ရုတ်ရုတ်သဲသဲ ဖြစ်သွားတာပဲ"

အနားသို့ရောက်လာခဲ့သော ဇေယျက သူ့ကို အပြစ်မတင်သာ တင်သာ ပြောသည်။

"မင်းကလည်း မီးလောင်ရာလေပင့် ဘာလို့ပြောလိုက်တာလဲ ရန်ရှင်းရာ"

ဇေယျက ရန်ရှင်းကို အပြစ်တင်ချင်ဟန် ဆက်ပြောသည်။ ရန်ရှင်းလည်း မျက်နှာပျက်ပျက်နှင့် ...

"ဟို ... ငါ့စိတ်ထဲမှာ ရွှန်းလဲ့ရဲ့မျက်လုံးတွေနဲ့ တကယ်



www.burmeseclassic.com

www.burmeseclassic.com



တူနေလို့''

''ဩော် ... လုပ်ပြန်ပြီ''

သူ အမောဖြေနေရင်းမှ မျက်လုံးတွေကို ပြန်ဖွင့်ကာ သူ့အတွက် စိုးရိမ်ပူပန်တကြီးဖြစ်နေသော ဖေယျှနှင့်မျက်နှာချင်း ဆိုင်လိုက်သည်။

''ဖေယျှ ... ငါ မင်းကို အလေးအနက်ပြောမယ်၊ ငါ ပြောမှာကို မင်း သေသေချာချာနားထောင်၊ ငါ့စိတ်ထဲမှာ ငါ့ကို တစ်ယောက်ယောက်က လိုက်ကြည့်နေသလို အမြဲခံစားနေရ တယ်၊ ငါ ဘယ်သွားသွား ငါ့နောက်လိုက်နေသလို ခံစားရတယ်၊ ငါ တကယ်အလေးအနက်ပြောပြတာ၊ ယုံကြည်တာ, မယုံကြည် တာတော့ ငါ မတတ်နိုင်ဘူး''

သူ့စကားဆုံးလျှင် ဖေယျှမျက်နှာပေါ်မှာ စိတ်ရှုပ်ထွေး သော အရိပ်အယောင်များ ဖြတ်ပြေးသွားသည်ကို တွေ့လိုက်ရ သည်။

ဖေယျှ သူ့မျက်နှာကို အကြာကြီးစိုက်ကြည့်ပြီးမှ သက် ပြင်းတစ်ချက်ရှိုက်ကာ ...

''မင်း အခုဖြစ်ပျက်ခံစားနေရတာကို ငါ မယုံကြည်ဘူး လို့ မပြောပါဘူး။ ဒါပေမဲ့ကွာ ဘာပဲဖြစ်ဖြစ် သေတဲ့သူကလည်း သေပြီးသွားပြီ၊ မင်းစိတ်အစွဲအလမ်းကြောင့်တော့ ကိုယ့်ချစ်သူ ကို သေပြီးခါမှ သိက္ခာမကျစေအောင်တော့ သတိထားပေါ့ကွာ





နော် ... သူငယ်ချင်း''

ဖေယျှလေသံက ဖျောင်းဖျနှစ်သိမ့်ဟန် အေးဆေးညင် သာလျက်။

ဖေယျှစကားကြောင့် သူ တွေဝေသွားမိသည်။

ကိုယ့်ချစ်သူကို သေပြီးခါမှ သိက္ခာမကျစေအောင်တော့ ... တဲ့။

သူ ဆတ်ခနဲ ကိုယ်မတ်သွားရလျက် ...

''နေပါဦး ... အခု ငါ့ပုံစံက ရွှန်းလဲ့က ငါ့အနားမှာ မကျွတ်ဘဲ ကပ်နေတယ်လို့ ပြောနေတဲ့ပုံစံ ဖြစ်နေလို့လား''

သူ မာဆတ်ဆတ် ပြန်မေးလိုက်တော့ သူငယ်ချင်းတွေ ဘာမှပြန်မပြော။

သူ့ကို ဝိုင်းကြည့်နေကြသော မျက်လုံးတွေက သနား ကရုဏာရိပ်များ ပြည့်နှက်လို့နေသည်။

သူ့စိတ်ထဲ အခံရခက်လာသည်။

''မဟုတ်ဘူး၊ ငါပြောနေတာက ငါ့နောက်ကို ရွှန်းလဲ့က ဝိညာဉ်ဘဝနဲ့ တကောက်ကောက်လိုက်ပြီး ချောင်းကြည့်နေတယ် လို့ ငါပြောနေတာ မဟုတ်ဘူး ...၊

ဒါပေမဲ့ ငါ့နောက်ကို တကောက်ကောက်လိုက်ပြီး တိတ် တဆိတ် ချောင်းကြည့်နေတဲ့ လူတစ်ယောက်တော့ တကယ်ပဲ ရှိတယ် ...၊



www.burmeseclassic.com

www.burmeseclassic.com



ငါသိချင်နေတာက အဲဒီလူဟာ ဘယ်သူလဲ၊ ငါ့ကို ဘာဖြစ်လို့ နောက်ယောင်ခံလိုက်ကြည့်နေတာလဲဆိုတာကိုပဲ၊ သူ့ကို ငါ အမိဖမ်းဖို့ ကြိုးစားတိုင်း မအောင်မြင်ဘူး၊ အဲဒီအတွက် ငါ ပိုပြီး မချင့်မရဲဖြစ်နေရတယ်''

ဒီတစ်ခါတော့ ရှည်လျားလှသော သူ့စကားဆုံးလျှင် သူငယ်ချင်းတွေအားလုံး ငြိမ်သက်တွေဝေသွားကြတော့သည်။

ဇေယျက သက်ပြင်းရှိုက်ပြန်သည်။ ပြီးတော့ သူ့ပခုံးကို ဖက်ရင်း တဆတ်ဆတ်ပုတ်ကာ ...

''ငါတော့ ဘာပြောရမှန်းတောင် မသိတော့ဘူး။ စိတ်လည်း ရှုပ်သွားပြီ''

''အေး ... ငါက ပိုတောင် စိတ်ရှုပ်မိသေးတယ်၊ ဘာကိုမှ နားမလည်နိုင်တော့ဘူး''

''ထားလိုက်တော့ကွာ၊ လာ ... ကင်တင်းသွားကြမယ်၊ ဒီကိစ္စကို လောလောဆယ် မေ့လိုက်တော့''

သူငယ်ချင်းတွေက သူ့စိတ်ထဲ ပေါ့ပါးသွားအောင် ပြောကြပေမယ့် သူ ဘယ်လိုမှ မေ့ထားလို့မရနိုင်။

သူ့ခြေလှမ်းတိုင်းမှာ နောက်ကျောကို မျက်ဝန်းလေးတစ်စုံ ကပ်ငြိလိုက်ပါခဲ့သလို ခံစားနေမိသည်။



အခန်း (၃)

မျက်ခွံတွေကို ဖြည်းဖြည်းချင်း ဖွင့်ကြည့်ဖို့ ကြိုးစားမိသည်။

ရင်ထဲမှာ တထိတ်ထိတ်။

မျက်ခွံကလေး ဖွင့်ကြည့် မ,တင်ဖို့ ကြိုးစားရသည်မှာ သည်မျှလောက် စိတ်လှုပ်ရှား ပင်ပန်းရလိမ့်မည်ဟု တစ်ခါမှ မတွေးခဲ့မိဖူး။

ခုန်လှုပ်သောရင်ဖြင့်ပင် တဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်မိလျှင် ...

အလင်းရောင် ...

ဖြူကြည်ဝင်းပသော အလင်းရောင်။

ရင်တွေ တလှပ်လှပ်ခုန်လာသည်။ ရင်ဘတ်ကို လက်ကလေးနှစ်ဖက်ဖြင့် ဖိထားမိသည်။

ကျိန်းစပ်သွားရသော ခံစားချက်ကြောင့် မျက်ခွံတွေကို



www.burmeseclassic.com

www.burmeseclassic.com



ကပျာကယာ ပြန်မှိတ်လိုက်သည်။

"ဖြည်းဖြည်းချင်းဖွင့်ပါ "မနော"ဖြူ၊ စိတ်မလှုပ်ရှားပါနဲ့"

ဆရာဝန်ကြီးရဲ့သတိပေးစကားကြောင့် မနော ရှက်ဝဲဝဲလေး ပြုံးလိုက်မိသည်။

ဟုတ်တယ်လေ။ မနော အရမ်းကို စိတ်လှုပ်ရှားနေမိတာ ဆရာဝန်ကြီးတောင် ရိပ်မိသိရှိနေခဲ့ပြီ။

စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင်ထားကာ တဖြည်းဖြည်းချင်း ပြန်ဖွင့်ကြည့်လိုက်သည်။

အလင်းရောင် ...

ထို့နောက် ဝေဝါးပုံရိပ်များ။ တဖြည်းဖြည်းချင်း ကြည်လင်သဲကွဲလာခဲ့တော့သည်။

လှိုက်တက်လာခဲ့သော ပျော်ရွှင်မှု။ မနော အပျော်စိတ်ကို ထိန်းချုပ်လို့မရနိုင်စွာ။

"မေကြီး ... မေကြီး"

စိတ်လှုပ်ရှားပူပင်စွာ မျှော်လင့်တကြီး ကြည့်နေသည့် အဖေနှင့်အမေကို မနော ဝမ်းသာအားရ ပြေးဖက်မိသည်။

"သမီး ... သမီးလေး ... အို ... သမီးလေး မျက်လုံးတွေ ပြန်မြင်ပြီနော်၊ မေမေ ဝမ်းသာလိုက်တာ၊ ဝမ်းသာလိုက်တာ သမီးလေးရယ်"

မေမေ မနောကို တင်းတင်းဖက်ကာ မျက်ရည်များကျ





သည်။ မနောလည်း ဝမ်းသာစိတ်နှင့် ဆို့တက်လာကာ မျက်ရည်များ ရစ်ဝဲလာမိသည်။

"ဟော့ ဟော့ ... ခင်ဗျားတို့ ဝမ်းသာစိတ်ကြောင့်တော့ ခုမှ အစားထိုးထားတဲ့ ကျွန်တော့်လူနာရဲ့မျက်ကြည်လွှာကလေး မထိခိုက်ပါစေနဲ့နော်"

ဆရာဝန်ကြီးက ရယ်ဟဟနှင့် သတိပေးသည်။

မနော ရှက်တက်တက်နှင့် မျက်တောင်များ တဖျပ်ဖျပ်ခတ်ကာ မျက်ရည်များ စီးကျမလာအောင် တားဆီးလိုက်ရသည်။

"ကျေးဇူးတင်ပါတယ် ဆရာရယ်၊ အရမ်းကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်သမီးလေးရဲ့မျက်လုံးတွေတော့ ဒီတစ်သက် ဆုံးရှုံးလိုက်ရပြီ ထင်နေတာ"

"ဟုတ်ပါတယ် ဆရာရယ်၊ သမီးလေးက မွေးရာပါမဟုတ်ဘဲ အရွယ်လေးရတော့မှ အက်ဆီးဒင့်ဖြစ်ပြီး မျက်လုံးကွယ်သွားရတာဆိုတော့ ကျွန်မတို့ အရမ်းနှမြောခဲ့ရတာ"

ဦးထိန်လင်းနှင့် ဒေါ်ရီရီနှင်း သမီးအတွက် ပီတိဖော်နှင့် ဆရာဝန်ကြီးကို ကျေးဇူးတင်စကား အလုအယက်ဆိုသည်။

မနောကိုယ်တိုင်လည်း ဆရာဝန်ကြီးကို ကျေးဇူးတင်လွန်းသဖြင့် ဘာစကားဆိုရမှန်းပင် မသိတော့။ ဝမ်းသာစိတ်ဖြင့် ကတုန်ကယင်လေး ဖြစ်လို့နေသည်။

"သမီး ... သမီး ကျောင်းပြန်တက်လို့ရပြီ၊ ဆ ...



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးရယ် သမီး အရမ်းဝမ်းသာတာပဲ၊ ဆရာကြီးကို ကျေးဇူးလည်း အရမ်းတင်တယ်၊ သမီး ... သမီး ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး၊ ဟို ... ဟို ... ဆရာကြီးကို သမီး ကန်တော့မယ်နော် ဆရာကြီး၊ သမီး ကန်တော့ပါရစေနော်''

မနော အသံကလေးတုန်တုန်နှင့် လက်အုပ်ချီကာ ဆရာကြီးခြေရင်း ကျုံ့ကျုံ့ကလေးထိုင်သည်။

''အေး အေး ... သာဓု သာဓု၊ အလင်းရောင်ကို တန်ဖိုးရှိရှိ အသုံးချနိုင်ပါစေကွယ်''

မနောကို ခေါင်းကလေးအုပ်ကိုင်ကာ ဆရာဝန်ကြီး ဆုပေးသည်။ အပြုံးဖြင့် ဆက်ပြောလေသည်။

''ဆရာကြီးကိုချည်း ကျေးဇူးမတင်နဲ့၊ သမီးမျက်လုံးတွေ ခုလိုပြန်မြင်လာအောင် မျက်ကြည်လွှာလှူဒါန်းခဲ့တဲ့ အလှူရှင်ကိုလည်း ကျေးဇူးတင်၊ သူ့အတွက်ကိုလည်း ဆုတောင်းမေတ္တာပို့ပေး ... ဟုတ်ရဲ့လား''

ဆရာကြီးစကားကြောင့် မနော ငြိမ်ငြိမ်သက်သက်လေး ဖြစ်သွားပါသည်။

ဟုတ်ပါရဲ့ ...။ အခု မနောရဲ့မျက်လုံးကလေးတွေ မြင်နေရတာ မွေးရာပါမျက်ကြည်လွှာနဲ့မှ မဟုတ်ဘဲ။

အလှူရှင်တစ်ယောက်ရဲ့မျက်ကြည်လွှာကို အစားထိုးပြီး ပြန်မြင်ခွင့်ရခဲ့တာ။ မနော မျက်ဝန်းကလေးများ မှိတ်လိုက်သည်။





''မနောရဲ့မျက်လုံးတွေ ခုလိုပြန်မြင်ခွင့်ရအောင် မျက်ကြည်လွှာလှူဒါန်းခဲ့တဲ့ အလှူရှင်လည်း ကောင်းရာသုဂတိ ဘုံဘဝမှာ ခံစားနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်''

မနော ... တိုးတိုးငြိမ်ငြိမ်ကလေး ဆုတောင်းလိုက်မိသည်။ အံ့ဩစရာကောင်းလွန်းလှစွာပင်။

မနော နှလုံးသားထဲ လှပ်ခနဲ အေးစိမ့်သွားခဲ့ရသည်။

ထို့နောက် မနောရဲ့စိတ်ဝိညာဉ်သည် တစ်စုံတစ်ရာရဲ့ စီးမျောကူးလူးခြင်း ခံလိုက်ရသလို ငြိမ့်ခနဲ ဖြစ်သွားခဲ့ရသည်။

စိမ်းညို့ထူထဲသော မျက်ခုံးတန်း၊ ရှည်သွယ်သော မျက်အိမ်၊ စူးရှသော မျက်ဝန်းများ၊ ဖြောင့်စင်းသော နှာတံနှင့် ယောကျ်ားလေးတန်မဲ့ သွေးရောင်လျှမ်းသော နှုတ်ခမ်းသားများက ပါးပါးလှပ်လှပ်။

နုသစ်ပျိုမျစ်သော ချစ်စဖွယ်မျက်နှာထားက ချိုမွေ့သောအပြုံးနှင့်ဆိုတော့ ပိုပြီး ဇွဲမက်ဖွယ်ကောင်းနေတော့သည်။

''နောင်း ... လပ်(ဖ) ရှိလာကိုစတာ စီးချင်တယ်''

''အာ ... အဲ့ဒါကြီး ကိုယ် အသည်းယားတယ်ကွ''



www.burmeseclassic.com

www.burmeseclassic.com



''ဟင် ... နောင်းကလည်း အဲလို အသည်းထဲ တလှပ်လှပ်အေးရတဲ့ဖီလင်ကို လပ်(ဖ) ခံစားချင်တာ''

''လပ်(ဖ)ကလည်းကွာ ကြောက်စရာကြီး''

ဖက်ကိုပု မျက်လုံးပြူးပြီး ပြောပုံကလေးက ချစ်စရာကောင်းလိုက်တာ။

''ဒါဆို နောင်းက မစီးချင်ဘူးပေါ့''

''ဟင့်အင်း ... အခု လက်မှတ်သွားဝယ်မယ်''

''နောင်းနော် ... ခုနကတည်းက အဲ့လို တစ်ခါတည်း ပြောလိုက်တာ မဟုတ်ဘူး''

''နှုတ်ခမ်းစူစူလေးကို တွေ့ချင်သေးလို့''

''သွားပါ ... ဟွန်း''

''သွားမယ်''

''ဘယ်ကိုလဲ''

''ရိုလာကိုစတာဆီလေ''

ကြည်နူးသော ရယ်သံများ။ ပြီးတော့ ရိုလာကိုစတာရဲ့ စိတ်လှုပ်ရှားစေမှု။

ဝုန်းခနဲ နိမ့်ဆင်းထိုးကျ ...၊

အရှိန်ဖြင့် မြန်ဆန်စွာ ပြန်မြင့်တက် ...၊

နံဘေးဆီမှ လေတိုးသံ တဝီးဝီး ...၊

အသည်းထဲ လှပ်ခနဲ လှပ်ခနဲ။





စီးချင်လှပါသည် ... ဟု ပူဆာခဲ့မိသော်လည်း ခုတော့လည်း ကိုယ်လေးကျုံ့ကာ ချစ်ရသူရဲ့ရင်ခွင်ထဲ ခေါင်းတိုးဝင်မိသည်။

ရိုလာကိုစတာက အသည်းအေးပြီး တထိတ်ထိတ်နှင့် ကြောက်စရာကောင်းလှသလို ...

နွေးထွေးသော ချစ်သူ့ရင်ခွင်ကလည်း ရင်ခုန်စရာကောင်းလွန်းလှသည်လေ။

ဝုန်းခနဲ နိမ့်ဆင်း ...၊

ဝုန်းခနဲ ပြန်မြင့်တက် ...၊

အသည်းတလှပ်လှပ်အေးသောခံစားချက်ဖြင့် မနောလွန့်လူးလိုက်မိသည်။

''အင်း''

သံရှည်ဆွဲရင်း မျက်လုံးတွေကို ဖွင့်လိုက်မိသည်။

ရိုလာကိုစတာ၊ နောင်း၊ လပ်(ဖ)၊ မနော။

မျက်နှာကြက်ကိုကြည့်ရင်း ဇဝေဇဝါဖြစ်နေမိသည်။

အိပ်မက် ... အိပ်မက်လား။

ဟင့်အင်း ... ရင်တွေ တလှပ်လှပ်, တထိတ်ထိတ် ခုန်လှုပ်လို့နေတာ ဘာကြောင့်လဲ။

မနော ... မနော ဘာဖြစ်လို့ ရင်တွေခုန်နေရတာလဲ။ မနောမှာ ချစ်ရမယ့်ချစ်သူမှ မရှိတာ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ . . . စွဲမက်ဖွယ် ချိုမွေ့သောအပြုံးနှင့်လူငယ်လေးတစ်ယောက်။

အို . . . မနောရင်တွေ ပိုခုန်လာခဲ့ပြီ။

ခါးသက်ပူနွေးသော ရနံ့၊ သင်းပျံ့သော ကော်ဖီဆိုင်ကလေး၊ ချိုသော အသံဝဲဝဲကလေးက ဆိုင်တွင်း လွင့်မျောစီးဆင်းလျက်။

♪ ကြည်ပြာရီဝေသောအကြည့်နဲ့ ညှို့ချစ်သူ ××× ကျွန်တော်ရဲ့ ကြင်နာသူ ××× သူ့အကြည့် ဘဝင်မှာဆူ ××× ရင်ခွင်လှာကိုပူ ××× အသွေးအသားတွေဆူလို့ ××× အသည်းလေးပေါက်အောင်ကြည့်တဲ့ ကျွန်တော့်ချစ်သူ ×××

ကြည်ပြာရီဝေသောအကြည့်နဲ့ ညှို့ချစ်သူ ××× ကျွန်တော်ရဲ့ ကြင်နာသူ ♪

ငြိမ်သက်တိတ်ဆိတ်သော ပတ်ဝန်းကျင်။ ကြည်နူးဖွယ်ရယ်သံချိုချိုများ။

"ဟ . . . ဘာလဲ အဲ့လောက်ကြီး မကြည့်နဲ့လေ၊ ရှက်တောင် ရှက်လာပြီ"





"နောင်းကို အရမ်းချစ်တယ် . . . သိလား"

"အင်းဟင်"

"နောင်းရဲ့ပုံရိပ်ကို လပ်(ဗ) မျက်ဝန်းထဲမှာ အမြဲစွဲထင်အောင် သိမ်းထားချင်လို့"

"ဒီတစ်သက် နောက်တစ်သက် နောက်ဘဝအထိ ဘယ်တော့မှမမေ့ဘူး"

"ဒီဘဝ, နောက်ဘဝ, ဘဝဆက်တိုင်းမှာ လပ်(ဗ)ရဲ့ မျက်ဝန်းထဲမှာ နောင်းရဲ့ပုံရိပ်ကို အမြဲထာဝရစွဲထင်နေစေချင်တယ်"

ချစ်သူနှင့်ခွဲခွာရမှာကြောက်စိတ်က ဝေဒနာတစ်ခုလို နှလုံးသားကို ကျွမ်းလောင်စေသည်။

ဘာပဲဖြစ်ဖြစ် သူမက ခံစားလွယ်သည်လေ။

သူ့ပခုံးစွန်းမှာ ပါးပြင်အပ်ထားမိလျှင် ညာဘက်လက်တစ်ဖက်ဖြင့်သာ စတီယာရင်ကို ထိန်းကိုင်မောင်းလျက် ဘယ်ဘက်လက်ဖြင့် ခေါင်းကလေးပုတ်ကာ ချော့မော့သော ချစ်သူရဲ့ ကြင်နာခြင်း၌ ကြည်နူးခြင်းတစ်ဝက် ဝမ်းနည်းခြင်းတစ်ဝက် ခံစားမိဆဲ . . .

ရုတ်တရက် . . . မျက်နှာချင်းဆိုင်မှ ကုန်တင်ကားကြီး။

"နောင်း . . . ရှေ့ . . . ရှေ့မှာ"

"အား"



www.burmeseclassic.com

www.burmeseclassic.com



ကားတစ်စီးလုံး တဝုန်းဝုန်းခါသွားခဲ့ရပြီး ...

နာကျင်မွန်းကျပ်လှသော ခံစားမှုနှင့်အတူ အမှောင်တိုက်ကြီးက အရာအားလုံးကို ရက်စက်စွာ ဝါးမျိုဖုံးလွှမ်းသွားလေတော့သည်။

''အား''

အသံကုန်အော်ဟစ်ကာ မနော အမှောင်ထုကြီးထဲမှ အားကုန်ရုန်းထွက်လိုက်သည်။

''နောင်း ... နောင်းရေ''

မျက်လုံးများ ဆောက်တည်ရာမရ ဝေ့ဝဲကာ ရှာဖွေမိသည်။ နောင်း ... ဘယ်မှာလဲ။ နောင် ... ဘယ်နေရောက်နေလဲ။

ဟင် ... ဒါ ... ဒါ မနောရဲ့အခန်းထဲမှာပဲ။

နေပါဦး ... 'နောင်း' ဆိုတာ ဘယ်သူလဲ။ မနောရဲ့အသိထဲမှာ 'နောင်း' ဆိုတာမှ မရှိတာ။

''နောင်း ... နောင်း''

ခပ်တိုးတိုး ရေရွတ်လိုက်မိသည်။

နွေးဖျလိုက်ပိုသော ရင်ခုန်ခံစားမှုက နှလုံးသားတွင်းမှ ပထမဆုံးအကြိမ်အဖြစ် ...

''အို''

မနော ကိုယ့်ကိုယ်ကိုယ် မယုံနိုင်လွန်းစွာ။





'ဒေါက် .. ဒေါက်'

အခန်းတံခါးခေါက်သံ ကြားလိုက်ရသည်မို့ မနော လှိုက်ခုန်နေသောရင်ကို ထိန်းလျက် ...

''ဘယ်သူလဲ''

''ဂါပါ မနော၊ အော်သံကြားလို့ ... ဘာဖြစ်တာလဲ''

''ယုဂန်'' ရဲ့အသံ။

''အိပ်မက်ဆိုးမက်လို့ ဘာမှမဖြစ်ပါဘူး''

''ဟင် ... အိပ်မက်ဆိုးတွေ မက်နေတာလား''

စိုးရိမ်တကြီးဖြစ်သွားသော အသံကို ကြားလိုက်ရသည်။

ယုဂန်က မေမေနှင့်ဖေဖေ့လိုပင် မနောကိုဆို ကလေးတစ်ယောက်လို အစစအရာရာ ပူပန်တတ်သည်။

''မနော ... အဆင်ပြေရဲ့လား၊ အပြင်ထွက်ခဲ့ပါလား၊ အကြောက်ပြေသွားအောင် ကိုယုနဲ့ စကားထိုင်ပြောကြမယ်လေ''

''ဟုတ် ... ကောင်းသားပဲ၊ မနော ထွက်လာခဲ့မယ်''

ကိုယုက မေမေရဲ့တူမို့ မနောနဲ့ဆွေမျိုးတော်စပ်သူဖြစ်သည်။

တူဆိုပေမယ့်လည်း ဖေဖေနှင့်မေမေက သားအရင်းတစ်ယောက်လိုပဲ သဘောထားပြီး ငယ်စဥ်ကတည်းက မနောနှင့်အတူတူ ကျွေးမွေးစောင့်ရှောက်ပညာသင်ပေးခဲ့သည်မို့ မောင်နှမ ရင်းချာလိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယုနဲ့မနောက ငယ်စဉ်ကလေးဘဝကတည်းက အတူသွား၊ အတူစား မခွဲမခွာ ကြီးပြင်းခဲ့ရသူများမို့လည်း ပိုပြီးသံယောဇဉ်ရှိကြသည်လေ။

ပညာရေးမှာ ပုံမှန်ကြိုးစားမှုသာရှိသော မနောက ရိုးရိုးမေဂျာသာ တက်ခွင့်ရခဲ့ပြီး အပြင်းအထန်ကြိုးစားသော ယုဂန်ကတော့ ဆေးကျောင်းတက်ခွင့်ရခဲ့သည်။

ဘဝကို တိုးတက်မြင့်မားချင်စိတ်အပြည့်ရှိပြီး စိတ်နေမြင့်သော၊ သီးသန့်ဆန်စွာနေတတ်သော ယုဂန်သည် မနောကိုတော့ ဂရုတစိုက်ရှိလွန်းလှသည်။

မနော ရုတ်တရက် အက်ဆီးဒင့်ဖြစ်ပြီး မျက်လုံးများကွယ်သွားချိန်မှာ မနောကို ယုယကြင်နာစွာ ဖေးမပြီး အားပေးနှစ်သိမ့်ခဲ့သူမှာလည်း ယုဂန်ပဲ ဖြစ်သည်။

မနော အိပ်ရာထဲမှ ချက်ချင်းခုန်ထကာ အခန်းပြင်ပြေးထွက်သည်။ ဆန်းကြယ်လှသော အိပ်မက်အကြောင်းကို မနော ယုဂန်ကို ပြောပြချင်သည်လေ။

အခန်းပြင်ရောက်တာနှင့် မျှော်လင့်ထားသည့်အတိုင်းပင် မနော့တွေ့လိုက်ရသည်မှာ ယုဂန်ရဲ့ စိုးရိမ်တကြီးမျက်ဝန်းများပဲ ဖြစ်သည်။

"အဆင်ပြေရဲ့လား မနော၊ ဘယ်လိုအိပ်မက်ဆိုးတွေမက်နေတာလဲ၊ အော်သံကြားတော့ ကိုယုဖြင့် လန့်သွားတာပဲ"





"အရမ်းကို ဆန်းကြယ်တဲ့ အိပ်မက်တွေ၊ မနော မက်နေခဲ့တာ ယုဂန်"

"ဘယ်လို ... အရမ်းကို ဆန်းကြယ်တဲ့အိပ်မက်တွေ ... ဟုတ်လား"

"အင်း ... လာ ... ဝရန်တာမှာထိုင်ပြီး အေးအေးဆေးဆေး ပြောပြမယ်"

ဝရန်တာဆီ ထွက်လာသော မနောနောက် ယုဂန် စိတ်ဝင်တစား လိုက်လာခဲ့သည်။

မနောသည် ယုဂန်ကို ပြောပြချင်စိတ်တွေ ရင်ထဲ တဖွားဖွားဖြစ်ပေါ်နေရသည်။ မနော့မှာ ယုဂန်ကလွဲပြီး ပြောပြရမယ့်သူလည်း မရှိ။

"ကဲ ... ဘာတွေမက်လဲ ... ပြောပါဦး"

ယုဂန်က မနောမျက်နှာကို စူးစူးစိုက်စိုက်ကြည့်ပြီး စိတ်ဝင်တစားမေးသည်။

မနောသည် ဟိုးအဝေးလမ်းမဘက်ဆီ ကြည့်လျက်–

အိပ်မက်ထဲ စီးမျောလိုက်ပါနေသူတစ်ယောက်လို ရီဝေလျက်က မနော ညစဉ် ဆက်တိုက်လိုလို မက်ခဲ့ရသော ဆန်းကြယ်လှသည့် အိပ်မက်များအကြောင်း ယုဂန်ကို ပြောပြနေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပဲ ယုဂန်"

မနော ရှည်လျားစွာပြောအပြီး စကားဆုံးသောအခါ သက်ပြင်းရှိုက်လိုက်မိသည်။

ယုဂန်လည်း မနောရဲ့အိပ်မက်တွေအကြောင်း နားထောင်ပြီးသောအခါ ...

"ဟူး" ခနဲ မောမောဟိုက်ဟိုက် လေပူများ မှုတ်ထုတ်ကာ ...

"မနောရယ် ... နင့်အိပ်မက်တွေက တကယ့်အဖြစ်အပျက်အတိုင်းပါပဲလား၊ အိပ်မက်နဲ့တောင် မတူဘူး"

"ဟုတ်တယ် ယုဂန် ... မနောလေ အိပ်မက်မက်နေတဲ့အချိန်မှာ မနောကိုယ်မနော လပ်(ဖ)လို့ပဲ ခံစားနေမိတယ်"

"ဟင် ... ဘယ်လို"

ယုဂန် မျက်လုံးအပိုင်းသားနှင့် မနောကို အထိတ်တလန့် ကြည့်သည်။

ယုဂန်ရဲ့မျက်လုံးတွေထဲမှာ အမိပ္ပာယ်ဖော်ရခက်သော အရိပ်များ စူးခနဲ ထ,တောက်သွားသည်ကို တွေ့လိုက်ရသည်။

သို့သော် ... ယုဂန်သည် မနောအတွက် ဂရုစိုက်လောက်စရာလူ မဟုတ်ပါ။ မနော ... တွေတွေငေးငေးကလေး





ပင် ဆက်ပြောနေမိသည်။

"အိပ်မက်တွေက တစ်နေ့တည်း မက်တာမဟုတ်ဘူး၊ အခု ညစဉ်ညတိုင်း ရက်ဆက်ဆိုသလို မက်နေခဲ့တာ၊ အိပ်မက်တွေက အဆက်အစပ်ရှိတယ်၊ ပြီးတော့ မနောလေ သူတို့နှစ်ယောက်ကို စွဲစွဲထင်ထင်ကို မှတ်မိနေတယ်"

ပြီးတော့ ...

အိပ်မက်ထဲကလိုပင် ကိုယ့်ကိုယ်ကိုယ် လပ်(ဖ)လို့ ခံစားရကာ နောင်းဆိုသော လူငယ်လေးတစ်ယောက်ကိုလည်း တစ်ခါမှ မမြင်ဖူး၊ မတွေ့ဖူးပါဘဲလျက် ချစ်သူတစ်ယောက်လို ခံစားရင်ခုန်နေမိတဲ့အဖြစ်။

အဲ့ဒါကိုတော့ မနော ယုဂန်ကို မပြောဖြစ်ပါ။

"ယုဂန် ... မနော ဘာလုပ်ရမလဲဟင်၊ ပြောစမ်းပါဦး ... ဒီအိပ်မက်တွေ ဆက်မမက်အောင် မနော ဘာလုပ်ရမလဲဟင်၊ အိပ်မက်တွေက မနောကို အရမ်းစွဲလမ်းအောင် လွှမ်းမိုးထားနေတယ်"

"နေဦး ... ကိုယု တစ်ခုစဉ်းစားမိတယ်၊ မနောမျက်ကြည်လွှာအစားထိုးပြီးမှ ဒီအိပ်မက်တွေ ဆက်တိုက်မက်တာမဟုတ်လား"

အိုး ... ကြည့်စမ်း ...။

အဲ့ဒါ မနော မေ့လျော့နေမိတဲ့ အချက်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . ဟုတ်တယ် ကိုယု၊ ကိုယုပြောတဲ့အတိုင်းပဲ၊ မနော မျက်ကြည်လွှာအစားထိုးပြီးမှ ဒီအိပ်မက်တွေကို ဆက်တိုက်မက်တာ၊ ဒါဆို ကိုယု ဆိုလိုချင်တာက . . ."

မနော ယုဂန်ကို အားတက်သရော စကားထောက်ပေးလိုက်မိသည်။

"မနောရဲ့အိပ်မက်တွေက အဲဒီမျက်ကြည်လွှာနဲ့ ပတ်သက်နေရမယ်"

"ဟင်"

ယုဂန်စကားအဆုံး မနော မျက်လုံးလေးပိုင်းကာ အရမ်းကို တုန်လှုပ်သွားရတော့သည်။

"မျက်ကြည်လွှာနဲ့ ပတ်သက်နေတယ် . . . ဟုတ်လား ယုဂန်၊ အဲ့ . . . အဲ့ဒါဆို မနောလေ မနောရဲ့မျက်ကြည်လွှာကို ဘယ်သူလှူခဲ့သလဲ သိချင်တယ်၊ အလှူရှင်နဲ့ပတ်သက်တဲ့အကြောင်းအရာတွေကို သိချင်တယ်၊ ယုဂန် မနောကို ကူညီပေးပါလား"

မနော စိတ်လှုပ်ရှားလွန်းလှစွာ ယုဂန်ကို ဖွင့်ဟအကူအညီ တောင်းမိသည်။

ယုဂန်မှာ လိုအပ်တာထက်ပိုပြီး စိတ်လှုပ်ရှားလွန်းနေသော မနောကို အကဲခတ်သလို ကြည့်ရင်းက . . .

"မနောကို မျက်ကြည်လွှာ အစားထိုးပေးခဲ့တဲ့ ဆရာဝန်





ကြီးဆီ ကိုယုတို့ သွားစုံစမ်းကြရင် မကောင်းဘူးလား"

ယုဂန်ရဲ့အကြံပေးစကားကို ကြားလိုက်ရလျှင် မနောမှာ စိတ်ကျေနပ်ပေါ့ပါးသွားခဲ့ရသည်။

"ဟုတ်တယ် ဟုတ်တယ် . . . ဆရာကြီးဆီမှာ သွားစုံစမ်းရမယ်၊ မနက်ဖြန်ပဲ မနောတို့ သွားရအောင် နော်၊ မနောကို ဆရာကြီးဆီ လိုက်ပို့ပေးမယ်မဟုတ်လား ယုဂန်"

မနော ယုဂန်ရဲ့လက်မောင်းတွေကို ကိုင်လှုပ်ပြီး အတင်းမေးမိသည်။

ယုဂန်က မနောကို ပြုံးကြည့်ပြီး ခေါင်းကို တဆတ်ဆတ်ညိတ်ကာ . . .

"ပို့ပေးမှာပေါ့ မနောရယ်၊ နင် ဘယ်သွားသွား၊ ဘာလုပ်ချင်ချင် နင့်ဆန္ဒတွေကို ငါ အမြဲဖြည့်ဆည်းပေးနေကျပါ"

"ဟုတ်ပါတယ်၊ အဲ့ဒါကြောင့်လည်း မနောက ကိုယုကိုပဲ အားကိုးနေရတာ"

မနောသည် သာမန်အချိန်တွေမှာဆို ယုဂန်ပဲခေါ်တတ်ပြီး လိုအပ်သည့်အချိန်ဆိုလျှင် ကိုယုလို့ အနည်းငယ်ချွဲနွဲ့စွာ ခေါ်တတ်စမြဲ ဖြစ်သည်။

"ဟုတ်ပါပြီ၊ အဲဒီအပြောတွေနဲ့ပဲ ညာခိုင်းနေ၊ ကဲ . . . ပြန်အိပ်တော့၊ ညဉ့်နက်နေပြီ၊ ဘာမှ ခေါင်းထဲမထည့်နဲ့တော့၊ အိပ်ပျော်အောင် ပြန်အိပ်"



www.burmeseclassic.com

www.burmeseclassic.com



ယုဂန်က မနောကို ခေါင်းလေးပုတ်ကာ ပြန်အိပ်ခိုင်းသည်။

မနောသည် ဆတ်ခနဲ ထ,ရပ်လိုက်ရင်း ခေါင်းလေးကိုပါ ပြောင်စပ်စပ်နှင့် တဆတ်ဆတ်ညိတ်ကာ ...

"အိုကေ အိုကေ ... မနော ပြန်အိပ်တော့မယ် ... ဂွဒ်နိုက် ကိုယု"

ယုဂန်ကို နှုတ်ဆက်ရင်းက မနော အခန်းထဲ ပြေးဝင်သည်။

ကိုယု အမိန့်ပေးသလို အိပ်ပျော်အောင် ပြန်အိပ်ဆိုသော စကားကို လိုက်နာနိုင်မှာမဟုတ်မှန်းတော့ ကိုယ့်ကိုယ်ကိုယ် သိသည်။

စွဲမက်ဖွယ်ကောင်းလှသော အပြုံးချိုချိုနှင့် နောင်းဆိုသော လူငယ်လေးတစ်ယောက်ကို မျက်ဝန်းလေးမှိတ် အာရုံထဲ မြင်ယောင်လာပြီး မနောက ခံစားရင်ခုန်ဦးမှာလေ။



အခန်း (၄)

"ဟိုင်း ... ဘယ်က ဘယ်လို မျက်စိလည် လမ်းမှားလာကြတာလဲ"

အရွယ်နှင့်မမျှအောင် သွက်လက်ဖျတ်လတ်သော ဆရာဝန်ကြီးမှာ မနောတို့ကိုတွေ့လျှင် တအံ့တသြဖြစ်သွားလေသည်။

"ဆရာကြီးဆီကိုပဲ တမင်လာခဲ့တာပါ ဆရာကြီး"

"တမင်လာခဲ့တာ ... အာ ... ဒါဆိုရင် ကိစ္စတော့ ပေါ်လာပြီပေါ့၊ နေပါဦး ... သမီးနာမည်က အင်း ... ဆန်းဆန်းလေးပါပဲ၊ မနော ... မနောဖြူ ... ဟုတ်တယ်နော်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"အေး ... မနောဖြူ နေကောင်းရဲ့လား၊ ပြောပါဦး ... မျက်လုံး ဘယ်လိုနေလဲ"

ဆရာဝန်ကြီးက သူ အစားထိုးပေးထားခဲ့သော မျက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လွှာအတွက်ပဲ ပူပင်ကာ ဂရုတစိုက်မေးလေသည်။

"ဟုတ်ကဲ့ ... ကောင်းပါတယ်ဆရာကြီး။ မျက်လုံးတွေလည်း ကြည့်ရတာ ကောင်းပါတယ်"

"ဟေ ... ဒါဆို ဆရာ့ဆီ ရောက်လာခဲ့တဲ့ကိစ္စက"

ဆရာဝန်ကြီးက မျက်လုံး အစစအရာရာကောင်းနေပါလျက် ရောက်လာခဲ့သော မနောကို တအံ့တသြမေးလေလျှင်

မနောသည် ဟို၊ အယ်နှင့် ဘယ်ကဘယ်လို စကားစ,ရမှန်းမသိ ဖြစ်နေဆဲ ... ယုဂန်ကပဲ ဝင်ပြီး ပြောပေးလာသည်။

"ဒီလိုပါ ဆရာကြီး ... ကျွန်တော်တို့ မနောရဲ့မျက်ကြည်လွှာအလှူရှင်ကို သိချင်လို့ပါ"

ယုဂန်ရဲ့စကားကိုကြားလိုက်ရလျှင် ဆရာဝန်ကြီးမှာ မျက်မှောင်များကြုတ်လိုက်သည်။

"ဘာဖြစ်လို့ သိချင်ရတာလဲ၊ အလှူရှင်က ရှိမှမရှိတော့ဘဲ"

"ဟို ... မဟုတ်ပါဘူး။ သမီးလေ သူ့ကို ကျေးဇူးအရမ်းတင်လွန်းလို့ပါ၊ သူ မရှိတော့ပေမယ့်လည်း သူ့မိသားစုကို သူ့ကိုယ်စား ကျေးဇူးတင်စကား သွားပြောချင်လို့ပါ"

မနောကိုယ်တိုင် ရှိရှိကျိုးကျိုး ဝင်ပြောတော့မှ ဆရာကြီးမှာ အလေးအနက်ထားဟန်နှင့် စားပွဲမျက်နှာပြင်ကို အတန်ကြာအောင် ငြိမ်သက်ငေးစိုက်ကြည့်ကာ ...





"အေးလေ ... သမီးက တကူးတက လာစုံစမ်းမေးမြန်းတော့လည်း ပြောပြရတာပေါ့"

မနောသည် ဆရာကြီးရဲ့မျက်နှာကို တထိတ်ထိတ်ခုန်သောရင်ဖြင့် စိတ်လှုပ်ရှားစွာ မျှော်လင့်တကြီး ကြည့်နေမိသည်။

"သမီး အခု အစားထိုးထားတဲ့ မျက်ကြည်လွှာအလှူရှင်ရဲ့နာမည်က ရွှန်းလဲ့တာရာတဲ့"

"ရွှန်းလဲ့တာရာ"

မနော ခပ်တိုးတိုး လိုက်ရေရွတ်ကြည့်မိရင်း မျက်ခုံးလေးနှစ်ခု တွန့်တက်သွားရသည်။

အိပ်မက်ထဲမှာ မနော သိထားခဲ့သည်က လပ်(ဖ)။

"အဲဒီနေ့က အင်း ... မှတ်မှတ်ရရပါပဲ ... ဖေဖော်ဝါရီလ ဆယ့်လေးရက်၊ ရွှန်းလဲ့တာရာနဲ့ သူ့ဘွိုင်းဖရန့် (boy friend) လေးဟာ သူတို့ချစ်သူသက်တမ်း တစ်နှစ်ပြည့်အမှတ်တရဆိုပြီး မျက်ကြည်လွှာ လာလှူကြတယ်"

ဆရာကြီးက အဝေးသို့ငေးကာ တစ်လုံးချင်း ခပ်တိုးတိုး ပြောသည်။

ချစ်သူသက်တမ်း တစ်နှစ်ပြည့်အမှတ်တရ၊

မနောရင်ထဲမှာတော့ ထိုစကားတစ်ခွန်းက ပဲ့တင်ထပ်ရိုက်ခတ်လို့နေသည်။

မနောသည် ဆရာကြီးမျက်နှာကို မျက်တောင်မခတ်



www.burmeseclassic.com

www.burmeseclassic.com



စတမ်း ဝေးစိုက်ကာ ဆက်ပြောမည့်စကားများကို ရင်တထိတ်ထိတ်ဖြင့် နားထောင်နေမိသည်။

“အဲဒီနေ့ ဒီဆေးရုံကအပြန်မှာပဲ ကံဆိုးချင်တော့ . . .”

တထိတ်ထိတ်ခုန်နေသောရင်မှာ ပိုပြီး မြန်ဆန်လာခဲ့သည်။ မနော တစ်စုံတစ်ရာကို ကြိုပြီးသိနေသလို။ စိတ်ထဲမှန်းကျပ်ဆို့နင့်၍နေမိသည်။

“အင်း . . . ကံဆိုးချင်တော့ သူတို့နှစ်ယောက် စီးလာတဲ့ကားဟာ အက်ဆီးဒင့်ဖြစ်ပြီး . . .”

မနော ဆရာကြီးဆီမှ အကြည့်လွှဲကာ မျက်ဝန်းများကို မှိတ်ချလိုက်မိသည်။

အမှောင်ထုကြီး . . .။ အေးစက်ငြိမ်ဆိတ်လွန်းလှသော အမှောင်ထုကြီး။

“ကောင်ကလေးဟာ ပြင်းပြင်းထန်ထန်ဒဏ်ရာ ရခဲ့တယ်၊ ရှန်းလဲ့တာရာကတော့ နေရာမှာတင် ပွဲချင်းပြီး . . .”

မနော အသက်ရှူလို့မရတော့။ ချောက်ချားဖွယ်ရာ အမှောင်ထုကြီးက ပြိုကျအုပ်စိုးထားသလို အသက်ရှူမရလောက်အောင် ဆို့နင့်မွန်းကျပ်၍နေသည်။

“ရှန်းလဲ့တာရာက နေရာမှာတင် ပွဲချင်းပြီး သေဆုံးခဲ့တယ်၊ ဒါပေမဲ့ . . . သူ့ရဲ့ ရှန်းလဲ့တောက်ပတဲ့ မျက်ကြည်လွှာလှလှကလေးတွေကိုတော့ ဆက်လက်ရှင်သန်အောင် ထားရစ်ခဲ့





တယ်”

အဲ့ဒီမျက်ကြည်လွှာလှလှလေးတွေထဲမှာ သူသိပ်ချစ်တဲ့ ချစ်သူရဲ့ စွဲမက်ဖွယ်ပုံရိပ်လေးတွေကို ချစ်တတ်လွန်းတဲ့ နှလုံးသားနဲ့ စူးစူးနစ်နစ် သိမ်းဆည်းခဲ့လေတော့ . . .

မနော ဆက်မတွေးရဲတော့။ နှလုံးသားတစ်ခုလုံး လောင်မြိုက်နာကျင်လာသည်။

“မနော . . . မနော”

ပခုံးကို ဆုပ်ကိုင်လှုပ်ယမ်းခြင်း ခံလိုက်ရသည်နှင့်အတူ ယုဂန်ရဲ့ခေါ်သံ ကြားလိုက်ရတော့မှ . . .

“ဟင်”

အတွေးထဲ နစ်မျောနေရာမှ မနော ပြန်နိုးထလာခဲ့မိသည်။

“ရော့”

ယုဂန်က လက်ဖဝါးတွေထဲ နူးညံ့သောအရာတစ်ခုကို ကျိတ်ပြီး ထိုးထည့်ပေးသည်။

မနော ငုံ့ကြည့်လိုက်တော့ မွေးပွလက်ကိုင်ပဝါအဖြူလေး တစ်ထည်။

ယုဂန်ကို နားမလည်နိုင်စွာ မော့ကြည့်လိုက်မိလျှင် . . .

“မျက်ရည်တွေ သုတ်လိုက်”

“အို”



www.burmeseclassic.com

www.burmeseclassic.com



မနော မျက်နှာကို ကပျာကယာစမ်းလိုက်မိသည်။

မျက်ရည်တွေ ...။

ပူနွေးစိုစွတ်သော မျက်ရည်တွေ မျက်နှာပြင်အနှံ့ စိုရွှဲလို့ပါလား။ ကြည့်စမ်း ... မျက်ရည်တွေက ဘယ်အချိန်မှာများ ကျသွားခဲ့ရတာလဲ။

မနော ရှက်ရှက်နှင့် ယုဂန်ပေးသော မွေးပွပဝါကလေးနှင့် မျက်ရည်တွေကို ကပျာကယာ သုတ်လိုက်မိသည်။

"ကဲပါ သမီးရယ် ... ပြီးခဲ့တာတွေ ပြီးပါစေတော့၊ စိတ်မကောင်း ဖြစ်မနေပါနဲ့တော့နော်၊ သမီး သူ့ကို ကျေးဇူးတင်တယ်ဆိုရင် သူလှူဒါန်းခဲ့တဲ့ မျက်ကြည်လွှာကို တန်ဖိုးရှိရှိ အသုံးပြုပြီး လောကကောင်းကျိုး သယ်ပိုးပေးပါကွယ် ... ဟုတ်ပြီလား"

"ဟုတ် ... ဟုတ်ကဲ့ပါ ဆရာကြီး"

မနော မျက်ရည်တွေသုတ်ရင်းမှ ဆရာကြီးကို မော့ကြည့်လိုက်မိသည်။ '

ထို့နောက် မနောနှလုံးသားထဲမှ သိချင်လွန်းလှသော မေးခွန်းတစ်ခုကို မမျိုသိပ်နိုင်တော့ဘဲ ...

"ဆရာကြီး ရှန်းလဲ့တာရာနဲ့ အတူလာခဲ့တဲ့ သူ့ချစ်သူကိုရော မှတ်မိလားဟင်"

ဆရာကြီး မျက်မှောင်ကြုတ်သွားသည်။ ယုဂန်က တစ်





စုံတစ်ခုကို မလိုလားသလို မနောကို လှည့်ကြည့်သည်။

အိပ်မက်ထဲတွင် တဖွဖွခေါ်မိသော နာမည်။

မနောရဲ့အသိအာရုံထဲ လင်းခနဲ။

"ဟို ... နောင်း ... နောင်းလေ ဆရာကြီး"

မနောရဲ့စကားထောက်ပေးသံမှာ အလောတကြီး စိတ်လှုပ်ရှားလွန်းလှစွာ။

ယုဂန်ရဲ့မျက်လုံးများထဲ စိမ်းခနဲ ထ,တောက်သည်။ ဆရာကြီး မျက်မှန်ကို ပင့်တင်ရင်း ...

"နောင်း ... အေး ဟုတ်တယ်၊ နာမည်လေးက ရိုးရိုးလေးနဲ့ အရမ်းကို ဆွဲဖြစ်တဲ့နာမည်၊ ဘာတဲ့ ... နောင်း၊ အင်း ... ထနောင်း, ထနောင်းညို ... အိုကေ မှတ်မိပြီ၊ အဲဒီလူငယ်လေးနာမည်က ထနောင်းညို၊ အညာသားလေးလား မသိပါဘူးကွာ"

ထနောင်းညို ...။.

မနောသည် စိတ်ထဲမှ ဖွဖွကလေး ရေရွတ်ကြည့်လိုက်မိသည်။

ထနောင်းညိုတဲ့လား။

ဘယ်လောက်ချစ်စရာကောင်းလိုက်တဲ့ နာမည်ကလေးလဲ။ ရင်တွေ ငြိမ့်ခနဲ ခုန်သည်။

သွေးရောင်လျှမ်းပြည့်သော နှုတ်ခမ်းများထက်က အပြုံး



www.burmeseclassic.com

www.burmeseclassic.com



ချိုတစ်ခုကို ပြန်မြင်ယောင်မိလျှင် နှလုံးသားတစ်ခုလုံး နွေးထွေးသွားရတော့သည်။

''ဆရာကြီး ကျေးဇူးပြုပြီး ထနောင်းညိုရဲ့လိပ်စာ မနောလိုချင်ပါတယ်၊ ရနိုင်မလားရှင်''

မနောသည် ဘာကိုမှ အရေးမစိုက်နိုင်တော့ဘဲ ဆရာကြီးထံမှ နောင်းရဲ့လိပ်စာကို တောင်းမိတော့သည်။

ဟန့်တားချင်သော ယုဂန်ရဲ့မျက်လုံးများကိုလည်း ဂရုမစိုက်နိုင်တော့ပြီ။

''ရပါတယ် ... ရနိုင်ပါတယ်၊ ကိုယ့်တပည့်လေးတစ်ယောက်ကို ရှာခိုင်းလိုက်ပါ့မယ် ... ခဏစောင့်''

ဆရာဝန်ကြီးရဲ့တပည့်လေးတစ်ယောက်မှာ နောင်းရဲ့လိပ်စာကို ရှာပေးဆဲ။

မနောမှာတော့ စိတ်လှုပ်ရှားခြင်းများစွာဖြင့် ရင်တထိတ်ထိတ်။ ယုဂန်ကတော့ မနောသိသာအောင်ပင် မျက်နှာကြီးပုပ်သိုးပြနေတော့သည်။ ခဏမျှ စောင့်ခဲ့ရပြီးလျှင် ...

''ရပါပြီ ဆရာကြီး၊ မျက်ကြည်လွှာအလှူရှင် ထနောင်းညိုရဲ့လိပ်စာ''

''အိုကေ ... သူ့ကိုပေးလိုက်''

ဆရာဝန်ကြီးရဲ့တပည့်ဖြစ်သူ ကမ်းပေးသော လိပ်စာစာရွက်လေးကို တဆတ်ဆတ်တုန်နေသောလက်များဖြင့် မနော





စိတ်လှုပ်ရှားစွာ လှမ်းယူလိုက်သည်။

''ကျေး ... ကျေးဇူး အများကြီးတင်ပါတယ်နော်''

ရင်ထဲမှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်လိုက်မိသည်။

ထနောင်းညို

အမှတ် (---)၊ .............၊

ထိန်းချုပ်မရသော ကြည်နူးစိတ်ဖြင့် စာရွက်လေးမှာ တဖျပ်ဖျပ်ခါနေသည်။ ခဏတွင်းချင်း လိပ်စာကလေးကို အလွတ်ကျက်လိုက်၏။

နှလုံးသားထဲသို့တိုင် စွဲနစ်သွားခဲ့ချေပြီတည့် ...။

ခြေလှမ်းတစ်လှမ်း လှမ်းလိုက်တိုင်း ရင်က တထိတ်ထိတ်။

ဘာကို စိတ်မလုံခြုံမှန်းမသိစွာ ရှေ့နောက်ဝဲယာကိုလည်း မကြာခဏ လှည့်လှည့်ကြည့်မိသည်။

ဒါ ... ယုဂန်ကို အားမကိုးဘဲ ပထမဆုံးအကြိမ်အဖြစ် ကိုယ့်ဘာသာ အရဲကိုးပြီး ထွက်လာမိခဲ့ခြင်း ဖြစ်သည်။

ယုဂန်သိလျှင်တော့ အတော်ကလေး စိတ်ဆိုးမှာသေချာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ယုဂန်ကို ဘာဖြစ်လို့ ထားခဲ့မိသလဲ။

အမြဲတမ်း သွားအတူ၊ စားအတူဖြစ်သော ယုဂန်ကို တမင်ထားခဲ့မိတာ မနောရဲ့မရိုးသားမှုပဲ ဖြစ်သည်။

"အိမ်နံပါတ် ကိုး ... အိမ်နံပါတ် ကိုး"

ပါးစပ်မှလည်း တဖွဖွရွတ်ရင်း ထနောင်းညိုရဲ့အိမ်နှင့် နီးလာလေ မနောရင်တွေ အခုန်မြန်လာလေဖြစ်သည်။

ချွေးတွေ အလိုလိုပြန်လာကာ တီရှပ်ဖြူဖြူလေးမှာ ချွေးတွေစိုရွှဲပြီး ကပ်လာတော့တဲ့အထိ။

မနော ကြိုးရှည်ရှည် Next အိတ်လေးကို နောက်ကို စလွယ်ပစ် လွယ်လိုက်ရင်း ...

ကွာတားပင်နီပွပွထဲ လက်နှစ်ဖက်ထိုးထည့်ကာ နောင်းရဲ့အိမ်နား ကုပ်ကုပ်ချောင်းချောင်းလေး ကပ်လာခဲ့သည်။

ဟော တွေ့ပါပြီ ... အိမ်နံပါတ် ကိုး။

မနောသည် တအားခုန်နေသောရင်တွေကို လက်ကလေးနှစ်ဖက်ဖြင့် ဖိလျက် ခြံစည်းရိုးအုတ်နံရံဆီ ပြေးကပ်လိုက်သည်။

ပြီးတော့ ... ခေါင်းကလေးသာ ရှေ့ကိုကဲလျက် ခြံထဲ ချောင်းကြည့်လိုက်သည်။

အိုး ... စကားပင်ပျိုလေးတစ်ပင်ကို ခြေတစ်ဖက်ဆင်း ဒူးတစ်ဖက်ထောင်ပြီး မှီထိုင်နေသော လူငယ်လေးတစ်ယောက်။





ဘုရားရေ ...

မနောသည် မနီးမဝေးမှ တွေ့လိုက်ရခြင်းဖြစ်သော်လည်း မျက်လုံးလေးပြူး၊ ပါးစပ်ကလေး အဟောင်းသားဖြစ်သွားရသည်။

တအားခုန်နေသောရင်တွေပင် ဆတ်ခနဲ ရပ်တန့်သွားသလို ခံစားလိုက်ရတော့သည်။

"သူ ... သူ ..."

လက်ညှိုးကလေး ယောင်ယမ်းထိုးမိရင်း မနောရင်ထဲ ဆို့နင့်သွားရသည်။

"နောင်း ... နောင်း"

လွှတ်ခနဲ ခေါ်လိုက်မိသည်။

မနောရဲ့ အိပ်မက်ထဲက ... သူ။

စိမ်းညို့ထူထဲသော မျက်ခုံးတန်း၊ ရှည်သွယ်သော မျက်အိမ်နှင့် စူးရှသော မျက်ဝန်းများ၊ ယောကျ်ားလေးတန်မဲ့ သွေးရောင်လျှမ်းကာ ပါးလှပ်သော နှုတ်ခမ်းသားများ။

ကြည့်စမ်း ... တကယ့်ကိုပဲ မနောရဲ့အိပ်မက်ထဲက သူနှင့် အံ့ဩထိတ်လန့်ဖွယ်ရာကောင်းအောင် တစ်ယောက်တည်း ဖြစ်နေခဲ့ပါလား။

"နောင်း ... နောင်း"

တိုးဖွဖွလေး ခေါ်မိရင်း မနောသည် စွဲစွဲနစ်နစ် ချစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြဖူးတွေလို သူ့ကို ဆွတ်ကျင်စွာ တရှိုက်မက်မက် ငေးစိုက်ကြည့်နေမိသည်။

တီရှပ်ဖြူဖြူကလေးနှင့် မိုးပြာရောင် ဂျင်းကွားတာပင်န် ဝတ်ထားသည်မို့ မနောနှင့်ဆင်တူဝတ်ဆင်ထားသလို ဖြစ်နေသည်။

ဒါကိုပဲ မနောမှာ ခုခေတ်တွင် ချစ်သူစုံတွဲတွေတွေ ဆင်တူဖက်ရှင်ဝတ်တတ်သည့်စတိုင်လ်ကို စိတ်ကူးယဉ်မိကာ ဘာကိုမှန်းမသိ ဝမ်းနည်းသွားမိရသည်။

နောင်းရဲ့ စကားပင်ကိုမှီထိုင်ကာ ထောင်ထားသည့် ဒူးတစ်ဖက်ကို လက်နှစ်ဖက်ပိုက်ပြီး ဟိုးအဝေးကိုငေးနေပုံက နွမ်းလျဆွေးမြည့်သောခံစားချက်အပြည့် ပုံရိပ်မို့ ...။

အဲ့လိုပုံရိပ်ကို မြင်နေရသော မနောမှာ ရင်ထဲ အရမ်းကို ဆို့နင့်ဝမ်းနည်းနေမိတော့သည်။

နောင်း ... နောင်းရယ် ...

နောင်း ဘာတွေတွေးနေသလဲကွယ်။

အနားမှာမရှိတော့တဲ့ ချစ်သူအတွက် လွမ်းဆွတ်ကြေကွဲပြီး အရမ်းပဲ အထီးကျန်ဆန်နေသလား။

မနောသည် နောင်းကိုကြည့်ကာ အရမ်းကိုဝမ်းနည်းသနားနေမိသော်လည်း ကိုယ်က နောင်းရဲ့ချစ်သူအစစ်အမှန်ဖြစ်သော လပ်(ဖ) မဟုတ်လေသည်မို့ ဘယ်လိုနှစ်သိမ့်ရမည်ကို





မသိတတ်တော့စွာ ပို၍ဝမ်းနည်းကြေကွဲနေမိဆဲ။

"ဟမ်း ... ဟမ်း"

နောင်းအနားက အင်းခွေးအညိုကြီးတစ်ကောင်က ချောင်းကြည့်နေသော မနောကို လှမ်းမြင်ကာ မာန်ဖီလေလျှင် ခွေးကြောက်တတ်သော မနောမှာ ရင်တွေတုန်သွားရကာ ... ချက်ချင်း အနောက်ကို ပြန်ဆုတ်ပြီး နံရံနှင့်ကျောကပ်ကာ ပုန်းလိုက်ရတော့သည်။

"ဆိုနီ ဘာလဲကွ ... ဘာတွေ့လို့လဲ"

ဟော ... ချိုချိုသြသြအသံကလေး။

အိပ်မက်ထဲမှာ လပ်(ဖ)လို့ ကြင်နာစွာခေါ်တတ်သော အသံချိုချို။ မနောရင်ထဲ တလှပ်လှပ် ခါလာတော့သည်။

ခြေသံ တဖျပ်ဖျပ်။

တစ်စထက်တစ်စ နီးကပ်လာသောခြေသံ။

နံရံနှင့်ကျော ကပ်နေအောင်မှီရပ်ပြီး မနောမှာ အသက်ကိုအောင့်ထားမိသည်။

"ဘာမှမရှိပါဘူးကွ၊ သွား သွား ... ဆူဆူညံညံမလုပ်စမ်းပါနဲ့ကွာ၊ ငါတစ်ယောက်တည်း နားအေးပါးအေး နေစမ်းပါရစေ၊ ငါ့ကို မနှောင့်ယှက်ပါနဲ့ ဆိုနီရာ"

နောင်းပြောပုံမှာ စိတ်ပျက်လက်ပျက်။

တစ်ယောက်တည်း နားအေးပါးအေး နေပါရစေတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



လပ်(ဖ)အတွက် ခုချိန်ထိ နောင်းဟာ တမြည့်မြည့် ကြေကွဲခံစားနေရဆဲလား ...။

အထီးကျန်ဆဲလား ...။

မနောသည် မျက်ဝန်းများမှိတ်ကာ မျက်နှာကိုမော့ပြီး အသံမထွက်အောင် ကျိတ်ပြီးရှိုက်လိုက်မိသည်။

ထို့နောက် နာကျင်လွန်းသော နှလုံးသားဖြင့် တိတ်တိတ်ကလေး လှည့်ထွက်လာခဲ့မိသည်။

နောင်းရဲ့ပုံရိပ်ကလေးကို ခုလို မလှမ်းမကမ်းကလေးမှ နေ တွေ့ရုံတင်တွေ့ခွင့်ရရင်ပဲ မနောက ကျေနပ်နိုင်ပြီလေ။



## အခန်း (၅)

"ဟော့ ... မနောဖြူ"

မနောသည် တစ်ယောက်တည်း ဝမ်းနည်းကြေကွဲစွာ ခေါင်းလေးငုံ့ကာ လျှောက်မိဆဲ ...

ကိုယ့်ကိုခေါ်သံ ကြားလိုက်ရလျှင် အံ့သြပြီး ခေါင်းလေး မတ်လိုက်သည်။

"ဟယ် ... ကြယ်စင်"

အတန်းထဲမှာ သိပ်ခင်မင်ရင်းနှီးသည် မဟုတ်သော်လည်း မျက်မှန်းတန်းမိသော တစ်တန်းတည်းသားချင်း ကြယ်စင်သင်းကို ဒီလိုနေရာမှာ ရုတ်တရက် တွေ့လိုက်ရသည်မို့ မနော အံ့သြသွားရသည်။

"ဘယ်လာတာလဲ မနော"

ကြယ်စင်က ရိုးရိုးတန်းတန်း ပဋိသန္ထာရနှုတ်ဆက်မေးလိုက်တာဖြစ်ပေမယ့် ထနောင်းကို မရိုးသားစွာ လာချောင်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



သော မနောမှာတော့ မလုံမလဲ ဖြစ်သွားရသည်။

"ဟို ဟိုလေ ... ဒီလမ်းထဲမှာ အသိတစ်ယောက်ရှိလို့၊ ကြယ်စင်ကရော ဘယ်လာတာလဲ ... အဟင်း"

"ကြယ်စင်လား ... ကြယ်စင်က ဒီလမ်းထဲမှာပဲနေတာ၊ အိမ်နံပါတ် ခုနစ်လေ"

"ဟင် ... အိမ်နံပါတ် ခုနစ် ... ဟုတ်လား"

အိမ်နံပါတ် ခုနစ်။ ဒါဆို ... နောင်းနဲ့ တစ်ခြံကျော်မှာ နေတာပေါ့။

"မနော ... ကြုံတုန်း ကြယ်စင့်အိမ် ဝင်လည်ရမယ် နော်"

"အယ် ... ဟိုလေ"

"ဟင့်အင်း ... မရဘူး၊ လမ်းထဲအထိ ရောက်လာပြီးမှတော့ အိမ်လိုက်လည်ရမှာပဲ၊ ဒါပဲ ... မလည်ရင်တော့ ကြယ်စင့်ကို မခင်လို့ပေါ့"

ကြယ်စင်က အပေါ်ယံမဟုတ်ဘဲ တကယ့်ကို စိတ်ပါလက်ပါ လှိုက်လှိုက်လှဲလှဲ အိမ်လည်ခေါ်လေလျှင် မနောမှာ ဆက်မငြင်းသာတော့။

အထာကိုင်သည်လို့လည်း အထင်မခံချင်သည်မို့ ခေါင်းလေး ကပျာကယာ ညိတ်ကာ ...

"အဲ့လိုတော့ မပြောနဲ့နော် ကြယ်စင်၊ မနောက ကြယ်





စင့်ကို ခင်ပါတယ်"

"ဒါဆို"

"လိုက်လည်မယ်လေ ... ဘာကျွေးမှာလဲ"

"အိုး ... အိမ်မှာရှိတာ အကုန်ချကျွေးမယ်"

ကြယ်စင့်ပြောပုံကြောင့် မနော ဟက်ဟက်ပက်ပက်ကလေး ရယ်လိုက်မိသည်။

ကြယ်စင်က မနောကို လက်ချင်းတွဲကာ သူ့အိမ်ဆီ ခေါ်သွားသည်။

အတန်းထဲမှာ မျက်မှန်းတန်းရုံသာဖြစ်ပေမယ့် ခုလို အပြင်မှာတွေ့မှ ကြယ်စင်ဟာ အရမ်းကိုခင်ဖို့ကောင်းတာ မနော သိရတော့တာဖြစ်သည်။

ကြယ်စင့်အိမ်နဲ့ နောင်ရဲ့အိမ်ဟာ အိမ်နံပါတ်ခုနစ်နှင့် ကိုးမို့ ကပ်လျက်ဖြစ်သည်။

မနောသည် ကြယ်စင့်နောက် လိုက်ခဲ့ရင်း ခြံချင်းကပ်လျက်ဖြစ်သော နောင်းတို့ခြံကိုသာ မကြာခဏ ခိုးခိုးကြည့်နေမိသည်။

"မနောရေ ... လာ ... ခြံထဲမှာ အေးအေးဆေးဆေး ထိုင်ပြီး မစ်ရှိတ်သောက်ရင်း စကားပြောရအောင်နော်"

ကြယ်စင်က ခြံထဲမှာ ထိုင်စကားပြောကြမယ်ဆိုတော့ မနော လုပ်ခနဲ ဝမ်းသာသွားရသည်။ ဒါဆို မနော နောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ခိုးကြည့်စရာမလိုတော့ဘူးပေါ့။

မစ်ရှိတ်ဖန်ခွက်လေးကိုယ်စီနှင့် ခြံထဲမှာ ထိုင်စကားပြောရင်း မနောမျက်ဝန်းလေးတွေက စကားပင်အောက်မှာ မလှုပ်မယှက်ထိုင်နေသော နောင်းဆီကိုပဲ ခဏခဏရောက်နေလေတော့ ကြယ်စင်က သတိပြုမိသွားလေတော့သည်။

''မနောက ထနောင်းနဲ့ သိလို့လား''

ကြယ်စင်ဖွင့်မေးလျှင် မနောမှာ မလုံမလဲနှင့် ရှက်ဝဲဝဲလေးဖြစ်သွားရပြီး ...

''ဟို ... မသိပါဘူး ... သူ့ပုံစံက အဆွေးသမားပုံစံပေါက်နေလို့''

''ဟုတ်တယ် ... ထနောင်းက အရမ်းသနားဖို့ကောင်းတာ၊ သူ့ချစ်သူဆုံးပြီးကတည်းက တစ်ယောက်တည်း အထီးကျန်ဆန်ဆန်ကြီးနေပြီး အဲ့လိုပဲဖြစ်နေတော့တာ''

ကြယ်စင်က ထနောင်းအကြောင်း စကားစ,လေလျှင် မနောမှာ ထနောင်းနှင့်ပတ်သက်သော အကြောင်းအရာများကို စုံစမ်းမေးမြန်းဖို့ အခွင့်အရေးရသွားတော့လျက် စိတ်အားထက်သန်စွာ ...

''သူ့အကြောင်းပြောပြပါလားဟင် ကြယ်စင်''

''မနောက ထနောင်းကို စိတ်ဝင်စားလို့လား''

မနောမှာ ပွင့်လင်းလှသော ကြယ်စင့်မေးခွန်းကြောင့်





ရှက်သွားရပြန်လျက် ...

''ကြယ်စင်ကလည်း သူ့ပုံစံက ဘယ်သူနဲ့မှ မတူတဲ့ဟာကိုး''

''ဟုတ်ပါပြီ၊ ကြယ်စင်ကလည်း သူ့ပုံစံကိုပဲပြောတာပါ၊ သူ့ပုံစံက တွေတွေငေးငေးကြီးနဲ့ အထီးကျန်ပုံစံကြီးဆိုတော့ စိတ်ဝင်စားစရာကောင်းနေတာကိုး ...၊

တကယ်တော့ ထနောင်းတို့ချစ်သူနှစ်ယောက်ဟာ လူတိုင်းက အားကျလောက်အောင် အရမ်းချစ်ကြတာ၊ တစ်ယောက်နဲ့တစ်ယောက် မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင် ချစ်ကြတာ''

မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင်တဲ့။

တကယ်လည်း မျက်ဝန်းထဲမှာ စူးစူးနစ်နစ်စွဲထင်ပြီး မပျောက်မပျက်ရှိခဲ့ပါတယ်ဆိုရင် ယုံကြပါ့မလားမသိ။

''တိုက်ဆိုင်တယ်ပဲ ပြောရမလား၊ ကံကြမ္မာပဲ ပြောရမလားမသိဘူး၊ အဲဒီနေ့က ဗယ်လင်တိုင်းဒေးလေ၊ သူတို့ချစ်သူနှစ်ယောက် လျှောက်လည်ပြီး အပြန်မှာ ရွှန်းလဲ့က ကုသိုလ်လည်းရ၊ အမှတ်တရလည်းဖြစ်အောင် မျက်ကြည်လွှာဆေးရုံကြီးမှာ သွားလှူကြမယ်ဆိုလို့ နှစ်ယောက်အတူ သွားလှူကြတယ်တဲ့၊

ဆေးရုံကအပြန်မှာပဲ ကံဆိုးချင်တော့ ကားအက်ဆီးဒင့်ဖြစ်ပြီး ထနောင်းက ဒဏ်ရာပြင်းပြင်းထန်ထန်ရခဲ့တယ် ...၊



www.burmeseclassic.com

www.burmeseclassic.com



ရွှန်းလဲ့ကတော့ ပွဲချင်းပြီး သေဆုံးခဲ့တယ်၊ အဲ့ဒီအချိန်က စပြီး ထနောင်းတစ်ယောက်လည်း အမြဲလိုလို တစ်ယောက်တည်း ငေးပြီး အဲ့လို အဆွေးသမား, အထီးကျန်ပုံစံကြီး ဖြစ်သွားတော့ တာပဲ''

''အရမ်းသနားစရာကောင်းတာပဲနော်''

ကြယ်စင့်စကားဆုံးလျှင် မနောသည် သတိလက်လွတ် နှင့် လွှတ်ခနဲ ပြောလိုက်မိသည်။

တကယ်လည်း ကြယ်စင်တို့အိမ်မှနေ မနော ပြန်ခဲ့တဲ့ အချိန်အထိ စကားပင်အောက်ကနေ ထိုင်ရာမထ ဟိုးအဝေးကြီး ကို မမှိတ်မသုန်ငေးနေဆဲဖြစ်သော ထနောင်းပုံစံကိုကြည့်ပြီး မနောမှာ ရင်ထဲနင့်အောင် သနားကရုဏာသက်ခဲ့ရသည်လေ။

ခုမှ တွေ့ဖူးသည့်လူတစ်ယောက်အပေါ် မနောဟာ နှ လုံးသားက စူးစူးနစ်နစ်ချစ်ခဲ့ရတဲ့လူတစ်ယောက်လို ဘာလို့များ ဒီလောက်တောင် တွယ်ငင်မိသွားရတာတဲ့လဲ။

ခက်လိုက်တာ ...။



## အခန်း (၆)

ခိုးကြောင်ခိုးဝှက်သွားပြီး ချောင်းမကြည့်ခဲ့မိလျှင် လည်း အကောင်းသား။

ခုတော့ နောင်းကို အိပ်မက်ထဲမှာမဟုတ်ဘဲ အပြင်မှာ မျက်ဝါးထင်ထင် မြင်ခဲ့ရပြီးသည့်နေ့ကစ,ပြီး စွဲလမ်းမိသည့်စိတ် ကို ဘယ်လိုမှ မျိုသိပ်ထိန်းချုပ်လို့ မရတော့။

ထနောင်းရဲ့အိမ်နား မယောင်မလည်သွားကာ သွားလေ ရာကို နောက်က တကောက်ကောက်လိုက်မိသည်။

မျက်စိမှိတ်လိုက်သည်နှင့် ထနောင်း၏ပုံရိပ်က အထင် အရှား ပေါ်လာတတ်သည်။

စိုးမိုးလွှမ်းလှသော ထနောင်းညို့သည် မျက်တောင်တစ် ချက်ခတ်လိုက်တိုင်း ရင်ထဲသို့ တိုးဝှေ့ရောက်လာတတ်၏။

ပင့်သက်တစ်ချက် ရှိုက်လိုက်တိုင်းလည်း ထနောင်း။

အတွေးတစ်ချက်ဝှေ့လိုက်တိုင်းလည်း ထနောင်း။



www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ကမ်း, ခြေတစ်လှမ်းတိုင်းမှာပင် ထနောင်း . . . ထနောင်း . . . ထနောင်း။

စားနေစဉ်လည်း ထနောင်း၊
သွားနေစဉ်လည်း ထနောင်း၊
ရပ်နေစဉ်လည်း ထနောင်း၊
ထိုင်နေစဉ်လည်း ထနောင်း၊
လှဲလျောင်းနေစဉ်လည်း ထနောင်း။

ထနောင်းပုံရိပ်ထံ ရစ်ဝဲပျံသန်းနေမိသော အချစ်လိပ်ပြာသည် မနောကို အိမ်မှာထိုင်နေ၍မရအောင် ပြုစားနေပါပြီ။

စားချိန်၊ အိပ်ချိန်လေးမှအပ မနောလိပ်ပြာလေးက ထနောင်းညိုထံသို့ အရိပ်ကလေးပမာ ပျံသန်းနေမိပါလေရဲ့။

ထိုချစ်စိတ်ကိုပင် အဆိပ်ဟု ယူဆမည်ဆိုပါလည်း ထိုအဆိပ်ကို မနော အသက်ကိုအဆုံးခံ၍ ချိုမြိန်စွာ သောက်သုံးပါမည်။

ထနောင်း . . . အပြင်သို့မထွက်ခင် နံနက်အစောကြီးကတည်းက ခြံရှေ့မနီးမဝေးမှာ ကားလေးတစ်စီးနှင့် မနော ကြိုစောင့်နေတတ်ပါသည်။

ထနောင်းရဲ့ကားလေး ခြံထဲက ထွက်လာသည်နှင့် အနောက်လှမ်းလှမ်းကနေ မနောကားလေး ဘီးစလိမ့်သည်။

ကော်ဖီဆိုင်လှလှလေးထဲမှာ ထနောင်း ဝင်ထိုင်တော့





မနီးမဝေးက စားပွဲမှာ မနောဝင်ထိုင်သည်။

အံ့ဩစရာကောင်းသည်က ထနောင်းကြိုက်တတ်သော ကော်ဖီအမည်နှင့် စားတတ်သောမုန့်ပွဲကို မနောက ကြိုသိနေတတ်၏။

မနော ဟိုအရင်က မကြိုက်ခဲ့၊ မသောက်ခဲ့၊ မစားခဲ့ဖူးပါလျက်နှင့် ညှော်နံ့သင်းသော၊ ခါးသက်သော ဘရာဇီးကော်ဖီ တစ်ခွက်ကိုလည်း နှုတ်မှ အလိုလိုမှာမိသည်။

ကော်ဖီဆိုလျှင် လုံးဝမကြိုက်သော မနော . . . ခုတော့ ကော်ဖီကို တစ်ငုံစာသောက်မိစဉ်မှာပဲ တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွားသောအရသာကို ယစ်မူးသွားရသည်။

ဟမ်ဘာဂါကို ကောက်ကိုင်မိစဉ် ထင်ရှားသောပုံရိပ်က မျက်ဝန်းမှာ ပြိုးပြိုးပြက်ပြက် ထင်လာပြန်၏။

ကိုယ့်ဟမ်ဘာဂါကို သူ့ကိုခွံ့၊ သူ့ဟမ်ဘာဂါကို ကိုယ့်ကိုခွံ့။ နောင်းနှင့်သူ့ချစ်သူသည် ဤမျှလောက် ကြင်နာယုယတတ်သူတွေပေါ့။

ခုတော့ . . . ထနောင်းက တစ်ယောက်တည်း။

အဖော်ကွဲလိပ်ပြာလေး။

ထနောင်းက မုန့်ကို တစ်ကိုက်ကိုက်လိုက်သည်။ ယခင်က ကြည်နူးခဲ့ရသမျှကို ပြန်သတိရနေရော့သလား ထနောင်းရယ်။



www.burmeseclassic.com

www.burmeseclassic.com



ရီဝေသောမျက်ဝန်း၊ ဆွေးမြည့်သောမျက်နှာ။

စားနေသောက်နေတာက အသက်မပါသော စက်ရုပ်ကလေး တစ်ရုပ်ပမာ။

မနောလေ ချက်ချင်းထပြေးကာ နောင်းကို ယုယစွာ ပြုစုပေးလိုက်ချင်ပါသည်။

နောင်း လွမ်းနေသလိုပဲ မနောလည်း ထပ်တူထပ်မျှ အလွမ်းကို ခံစားနေရပါသည်။

ရင်ထဲမှ ဝမ်းနည်းနာကျင်ရသော ဆို့နင့်မှုက မနော၏ မျက်ဝန်းမှာ ပုလဲဥတို့ သီးခိုလာရသည်။

မျက်ရည်ဥကို ခိုးအသုတ်မှာ နောင်းက ကော်ဖီကို ဆက်မသောက်တော့ဘဲ ထ,သွားတာကို မြင်လိုက်ရသည်။

မနောလည်း ပိုက်ဆံကို စားပွဲပေါ်တင်ခဲ့ပြီး ဆိုင်အပြင်ဘက်ကို အမြန်ထွက်လိုက်ခဲ့ရသည်။

နောင်းရဲ့ကားကလေး ထွက်သွားရာနောက်ကို မနောလည်း အရိပ်ပမာ မခွဲမခွာ လိုက်ခဲ့ရပြန်သည်။ မြကျွန်းသာ ကားပါကင်မှာ ကားကိုရပ်ထားခဲ့ပြီး နောင်းက အင်းလျားကန်ပေါင်ပေါ် တက်သွားသည်။

မနောလည်း ကားကို ပါကင်ထိုးကာ ကန်ပေါင်ပေါ်ကို လိုက်တက်ရသည်။

သံထီးမိုးခုံတန်းလေးတစ်ခုမှာ နောင်းက ဝင်ထိုင်လိုက်





သည်။

သည်ခုံတန်းလေးက ...

သည်ခုံတန်းလေးမှာ ...

နောင်းနှင့် သူ့ချစ်သူတို့ ချစ်တေးသံသာလေးတွေ အများကြီး ကြူခဲ့ ခွဲခဲ့ကြသည်လေ။

သံထီးကြီးအောက်မှာ ဖဲထီးကလေးကွယ်ကာ အချစ်သည်းခဲ့ကြတာကို မနောမျက်ဝန်းမှာ လျှပ်ပြက်သည့်နှယ် ထင်လာပြန်၏။

"ဟိုးဆရာ ...ကိုယ့်လူ မကဲနဲ့နော်"

"ချစ်လို့ပါ လပ်(ဖ)ရဲ့"

"လက်ထပ်ပြီးမှ အများကြီးချစ်"

"ဟင့်အင်း ...အခုပဲ ချစ်ချင်တာ"

"မရဘူးနော် ...လပ်(ဖ) ငိုပစ်လိုက်မှာ"

"ဟွန်း ...ဒါဆို လပ်(ဖ)က ကိုယ့်ကိုမချစ်ဘူးလား"

"ချစ်တာပေါ့ ...အများကြီး အများကြီး ချစ်တယ်"

"လပ်(ဖ)သေသွားရင်တောင် နောင်းရဲ့နံဘေးမှာ အမြဲတမ်း ရှိနေရပါ၏လို့ နေ့တိုင်းဆုတောင်းရတဲ့အထိ ချစ်တယ်"

"ဒါဆို ...ကိုယ် နမ်းပါရစေ လပ်(ဖ)ရယ်"

"အွန်း ...နမ်းလေ၊ ဒါပေမဲ့ နဖူးနဲ့ပါးကိုပဲ နမ်းရမှာနော်၊ စည်းမကျော်ကြေး"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်ကပ်စေးနဲ့တဲ့ ကောင်မလေး ... လာထား"

"အို ... မလုပ်နဲ့ ... မလုပ်နဲ့ ... အ"

မနောလည်း ယောင်ယမ်းပြီး ခေါင်းကို ယမ်းဖယ်ကာ နှုတ်ခမ်းဖူးလေးကို လက်နှစ်ဖက်နှင့် ပိတ်လိုက်မိပါရဲ့။

"အို ... ငါ့မှာ တကယ်လာဖြစ်နေတာ မဟုတ်ဘဲနဲ့ ငါ့ရင်တွေ ဘာဖြစ်လို့ တအားခုန်လာရတာလဲ"

မတ်တတ်ရပ်နိုင်စွမ်း မရှိသောသူပမာ မနောလည်း နောင်းထိုင်နေသော ခုံတန်းလေးနှင့် ခပ်ဝေးဝေးမှာရှိသော ခုံတန်းလေးပေါ် ထိုင်ချလိုက်ရပါသည်။

နောင်းရယ် ... မနော ရူးရတော့မယ် ထင်ပါရဲ့ရှင်။

နောင်း သွားလေရာ၊ ရောက်လေရာ အရပ်တိုင်းမှာ မနောနှင့်အတူ သွားခဲ့၊လာခဲ့၊ ကြည်နူးခဲ့ရသော ပုံရိပ်တွေအဖြစ်နှယ်။

မနောရဲ့အသည်းထဲအထိ စွဲထင်နစ်ဝင်နေရပါပြီ။

နောင် ရက်တိုင်းမှာလည်း နောင်းရဲ့အရိပ်၊ နောင်းရဲ့လိပ်ပြာလေးအဖြစ်ကို မနော ကျေနပ်စွာ လက်ခံပါရစေ နောင်းရယ်။





ဖေဖော်ဝါရီလ ဆယ့်လေးရက် ...

Valentine's Day

မနောသည် အိပ်ရေးပျက်ခဲ့ကာ မနက်အစောကြီးထ,ပြီး နောင်းတို့လမ်းထိပ် ရောက်နေခဲ့မိသည်။

နောင်းရဲ့ဘဝမှာ အရေးပါ အရာရောက်ဆုံးသော နေ့တစ်နေ့မို့ ဒီနေ့တော့ နောင်းတစ်ယောက် ထူးထူးခြားခြား တစ်ခုခုလုပ်မှာပဲဆိုတာ မနောစိတ်က သေချာသိနေခဲ့သည်။

အိပ်ရေးပျက်ခံရကျိုးနပ်စွာ မနက်ခြောက်နာရီလောက်မှာ နောင်းရဲ့ဆင်စွယ်ရောင် MARK II ကားလေး ထွက်လာတာ မြင်လိုက်ရတာဖြစ်သည်။

စတစ်ကော်လံ ကြွေရောင်တောက်တောက် လက်ရှည်ဝတ်ထားသော သန့်ပြန့်တည်ကြည်နေသည့် နောင်းပုံစံလေးကို ကားပြတင်းမှ ကိုယ်တစ်ပိုင်းလေးမြင်ရသည်နှင့်တင် မနောမှာ မျက်လုံးတွေမှိတ်လိုက်ရမှာကိုပင် နှမြောတွန့်တိုစွာ ကြည့်ကောင်း ရင်ခုန်စေတော့သည်။

စတစ်ကော်လာလေးဝတ်လာပုံထောက်တော့ နောင်းဟာ ဘုရားသွားမယ်ထင်ပါရဲ့။

မနောသည် နောင်းရဲ့ကားနောက်မှ မျက်ခြည်လည်း



www.burmeseclassic.com

www.burmeseclassic.com



မပြတ်ရအောင်၊ နောင်းလည်း မရိပ်မိရအောင် မနီးမဝေး ခပ်ခွာခွာလေးမှ ကားကိုမောင်းကာ နောက်ယောင်ခံလိုက်သည်။

တကယ်လည်း နောင်းက ဘုရားသို့သွားခဲ့တာ ဖြစ်သည်။

နောင်းက သူငယ်ချင်းတစ်ယောက်နှင့်အတူ ဘုရားပေါ်တက်တော့ မနောသည် ဟိုပုန်းသည်ကွယ်လုပ်ကာ နောက်မှ မယောင်မလည်လိုက်သည်။

ဗုဒ္ဓဟူးထောင့်မှာ နောင်း အလင်းတိုင်ထွန်း၊ ပန်း၊ ရေချမ်းကပ်သမျှ နောင်းရဲ့လှုပ်ရှားမှုတွေကို မျက်တောင်မခတ်စတမ်း မနော ငေးရီနေမိသည်။

သို့သော် ... မနောက အကွယ်မှနေ မျက်လုံးလေးတွေမြင်သာရုံသာ နောင်းကို ချောင်းကြည့်တာ ဖြစ်သည်။

နောင်း သိသွားမှာလည်း စိုးသည်လေ။

"လပ်(ဖ)ရေ ... ကိုယ်ပြုလုပ်ခဲ့သမျှ ကုသိုလ်ကောင်းမှုအစုစုကို လပ်(ဖ)အတွက် အမျှပေးဝေတယ် ... သိလား၊ သာဓုခေါ်နော် ... အမျှ အမျှ အမျှ"

မျက်ရည်တွေနှင့် နောင်းတစ်ယောက် အမျှဝေတော့ မနောသည် ...

"သာဓု သာဓု သာဓု"

သာဓုခေါ်ရင်း မျက်ရည်ကျသော နောင်းကို ကရုဏာ





သက်စိတ်နှင့် နာကျင်စွာ မျက်ရည်ကျမိပြန်သည်။

မျက်ရည်တွေနှင့် ဘယ်ထိကြာအောင် မျက်တောင်မခတ်စတမ်း ငေးစိုက်ကြည့်မိသည်မသိ ...။ ဖျတ်ခနဲ နောင်းက လှည့်ကြည့်လေလျှင် ... ရင်ထဲ ဒိန်းခနဲဖြစ်သွားရလျက် နောက်ကို အမြန်ဆုတ်ကာ ပုန်းလိုက်ရသည်။

"ထနောင်း ... ဘာရှာနေတာလဲ"

"ငါ့ ... ငါ့ကို တစ်ယောက်ယောက်က ချောင်းကြည့်နေသလို စိတ်ထဲခံစားရတယ်"

ဘုရားရေ ...

မနောသည် မျက်ရည်တွေကိုတောင် မသုတ်နိုင်တော့ဘဲ ခါးလေးကုန်းကာ နောက်ဆုတ်လျက်ကပင် နောက်ထပ်အကွယ်တစ်ခုဆီသို့ အမြန်ပုန်းလျှိုးရပြန်သည်။

သို့သော် ... နောင်းရဲ့စကားသံတွေကိုတော့ နားစွင့်ထားမိဆဲ။

"သူငယ်ချင်းရယ်"

"မဟုတ်ဘူး ဇေယျ၊ ငါ စိတ်ထင်တာမဟုတ်ဘူး ... တကယ်ပြောနေတာ၊ ငါ့ကို တစ်ယောက်ယောက်က ကြည့်နေသလို ငါ တကယ်ခံစားရတာ ...၊

ဒီနေရာကို ဖျတ်ခနဲ ဝင်လိုက်တာတွေ့လိုက်လို့ အခုလာကြည့်တော့ ဘာမှမတွေ့ရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး သူငယ်ချင်းရယ် . . . မင်း စိတ်ထင်နေလို့ပါကွာ၊ ဘာမှမရှိပါဘူး၊ မင်းအနားမှာ ငါတစ်ယောက်လုံး ရှိနေတာပဲ၊ ငါလည်း တွေ့ရမှာပေါ့၊ မင်းစိတ်က စွဲလမ်းနေလို့ပါ၊ ရှန်းလဲ့က အမွန်မြတ်ဆုံးအလှူဒါနနဲ့ သေဆုံးခဲ့ရတာမို့ ကောင်းတဲ့ဘဝကို ကူးပြောင်းနေလောက်ပါပြီ"

မနောမှာ နားသာစွင့်ထားမိသော်လည်း ရင်ထဲမှာတော့ တထိတ်ထိတ်။

နောင်းရဲ့အသံကို ဆက်မကြားရတော့။ ခြေသံတွေမှာလည်း တစ်စတစ်စ ဝေး၍သွားတော့မှ မနောမှာ ရင်ဘတ်ကိုဖိပြီး မျက်လုံးတွေမှိတ်ကာ . . .

"ဝူး"

ခနဲ လေပူများ မှုတ်ထုတ်လိုက်မိတော့သည်။

မနောမှာ ရင်တထိတ်ထိတ်နှင့် နောင်းနောက် တကောက်ကောက်လိုက်မြဲလိုက်နေမိသည်မှာ . . . ဘယ်လောက်ပဲ နောင်းမိသွားမှာ ကြောက်ရွံ့ထိတ်လန့်မိသော်လည်း . . . ခုလို ခိုးကြည့်ရသည့် အခြေအနေကလေးနှင့်ပင် အမြဲလိုတွေ့နေချင်





စိတ်က ထိန်းချုပ်မရနိုင်လွန်းလို့ ဖြစ်သည်။

နောင်းကို ပုန်းလျှိုးကွယ်လျှိုးချောင်းကာ ခိုးကြည့်ပြီးလို့ အိမ်ပြန်ချိန်တိုင်းမှာ မျက်ရည်နှင့်အဖော်ပြုရသူက မနောပဲ ဖြစ်ပါသည်။

အိပ်မက်ထဲမှာ စွဲလမ်းကျွမ်းဝင်ခဲ့ရသောသူ၊

မနော . . . မနော သူ့ကို ချစ်နေမိပြီလား။

ဘာလို့ မတွေ့ရ မနေနိုင်ရတာလဲ။

သူကဖြင့် မနောဖြူ . . . ဆိုတဲ့ သူ့နောက် တကောက်ကောက်လိုက်ကာ တိတ်တခိုး လိုက်ချောင်းကြည့်နေတဲ့ စွဲလမ်းရူးသွပ်ရသော မိန်းကလေးတစ်ယောက်ကို သိတောင်သိရှာမှာမဟုတ်။

သူ့ကို နေ့စဉ်လို မတွေ့ရမနေနိုင်တော့သော မနောမှာ သူ့ရဲ့ မေဂျာအချိန်စာရင်းအားလုံးကို စုံစမ်းကာ . . .

သူ့အတန်းရှေ့ကို တိတ်တခိုး ချောင်းကြည့်ရန် ရောက်ခဲ့ရပြန်သည်။

ဆရာလက်ချာပေးနေသည်ကို နားထောင်နေသော နောင်းပုံစံက စိတ်ဝင်စားမှု မရှိလှ။

တစ်ခုခုကို တွေးနေသည့်ပုံစံသာ။

ဘာတွေတွေးနေသလဲ နောင်းရယ် . . .

လပ်(ဖ) အကြောင်းလား ဟင်။



www.burmeseclassic.com

www.burmeseclassic.com



မနောသည် နောင်းကို အတွေးဖြင့် စကားပြောရင်း နိုးကြည့်နေမိဆဲ။

နောင်းက ဘေးမှတစ်ယောက်ကို တစ်စုံတစ်ရာပြောသည်။

နောင်းပြောပြီးတာနှင့် မကြာခင်မှာပင် ထိုတစ်ယောက်က ဆတ်ခနဲလှည့်ကြည့်လေလျှင် မနောမှာ ထိတ်ခနဲဖြစ်သွားရပြီး ကပျာကယာ ခေါင်းလေးပုကာ နောက်ဆုတ်လို့ ပုန်းစရာနေရာ ရှာရပြန်သည်။

အင်း ...ကြီးလိုက်တဲ့ ဝဋ်ကြွေး၊ ဆိုးလိုက်တဲ့ဒုက္ခ။

အိပ်မက်ထဲမှာ ဆုံတွေ့ပြီး စွဲလမ်းတွယ်ငင်မိတဲ့ သံယောဇဉ်။

ခံလိုက်ဦး မနောဖြူရေ ...လို့သာ ကိုယ့်ကိုယ်ကိုယ် အားပေးနေမိတော့သည်။

"လပ်(ဖ) ...လပ်(ဖ)"

ဘုရားရေ ...အတန်းထဲမှ အသည်းအသန်ပြေးထွက် အော်ခေါ်လိုက်သော နောင်းရဲ့ခေါ်သံကြားလိုက်ရလျှင် မနောသည် မျက်လုံးတွေပြူးကာ ထိတ်လန့်သွားရပြန်သည်။

ဒုက္ခပဲ ...ဘယ်လိုလုပ်ရပါ့။

အတန်းတွေထဲ ဝင်ပြေးလျှင်လည်း ရုတ်ရုတ်သဲသဲဖြစ်ကာ အားလုံးသိသွားကြတော့မည်။





ကော်ရစ်ဒါမှာက ပုန်းစရာနေရာ မရှိ။

မနော ခြေရဖျောက်စရာ နေရာတစ်ခုကို အသည်းအသန်ရှာတော့ ဖျတ်ခနဲ ကဲင်တင်းကို သတိရသည်။

အိုကေ ...ကော်ရစ်ဒါတစ်လျှောက် သွားလာနေကြသော ကျောင်းသားတွေနှင့် မသိမသာရောနှောကာ ကဲင်တင်းထဲ ဝင်ထိုင်နေရမယ်။

"ထနောင်းရာ ဘယ်လိုလုပ်လိုက်တာလဲ၊ ဆရာ့ကို အားနာစရာကြီးကွာ၊ အတန်းထဲမှာလည်း ရုတ်ရုတ်သဲသဲ ဖြစ်သွားတာပဲ"

"ဖေယျ ...ငါ မင်းကို အလေးအနက်ပြောမယ်၊ ငါပြောမှာကို မင်း သေသေချာချာနားထောင်၊ ငါ့စိတ်ထဲမှာ ငါ့ကို တစ်ယောက်ယောက်က လိုက်ကြည့်နေသလို အမြဲခံစားနေရတယ်၊ ငါ ဘယ်သွားသွား ငါ့နောက်လိုက်နေသလို ခံစားရတယ်"

ဘုရား ဘုရား ...။

ကြားလိုက်ရသော နောင်းရဲ့စကားတွေကြောင့် မနောမှာ ဘုရားတ,လိုက်မိသည်။

မနော သူ့ကို နောက်က တကောက်ကောက်လိုက်ကြည့်နေတာ သူရိပ်မိနေပြီ။

မနောသည် ဟိုပုန်းသည်ပုန်းလုပ်ရင်း နောင်းစကားတွေကို ဆက်နားစွင့်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါပြောနေတာ ငါ့နောက်ကို ရွှန်းလဲ့က ဝိညာဉ်ဘဝနဲ့ တကောက်ကောက်လိုက်ပြီး ချောင်းကြည့်နေတယ်လို့ ငါပြောနေတာ မဟုတ်ဘူး"

ဟင် … မနောသည် မျက်လုံးလေး ပြူးသွားရပြန်သည်။

"ငါ့နောက်ကို တကောက်ကောက်လိုက်ပြီး တိတ်တဆိတ်ချောင်းကြည့်နေတဲ့ လူတစ်ယောက်တော့ တကယ်လည်းရှိတယ်"

မြတ်စွာဘုရား … မနောသည် မျက်လုံးလေး ပြူးရုံတင် မကတော့ဘဲ ဖက်လေးပုကာ ရင်သားမို့မို့လေးတွေပေါ်ပါ ယောင်ယမ်းပြီး လက်ကလေးနှစ်ဖက်ဖိလိုက်မိတော့သည်။

"ငါသိချင်နေတာက အဲ့ဒီလူဟာ ဘယ်သူလဲ၊ ငါ့ကို ဘာဖြစ်လို့ နောက်ယောင်ခံ လိုက်ကြည့်နေတာလဲဆိုတာကိုပဲ"

ထိုစကား ကြားလိုက်ရလျှင်တော့ မနောသည် တိတ်တဆိတ် ဝမ်းနည်းသွားရသည်။

ဘာဖြစ်လို့ နောက်ယောင်ခံ လိုက်ကြည့်နေတာလဲ။ ဟုတ်လား နောင်း။ နောင်းကို … နောင်းကို အရမ်းစွဲလမ်းနေမိလို့ပေါ့ နောင်းရယ်။ နောင်းကိုလေ မတွေ့ရ မနေနိုင်အောင် အရမ်းကို စွဲလမ်းနေမိလို့ပေါ့။

"သူ့ကိုငါ အမိဖမ်းဖို့ ကြိုးစားတိုင်း မအောင်မြင်ဘူး၊





အဲ့ဒီအတွက် ငါ ပိုပြီး မချင့်မရဲဖြစ်နေရတယ်"

မနောသည် ရင်ထဲဝမ်းနည်းနာကျင်မိသော်လည်း ခြေလှမ်းတွေကိုတော့ ကဲင်တင်းဆီ ခပ်သွက်သွက်လှမ်းမိသည်။

မနော ခုလို နောက်ကတကောက်ကောက် လိုက်ကြည့်နေတဲ့အတွက် နောင်း စိတ်အနှောင့်အယှက်ဖြစ်ရလားဟင်။

အဲ့လိုဆိုရင်တော့ မနော တောင်းပန်ပါတယ် နောင်းရယ်။

မနောကြောင့် နောင်းကို စိတ်မညစ်စေရပါဘူး။

ဒါပေမဲ့ …

ဒါပေမဲ့ …

မနောမှ နောင်းကို မတွေ့ရမနေနိုင်တာ …။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၅)

# အဲဒီ

နေ့ကလေးကိုတော့ ...

မနောက ကံဆိုးသည်လို့ပဲ စွပ်စွဲရမလား။

ဒါမှမဟုတ် ကံကောင်းသောနေ့ကလေးလို့ပဲ ကြည်နူးရမလား မပြောတတ်တော့ပါ။

ထုံးစံအတိုင်း ဒီနေ့လည်း နောင်းကို နောက်ယောင်ခံ လိုက်ကြည့်ဖို့ ကြံစည်တော့ အရင်နေ့တွေကထက် ထူးကဲစွာ ရင်ထဲ တစ်မျိုးကလေးဖြစ်မိသည်။

ထိုတစ်မျိုးကလေးကို တစ်မျိုးကလေးလို့သာ သိလျက် မနော မပြောပြတတ်။

ရင်ထဲ တလှပ်လှပ်ကလေးအေးသော ခံစားမှုကလေးပဲ ဖြစ်ပါသည်။

မနောသည် ဒီနေ့မှ စိတ်လိုလက်ရ အလှတောင် ပိုပြင်မိသည်။





မျက်တောင်ကလေးတွေကော့၊ မျက်ရစ်အနားသတ်စွန်း လေးတွေမှာ ငါးအမြီးပုံလေး ရှည်မျောမျောကော့ကော့ကလေး ဆွဲမိသည်။

နှုတ်ခမ်းလေးတွေကိုလည်း ပိုပြီးစိုလက်နေအောင် ကာလာတင်မိသေးသည်။

ပြီးတော့ ... ဗီရိုတစ်ခုလုံး ရှုပ်ပွသွားအောင် မွှေနှောက်ရှာဖွေပြီးမှ စိတ်တိုင်းကျရသော ပန်းရောင်ပွပွလက်ပြတ် ပေါင်လယ်မှာ သားရေကြိုးအတွန့်စည်း ဂါဝန်တိုတိုဖောင်းဖောင်း ကလေးကို ရွေးချယ်ဝတ်ဆင်လိုက်သည်။

ထို့နောက် ... ကားသော့လေးကို လက်ညှိုးတွင် ကျင်လည်စွာ ဝှေ့ယမ်းဆော့ကစားပြီး အိမ်ထဲမှ အပြေးကလေးထွက်မိသည်။

● ●

ဒီနေ့တော့ နောင်း ဝတ်ထားသည်က မိုးပြာရောင်ဘော် ဒီဖစ် ရှပ်လက်တိုမှာ Tie သေးသေးလေးတပ်ကာ အနက်ရောင် ကွာတားပင်နှင့် လူငယ်ဆန်စွာ ချစ်စဖွယ်တွဲဖက်ဝတ်ဆင်ထား ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီဆိုင်ထဲဝင်သွားသော နောင်းကိုကြည့်ကာ မနော သည် ဒီလိုပုံစံမျိုးဝတ်ထားသော နောင်းကို အသေအချာ မြင် ဖူးနေသလို စိတ်ထဲခံစားရသည်။

မျက်လုံးလေးများမှိတ်ကာ ခဏမျှ စဉ်းစားလိုက်လျှင် အာရုံထဲ လင်းခနဲ။

အိုး ... မှတ်မိပြီ။

ဒါ ... ဒါ နောင်းနှင့်လပ်(ဖ)ရဲ့ ချစ်သူသက်တမ်း တစ် နှစ်ပြည့်။ တစ်ခုသော ဗယ်လင်တိုင်းဒေးမှာ ဝတ်ဆင်ခဲ့တဲ့ နောင်း ရဲ့စတိုင်လ်လေးပဲ။

ပြီး ... ပြီးတော့ ... ဟောဒီ ပန်းဥယျာဉ်။

ပြီးတော့ ... နောင်း အခုဝင်ထိုင်လိုက်တဲ့ ကော်ဖီဆိုင် ကလေး။

အို အရာအားလုံးဟာ တစ်ထပ်တည်း။ ထပ်တူညီစွာ။

နောင်း ... နောင်း ...

မနောရင်ထဲ ကြေကွဲဝမ်းနည်းရစိတ်ကို နာနာကျင်ကျင် ခံစားလိုက်ရသည်။

နောင်းရယ် ... ဘာလို့ ဒီနေရာကို ရောက်လာခဲ့ရတာ လဲ။ နောင်းရင်ထဲမှာ လပ်(ဖ)ကို မမေ့နိုင်သေးလို့ပေါ့။

လပ်(ဖ)ကို လွမ်းဆွတ်ကြေကွဲစိတ်ကို ဖြေသိမ့်ဖို့ ဒီဆိုင်က လေးထဲ ရောက်လာခဲ့ရတာလား နောင်းရယ်။





မနောသည် ရစ်ဝဲလာသောမျက်ရည်တို့ကို မျက်တောင် များ တဖျပ်ဖျပ်ခပ်ကာ တားဆီးရင်း နောင်းမျက်နှာကို တစောင်း ကလေး ခိုးကြည့်နိုင်မည့် ထောင့်ကျကျစားပွဲမှာ ဝင်ထိုင်လိုက် သည်။

စားပွဲပေါ်မှ ရှည်မျောမျော ကော်ဖီခွက်ကို မသောက်ဘဲ ငေးကြည့်လို့နေသော နောင်းဟာ ဘာတွေတွေးနေမှာပါလိမ့်။

မနော သတိလက်လွှတ်ငေးမိဆဲ နောင်းဟာ မျက်မှောင် ကြုတ်ကာ ဖျတ်ခနဲ လှည့်ကြည့်လိုက်လျှင် ရင်ထဲ ဒိန်းခနဲ မြည်ဟည်းတုန်ခါသွားရသည်။

အသင့်ပါလာခဲ့သော ဂျာနယ်ကို ကမန်းကတန်းထုတ် ကာ မျက်နှာရှေ့ကွယ်ပြီး ဖတ်ချင်ယောင်ဆောင်လိုက်ရသည်။

ခဏမျှကြာလျှင် ...

မနော မနေနိုင်ဘဲ ဂျာနယ်ကို နည်းနည်းကလေးနှိမ့်ကာ နောင်းကို မျက်လုံးလေးပင့်ပြီး ကြည့်လိုက်မိပြန်သည်။

ဘုရားရေ ...

မနောကို စိုက်ကြည့်လို့နေသော နောင်းရဲ့မျက်လုံးများ နှင့် တန်းခနဲ ဆုံလိုက်ရလျှင် ...

ရင်ထဲ ကတုန်ကယင်ကြီးဖြစ်လျက် ဂျာနယ်ကို ဆတ် ခနဲပြန်မြှင့်ပြီး ကွယ်လိုက်ရပြန်သည်။

ဘုရား ဘုရား ... သေတော့မှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



နောင်းဟာ သူ့ကို နောက်ကနေ တကောက်ကောက် လိုက်နေမိတဲ့ မနောကို ရိပ်မျှားရိပ်မိနေပြီလား။

မနောမျက်လုံးထဲ စာတစ်လုံးမှမြင်ရတာလည်း မဟုတ်ပါဘဲ ဂျာနယ်ကို သဲကြီးမဲကြီး ကြည့်နေမိသည်။

ဆယ်မိနစ်မျှကြာလျှင် . . . စိတ်ထဲ မရိုးမရွဖြစ်လာပြန်ကာ မနေနိုင်လွန်းစွာ ဂျာနယ်ကို ဖြည်းဖြည်းချင်း နှိမ့်ကာ မျက်လုံးလေးတွေကိုလည်း ဖြည်းဖြည်းချင်း ဖော်လျက် နောင်းကို ခိုးကြည့်မိပြန်သည်။

ဟင် . . . နောင်းက စားပွဲမှာမရှိတော့။

ဟယ်တော့ . . . ဘယ်အချိန်ကများ ထ,ပြန်သွားတာပါလိမ့်။

မနောသည် ထိတ်ထိတ်ပျာပျာဖြစ်သွားရကာ ဂျာနယ်ကို ချလျက် ဆိုင်တွင်း ဝေ့ဝဲရှာဖွေမိဆဲ . . .

''အံမယ်လေး''

နံဘေးမှာ နီးနီးကပ်ကပ် လက်ပိုက်ပြီးစိုက်ကြည့်နေသော နောင်းကို ရုတ်တရက်ကြီးတွေ့လိုက်ရလျှင် မနောသည် ထ,ခုန်မိမတတ် လန့်သွားခဲ့ရတော့သည်။

''ဟင် . . . နောင်း . . . နောင်း''

''ဩော် ဟော် . . . ခင်ဗျားလေးက ကျုပ်နာမည်ကိုပါ သိနေတယ်ပေါ့ . . . ဟုတ်လား''





''အယ်''

မနော ကိုယ့်ပါးစပ်ကိုယ် လက်ဝါးကလေးနှင့် ကမန်းကတန်း အုပ်လိုက်မိသည်။

တည်တည်ကြီး လက်ပိုက်စိုက်ကြည့်နေသော နောင်းပုံစံကြောင့် အလိုလိုကြောက်လာမိလျက် ဆတ်ခနဲထ,ကာ လှည့်ထွက်ပြေးဖို့ ကြိုးစားလိုက်မိလျှင် . . .

''ဘယ်ထွက်ပြေးဦးမှာလဲ''

နောင်းက လျင်မြန်စွာပဲ လက်ကောက်ဝတ်ကို ဖမ်းဆွဲလိုက်လျှင် . . .

'အီး'ခနဲ အော်မိလျက် ကိုယ်လေး တွန့်သွားရသည်။

''ဘယ်မှထွက်ပြေးဖို့ မကြိုးစားနဲ့၊ အေးဆေးပြန်ထိုင်နေပါ''

''ဟုတ် . . . ဟုတ် . . . ဟိုလေ . . . လက်ကိုလွှတ်ပေးပါနော်''

မနော တိုးတိုးကလေး တောင်းပန်မိသည်။

''အရင်ထိုင်လေ . . . ခင်ဗျားက ယုံကြည်စိတ်ချရတာမှ မဟုတ်တာ''

''ဟို . . . လွှတ် . . . လွှတ်ပေးပါ၊ မနော ဘယ်မှမပြေးပါဘူး၊ လူတွေ ဝိုင်းကြည့်နေတော့ ရှက်စရာကြီး''

''ဒါဆို ခင်ဗျား အရင်ထိုင်''



www.burmeseclassic.com

www.burmeseclassic.com



မနော ကပျာကယာ ပြန်ထိုင်ချလိုက်ရသည်။ အဲဒီတော့မှပဲ သူ မနောလက်ကို ပြန်လွှတ်ပေးသည်။

အံ့မယ်လေး ... ရင်တွေခုန်လိုက်တာ။

"ကဲ ... ပြော"

သူ တုံးတိကြီး စကားစ,ကာ မေးလိုက်လျှင် မနောမှာ ကြောင်သွားရသည်။

"ဟင် ... ဘာပြောရမှာလဲ"

"အူကြောင်ကြောင် လုပ်မနေနဲ့၊ ခင်ဗျား ဘာဖြစ်လို့ ကျုပ်နောက် တကောက်ကောက်လိုက်နေတာလဲ၊ အဲ့ဒါကို ပြော"

"ဟို ... ဟိုလေ ... အဲ့ ... အဲ့ဒါက"

"ဘာမှ ဝေ့လည်ကြောင်ပတ် လုပ်မနေနဲ့ အမှန်အတိုင်း ဖြေ"

"ဟို ဟို ... မနော နောင်း ... အဲ ... သူ့ သူ့နောက် တမင် တကောက်ကောက်လိုက်နေတာ မဟုတ်ပါဘူး၊ တိုက်ဆိုင်သွားတာပါ"

မနောမှာ ခုလိုမျိုး နောင်း အမိဖမ်းလိမ့်မယ်လို့ လုံးဝ တွေးထင်မထားခဲ့မိသည်မို့ တုန်ယင်ထိတ်ပျာနေရကာ ဘာပြန်ပြောလို့ ပြောရမှန်းပင် မသိတော့ပြီ။

"ဘာ ... တိုက်ဆိုင်တာ ... ဟုတ်လား၊ ဒါဆို ခင်ဗျား ကျုပ်ကို ဘာလို့ ဂျာနယ်နဲ့ကွယ်ပြီး ချောင်း ... ချောင်းနေတာ





လဲ၊ ကဲ ... အဲဒါကိုလည်း ပြောစမ်းပါဦး"

သူ့လေသံမှာ မာသထက် မာလာသည်။ မနောမှာ တကယ်ပဲ ဘာပြောလို့ ပြောရမှာကို မသိတော့ဘဲ မျက်လုံးဝိုင်းလေးတွေနှင့်သာ နောင်းကို ပြန်ကြည့်နေမိတော့သည်။

"ပြောလေ ... ခင်ဗျား ဘာလို့ ကျုပ်နောက်ကို အရိပ်လို တကောက်ကောက်လိုက်နေရတာလဲ၊ ခင်ဗျားကို အခုမှ လူချင်းတွေ့ဖူးပေမယ့် ခင်ဗျား ကျုပ်ကို အမြဲလိုက်,လိုက်ချောင်းနေတာ ကျုပ်သိတယ်၊ ပြောစမ်းပါ ... ခင်ဗျား ကျုပ်နောက်ကို ဘာရည်ရွယ်ချက်နဲ့ လိုက်နေတာလဲ၊ ခင်ဗျားမှာ မရိုးသားတဲ့ အကြံအစည် ရှိတယ်မဟုတ်လား"

နောင်းရဲ့စကားလုံးတွေမှာ တစ်စထက်တစ်စ ရင့်သီးပြင်းထန်လို့လာခဲ့သည်။

ဝမ်းနည်းစိတ်သည် မနောရင်ထဲ လှိုက်တက်လို့လာသည်။ ဆက်ပြီး ဝေ့လည်ကြောင်ပတ် ရှောင်လွှဲဖြေဖို့ မရနိုင်တော့တာကို မနော သိလိုက်ရသည်မို့။

"ဟုတ်ကဲ့ ... မနော မနော အားလုံးကို အမှန်အတိုင်း ဝန်ခံပါ့မယ်"

နောက်ဆုံးမှာ မနောသည် အရဲစွန့်ပြီး သူ့ကို အားလုံး အမှန်အတိုင်း ဝန်ခံဖို့ ဆုံးဖြတ်လိုက်ရတော့သည်။

"မနော ... သူ့ကို မရိုးသားတဲ့အကြံအစည်နဲ့ နောက်



www.burmeseclassic.com

www.burmeseclassic.com



ကလိုက်နေတာ မဟုတ်ပါဘူး၊ မနော ... မနောလေ အိပ် ... အိပ်မက်ကြောင့်''

''ဘာ ... အိပ်မက်ကြောင့် ... ဟုတ်လား''

နောင်းက ကြောင်လှချည်လားဆိုသော အကြည့်မျိုးဖြင့် ကြည့်သည်။

''ဟုတ်ပါတယ် ... မနောလေ နောင်းနဲ့လပ်(ဖ)ဆိုတဲ့ ချစ်သူနှစ်ယောက်ကို အိပ်မက်မက်ခဲ့ပြီးကတည်းက ...''

''ဘာ ... ဘာ ... ဘာ''

နောင်းရဲ့မျက်လုံးတွေ ချက်ချင်း ပြူးကျယ်ဝိုင်းစက်သွားတော့ကာ အရမ်းကို အံ့အားသင့် ထိတ်လန့်သွားတော့တာ တွေ့လိုက်ရသည်။

''လပ်(ဖ) .. လပ်(ဖ) ... ဟုတ်လား၊ ဒါ ... ဒါ ကျုပ်နဲ့ လပ်(ဖ) နှစ်ယောက်တည်းသိတဲ့ အခေါ်အဝေါ်ပဲ''

နောင်းပြောပုံမှာ လုံးဝကို မထင်မှတ်နိုင်လွန်းစွာ။

''မနော ... မနောလေ နောင်းနဲ့လပ်(ဖ)တို့ရဲ့ ချစ်သက်တမ်း တစ်နှစ်ပြည့် ဗယ်လင်တိုင်းဒေးမှာ ပြောခဲ့တဲ့စကားတွေ အားလုံးကို သိနေတယ်ဆိုရင် ယုံမလားဟင်''

''ဘယ်လို''

မနော နှုတ်ခမ်းကလေးကိုက်ကာ နောင်းရဲ့မျက်နှာကို ရင်ဆိုင်ကြည့်လိုက်သည်။





နောင်းရဲ့မျက်လုံးတွေက မယုံကြည်နိုင်လွန်းစွာ။

ပြီးတော့ ... အံ့ဩတကြီး နိုင်လွန်းစွာ။

''ဟော့ဒီ ကော်ဖီဆိုင်ထဲမှာ ဘာရာဖီးလ်ကော်ဖီ အတူတူသောက်ရင်း လပ်(ဖ)က နောင်းရဲ့မျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး ပြောခဲ့တဲ့စကားကလေ ... နောင်းရဲ့ပုံရိပ်ကို လပ်(ဖ)မျက်ဝန်းထဲမှာ အမြဲစွဲထင်အောင် သိမ်းထားချင်လို့''

ထနောင်းရဲ့မျက်လုံးတွေ အံ့အားသင့်လွန်းစွာ ဖျတ်ခနဲ တောက်ပလို့သွားရသည်။

ထနောင်းမျက်နှာကို စူးစူးနစ်နစ်ကြည့်နေသည့် မနောရဲ့ ရွှန်းလဲ့သော မျက်ဝန်းတွေကတော့ ရီဝေလို့ လာသည်။

''အဲဒီအချိန် ဒီကော်ဖီဆိုင်လေးထဲမှာ ဖွင့်ထားတဲ့ သီချင်းက Lလွန်းဝါဆိုထားတဲ့ ညို့နိုင်လွန်းတဲ့ ကျွန်တော့်ချစ်သူ''

''တော် ... တော်ပါတော့ဗျာ''

ထနောင်း ဆက်ပြီးမကြားရက်နိုင်တော့သလို မနောကို လက်ကာပြပြီး တားဆီးသည်။

ထနောင်းရဲ့မျက်ဝန်းတွေထဲမှာ မျက်ရည်စတွေ။

မနောရဲ့ မျက်ဝန်းတွေထဲမှာလည်း ...

ထနောင်း မျက်ခုံးနှစ်ခုကြားကို လက်ညှိုးလက်မနှင့် ညှပ်ကာ ခေါင်းကြီးငုံ့လျက် အချိန်အတော်ကြာအောင် ငြိမ်သက်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အတော်ကလေးကြာတော့မှ ခေါင်းပြန်မော့လာကာ . . .

"ခင်ဗျားက ဒီအကြောင်းတွေ ဘယ်လိုသိနေတာလဲ ဟင်"

ထနောင်း တိုးသက်စွာမေးသည်။

ဘယ်လိုသိနေတာလဲတဲ့။ မနောရင်ထဲ နာကျင်လွန်းလှစွာ နှုတ်ခမ်းကို လက်ဝါးလေးနှင့်ကွယ်ကာ တစ်ချက်ရှိုက်လိုက်မိလျက် . . .

"မ . . . မနောရဲ့မျက်ကြည်လွှာက လပ်(ဖ)လှူဒါန်းခဲ့တဲ့ မျက်ကြည်လွှာပါ"

"ဟင် . . . လပ်(ဖ)ရဲ့မျက်ကြည်လွှာ"

ဒီနေ့အဖို့တော့ ထနောင်းမှာ အံ့အားသင့် ထိတ်လန့်စရာချည်း ဆက်တိုက် ကြုံတွေ့နေရတော့သည်။

"ဟုတ်ပါတယ်၊ မနောဟာ လပ်(ဖ)ရဲ့မျက်ကြည်လွှာကို အစားထိုးခဲ့ပြီးကတည်းက နောင်းနဲ့လပ်(ဖ)တို့နှစ်ယောက်အကြောင်းကို ညစဉ် ဆက်တိုက်ဆိုသလို အိပ်မက်တွေ မက်ခဲ့တယ် . . .၊

နောင်းကိုလည်း အရမ်းတွေ့ချင်မိခဲ့တယ်၊ အဲ့ဒါနဲ့ မျက်ကြည်လွှာ အစားထိုးပေးခဲ့တဲ့ ဆရာဝန်ကြီးဆီမှာ နောင်းလိပ်စာကို စုံစမ်းပြီးတော့ နောင်းနောက်ကို တကောက်ကောက်လိုက်ခဲ့မိတာပါ"





မနော ခေါင်းကလေးငုံ့ကာ ရှက်လည်းရှက်၊ ဝမ်းလည်းနည်းစွာ ဝန်ခံလိုက်မိတော့သည်။

နောင်းကတော့ လပ်(ဖ)ရဲ့မျက်ကြည်လွှာ အစားထိုးခဲ့သည်ဆိုသော မနောရဲ့မျက်ဝန်းလေးတွေကိုပဲ ရီဝေစွာကြည့်နေမိသည်။

ဒါကြောင့် ရွှန်းလဲ့က ကိုယ့်ကို လိုက်ကြည့်နေသလို အမြဲခံစားခဲ့ရတာ။

ခုန မျက်နှာကို ဂျာနယ်နဲ့ကွယ်ပြီး မျက်ဝန်းလေးတွေချည်း ဖော်ကြည့်တော့ အဲ့ဒီမျက်ဝန်းလေးတွေဟာ ရွှန်းလဲ့ရဲ့မျက်ဝန်းလေးတွေနဲ့ တူလိုက်တာဆိုပြီး လွမ်းမောခဲ့ရတာ။

အံ့အားသင့်ရလွန်းသော ထူးဆန်းစိတ်တွေနှင့်အတူ။ ချစ်ရသူရဲ့ ကိုယ့်အပေါ်ထားတဲ့ ချစ်ခြင်းနှင့် စွဲလမ်းတွယ်ငင်မှုအတွက် မဖြေနိုင်အောင် ကြေကွဲရပြန်သည်။

"ဒီတစ်သက်, နောက်တစ်သက်, နောက်ဘဝအထိ ဘယ်တော့မှ မမေ့တော့ဘူး . . .၊

ဒီဘဝ, နောက်ဘဝ ဘဝဆက်တိုင်းမှာ လပ်(ဖ)ရဲ့မျက်ဝန်းထဲမှာ နောင်းရဲ့ပုံရိပ်ကို အမြဲထာဝရ စွဲထင်နေစေချင်တယ်၊

ဒါမှ နောင်းနဲ့လပ်(ဖ) ဘဝချင်းခြားသွားလည်း နောင်းကို အမြဲမှတ်မိနေအောင်လို့"

ထာဝရမခွဲခွာခင် နောက်ဆုံးနေ့ရက်မှာ ပြောခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူရဲ့နိမိတ်ပြစကားများ။

ခုတော့ ... ခုတော့ ...

တကယ်ပဲ ကြေကွဲနာကျင်စရာတွေ ဖြစ်ခဲ့ရပြီ။

ထနောင်းသည် ချစ်သူရဲ့ရွှန်းလဲ့တောက်ပသော မျက်ဝန်းကလေးများနှင့် စကားသံလေးများကို မြင်ယောင် ကြားယောင်ကာ ဆွေးမြည့်ကြေကွဲနေမိဆဲ။

"နောင်း"

ခေါ်သံတိုးတိုးကြောင့် အတိတ်ကမ္ဘာမှ ထနောင်း လန့်နိုးကာ ရှေ့မှကောင်မလေးကို မော့ကြည့်လိုက်မိသည်။

"မနောကြောင့် စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရတာ ခွင့်လွှတ်ပေးပါနော်"

"မနော ... တဲ့လား နာမည်က"

"မနောဖြူပါ"

"ဩော် ... မနောဖြူ ဟုတ်ကဲ့ ... ခုလို အားလုံးကို သိလိုက်ရတော့လည်း ကျွန်တော့်စိတ်ထဲ ဘယ်လိုမှမထားတော့ပါဘူး"

"ဟို ... ပြီးတော့လေ မနော နောင်းကို ခင်ချင်လို့"

မနောတောင်းဆိုပုံကလေးက မဝံ့မရဲ။

ထနောင်း ချစ်သူအတွက် ကြေကွဲနေရသည့်တိုင် ခင်ချင်လို့ မဝံ့မရဲတောင်းဆိုလာသူကလေးကို ဖျဖျကလေး ပြုံးပြမိရင်း





"ဟုတ်ကဲ့ ... ရပါတယ်"

လက်ခနဲ တောက်ပသွားသော အပြုံးပွင့်ကလေးမှာ အပြစ်ကင်းစင်လွန်းလှသည်။

ထနောင်း ဘာရယ်မဟုတ်ဘဲ ခုမှ သတိထားကြည့်လိုက်မိတော့ မနောဖြူဆိုတဲ့ ကောင်မလေး ဝတ်ဆင်ထားတဲ့ ပန်းရောင်ဂါဝန်တိုဖောင်းဖောင်းကလေးကို မြင်သည်။

ရွှန်းလဲ့ နောက်ဆုံးဝတ်ဆင်သွားခဲ့သည်ကလည်း ပန်းရောင်လက်ပြတ် ဂါဝန်တိုဖောင်းဖောင်းကလေးလေ။

ထနောင်းသည် သက်ပြင်းတစ်ချက် ကျိတ်ရှိုက်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

မနော သည် ခုတော့ ထနောင်းရဲ့နောက်ကို တရားဝင် တကောက်ကောက်လိုက်ခွင့်ရပြီ ဖြစ်သည်။

နောင်းကို ခင်မင်ခွင့်ရသည့်ဘဝ၊ နောင်းအနားမှာ နေခွင့်ရသည့်ဘဝလောက် ကျေနပ်ပျော်ရွှင်စရာကောင်းတာ မရှိပြီ။

မနောသည် နောင်းအနားမှာ နေချိန်တိုင်း နောင်းမျက်နှာကို ကြည့်မဝသလို တစိမ့်စိမ့်ကြည့်နေတတ်သည်။

အဲ့ဒါကို ထနောင်းတစ်ယောက် မသိ၍မဟုတ်။ သိပါသည်။ မနောရှက်သွားမှာစိုးလို့ တမင် သိ,သိကြီးနှင့် မသိချင်ယောင်ဆောင်ပေးနေမိတာပါ။

ကိုယ့်ကို လူတစ်ယောက်က တစိမ့်စိမ့်စိုက်ကြည့်နေတဲ့ အဖြစ်ဟာ အတော်ကလေး အနေရခက်စေပေမယ့် ထနောင်းကတော့ အဲဒီလို အကြည့်ခံရတာကိုပဲ ကျေနပ်နေမိတာ ဖြစ်သည်။

ရွှန်းလဲ့တောက်ပကာ အပြစ်ကင်းစင်သော မျက်ဝန်း





ကလေးများ။

မနော အဲဒီလိုစိုက်ကြည့်တိုင်း ထနောင်းရင်ထဲမှာတော့ လပ်(ဖ)ရဲ့မျက်ဝန်းကလေးများနဲ့ အကြည့်ခံရသလို ခံစားရစမြဲ။

တကယ်တော့ . . . လပ်(ဖ)နဲ့ စတင်ဆုံစည်းခဲ့ရတာလည်း အဲဒီရွှန်းလဲ့တောက်ပသော မျက်ဝန်းကလေးများကြောင့်ပဲ ဖြစ်သည်။

လပ်(ဖ)ရဲ့မျက်ဝန်းကလေးတွေက သိပ်ကိုလှပသည်လေ။

ထနောင်းရဲ့စိတ်အတွေးတွေက ကုန်လွန်ခဲ့သော နေ့ရက်တွေဆီ ခြေဦးလှည့်လွင့်မျောလို့ သွားရပြန်သည်။

ထနောင်းနှင့်ရွှန်းလဲ့ စတင်တွေ့ဆုံခဲ့သည်က စာကြည့်တိုက်မှာ။

စာဖတ်တာကို ဝါသနာပါခြင်းက နှစ်ယောက်သား တွေ့ဆုံဖို့ ဖြစ်ခဲ့သည်လေ။

မြသန်းတင့်စာအုပ်တွေကိုကြိုက်သောသူက 'မ' အက္ခရာနှင့်စ,သော စာရေးဆရာတွေရဲ့ စာအုပ်တွေထားရာစင်ဆီ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာခိုက် ...

စာအုပ်တွေကြားမှနေ မထင်မှတ်ဘဲ လှပရွှန်းလဲ့လွန်းသော မျက်ဝန်းလေးတစ်စုံကို တွေ့လိုက်ရလျှင် ...

''အား ... လှလိုက်တာ''

သတိလက်လွတ် ခပ်တိုးတိုး ရေရွတ်လိုက်မိသည်။

ထနောင်း စာအုပ်ရွေးဖို့ကို လုံးဝမေ့လျော့သွားတော့လျှက် ထိုမျက်ဝန်းတစ်စုံကိုပဲ သတိလက်လွတ်ကြီး ငေးမိသွားတော့သည်အထိ။

ဘယ်လောက်ကြာအောင် ငေးနေမိသည် မသိ။ ရှည်သွယ်သော အညိုရောင် မျက်ခုံးတန်းလေးနှစ်ခုက ဆတ်ခနဲ ကုပ်ချိုးသွားကာ မျက်နက်ဝန်းလေးနှစ်ခုက ဖျတ်ခနဲ သူ့ဆီရွေ့လျားလာတော့မှ သူ လန့်ဖျပ်ပြီး ရင်တွေ တဒိန်းဒိန်းခုန်သွားရသည်။

သွားပြီ ...။

သူ သတိလက်လွတ်ငေးနေခဲ့တာ မျက်ဝန်းလေး သိသွားပြီဟု သူနိုးလူမိ ကျွတ်စကီးပြနေဆဲမှာပင် ...

အနားသို့ တခွပ်ခွပ်ရောက်လာခဲ့သော ဟိုက်ဟီးလ်သံနှင့်အတူ ...

''ဒီမှာ ... ဒီမှာ''

ခေါ်ပုံက ကြွပ်ဆတ်ဆတ်ကလေး။ သူ ကုပ်ကုပ်လေး





လှည့်ကြည့်လိုက်တော့ မျက်ဝန်းလေး။

အားပါး ... လူတစ်ယောက်လုံး တွေ့လိုက်ရမှ မျက်ဝန်းလေးတင်မဟုတ်ဘဲ အင်ဂျလီနာဂျိုလီလို နှုတ်ခမ်းသားထူထူလေးတွေကရော၊ မြင့်မားသောအရပ်နှင့် လိုက်ဖက်ညီသော ပြည့်ဖြိုးကျစ်လျစ်သည့် ခန္ဓာကိုယ်အချိုးအစားကရော ...

အရမ်းမိုက်တယ်ဗျာ ... လို့ ရော့ခ်ကာလေသံနဲ့ ပြောချင်စရာ။

''ဒီမှာ ... ဒီမှာ''

ခေါ်သံက ထပ်ထွက်လာသည်။ ခုနကထက် ပိုပြီးကြွပ်ဆတ်လာကာ ပိုပြီးလည်း ကျယ်လာသည်။

''ဗျာ ဗျာ ... ကျွန်တော့်ကို ခေါ်တာလား''

''ရှင့်ကိုမခေါ်လို့ ဘယ်သူ့ကို ခေါ်ရမှာလဲ၊ လိုက်ဘရီထဲမှာ ရှင်နဲ့ကျွန်မ နှစ်ယောက်တည်းရှိတာပဲ''

''ဟယ် ... ဟုတ်လား ... ကြောက်စရာကြီး''

သူ မျက်လုံးပြူးကာ ဇက်ပုလိုက်မိသည်။

''ဘာတွေပြောနေတာလဲ ... အူကြောင်ကြောင်မလုပ်နဲ့နော်၊ ရှင် ခုနက ကျွန်မကို ဘာဖြစ်လို့ စိုက်ကြည့်နေတာလဲ ပြော''

''ဟို ... ဟို''

ထနောင်း ဘာပြောလို့ ပြောရမှန်းမသိတော့။ တစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတစ်ယောက်က ခုလို လာရန်တွေ့တာ မခံရဖူး။

သူကလည်း ဘယ်ကောင်မလေးကိုမှ တစ်ခါမှ ခုလို စိုက်မကြည့်ခဲ့ဖူးတာ။

"ပြောလေ ... ရှင် ဘာဖြစ်လို့ ကျွန်မကို ကြည့်နေတာလဲလို့"

"ဟို ... ဟို ... ခင်ဗျားကို ကျွန်တော် မကြည့်ပါဘူး၊ ကျွန်တော့်ဘာသာ စာအုပ်ရှာနေတာ"

"ရှင် မညာနဲ့၊ ရှင် ကျွန်မကိုကြည့်နေတာ ယောကျ်ားဖြစ်ပြီး အမှန်ဝန်မခံရဲဘူးလား၊ ရှင် သတ္တိမရှိဘူးလား"

ဘုရား ဘုရား ... တကယ့်ကို စွာတေးလန်မလေး။

စွာလုံးတွေက စက်သေနတ်နဲ့ဆွဲလိုက်သလို တရစပ်။

ဝေ့လည်ကြောင်ပတ် ရှောင်တိမ်းလို့မရနိုင်တော့မှန်း သူ သိနားလည်လိုက်ကာ မျက်နှာထားကို တည်ပစ်လိုက်လျက်

"အိုကေဗျာ ... ကျွန်တော် သတ္တိရှိရှိနဲ့ အမှန်အတိုင်း ဝန်ခံပါ့မယ်၊ ခင်ဗျားကို ကြည့်တယ်ဗျာ ... ဘာဖြစ်လဲ"

"ဘာ"

ဟော ... အမှန်အတိုင်း ဝန်ခံတော့လည်း စွာတေးမလေးက ဆွေ့ဆွေ့ခုန်သွားပြန်သည်။

"ဘာပြောတယ်"

"ခင်ဗျားပဲ အမှန်အတိုင်း ဝန်ခံဆို ... သတ္တိမရှိဘူး





လားဆို"

"ရှင် ရှင် ... ကျွန်မကို ဘာဖြစ်လို့ စိုက်ကြည့်ရတာလဲ ... ပြော"

"ပြောရမလား ... ခင်ဗျားမျက်လုံးလေးတွေက ငေးမကြည့်ဘဲ မနေနိုင်လောက်အောင် အရမ်းလှလို့လေ၊ စိတ်မဆိုးနဲ့နော်"

"တောက် ... ရှင် ... ရှင်နော်"

စိတ်မဆိုးနဲ့နော် ... လို့ ခယယတောင်းပန်လိုက်တော့မှ မျက်ဝန်းလေးက စိတ်ဆိုးမာန်ဆိုး တောက်ခေါက်ပြီး ချာခနဲ လှည့်ထွက်သွားလေတော့သည်။

သူ ဟင်ခနဲ သက်ပြင်းရှိုက်ကာ လက်ဖဝါးနှစ်ဖက် ဖြန့်ပြီး ပခုံးစုံတွန့်လိုက်မိသည်။

တောက် ... ခေါက်တာနဲ့ တစ်ပြိုင်တည်းကျအောင် လုပ်သွားသည့် မျက်စောင်းကလေးကလည်း အရမ်းလှသည်လေ။

ဘောက်ဆတ်ဆတ်နှင့် ထွက်သွားသော ကျောပြင်လှလှလေးကို ထနောင်း မျက်စိတစ်ဆုံး လိုက်ငေးမိသည်။

အား ... စွဲလမ်းမိပြီ မျက်ဝန်းလေးရေ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းအစ မျက်စိက ... ဆိုတဲ့ စကားလေးဟာ ထနောင်းနှင့်ရွှန်းလဲ့တို့ ချစ်သူနှစ်ယောက်အတွက်တော့ အရမ်းကို မှန်ကန်တဲ့စကားပဲ ဖြစ်ပါသည်။

သိပ်လှတဲ့မျက်ဝန်းလေးတစ်စုံကို ဆုံတွေ့ခဲ့ပြီးတဲ့နောက်မှာ မျှော်လင့်ချက်တွေနဲ့ လိုက်ဘရီကို နေ့စဉ်ရောက်ခဲ့ရသူကလည်း ထနောင်းညိုပဲ ဖြစ်သည်။

"ဟဲ ဟဲ"

"ဟွန်း"

ထနောင်းရယ်ပြီး နှုတ်ဆက်တော့ မျက်ဝန်းလေးက မျက်စောင်းနှင့် တုံ့ပြန်သည်။

"စာအုပ်လာငှားတာလား"

"လိုက်ဘရီလာမှတော့ စာအုပ်မငှားလို့ ဘာလုပ်ရမှာလဲ"

ဘုဆတ်ဆတ်ပဲဖြစ်ဖြစ် စကားပြန်ပြောတယ်ဆိုရင် အခြေအနေမဆိုး ... လို့ နှလုံးသွင်းကာ ထနောင်း စကားဆက်ရန် ကြိုးစားသည်။

"ဘာစာအုပ် ငှားမလို့လဲဟင်"

"မစန္ဒာ"

"ဘဝသရုပ်ဖော်တွေ ဖတ်တယ် ... ဟုတ်လား၊ လေးစားတယ်ဗျာ ... ထင်တောင်မထင်ဘူး"

"ဟုတ်ကဲ့ ... ဘဝသရုပ်ဖော်ဝတ္ထုတွေ ကြိုက်ပါတယ်၊ မြသန်းတင့်ရေးတဲ့စာအုပ်တွေတော့ မမီလို့ မဖတ်နိုင်သေးဘူး"

ဒါ သူ့ကို ခနဲ့လိုက်တာပင်။

သူက မြသန်းတင့်စာအုပ်တွေကို ဖတ်တတ်သည်လေ။ ဘာပဲဖြစ်ဖြစ် မျက်ဝန်းလေးက သူ မြသန်းတင့်စာအုပ်တွေ ငှားတတ်တာ သတိပြုမိနေသည်ပေါ့။

"ကျွန်တော် ဘာကြိုက်လဲဆိုတာ သိနေတယ်နော်"

"ဘာပြောတယ်"

"ဩော် ... ကျွန်တော် မြသန်းတင့်စာအုပ်တွေဖတ်တာ သိနေတယ် ... လို့"

"ဟွန်း"

ဒီနေ့အဖို့ အဲဒီမျက်စောင်းကလေးနဲ့တင် သူ တန်သွားပြီဖြစ်သည်။

အဲဒီနေ့က သူက မြသန်းတင့်ရဲ့ 'ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်' ဝတ္ထုကို ငှားခဲ့ပြီး ...

မျက်ဝန်းကလေးကတော့ မစန္ဒာရဲ့ မစပ်သောငရုတ် ဝတ္ထုစာအုပ်ကို ငှားသည်။

"မစပ်သော ငရုတ် ... ဆိုပါလား၊ လောကကြီးမှာ မစပ်တဲ့ငရုတ်ဆိုတာ ရှိသေးလို့လားဟင်"







www.burmeseclassic.com

www.burmeseclassic.com



သူ ဝတ္ထုခေါင်းစဉ်ကိုဖတ်ကြည့်ပြီး အူကြောင်ကြောင် ပြောမိတော့ ...

"ရှိတာပေါ့၊ ပန်းရေတ်လို့ခေါ်တဲ့ ရေတ်ပွသီးကြီးတွေဟာ လုံးဝမစပ်ဘူး၊ ကြော်စားစား၊ အစာသွတ်စားစား သိပ်ကောင်းတာ"

မျက်ဝန်းလေးက မျက်နှာပင့်ပြီး ရေတ်သီးအကြောင်း အထူးသုတေသနပြုချက်ယူထားသူတစ်ယောက်လို ပြောသည်။

သူကတော့ မေးစေ့ကို လက်ညှိုး,လက်မနှင့်ပွတ်ကာ တစ်စုံတစ်ရာကို စဉ်းစားလိုက်မိပြီး မျက်ဝန်းလေးကို သူ့ထင်မြင်ချက်ကို တိုးတိုးကလေး ပြောလိုက်မိသည်။

"အချစ် ... ဆိုတာ မစပ်သောရေတ်ပဲလားဟင်"

"ဟမ်"

မျက်ဝန်းလေး သူ့ကို အံ့ဩတကြီး လှည့်ကြည့်သည်။

ပြုံးဖျဖျလေး ရီဝေစွာစိုက်ကြည့်နေသော သူ့အကြည့်နှင့် ဆုံလိုက်လျှင် ...

"သိဘူး ... ဟွန်း"

မျက်စောင်းထိုးကာ ခြေဆောင့်ထွက်သွားလေသည်။

ဒီတစ်ခါ မျက်စောင်းလေးကတော့ နူးညံ့သည်ဟု သူ ခံစားရပါသည်။





လိုက်ဘာရီမှာ စတွေ့ခဲ့တဲ့ သူတို့နှစ်ယောက်ဟာ ချစ်သူတွေဖြစ်ကြတော့လည်း လိုက်ဘာရီရှေ့မှာပဲ ဖြစ်ပါသည်။

အဲဒီနေ့ကလေးကို သူ့တစ်သက်မှာ ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်ပါ။

မနက်အစောကြီးကတည်းက နှင်းတဖွဲဖွဲကြားမှာ လိုက်ဘာရီရှေ့ ကုံကော်ပင်အောက်က ခုံတန်းကလေးမှာ သူရောက်နေခဲ့တာဖြစ်သည်။

ဒီနေ့ ... ရွှန်းလဲ့က သူ့ကို အဖြေပေးမယ်ပြောထားတဲ့ နေ့မို့ သူ ဝီရိယစောလွန်းစွာ ရောက်နေခဲ့တာပင်။

ရွှန်းလဲ့ကို သူ ချစ်ရေးဆိုခဲ့တာလည်း ဒီခုံတန်းလေးပေါ်မှာပဲ ဖြစ်သည်။

အဲ့ဒီတုန်းကလည်း သူ ခုလိုပဲ ရင်တွေအရမ်းခုန်ကာ ခြေဖျားလက်ဖျားတွေ အေးစက်နေခဲ့သည်။

"ရွှန်း ... ရွှန်းလဲ့ ... ရွှန်းလဲ့ကို ကျွန်တော် တစ်ခုပြောစရာရှိလို့"

သူ စကားစ,လိုက်လျှင် ရွှန်းလဲ့မှာ ကြိုသိနေသလိုပင် မျက်လွှာကလေးချကာ ...

"ဘာပြောမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်အင်အင်လေး ပြန်ပြောပေမယ့် ပြန်ပြောတဲ့လေသံတိုးတိုးကလေးက အဖျားခတ် တုန်နေသည်မို့ ရွှန်းလဲ့လည်း စိတ်လှုပ်ရှားနေမှာပါ။

"ကျွန်တော်ပြောရင် ရွှန်းလဲ့က စိတ်ဆိုးမှာလား"

"ဘယ်သိမှာလဲ ... ထနောင်းပြောတဲ့စကားအပေါ် မူတည်တာပေါ့"

"စိတ်မဆိုးပါနဲ့ ရွှန်းလဲ့ရယ်နော်၊ ကျွန် ... ကျွန်တော်လေ"

စကားလုံးတွေက ထစ်ငေါ့ကုန်ကာ တော်တော်နှင့် စကားဆက်လို့မရ။

"ဟို ဟိုလေ ... ရွှန်း ... ရွှန်းလဲ့ကိုချစ်တယ်"

"အယ် ... ရည်းစားစကား ပြောတယ်"

မျက်နှာ ဘယ်လိုထားရမှန်းမသိတော့တဲ့ ရှက်ဝဲဝဲဟန်လေးနှင့် ရွှန်းလဲ့ ဆတ်ခနဲ ထ,ရပ်သည်။

"ရွှန်းလဲ့ ဘယ်သွားမလို့လဲဟင်၊ ကျွန်တော့်ကို စိတ်ဆိုးသွားတာလား။ မဆိုးပါနဲ့ ရွှန်းလဲ့ရယ်၊ ကျွန်တော့်ကို ပြန်ချစ်ပါနော်၊ ချစ်တယ် မဟုတ်လားဟင်"

သူ ရွှန်းလဲ့ကို အယောင်အမှားမှားဖြင့် လက်ကလေးဖမ်းဆွဲမိကာ အဖြေပါ အတင်းတောင်းနေမိသည်။

"အို ... ဘယ်လိုကြီးလဲ၊ ရွှန်းလဲ့ ခုချက်ချင်းကြီးတော့





အဖြေ ဘယ်ပြန်ပေးတတ်မှာလဲ၊ ရွှန်းလဲ့မှ ဘာမှမစဉ်းစားရသေးတာ"

"ဒါ ... ဒါဆို ဘယ်တော့လောက် အဖြေပေးမှာလဲဟင်၊ ကျွန်တော့်ကို ဘယ်လောက်ကြာအောင် စဉ်းစားမှာလဲ"

ရွှန်းလဲ့ ခဏတွေရပ်ကာ စဉ်းစားသည်။ ပြီးတော့ ...

သူ့မျက်နှာကို မော့မကြည့်ဘဲ လက်ကလေးသုံးချောင်းထောင်ပြကာ ...

"သုံးလပြည့်တဲ့နေ့ ထနောင်းကို အဖြေပေးမယ်၊ ဒီနေရာလေးကပဲ စောင့်၊ အခု ... လက်ကိုလွှတ်ပေး"

သူ အဲဒီတော့မှ ရွှန်းလဲ့ရဲ့လက်ကလေးကို ဆုပ်ကိုင်ထားမိတာ သတိရပြီး လန့်ဖျပ်ကာ ဖျတ်ခနဲလွှတ်ပေးလိုက်မိသည်။

ရွှန်းလဲ့ ချက်ချင်းပဲ သူ့ရှေ့မှ ပြေးထွက်သွားလေတော့သည်။

သူ့မှာတော့ ရွှန်းလဲ့ရဲ့ကျောပြင်လေးကိုကြည့်ကာ ရင်ခုန်မောလျှစွာ ...။

အင်း ... ဒီနေ့ နိုဝင်ဘာလ ဆယ့်လေးရက်။

ရွှန်းလဲ့က သုံးလတိတိပြည့်တဲ့နေ့မှာ အဖြေပေးမယ်လို့ ပြောခဲ့တာမို့ ဒီနေ့ ရက်စွဲကို ထနောင်း အသေအချာ မှတ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှန်းလဲ့"

ဇာပန်းရောင် ပွပွဖားဖား အင်္ကျီရှည်လေးကို ကြက်သွေးရောင် စတော့ကင်းနဲ့ တွဲဝတ်ထားတဲ့ ကျွန်တော့်ရဲ့မျက်ဝန်းလေးဟာ အရမ်းကို လှနေတယ်။

သူ ကျွန်တော့်ရဲ့ဘေး ရပ်လိုက်ချိန်မှာ ကျွန်တော့်ရင်ခုန်သံတွေဟာ ကျယ်လောင်ဆူညံလွန်းလို့ ရင်ဘတ်ထဲက ပေါက်ကွဲထွက်တော့မလားတောင် ထင်မှတ်မိတယ်။

"ရွှန်းလဲ့ ... ကျွန်တော့်ကို အဖြေပေးတော့မှာပေါ့နော်"

တွေ့တွေ့ချင်း အလောတကြီးပြောလိုက်တဲ့ ကျွန်တော့်ရဲ့စကားဟာ သိပ်ကို အူကြောင်ကြောင်နိုင်နေမလားမသိဘူး။

ကျွန်တော် အရမ်းကို ရင်ခုန်နေမိတာကိုး။

"ဒီနေ့ ဘာနေ့လဲ"

ရွှန်းလဲ့အသံကလည်း တိုးတိုးကလေး။ ပြီးတော့ ... မသိမသာကလေး တုန်ယင်နေတယ်။

"ဒီနေ့ ... ဖေဖော်ဝါရီလ ဆယ့်လေးရက်လေ"

"အဲ့ဒါ တို့ရဲ့အဖြေပဲ"

"ဗျာ"





ကျွန်တော် ရွှန်းလဲ့ရဲ့စကားကို ဘာမှနားမလည်နိုင်ဘူး။ ဘယ်လိုပါလိမ့်။

ရွှန်းလဲ့က အူကြောင်ကြောင်ဖြစ်နေတဲ့ ကျွန်တော့်ပုံစံကို ကြည့်ပြီး ထပ်ပြောတယ်။

"ဒီနေ့ ဘာနေ့လဲဆိုတာ ထနောင်းသိရင် တို့ရဲ့အဖြေကို ခန့်မှန်းနိုင်ပါပြီ၊ ကဲ ... ထနောင်းဘာသာ စဉ်းစားတော့"

ပြောပြီးတော့ သူ ကျွန်တော့်ရှေ့ကနေ ဖြည်းဖြည်းကလေး လျှောက်သွားတယ်။

ကျွန်တော် အူတိအူကြောင် ဖြစ်နေတုန်းမှာပဲ ... မျက်နှာချင်းဆိုင်မှာ တီရှပ်ဆင်တူလေးဝတ်ပြီး အပြန်အလှန် ချောကလက်ခွံ့ကျွေးနေတဲ့ ချစ်သူနှစ်ယောက်ကိုတွေ့လိုက်ရတယ်။

ဟာ ...

ကျွန်တော့်ခေါင်းထဲ လင်းခနဲဖြစ်သွားတယ်။

ဒီနေ့ ... ဖေဖော်ဝါရီလ ဆယ့်လေးရက်။

Valentine's Day

ဒါ ... ဒါဆို ...

ဟား ...

ကျွန်တော့်ရင်တွေ တလှပ်လှပ်ခုန်လာတယ်။

"ရွှန်းလဲ့ ... ရွှန်းလဲ့"

ကျွန်တော် ရွှန်းလဲ့နောက်ကို အပြေးလိုက်မိတယ်



www.burmeseclassic.com

www.burmeseclassic.com



ရွှန်းလဲ့က ကျွန်တော့်ခေါ်သံကြားတော့ လှည့်မကြည့်ပေမယ့် ခြေလှမ်းလေး တုံ့ခနဲရပ်လိုက်တယ်။

ကျွန်တော် ရွှန်းလဲ့ရဲ့ ပန်းနုရောင်လဲ့လဲ့လေး သန်းနေတဲ့ မျက်နှာလေးကို ငုံ့ကြည့်ရင်းက တိုးတိုးဖွဖွကလေး မေးလိုက်မိတယ်။

"ရွှန်းလဲ့ . . . ဒီနေ့ ကျွန်တော်တို့နှစ်ယောက် ပါဝင်ဆင်နွှဲကြမှာလားဟင်"

ရွှန်းလဲ့ ကျွန်တော့်ကို မော့ကြည့်တယ်။

ရှက်ရိပ်သန်းနေတဲ့ မျက်ဝန်းလေးတွေက ဒီနေ့ ပိုပြီးလှပသက်ဝင်နေသလိုပဲ။

ရွှန်းလဲ့ ဆတ်ခနဲ ခေါင်းညိတ်ပြလိုက်ချိန်မှာ . . .

ကျွန်တော် 'ရေ့' ခနဲအော်ပြီး လက်သီးဆုပ်ကို လေထဲ ပစ်သွင်းလိုက်မိတယ်။

ဟား . . .

ပျော်လိုက်တာ . . .

မင်္ဂလာပါ ဗယ်လင်တိုင်း . . . ။



အခန်း (၉)

# "ရွှန်းလဲ့ကို အရမ်းချစ်မှာပဲနော်"

အတိတ်ရက်စွဲတွေကို လွမ်းဆွတ်ကြေကွဲဆဲ တိုးသက်စွာ မေးလာသော မနောအသံလေးကြောင့် ထနောင်း လန့်နိုးသွားခဲ့ရသည်။

ရုတ်တရက် မနော ဒီလိုမေးလာတော့ သူ ဘာပြန်ဖြေလို့ ဖြေရမှန်းမသိ။

အင်း . . . အရမ်းချစ်တယ်လို့ ဝန်ခံလိုက်လျှင်လည်း မျက်ဝန်းတောက်တောက်ကလေးတွေက အားငယ်ရိပ်လွှမ်းကာ ညှိုးဖျော့သွားမှာ အားနာမိသည်။

ထနောင်း မကြားသလို တိတ်ဆိတ်စွာနေသော်လည်း

"နောင်း . . . ခုထိ ရွှန်းလဲ့ကို စွဲလမ်းနေတုန်းပဲလားဟင်"

ထနောင်း မကြားသလို နေ၍မရတော့။ မနောကို လှည့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်မိသည်။

မျက်ဝန်းလေးတွေက လပ်(ဖ)ရဲ့မျက်ဝန်းလေးတွေလို ကြည်စင်ရွှန်းလဲ့၍နေပေမယ့် စကားသံလေးများကတော့ မနော ရဲ့နှလုံးသားထဲမှ ရှန်းကန်တွန်းထိုး ထွက်ပေါ်လာသည်မို့ အား ငယ်ညှိုးလျှစွာ ...။

"ဒီအကြောင်းတွေ အစပြန်မဖော်ရအောင်လား မနော ရယ် ... နော်"

"နောင်း စိတ်အနှောင့်အယှက်ဖြစ်သွားလို့လားဟင်၊ ဆောရီးနော် ... မနော မပြောတော့ဘူး"

အဲ့ဒီလိုဆိုတော့လည်း စိတ်ထားဖြူစင်သူကလေးက ကပျာကယာ ပြန်တောင်းပန်သည်။

နံဘေးမှာ အရိပ်ကလေးလို အမြဲတွယ်ကပ်နေသည့် မနောကို အားနာသနားပေမယ့် လပ်(ဖ)ကို သတိရစိတ်က ထနောင်းအဖို့ ထိန်းချုပ်၍မရနိုင်သေး။

ဘာပဲဖြစ်ဖြစ် ... ဘေးနား မနောရောက်လာခဲ့ချိန်မှာ ထနောင်းအဖို့ အထီးကျန်စိတ်က လျော့ပါးသက်သာသွားရတာ ကတော့ အမှန်။

ဘယ်သွားသွား နံဘေးနားလိုက်ပြီး ကလေးတစ် ယောက်လို တတွတ်တွတ် စကားတွေဆိုတတ်သည့် မနော ကြောင့် သူ့မှာ အထီးကျန်ဖို့အချိန်ပင် မရတော့။





သူငယ်ချင်းတွေကတောင် ...

"ရွှန်းလဲ့ကို လွမ်းပြီးငေါင်နေမယ့်အစား မနောကို အနားမှာ အစားထိုးပြီး မင်း ပျော်ပျော်နေသင့်တယ် ထနောင်း"

လို့ အကြံပေးကြသည်။

"ငါ ... ရွှန်းလဲ့ကို သစ္စာမဖောက်ချင်ဘူး"

"ဟ ... ရွှန်းလဲ့မှ မရှိတော့တာဘဲ၊ သစ္စာဖောက်ရာ မရောက်ပါဘူး"

"ဟုတ်တယ် ထနောင်း ... မနော မင်းအပေါ် အရမ်း ကို တွယ်တာနေတာ ငါတို့သိတယ်"

"ငါ ... ငါ ... ငါ့စိတ်ကို ငါမလုံဘူးကွာ၊ ရွှန်းလဲ့ အပေါ် သစ္စာဖောက်သလိုလည်း မဖြစ်ချင်ဘူး၊ မနောရဲ့ခင်မင်မှု ကို အခွင့်အရေးယူသလိုလည်း မဖြစ်ချင်ဘူး"

အင်း ... ရှင်သူနဲ့သေသူနှစ်ယောက်ကြားမှာ ဟော့ဒီက သကောင့်သား ရူးတော့မယ် ထင်ပါရဲ့။

"ဟော့ကောင် ... ဘာမှ ဝါဒီများမနေနဲ့၊ မရှိတော့တဲ့ လူတစ်ယောက်ကို ထိုင်ဆွေးပြီး အချိန်ကုန်ခံနေမယ့်အစား အနားမှာရှိတဲ့သူကိုပဲ ဖမ်းချစ်ပြီး ဘဝကို ပျော်ပျော်ကြီးခရီးဆက် စမ်းပါ"

"ဟုတ်တယ် ထနောင်း ... မင်းတို့နှစ်ယောက်က လိုက်လည်း လိုက်တယ် ... အဖြူနဲ့ အညို"



www.burmeseclassic.com

www.burmeseclassic.com



"ဟမ် … ဘာ … ဘာ"

ဖေယျစကားကြောင့် သူ နားရှုပ်သွားရသည်။

"မင်းက ထနောင်းညို၊ ဟိုက မနောဖြူ ဆိုတော့ အဖြူနဲ့အညိုပေါ့၊ ကဲ … ဘယ်လောက်လိုက်ဖက်ညီလဲ"

"ကတ်သီးကတ်သတ်ကွာ"

သူငယ်ချင်းတွေ သဘောတကျနှင့် ဝိုင်းရယ်တော့ သူလည်း ရှက်ရယ်လိုက်ရယ်မိသည်။

"ဘာတွေပြုံးနေတာလဲ နောင်း … တစ်ယောက်တည်း"

အတွေးဖြင့် ပြုံးလိုက်မိသည်ကို မနောက ပြောလျှင် ထနောင်းမှာ မလုံမလဲ ရှက်သွားရသည်။

"ရယ်စရာရှိရင်လည်း မနောကို ဝေမျှပေးဦးလေ … မနောလည်း ရယ်ချင်တာပေါ့"

မနောလည်း မူနွဲ့နွဲ့ကလေး ပူဆာသည်။ သူ မနောကို ပြုံးစိစိနှင့် ကြည့်လိုက်ကာ …

"ကိုယ့်သူငယ်ချင်းတွေက ပြောကြတယ်"

"ဖေယျတို့ကလား၊ အင်း … ဘာတဲ့လဲ"

"မနောနဲ့ကိုယ့်ကို အဖြူနဲ့အညို … တဲ့"

မနော မျက်ခုံးလေးတွေ တွန့်ကုပ်သွားသည်။

"ဘာကြီးလဲ … အဖြူနဲ့အမည်းလည်း မဟုတ်ဘူး"





"ကိုယ်က ထနောင်းညို၊ မနောက မနောဖြူဆိုတော့ အဖြူနဲ့အညိုတဲ့"

"အဲ့လိုလား … အဟင်း ဟင်း … ကြံကြံဖန်ဖန် ရယ်စရာပဲ"

မနော သဘောတကျ လက်ခုပ်လက်ဝါးတီးကာ ရယ်သည်။ စိတ်လွတ်လက်လွတ် ကလေးဆန် ဖြူစင်လှသည့် မနော ပုံစံကလေးကို သူ ကြည့်ကောင်းကောင်းနှင့် ငေးကြည့်နေမိသည်။

ဖြူစင်တဲ့ ယုန်မကလေး …။

သူ့အပေါ် အရိပ်ကလေးလို တွယ်တာလွန်းလှသည့် ကောင်မလေး …။

ထနောင်းရင်ထဲ ကရုဏာစိတ်တွေနှင့်အတူ သံယောဇဉ်တွေ တဖွားဖွား ပေါ်ပေါက်လာရသည်။

အတူသွား၊ အတူလာခဲ့ကြသည့် အနေနီးစပ်သည့် သံယောဇဉ်တွေက မနောအပေါ် သူ တွယ်တာနှောင်ဖွဲ့မိပြန်ပြီကော။

မနောရေ …

ဖြူစင်လွန်းလှတဲ့ ကလေးရေ …

ကိုယ်တော့ ရှုံးရတော့မယ် ထင်ပါရဲ့။

"နောင်း"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



''မနောကို ခင်လားဟင်''

ကိုယ့်မျက်လုံးတွေကို တရိုက်မက်မက် ငေးရီပြီး မေးပုံကလေးက သနားစရာကောင်းလိုက်တာ။

ထနောင်းရင်ထဲ ကရုဏာစိတ်တွေ ဖိတ်လျှံသွားရသည်။

အဲဒီမျက်ဝန်းလှလှလေးတွေထဲက မျှော်လင့်ချက်တွေကို ကိုယ် မသိကျိုးကျွန်ပြုထားရမှာလား။

ဒါမှမဟုတ် … ကိုယ် ကရုဏာတရားတွေနဲ့ ထုပ်ပိုးထားတဲ့ သံယောဇဉ်တွေနဲ့ တုံ့ပြန်ရမှာလား ကောင်မလေးရယ်။

''ခင်တာပေါ့ မနောရယ်၊ ကိုယ် မနောကို အရမ်းခင်ပါတယ်''

''ဟုတ်ရဲ့လားဟင် … မနောမှာ အစားထိုးထားတဲ့ ရွှန်းလဲ့ရဲ့မျက်ကြည်လွှာနဲ့လင်းရတဲ့ မျက်ဝန်းတွေကြောင့်လားဟင်''

ရွှန်းလဲ့ရဲ့မျက်ကြည်လွှာနဲ့ လင်းရတဲ့ မျက်ဝန်းတွေကြောင့်လားတဲ့။ မနောရဲ့မေးခွန်းကြောင့် သူ့ရင်ထဲ နင့်ခနဲ။

ပြီးတော့ … ငွေ့ရည်ဖွဲ့ ရစ်ဝဲနေတဲ့ မျက်ဝန်းကလေးတွေ။ မငိုပါနဲ့ … မငိုပါနဲ့ ကောင်မလေးရယ်။

သူ မနောရဲ့ခေါင်းလေးကို လက်ဖဝါးဖြင့် ဖွဖွကလေး အုပ်မိုးကိုင်လိုက်မိသည်။

သူ့နှလုံးသားကို ဆက်ပြီး မမျိုသိပ်နိုင်တော့။





''ဟင့်အင်း''

သူ ခေါင်းယမ်းပြလိုက်မိသည်။

''နောင်း''

''မနော … ကိုယ်, ကိုယ်လေ''

သူ ခေါင်းကိုငုံ့လိုက်သည်။ မနော နားရွက်လေးနားကပ်ကာ …

''မနောကို ကိုယ်ချစ်တယ်''

''ဟင်''

အံ့အားသင့်သွားတဲ့ မျက်ဝန်းလေးတွေ။ နှလုံးသားတစ်ခုလုံး ပေါက်ကွဲလေပြီတည်။

မျှော်လင့်ခြင်းများဖြင့် မြူးမွေ့သွားသော မျက်ဝန်းကလေးများ မထင်မှတ်နိုင်လွန်းလှစွာ တဖျပ်ဖျပ် ကခုန်လျက်။

''တကယ်ပါ မနော … မနောကို ကိုယ်ချစ်တယ်၊ ရွှန်းလဲ့ရဲ့နေရာမှာ အစားထိုးတဲ့အနေနဲ့ မဟုတ်ဘဲ မနောကို ကိုယ် …''

သူ နူးညံ့သင်းပျံ့သော ဆံနွယ်တွေမှာ ညင်သာဖွဖွ ပါးပြင်အပ်လျက် တစ်ချက်ရှိုက်လိုက်ပြီးမှ ဆက်ပြောလိုက်သည်။

''နှလုံးသားအသစ်နဲ့ ချစ်မိတာပါ ကလေးရယ်''

''အို … နောင်း … နောင်း''

ရှိုက်သံ ဗလုံးဗထွေး။



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်သို့ တိုးဝင်လာသော ချစ်သူ ...။

ကိုယ့်အင်္ကျီရင်ဘတ်၌ ချစ်ခြင်းမျက်ရည်စက်တို့ စိုရွှဲလေပြီ။

ဒါပေမဲ့ ...

ဒါဟာ နှလုံးသားရဲ့ ကဗျာတစ်ပုဒ်ပဲ ဖြစ်ပါသည်။



BURMESE CLASSIC .com

## အခန်း (၁၀)

ခဲမှန်ဖူးတဲ့ စာသူငယ်လို ချစ်သူကို တစ်ခါလက်လွှတ်ဆုံးရှုံးခဲ့ရဖူးသည်မို့ ဒီတစ်ခါတော့ အဆုံးရှုံးမခံနိုင်တော့စွာ ထနောင်း စိုးရိမ်ပူပန်သည်။

"ထနောင်း ... မင်းကလည်းကွာ ပြောတော့ဖြင့် ရှိန်းလဲ့ကို သစ္စာဖောက်ရာ ရောက်မှာစိုးတယ် စိုးတယ်နဲ့"

"အေးလေ ... ခုကျတော့ မနောဖြူကို မျက်စိအောက်ကကို အပျောက်မခံဘူး"

"သည်းလွန်းတယ်ကွာ"

သူငယ်ချင်းတွေက သူ့ကို ဝိုင်းရိသည်။ သူ အပြုံးဖြင့်သာ ခံယူလျက် ...

"ပြောတော့ကွာ၊ မင်းတို့ ငါ့ကို နားလည်နိုင်မှာ, စာနာနိုင်မှာ မဟုတ်ဘူး"

"အံမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ မနောကို ဆုံးရှုံးရမှာ သိပ်ကြောက်တယ်"

သူ လှိုက်လှဲစွာပြောမိတော့ သူငယ်ချင်းတွေ ဆက်မနောက်တော့။ မျက်နှာတွေ တည်သွားကာ အလေးအနက် နားထောင်ပေးကြသည်။

"ရွှန်းလဲ့တုန်းက လုံးဝမထင်မှတ်ဘဲ ကံကြမ္မာရဲ့ရက်စက်တဲ့ဒဏ်ကို အလဲထိုးခံလိုက်ရတာ၊ မနောနဲ့ ထပ်ခွဲရမှာ စိတ္တဇတစ်ခုလို ငါ ခံစားပြီး ကြောက်နေမိတယ်"

"ဆောရီးကွာ သူငယ်ချင်း ...ငါတို့က စ,တာပါ"

"ရပါတယ်ကွာ"

သူ့ရင်ထဲက ခံစားချက်ကို နားလည်သွားကြသော သူငယ်ချင်းတွေရဲ့ တောင်းပန်စကားကို သူ ရပါတယ်လို့သာ ပြန်ပြောလိုက်သည်။

ဒီတစ်ခါတော့ ... အချစ်ကို လုံးဝလက်လွှတ်ဆုံးရှုံးမခံနိုင်သောသူက ...

"မနော ... ကိုယ့်အိမ်ကို လိုက်လည်နော်"

"ဟင်"

မနောလေးက မျက်ခုံးလေးပင့်ကာ အံ့သြဟန်ပြသည်။

"နောင်းကလည်း ချစ်သူတွေဖြစ်တာမှ မကြာသေးဘဲနဲ့"

"ဘာလဲ ... မနောက ကိုယ့်အိမ်ကို လိုက်မလည်ချင်



BURMESE CLASSIC .com



ဘူးလား။ ကိုယ်က ကိုယ့်ဖေဖေ၊ မေမေနဲ့ မနောကို မိတ်ဆက်ပေးချင်လို့"

"မလိုက်ချင်လို့ မဟုတ်ပါဘူး နောင်းရယ်၊ မနောကို အထင်သေးမှာ ကြောက်လို့"

မနော အားငယ်စိုးရွံ့စွာ ပြောမိသည်။

ကိုယ်က ပထမချစ်သူရဲ့မျက်ကြည်လွှာနဲ့ အလင်းရောင်မြင်ရသည့် ဒုတိယချစ်သူ မဟုတ်လား။

နောင်းဘက်က အသိုင်းအဝိုင်းက အမြင်မကြည်မှာ စိုးရိမ်သည်လေ။

"ဘာမှအထင်သေးစရာမရှိဘူး၊ ကိုယ်က အိမ်မှာ မနောအကြောင်း အမြဲ တဖွဖွပြောနေတာ၊ ဖေဖေနဲ့မေမေက မနောကို လူသာ မတွေ့ဖူးသေးတာ ... နာမည်ကိုတော့ ရင်းနှီးနေပြီ"

"ဟင် ... တကယ်"

"တကယ်ပေါ့"

"မနောအကြောင်း ဘာတွေပြောထားလဲဟင် နောင်း"

မနောစိတ်တွေ လှုပ်ရှားကာ မေးမိလေသည်။

မနောအတွက်က နောင်းဟာ တစ်ဦးတည်းသော ချစ်ဦးသူ မဟုတ်လား။

မနောမှာ ချစ်သူရည်းစားထားဖူးတဲ့ အတွေ့အကြုံမှ မရှိတာ။ ပြီးတော့ ...



www.burmeseclassic.com

www.burmeseclassic.com



နောင်းရဲ့အိမ်ကို လိုက်လည်ရမှာ နောင်းရဲ့မိဘတွေနဲ့ တွေ့ရမှာကိုလည်း မနော ကြောက်မိသည်လေ။

မနော ကြောက်နေမိတာကို ခန့်မှန်းရိပ်မိသော နောင်းက အားပေးပြုံးဖြင့် မနောရဲ့ခေါင်းလေးကို ချစ်စနိုး အုပ်ကိုင်လှုပ်ခါလျက်က ...

''ဘာတွေပြောထားရမလဲကွ ... ကိုယ့်ချစ်သူလေးက မနောဖြူဆိုတဲ့ နာမည်လေးနဲ့လိုက်အောင် စိတ်မနောက အရမ်းကို ဖြူစင်တဲ့အကြောင်း ...၊

ပြီးတော့ မျက်နှာလေးကလည်း အရမ်းကို ကလေးဆန်ပြီး ချစ်ဖို့ကောင်းတဲ့အကြောင်း ...၊

နောက်ပြီးတော့ လင့်ခရုဇာကားကြီးကို ကိုယ်တိုင်မောင်းပြီး ကျောင်းတက်နိုင်တဲ့အထိ အရမ်းကို ချမ်းသာတဲ့အကြောင်း၊

အင်း .. ပြီးတော့ သိပ်ချမ်းသာတဲ့ တက်နေဝင်းကုမ္ပဏီပိုင်ရှင် သူဌေးဖနီးမောင်နဲ့ရဲ့တစ်ဦးတည်းသော သမီးရတနာလေးဖြစ်တဲ့အကြောင်း''

ထနောင်းက မနောရဲ့ခေါင်းလေးကို လှုပ်ယမ်းရင်းက ပြုံးဟဟဖြင့် တရှည်တလျား ပြောသည်။

''ဟင် ... ဒါပဲလား''

''ဒါပဲပေါ့ ... ဘာကျန်သေးလို့လဲ''





''ကျန်သေးတယ်လေ''

''ဘာလဲ''

မနော ဆတ်ခနဲ မတ်တတ်ထ,ရပ်လိုက်ပြီး ထနောင်းရဲ့ နားရွက်နား လက်ကလေးနှစ်ဖက်အုပ်ကာ တိုးတိုးကလေး ပြောလိုက်သည်။

''နောင်းကို သိပ်ချစ်တယ်ဆိုတာကိုလေ''

ထနောင်း ကိုယ့်နဖူး ကိုယ်ရိုက်သည်။

''အား ... တကယ့်အချက်မှ မေ့ကျန်ခဲ့ရတယ်လို့ကွာ''

ထနောင်း အားမလိုအားမရ ဝန်ခံရင်း ချစ်သူလေးကို ချစ်မြတ်နိုးလွန်းစွာ ရင်ခွင်ထဲ အတင်းဆွဲသွင်းပွေ့ဖက်ထားလိုက်မိတော့သည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဘဝ" ဆိုတာ…

အချစ်ရှိမှပြီးပြည့်စုံတဲ့အရာဖြစ်တယ်၊

"အချစ်" ဆိုတာကတော့…

ဘဝကိုဘယ်နည်းနဲ့ပဲဖြစ်ဖြစ်ရင်ဆိုင်ဖြတ်သန်းဖို့

ခွန်အားပေးစွမ်းတဲ့အရာဖြစ်တယ်၊

ဒါပေမဲ့…

"ကံကြမ္မာ" ဆိုတဲ့အရာကတော့…

ဘဝကိုရော…အချစ်ကိုရော…

အချိန်အခါမရွေး…အလစ်ဝင်မီးလောင်တိုက်သွင်း

နိုင်တဲ့မာရ်နတ်ဆိုးပဲဖြစ်ပါတယ်၊



## အခန်း (၁၁)

"ငါ့သားက အရွေးတော်လိုက်တာ၊ ကြည့်စမ်း…သမီးလေးက ချစ်စရာကောင်းလိုက်တာ၊ နှာမည်လေးနဲ့ လိုက်အောင် စိတ်ထားကလေးလည်း ဖြူစင်တဲ့ရုပ်ကလေး"

ဒေါ်မိုးမိုးခိုင် မနောကိုကြည့်ပြီး သဘောတကျ ချီးမွမ်းသည်။ မနော ဘယ်လိုနေရမှန်းပင် မသိ။

လူကြီးသူမတွေနှင့် မပြောရဲ့,မဆိုရဲ မဟုတ်သော်လည်း ထနောင်းရဲ့မိဘတွေမို့ အလိုလို ရှိန်နေမိသည်။

ထနောင်းရဲ့မေမေက မိန်းမသားချင်း ချီးမွမ်းခန်းဖွင့်သော်လည်း ထနောင်းရဲ့ဖေဖေ ဦးကျော်သူရိန်ကတော့ မနောကို ပြုံးပြုံးကြီးကြည့်ကာ ဘာတစ်ခွန်းမှမပြောဘဲ နှစ်လိုခြင်းကို သိစေနိုင်သည်။

"သားက…သမီးနဲ့ စ,တွေ့ကတည်းက သမီးအကြောင်းတွေ တဖွဖွပြောနေတာ၊ အန်တီက သမီးကို စိတ်ထဲက



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးနေတာ ကြာပြီ''

''ရှင်''

မနော မျက်လုံးလေး ဝိုင်းသွားရသည်။ ထနောင်း ဘာတွေများ ပြောထားပါလိမ့်။

နောက်က တကောက်ကောက်လိုက်ပြီး ချောင်းကြည့်တာတွေရော ပြောထားသေးသလား။ မနော မလုံမလဲဖြစ်မိသည်။ ကိုယ်က တစ်ဖက်သတ် စတင်ချစ်ခဲ့ရသူ မဟုတ်လား။

မနောရဲ့စိုးရွံ့မှုကိုသိသော ထနောင်းက ဖျတ်ခနဲ မျက်လုံးတစ်ဖက်မှိတ်ပြကာ လက်ညှိုးလေး မသိမသာယမ်းပြသည်။

မနော စိုးရိမ်သလို လျှို့ဝှက်ချက်တွေ ပြောမပြထားပါဘူးဆိုတဲ့သဘော။

အဲဒီတော့မှ မနော သက်ပြင်းလေး ခိုးချမိသည်။

''သမီးနဲ့တွေ့တော့မှပဲ သားက အရင်လို လန်းလန်းဆန်းဆန်း, တက်တက်ကြွကြွ ပြန်ဖြစ်လာတာ၊ အန်တီကတော့ သမီးကို သိပ်ကျေးဇူးတင်တာပဲ''

လူကြီးတစ်ယောက်က ကျေးဇူးတင်စကားပြောတော့ မနော မနေတတ်,မထိုင်တတ် ဖြစ်သွားရသည်။

ဒေါ်မိုးမိုးခိုင်အနေနဲ့ကလည်း တကယ်ပဲ စိတ်ထဲမှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မိတာပင်။

ရွှန်းလဲ့ သေဆုံးကတည်းက ငေးငေးမှိုင်မှိုင်နဲ့ အထီး





ကျန်ဆန်ခြောက်သွေ့နေခဲ့သောသားဟာ ဒီကလေးမလေးနဲ့ ဆုံတွေ့တော့မှ ပြန်ပြီး လန်းဆန်းပျော်ရွှင်လာခဲ့တာ မဟုတ်လား။

ဒေါ်မိုးမိုးခိုင်ဆိုလိုချင်တဲ့ အဓိပ္ပာယ်ကို အားလုံးက သဘောပေါက်သည်မို့ ငြိမ်သက်တိတ်ဆိတ်သွားခဲ့လျှင် ...

ဦးကျော်သူရိန်မှာ မနောကို အားတုံ့အားနာဖြစ်ကာ

''ခိုင်ကလည်းကွာ ကလေးတွေကို မင်္ဂလာကိစ္စလည်း မေးပါဦး ... သူတို့ ဘာအစီအစဉ်တွေရှိလဲလို့''

သိသိသာသာပင် စကားလမ်းကြောင်းလွှဲသည်။

''ဩော် ... အဲ့ဒါက သူတို့စီစဉ်တဲ့အတိုင်းပဲ ခိုင်တို့က လုပ်ပေးရမှာလေ၊ ခေတ်က ပြောင်းသွားပြီ ဖေကြီးရဲ့၊ ဒီခေတ်ကလေးတွေက သူတို့ကိစ္စ သူတို့အစအဆုံး အပြီးအစီး စီစဉ်ပြီးမှ မိဘကိုတင်ပြကြတာ၊ ခိုင့်သားနဲ့ချွေးမကလည်း ခပ်ညံ့ညံ့မှ မဟုတ်တာ''

ဒေါ်မိုးမိုးခိုင် လိုအပ်တာထက်ကို သာသာထိုးထိုးလေး ပြောသည်။

သားဖြစ်သူရဲ့စိတ္တဇကို စာနာနားလည်သည်မို့ မနောနှင့် ချစ်သူတွေဖြစ်တာမှ မကြာခင် လက်လွှတ်ဆုံးရှုံးရမှာကြောက်သည်မို့ အမြန်ဆုံးလက်ထပ်ချင်ပါသည်လို့ ဆိုလာတော့လည်း

သေကွဲ,ရှင်ကွဲ ခွဲရမှာကြောက်တဲ့သား စိတ်ချမ်းသာဖို့ အတွက် မနောကို ခေါ်လာခဲ့ပါ.. ဆိုပြီး လိုလိုလားလား ကမ်း



www.burmeseclassic.com

www.burmeseclassic.com



လှမ်းခဲ့တာပင်။

"သမီးတို့ဘက်က မီးစိမ်းပြရင်ပြောလေ ... အန်တီတို့ လာခဲ့မှာပေါ့ ... ဟုတ်လား"

"ဟုတ်ကဲ့ပါ အန်တီ"

မနော ရင်ခုန်စိတ်လှုပ်ရှားစွာ ခေါင်းညိတ်သည်။

ဖေဖေတို့အနေနဲ့လည်း ထနောင်းဟာ ငြင်းလောက်စရာလူမှ မဟုတ်တာ။ မနောက ချစ်သည်ဆိုလျှင် ပြီးပြီ။

သဘောတူလက်ခံမှာပဲ ဆိုတာ မနော သိပြီးသား ဖြစ်သည်။

"သားနဲ့သမီး မင်္ဂလာကိစ္စကို အေးအေးဆေးဆေးတိုင်ပင်လိုက်ကြဦး၊ ပြီးတော့မှ အန်တီတို့ကိုပြောပြ၊ အန်တီတို့က သားရှင်ဆိုတော့ သမီးတို့စိတ်တိုင်းကျအောင် လုပ်ပေးဖို့ အဆင်သင့်ပဲ ...၊

အန်တီတို့အနေနဲ့ကတော့ သမီးဟာ အပြစ်ပြောစရာဘာမှမရှိဘူး၊ ပညာတတ်လည်း ဖြစ်တယ်၊ မိဘအသိုင်းအဝိုင်းကလည်း သန့်တယ်၊ အဲ့ဒီအတွက် အန်တီတို့ကျေနပ်ပါတယ် ...၊

အန်တီတို့က ဆင်းရဲ၊ချမ်းသာ အဓိကမထားဘူး၊ သမီးရဲ့မျိုးရိုးကိုပဲ အဓိကထားကြည့်တာ၊ လူတစ်ယောက်မှာ မျိုးရိုးဟာ အဓိကအကျဆုံးအရာပဲ၊ မျိုးရိုးမကောင်းရင် မျိုးဆက်တစ်ခုလုံး အမည်းစက် စွန်းထင်းတတ်တယ်လေ"





ဒေါ်မိုးမိုးခိုင် ပြောနေသောစကားများကို နားထောင်ရင်း နောင်းရဲ့မေမေဟာ ထက်မြက်မာကျောမယ့်ပုံပဲလို့ မနော တိတ်တဆိတ် မှတ်ချက်ချလိုက်မိသည်။

သို့သော် ... ဘာပဲဖြစ်ဖြစ် မနောရဲ့ဘဝမှာ နောင်းသာ အရေးပါ အရာရောက်ဆုံးလူ ဖြစ်သည်။

မနောတို့ ချစ်ခရီးမှာ နောင်းရဲ့ချစ်ခြင်းကသာ စစ်မှန်သော အဆုံးအဖြတ် ဖြစ်စေရမည်။

မနောကတော့ အဲ့ဒီလိုပဲ မိုက်မိုက်မဲမဲခံယူကာ နောင်းရဲ့အချစ်ကို ခွန်အားတစ်ခုအဖြစ် အကြွင်းမဲ့ယုံကြည်ခဲ့မိပါသည်။

"ဟိတ် ... အံမယ် အံမယ် ... ရုပ်ကြီးက ရုပ်ကြီးကပဲများနေလိုက်တာ ... ဟွန်း"

မနော ပြောရင်းက နှာခေါင်းရှုံ့ပြလိုက်မိသည်။ ဘေးမှာ လူတွေသာရှိရင် မနောကို အရူးမကလေးလို့များ ထင်မလား မသိ။

မနော တစ်ယောက်တည်း ပြောချင်ရာပြောပြီး နှာခေါင်းရှုံ့ပြလိုက်သည်က ဖုန်းထဲက နောင်းရဲ့ဓာတ်ပုံကိုလေ။



www.burmeseclassic.com

www.burmeseclassic.com



နောင်းကို အိမ်ထောင်ပြုတော့မှာမို့ စီးပွားရေးလုပ်တတ်ကိုင်တတ်အောင်ဆိုပြီး နယ်က ပွဲရုံခွဲတွေဆီ နောင်းဖေဖေက လွှတ်ထားသည်မို့ မနောမှာ လွမ်းလွမ်းနှင့် ဖုန်းထဲက နောင်းရဲ့ ပုံရိပ်ကိုပဲ ခဏခဏ ဖွင့်ဖွင့်ကြည့်နေရသည်။

ရုပ်တည်တည်ကြီးနှင့် ပဲကိုင်ကာ စိုက်ကြည့်နေသော နောင်းပုံကို ကြည့်နေရင်းမှ ...

"ကိုယ်မရှိလည်း ကိုယ့်အိမ်ကို မကြာခဏ သွားလည်ပေးပါနော်၊ မေမေက မနောကို သိပ်ချစ်တာ၊ မနော လာလည်ရင် အရမ်းပျော်တယ်တဲ့"

လို့ မှာခဲ့သော နောင်းရဲ့စကားကို သတိရကာ ချက်ချင်း အိပ်ရာထဲမှ လူးလဲထ လိုက်မိသည်။

ပခုံးပေါ်မှာ ဖဲပြားလေးတစ်ပွင့်စီသာ တပ်ထားသော ကျောပြင်ပေါ်မှာ ကြက်ခြေခတ်ပုံဖော်ထားသည့် မိုးပြာရောင် ပိုးပျော့ဂါဝန်ရှည်ကလေးကို လဲလှယ်ဝတ်ဆင်လိုက်ကာ ...

နောင်းရဲ့အိမ်ကို ထွက်လာခဲ့မိသည်။

အိမ်နံပါတ် ... ကိုး။

တစ်ခါက မနော နိုးကြောင်နိုးဝှက် လာချောင်းခဲ့ရသော အိမ်ကလေး။

မနော ပြန်တွေးပြီး ရယ်ချင်လာကာ တခိခိကျိတ်ရယ်မိလျက် ကားဟွန်း တတီတီ တီးလိုက်မိသည်။





ခြံစောင့်ကြီးက ထွက်မလာ။ အလုပ်များနေလို့ပဲလား။

ခဏစောင့်ပြီး ဟွန်းထပ်တီးလိုက်သည်။ ဒါလည်း ထွက်မလာသေး။

မနော စိတ်မရှည်ချင်တော့။ ဟွန်းကို ဆက်တိုက်တီးပစ်လိုက်ချင်စိတ်ပေါက်လာသည်။

ဒါပေမဲ့ ... မဖြစ်သေး။

နောင်းရဲ့ဖေဖေနှင့်မေမေကို လေးစားရမည် မဟုတ်လား။ အိမ်ထဲကို လှမ်းကြည့်မိတော့ ပြတင်းပေါက်မှာ လာရပ်သော နောင်းမေမေရဲ့အရိပ်ကို ဖျတ်ခနဲတွေ့လိုက်ရသည်။

သို့သော် ... အရိပ်မှာ ချက်ချင်းပျောက်သွားသည်။

မနော ဟွန်းထပ်တီးလိုက်သည်။

'တီ .. တီ'

သုံးကြိမ်မြောက်ကျမှပဲ ခြံစောင့်ကြီး ဦးမြင့်ဦးက အိမ်ထဲက ထွက်လာသည်။

အရင်ဆို မနောကိုတွေ့သည်နှင့် ဝမ်းသာအယ်လဲနှင့် ခြံတံခါး အပြေးအလွှားဖွင့်ပေးတတ်သော ဦးမြင့်ဦးကြီးက ခုတော့ မျက်နှာထားဟာ ခပ်တည်တည်နှင့်။

ခြံတံခါးကို ဖွင့်မပေးဘဲ ရပ်နေသည်။

"အာ ဦးလေးရယ် ... မနော ဟွန်းတီးနေတာ ကြာပြီ ... မကြားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်ဦးကြီးက မနောကို ခပ်တည်တည်ပဲကြည့်ကာ ဘာမှပြန်မပြော။

တံခါးလည်း လာမဖွင့်ပေးသည်မို့ မနော စိတ်မရှည်စွာ

''ဘယ်လိုဖြစ်တာလဲ ... ဒီ ဦးမြင့်ဦးကြီးကလည်း၊ တံခါးသော့ ဖွင့်ပေးလေ''

''အိမ်ထဲမှာ ဘယ်သူမှမရှိကြဘူး''

''ဘာ''

ဦးမြင့်ဦးကြီးရဲ့ တုံးတိတိပြောပုံကြီးကြောင့် မနော မျက်မှောင်ကြုတ်လိုက်မိသည်။

အိမ်ထဲမှာ ဘယ်သူမှမရှိကြဘူး ... တဲ့။ မဖြစ်နိုင်တာ။

ခုနကပဲ ပြတင်းပေါက်မှာ အန်တီ လာရပ်တာ မနော မျက်စိနဲ့ တပ်အပ်တွေ့လိုက်ရတာပဲဟာ။

မနော ဘာမှမပြောနိုင်ခင်မှာပဲ ဦးမြင့်ဦးကြီးက လှည့်ပြန်ကာ အိမ်ထဲပြန်ဝင်သွားတော့သည်။

ကြည့်စမ်း ... အဲ့ဒါ ဘာသဘောလဲ။

မနောကို ဘာလို့ ဒီလိုဆက်ဆံရတာလဲ။

ဒီအိမ်ဟာ မနောအတွက် ဝင်နေထွက်နေကျ တံခါးမရှိ ဓားမရှိတဲ့အိမ်။

ခုတော့ မနောကို ခြံတံခါးတောင် ဖွင့်မပေးတာ ဘာသဘောလဲ။





''တောက်''

မနော နားမလည်နိုင်စွာ မကျေမနပ် တောက်ခေါက်ပြီး ကားကို ချက်ချင်း မောင်းထွက်လှည့်ပြန်လာခဲ့သည်။

ရင်ထဲမှာတော့ ခံပြင်းအောင့်သက်စွာ ဆူလောင်နေမိသည်။

အိမ်ပြန်ရောက်သည်အထိ မနောရင်ထဲက မကျေနပ်ခံပြင်းစိတ်က ပျောက်ပျက်မသွား။

မနော ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိရင်းက

နောက်ဆုံးမှာ တိုက်ရိုက်ရှင်းမှပဲဖြစ်မည် ... ဟု ဆုံးဖြတ်လိုက်ကာ နောင်းရဲ့အိမ်ကို ဖုန်းခေါ်လိုက်တော့သည်။

''ဟယ်လို''

ဖုန်းထူးသံက နောင်းတို့အိမ်က ထမင်းချက် ကောင်မလေး စန္ဒာရဲ့အသံဖြစ်သည်။

စန္ဒာဟာ တစ်ခါမှ ဖုန်းကိုင်တတ်သူမဟုတ်။

''စန္ဒာ ... လူကြီးတစ်ယောက်ယောက်ကို ဖုန်းလွှဲပေးပါ''



www.burmeseclassic.com

www.burmeseclassic.com



မနောအသံက တစ်ခါမှ မမာစဖူး မာသွားမိသည်။

"ဟိုလေ မမ ... အိမ်မှာ ဘယ်သူမှမရှိကြဘူး"

လာပြန်ပြီ။

ဒီစကားကိုပဲ အိမ်ကလူတွေကို ကြက်တူရွေးနှုတ်တိုက် သင်ပေးထားတယ် ထင်ပါရဲ့။

မနော လုံးဝစိတ်မရှည်နိုင်တော့စွာ ...

"မစန္ဒာ မမကိုမညာနဲ့ ... မမသိတယ်၊ ခုနကပဲ အန်တီ့ကို မမ တွေ့လိုက်ပြီးသား၊ အန်တီ့ကို ဖုန်းလွှဲပေးလိုက်စမ်းပါ၊ မမက အန်တီနဲ့ ဖုန်းတိုက်ရိုက်ပြောချင်တယ်လို့"

တစ်ဖက်မှအသံက ခဏတိတ်သွားသည်။

ပြီးတော့ လက်အုပ်ပြောတဲ့အသံကလေးကို မနော ဆက်ကြားလိုက်ရသည်။

"အန်တီ ... ဟို ဟို ... အန်တီ့ကို တွေ့တယ်တဲ့၊ မမက အန်တီနဲ့ တိုက်ရိုက်ဖုန်းပြောချင်တယ်တဲ့"

မနော ဟွန့်ခနဲ နှုတ်ခမ်းလေးတွန့်ပြီး ပြုံးလိုက်မိသည်။

ဖုန်းကိုင်နေကျမဟုတ်တော့ ဘယ်လိုပဲ စကားသင်ပေးထားထား မညာတတ်တာ ပေါ်လွင်လေသည်။

မနော ဆက်ပြီး နားထောင်နေဆဲ။ ခဏ အသံတိတ်သွားခဲ့ပြီး ...

"အေး ... ပြော"





နောင်းမေမေရဲ့အသံမှာ မနော မယုံနိုင်လောက်အောင် မာကျောတင်းပြတ်လို့နေသည်။

မနောသည် တံတွေးတစ်ချက် မျိုချလိုက်မိလျက် ...

"မနောကို ဘာဖြစ်လို့ ခြံတံခါးဖွင့်မပေးတာလဲ သိချင်လို့ပါ"

ရှင်းပြတ်လွန်းလှသော ဆက်ဆံရေးကြောင့် မနော သွယ်ဝိုက်မနေတော့ဘဲ လိုရင်းပဲ မေးလိုက်မိသည်။

"အေး ... သိချင်ရင် ပြောပြမယ်၊ ဒါပေမဲ့ ... မင်းသိအောင် တစ်ခုတော့ ကြိုပြောထားမယ် မနောဖြူ၊ ဒါဟာ ... မင်းနဲ့တို့ရဲ့ နောက်ဆုံးစကားပြောခြင်းပဲဆိုတာတော့ နားလည်ထားပါ"

ထနောင်းမေမေ့ရဲ့စကားကြောင့် မနော ကိုယ့်နားကိုယ် မယုံနိုင်အောင် ဖြစ်သွားရသည်။

"ရှင် ... ဘယ် ... ဘယ်လို"

"ဒီမှာ ... ဒီထက် ရှင်းအောင် ပြောပြရဦးမှာလား၊ မင်းနဲ့တို့ ဒါ နောက်ဆုံးပတ်သက်ခြင်းပဲ"

"အန်တီ"

"နေဦး ... မင်း ဘာမှမပြောနဲ့၊ တို့ပြောတာ အရင်နားထောင် ... မင်း ကိုယ့်အကြောင်းကိုယ်သိတယ်ဆိုရင် တို့မိသားစုနဲ့ ဘယ်နည်းနဲ့မှ ပတ်သက်ဖို့ မကြိုးစားပါနဲ့တော့ ... ရှင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



လား ...၊

မင်းနဲ့ငါ့သား လက်ထပ်မယ့်အစီအစဉ်ကိုလည်း တို့ ဘက်ကစပြီး ဖျက်တယ်''

''ရှင်''

မနောမှာ နားစည်တစ်ခုလုံး ပွင့်ထွက်သွားရသလို ထိတ်လန့်တကြားဖြစ်သွားရသည်။

လက်ထဲက ဟန်းဖုန်းကိုပင် လွှတ်ကျမသွားရအောင် မနည်းသတိထားလိုက်ရသည်။

လက်ထပ်မယ့်အစီအစဉ်ကို ဖျက်တယ် ...တဲ့။

ဟင့်အင်း ... အဓိပ္ပာယ်မရှိတာ။

ဘာဆိုင်လို့ ဖျက်ရမှာလဲ။ မဖျက်ရဘူး။

''ဘာ ... ဘာဖြစ်လို့လဲ အန်တီ၊ မနောမှာ ဘာအပြစ် ရှိလို့လဲ၊ မနော ... မနောမှာ ဘာချွတ်ယွင်းချက်ရှိလို့လဲ''

မနောသည် အသက်ပင်မရှူမိဘဲ ထိတ်လန့်တုန်လှုပ်စွာ မေးလိုက်မိသည်။

''တို့ပြောခဲ့ပြီးသားပဲ ... တို့မိသားစုက ဆင်းရဲချမ်းသာ အဓိကမထားဘူး၊ မျိုးရိုးကိုသာ အဓိကထားတယ်လို့၊ မင်း ဘယ် နည်းနဲ့မှ ငါတို့မိသားစုထဲ ဝင်ဖို့မဖြစ်နိုင်ဘူး ... ဒါပဲ''

ယတိပြတ် ပြောပြီးပြီးချင်း ဖုန်းချလိုက်တာကြောင့် မနောမှာ ဘာမှဆက်ပြောခွင့်မရတော့။





ဟမ်းဖုန်းကို နားမှာအပ်မိလျက်သားနှင့် ရှော့ခ်ရသလို အကြာကြီး ငြိမ်သက်ကြောင်အမ်းသွားမိသည်။

မျိုးရိုး ...။

မနောရင်ထဲ လှိုက်ကာ ဆို့တက်ခါးသီးသွားရသည်။

ဘယ်လောက် ရက်စက်လိုက်တဲ့ ကံကြမ္မာလဲ။

မနောဟာ ဒီဘဝ ဒီတစ်သက်မှာ ထနောင်းတစ် ယောက်တည်းကိုပဲ အရူးအမူး ချစ်ခဲ့ဖူးတာပါ။

ထနောင်းနဲ့ချစ်ခွင့်ရခဲ့လို့ ချစ်သူတွေဖြစ်ခွင့်ရခဲ့လို့ ပျော် ရွှင်ခဲ့ရသည်မှ မကြာသေး။

ခုတော့ ... ရက်စက်လိုက်တာ။

ဘယ်လိုမာရ်နတ်ဆိုးက မနောနဲ့ ထနောင်းရဲ့ချစ်ခြင်း ကို တိုက်ဖျက်ဖြိုခွဲမှာလဲ။

နောင်း ... နောင်းရေ ...

မနောအနား ရှိလှည့်ပါ။

မနောဆီ ပြန်လာလှည့်ပါ။

မနောဘက်က ခိုင်ခိုင်မာမာ ရပ်တည်ပေးပါဦး။

မနောကို ခွန်အားတွေ ပေးလှည့်ပါဦး နောင်းရယ်။

နောင်းနဲ့သာ ခွဲရရင် ...

နောင်းနဲ့သာ ဝေးရရင် ...

အား ...



www.burmeseclassic.com

www.burmeseclassic.com



မနော ရှုံးရလိမ့်မယ် နောင်းရဲ့။

မနောသည် လက်ထဲမှ ဟန်းဖုန်းကို ကြမ်းပြင်ဆီ သွေးရှူးသွေးတန်း ပစ်ပေါက်လိုက်ကာ . . .

သည်းသည်းထန်ထန် ရှိုက်ငင် ငိုကြွေးလိုက်မိတော့သည်။



အခန်း (၁၂)

# "သမီး"

ရုတ်တရက် ဒက်ဒီ့အသံကို ကြားလိုက်ရလျှင် မနောသည် နောင်းဓာတ်ပုံကိုကြည့်ကာ မျက်ရည်များ တစ်ပေါက်ပြီး တစ်ပေါက်ကျနေမိရာမှ ကပျာကယာမျက်ရည်သုတ်လိုက်သည်။

''မနော . . . သမီး''

ဒက်ဒီရဲ့လက်က မနောပခုံးကို ကြင်နာစွာဆုပ်ကိုင်သည်။

မနော မျက်ရည်စတွေကို ဒက်ဒီမြင်မှာစိုးသည့်အတွက် မော့မကြည့်ဖြစ်။

''သမီး ဘာတွေဖြစ်နေလဲဟင်၊ ဒက်ဒီ့သမီး တမှိုင်မှိုင် တတွေတွေဖြစ်နေတာ ဒက်ဒီ သိပါတယ်၊ သမီး ဘာတွေစိတ်ညစ်နေလဲ . . . ဒက်ဒီ့ကို ပြောစမ်း၊ ဒက်ဒီ့သမီးမှာ ဘာတွေစိတ်ဆင်းရဲစရာရှိလဲ''



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီ့မေးသံက ပူပူပင်ပင်။

ဒက်ဒီက မေးလာပြီ။ မနော ဘယ်လိုပြန်ဖြေရမှာလဲ။

ဒက်ဒီကိုမှ မပြောရင် မနောမှာ ပြောရမယ့်သူ မရှိ။

"ပြောလေ သမီး ... ဒက်ဒီတို့က သမီးကို မျက်နှာလေး တစ်ချက်မညှိုးရအောင် ထားတာ၊ သမီးကိစ္စက ဒက်ဒီ့ကိစ္စပဲ၊ သမီးရဲ့စိတ်ဆင်းရဲမှုတွေကို ဒက်ဒီလည်း မျှဝေခံစားပါရစေ၊ ဒက်ဒီဖြေရှင်းနိုင်တဲ့ အပိုင်းကဏ္ဍကနေ ဝိုင်းဝန်းဖြေရှင်းပေးပါရ စေ"

"ဟင့်အင်း ... ဒက်ဒီ ဖြေရှင်းပေးလို့ မရနိုင်ပါဘူး ဒက်ဒီရယ်"

မနော ဒက်ဒီ့ကို အားလျော့စွာ ပြောမိသည်။

"အို ... ဒက်ဒီဖြေရှင်းပေးဖို့ ဘာဖြစ်လို့ မရနိုင်ရမှာလဲ၊ ပြောစမ်းပါ ... သမီးရဲ့ပြဿနာကို ပြောစမ်းပါ"

ဒက်ဒီက အတင်းအကျပ်မေးပြီး ... မနောသည် မျက်ရည်ဥတွေ ရစ်ဝဲလာပြန်လျက် ...

"ထားလိုက်ပါတော့ ဒက်ဒီရယ် ... အရာအားလုံး ပြီးဆုံးသွားပါပြီ၊ သမီးအတွက် ဒက်ဒီ ဝိုင်းပြီး မပူလောင်ပါနဲ့တော့"

မနော စိမ့်တက်ရစ်ဝဲလာပြန်သော မျက်ရည်တွေကို မျက်တောင်များ တဖျပ်ဖျပ်ခတ်ကာ သိမ်းရန်ကြိုးစားသည်။

"ဒက်ဒီ နားမရှင်းဘူး သမီးရယ် ... ဒက်ဒီကို သေ





သေချာချာ ပြောပြစမ်းပါ၊ သမီး ဒက်ဒီကို ဘာမှမကွယ်ဝှက်ပါနဲ့၊ ဒက်ဒီကိုမှမပြောရင် သမီး ဘယ်သူ့ကို ပြောမှာလဲ၊ ဘာလဲ ... သမီးဘဝမှာ ဒက်ဒီက အရေးမပါတော့ဘူးလား"

ဘယ်သို့မေးမေး မနောက ဖြေမည့်ပုံမပေါ်တော့။ ဒက်ဒီ စကားနာထိုးသည်။

ဒက်ဒီ အဲ့လိုစကားပြောတော့ မနော မနေနိုင်တော့။

မျက်တောင်လေး တဖျပ်ဖျပ်ခတ်ကာ တစ်ချက်ရှိုက်လိုက်ရင်းက ...

ထနောင်းမေမေ ခြံတံခါးဖွင့်မပေးဘဲ ရင့်ရင့်သီးသီး ဆက်ဆံပုံနှင့် ...

ဖုန်းထဲမှာ ပစ်ပစ်ခါခါ ပြောလိုက်သောစကားလုံးတွေကို မျက်ရည်လေးတဝဲဝဲ အသံကလေးတုန်တုန်နှင့် ဒက်ဒီကို အကုန်ဖွင့်ပြောပြမိတော့သည်။

မနောပြောပြသောစကားတွေကို စ,နားထောင်ကတည်းက တစ်စထက်တစ်စ မျက်နှာကြီး နီရဲတင်းမာကာ ဒေါသတွေ တလိပ်လိပ်ထွက်လာခဲ့ရသော ဦးထိန်လင်းသည် မနော စကားဆုံးသည်နှင့် ...

"တောက်"

တစ်ချက်ကို ပြင်းထန်စွာခေါက်ကာ ...

"ရင့်သီးလိုက်တာကွာ၊ မျက်နှာလေးတစ်ချက်အညှိုးမခံ



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ရွှေလိုဥ, ပိုးလိုမွေးခဲ့တဲ့ ငါ့သမီးကိုများ ရက်ရက်စက်စက် ပြောရက်လိုက်တာ''

ဒက်ဒီ့မျက်နှာမှာ ဒေါသတွေ မီးလိုတောက်ကာ နီရဲလို့ နေသည်။ ဒက်ဒီက မနောဆံပင်လေးတွေကို အုပ်မိုးပွတ်သပ်ကာ

''သမီး ...သမီး ...ဒက်ဒီ့သမီးလေး သနားစရာ ကောင်းလိုက်တာ ငါ့သမီးရယ်၊ သမီးမှာ ဘာအပြစ်ရှိလို့လဲ''

ဒက်ဒီက ယုန်ကလေးလို အပြစ်ကင်းစင်လှသော မနောမျက်နှာလေးကို သနားကြင်နာစွာကြည့်ပြီး ပြောသည်။

ဒက်ဒီ အဲ့လိုပြောတော့မှပဲ မနောမှာ ပိုပြီးဝမ်းနည်းလာကာ မျက်ရည်တွေကို တားဆီး ထိန်းချုပ်လို့မရနိုင်တော့ဘဲ ..

''အဟင့်ဟင့်''

ဝမ်းပန်းတနည်း ငိုကြွေးမိတော့သည်။

ဦးထိန်လင်း ကျောပြင်လေး တသိမ့်သိမ့်ခါအောင် ရှိုက်ငင်ငိုကြွေးနေသော သမီးဖြစ်သူကိုကြည့်ကာ ...

''တောက်''

တစ်ချက်ကို ကြိတ်မနိုင်ခဲမရ ခေါက်ပြီး စားပွဲကို ...

'ဒုံး'

မြည်အောင် လက်သီးနှင့် အားကုန်ထိုးချလိုက်မိသည်။

ဒက်ဒီ ကြမ်းပြင်ကို ခြေသံပြင်းပြင်းနင်းလျက် ဖုန်းထားရာဆီ လှမ်းသည်။





''ဒက်ဒီ''

မနော ချက်ချင်းထ,ကာ ဒက်ဒီ့ဆီ ပြေးသည်။ ဒက်ဒီက ဖုန်းခွက်ကို မ,လိုက်ချေပြီ။

''ဒက်ဒီ ...ဒက်ဒီရယ် ...ဒက်ဒီ သူတို့နဲ့ မပတ်သက်ပါနဲ့၊ သမီးကြောင့် ဒက်ဒီ အပြောအဆို မခံရစေချင်ဘူး၊ သမီး ဝဋ်ကြွေးနဲ့ သမီးပဲ ရှိပါစေတော့''

မနော ဒက်ဒီ့လက်ကို ဖမ်းဆွဲထားရင်း တောင်းပန်နေမိသည်။

''နေစမ်းသမီး ... သားသမီးနဲ့ပတ်သက်တဲ့ အရေးကိစ္စတိုင်းဟာ မိဘမှာ တာဝန်ရှိတယ်၊ ဒက်ဒီ ဆုံးဖြတ်ပြီးသွားပြီ ... သမီး မတားနဲ့တော့''

ဆုံးဖြတ်ပြီးရင် ဆုံးဖြတ်တဲ့အတိုင်း ပြတ်သားစွာ လုပ်တတ်သော ဒက်ဒီ့စိတ်ဓာတ်ကို မနောသိသည်မို့ ထပ်ပြီးမတားရဲတော့။

ဒက်ဒီ့လက်ကို အသာလွှတ်ကာ ...

ဖုန်းနံပါတ်များကို ဒေါသတကြီးနှိပ်နေသော တဆတ်ဆတ်တုန်နေသည့် ဒက်ဒီ့လက်ချောင်းများကို ရင်တထိတ်ထိတ်ဖြင့် စိုက်ကြည့်နေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . ငါပြောချင်တာ ဒေါ်မိုးမိုးခိုင်နဲ့၊ အဲ့ဒီမှာ ဖုန်းကို ဒေါ်မိုးမိုးခိုင်ဆီ လွှဲပေးလိုက်စမ်း"

မနောသည် ဒေါသတကြီး ဖုန်းပြောနေသော ဒက်ဒီ့ကို ကြည့်ကာ ရင်များထိတ်နေမိသည်။

ထနောင်းမေမေရဲ့ မာကျောတင်းပြတ်လှသော စိတ်ထားကိုလည်း သိထားသည်မို့ ဒေါသကြီးလှသော ဒက်ဒီနှင့်တော့ ဒုက္ခပါပဲဟု တွေးထိတ်နေမိသည်။

"ထိန်လင်းလို့ ပြောလိုက်"

မနောသည် ဒက်ဒီကိုင်ထားသည့်ကြားက ဖုန်းခွက်နားအတင်းကပ်ကာ နားထောင်လိုက်မိသည်။

"ပြောပါ"

ထနောင်းမေမေရဲ့အသံမှာ လေသံပြတ်လွန်းလှသည်။

"ပြောမယ် . . . ပြောချင်လို့ကို ကျွန်တော် ဖုန်းဆက်လိုက်တာ၊ ခင်ဗျားတို့ ဘယ်လိုလုပ်လိုက်တာလဲ၊ ကျုပ်သမီးကို ခြိတံခါး ဖွင့်မပေးဘူးဆို၊ ခင်ဗျားတို့ လူပါးဝလှချည်လား"

ဒက်ဒီ့အသံကလည်း သမီးအတွက် မခံချိမခံသာ ဖြစ်လွန်းနေတာ ပေါ်လွင်လှသည်။ ဒက်ဒီ့အသံမှာ တုန်ယင်အက်ကွဲလို့နေသည်။





"ခင်ဗျားတို့ဘက်ကစပြီး မင်္ဂလာပွဲအစီအစဉ်ကို ဖျက်သိမ်းတယ်ဆို၊ အဲ့ဒါ . . . အဲ့ဒါ ဘာသဘောလဲ၊ ပြောစမ်းပါ၊

ခင်ဗျားတို့ပဲ ကျုပ်သမီးကို ချစ်လှပါချည်ရဲ့ဆို၊ ကျုပ်သမီးနဲ့တွေ့မှ ခင်ဗျားတို့က ပျော်တော်မူလာလို့ ကျေးဇူးတင်လှပါရဲ့ဆို . . .၊

အခု . . . ဘာအကြောင်းနဲ့ ဖျက်သိမ်းရတာလဲ၊ ကျုပ် ကျုပ်သမီးလေး အဲ့ဒီအတွက် အရှမ်းခံစားနေရတယ် . . . သိရဲ့လား . . .၊

မင်္ဂလာပွဲတစ်ခုကို အားလုံးစီစဉ်ပြီးမှ ဒီလိုလက်လွှတ်စပယ်နဲ့ ဖျက်သိမ်းလို့ရရိုး ထုံးစံရှိလားဗျာ၊ ခင်ဗျား . . . ခင်ဗျားသမီးမွေးမထားပေမယ့် မိန်းမသားချင်း ကိုယ်ချင်းစာမှပေါ့"

ဒေါသကြောင့်ရော၊ မခံချင်စိတ်ကြောင့်ရော သမီးအတွက် ယူကျုံးမရဖြစ်စိတ်ရော ပေါင်းစပ်ကာ ဦးထိန်လင်းမှာ စကားအရှည်ကြီး ပြောချလိုက်မိသည်။

တစ်ဖက်မှ ဘာစကားသံမှ ထွက်မလာဘဲ အသက်ရှူသံပြင်းပြင်းသာ ထွက်ပေါ်လာခဲ့သည်။

"ကျုပ် . . . ကျုပ်သမီးမှာ ဘာအပြစ်ရှိလဲ ပြောစမ်းပါ၊ ရုပ်ရည်, ပညာ, ဥစ္စာဓန, ဘာတစ်ခုများ ချို့ယွင်းချက်ရှိသလဲ"

"ဟုတ်ပါတယ် ဦးထိန်လင်းရယ် . . . ရှင့်သမီးက ရုပ်ရည်ရော, ပညာရော, ဥစ္စာဓနရော ဘာတစ်ခုမှ အပြစ်ပြောစရာ



www.burmeseclassic.com

www.burmeseclassic.com



မရှိပါဘူး၊ ချို့ယွင်းချက်လည်း မရှိပါဘူး၊ ပြောစရာဆိုလို့ တစ်ခုပဲ ရှိတာပါ''

''ဘာလဲ ... ပြောစမ်းပါ''

''ဟုတ်ကဲ့ ... မျိုးရိုးပါ ... မျိုးရိုးကြောင့်ပါ''

ဒေါ်မိုးမိုးခိုင်ရဲ့စကား ကြားလိုက်ရလျှင် ဦးထိန်လင်းမှာ ကြက်သေ,သေသွားရတော့သည်။

''ဦးထိန်လင်း နားလည်မှာပါ ... လူမှာအမျိုး, ကြက်မှာ အရိုးတဲ့၊ ရှင့်သမီးက ဘာမှပြောစရာမရှိအောင် အစစအရာရာ ပြည့်စုံပါတယ်၊ ဒါပေမဲ့ မျိုးရိုးအနေအထားကြောင့်သာ ကျွန်မတို့သားနဲ့ လုံးဝသဘောမတူနိုင်တာပါ ...၊

ဒီမှာ ဦးထိန်လင်း ... မနောဖြူဟာ တကယ်လို့သာ ဦးထိန်လင်းနဲ့ဒေါ်ရီရီနှင်းတို့ရဲ့ သမီးအရင်းသာဖြစ်တယ်ဆိုရင် ကျွန်မအနေနဲ့ သဘောတူမှာပါ၊ ခုတော့ ...''

ဒေါ်မိုးမိုးခိုင်မှာ စကားမဆက်။

မသဲမကွဲကြားရသော်လည်း မနောမှာ ကိုယ့်အကြောင်းအစစ်အမှန်ကို ထနောင်းတို့မိသားစု သိသွားလေပြီမို့ ကျိတ်၍ကျိတ်၍ ရှိုက်ငိုနေမိသည်။

တကယ်တော့ မနောအနေနှင့် ဒီအကြောင်းတွေကို အသိမခံရဲလို့၊ ဝန်မခံရဲလို့မဟုတ်။ လူကြီးတွေက ခွင့်မပြု၍ အသိမပေးမိခြင်းသာ။ ခုလိုတွေ ဖြစ်လာလိမ့်မယ် ... လို့၍မှ





မထင်ခဲ့ဘဲ။

''ခင် ... ခင်ဗျား''

ဦးထိန်လင်းမှာ တုန်ယင်ထစ်ငေါ့စွာဖြင့် ဘာပြောလို့ ပြောရမှန်းပင် မသိ။

ပြောစရာစကားလည်း မရှိသလိုဖြစ်သွားရသည်။ အစပိုင်းမှာ တိတ်ဆိတ်ငြိမ်သက်နေခဲ့သော ဒေါ်မိုးမိုးခိုင်မှာ ခုမှအလှည့်ရောက်လာသလို အထက်စီးမှ ဖိပြောချေပြီ။

''ကျွန်မတို့မိသားစုက ချမ်းသာကြွယ်ဝမှုထက် မျိုးရိုးအဆင့်အတန်းကို အဓိကထားကြည့်ကြတာပါ၊ သူဘာရာဇာတစ်ယောက်ရဲ့သမီးကိုတော့ ကျွန်မတို့အနေနဲ့ မိသားစုထဲ ဘယ်လိုနည်းနဲ့မှ ဝင်ခွင့်မပြုနိုင်ပါဘူး''

မနော နားတွေကို ယောင်ယမ်းပိတ်လိုက်မိသည်။

သူဘာရာဇာတစ်ယောက်ရဲ့သမီး ... တဲ့။

ရင့်သီးလိုက်ကြတာ။

ဒါ ... မနောရဲ့အပြစ်လား။

''တက်နေဝန်းကုမ္ပဏီပိုင်ရှင် သူဌေးကြီးဦးထိန်လင်းကို ကျွန်မအနေနဲ့ တစ်ခုတော့ မေတ္တာရပ်ခံပါရစေ ... ရှင်တို့ရဲ့ ချမ်းသာကြွယ်ဝမှုတွေ အို ... တိုက်တွေ, ကားတွေ, နောက်ဆုံးကုမ္ပဏီကြီးတစ်ခုလုံး ပုံပေးမယ်ဆိုရင်တောင် ကျွန်မတို့ကတော့ ကျွန်မတို့သားကို သူဘာရာဇာသမီးနဲ့ သဘောမတူနိုင်ဘူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ ...၊

ကဲ ... ဒီလောက်ဆို ရှင် သဘောပေါက်လောက်ပြီ ထင်ပါရဲ့နော်၊ ရှင့်ရဲ့မွေးစားသမီးကို ကျွန်မသားနဲ့ ထပ်မံဆက် သွယ်ပတ်သက်ခြင်းမလုပ်အောင် ကြပ်ကြပ်မတ်မတ် အုပ်ထိန်း ပေးပါ ...၊

ကျွန်မအနေနဲ့ကတော့ ကျွန်မရဲ့သားကို ကောင်း ကောင်းကြီး ထိန်းနိုင်ပါတယ် ... ဒါပါပဲ''

'ခွပ်'

ခနဲ ဖုန်းခွက် ဆောင့်ချလိုက်သံ။

ဦးထိန်လင်းမှာ ဖုန်းခွက်ကို သတိလက်လွတ်ကိုင်လျက် သားနှင့် ကြောင်အမ်း ကြက်သေ,သေလျက် ...

မနောကတော့ အခန်းထောင့်မှာ ဒူးနှစ်လုံးပေါ် မျက်နှာ မှောက်ကာ လက်ဝါးနှင့်အုပ်လျက် သည်းသည်းထန်ထန် ရှိုက်ငို ၍နေချေပြီ။



## အခန်း (၁၃)

"သမီး... သမီးလေးရယ် ဒက်ဒီ သနား လိုက်တာ၊ ငါ့သမီးကို ဒက်ဒီ သနားလိုက်တာ''

ဒူးကလေးတုပ်ကာ ငိုနေသော မနောပခုံးလေးနှစ်ဖက် ကို ကြင်နာစွာဆုပ်ကိုင်ပြီး ဦးထိန်လင်း ကရုဏာသက်စွာ ပြောမိ သည်။

''ဒက်ဒီ ဘာလုပ်ပေးရမလဲ သမီး၊ ဒက်ဒီ ဘာလုပ်ပေး ရမလဲ၊ ငါ့သမီး စိတ်ဆင်းရဲတာတော့ ဒက်ဒီ မမြင်ရက်နိုင်ဘူး''

''ရပါတယ် ဒက်ဒီရယ် ... ဒက်ဒီ ဘာမှလုပ်မပေးပါနဲ့ တော့၊ ဒီလောက်လုပ်ပေးတာပဲ လွန်းလှပါပြီ၊ သမီးဝဋ်ကြွေးနဲ့ သမီးပဲ ရှိပါစေတော့''

သမီးဖြစ်သူက ဒီလိုပြောလာတော့လည်း ဦးထိန်လင်း ရင်ထဲ မချို။

မွေးကင်းစ အနှီးဖြူဖြူထုပ်လေးထဲက နီတာရဲဘဝလေး



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့ရသည်မို့ သမီးလေးကို မွေးစားထားခဲ့သည်ဆိုသည့်အဖြစ်ကို လုံးလုံးမေ့လျော့မိသည် အထိ။

သမီးအရင်းလေးလို့သာ ရင်ထဲမှာ နှစ်နှစ်ကာကာ စွဲမှတ်ခဲ့တာ။ ခုတော့ ...

သူစိမ်းတစ်ယောက်က မွေးစားသမီး၊ သုဘရာဇာတစ်ယောက်ရဲ့သမီး ... လို့ ရင့်ရင့်သီးသီး ရက်ရက်စက်စက် ပြောလာတော့ အမှန်တရားပေမယ့် မခံရပ်နိုင်အောင် နာကျင်မိသည်။

"ဒီ ... ဒီအကြောင်းတွေ သူတို့ ဘယ်လိုသိသွားကြတာလဲ၊ ဒက်ဒီနဲ့မာမီက သမီးလေးရဲ့အုပ်ထိန်းသူမိဘတွေအဖြစ် တရားဝင် လူသိထားတာပဲ ...၊

ဒီအကြောင်းတွေဟာ တို့မိသားစုအပြင် ဘယ်သူမှ မသိတဲ့ လျှို့ဝှက်ချက်ပဲ ...၊ သူတို့ ဘယ်လိုသိသွားကြတာလဲဆိုတာ စဉ်းစားစရာပဲ သမီး"

ဒက်ဒီမျက်နှာပေါ်၌ သံသယအရိပ်များ စွန်းထင်း၍သွားသည်။ မနော ... ဒက်ဒီ့ကို ခေါင်းခါပြလိုက်သည်။

"မစဉ်းစားပါနဲ့တော့ ဒက်ဒီရယ်၊ သမီးလည်း မစဉ်းစားချင်တော့ဘူး။ သမီး ... သမီး အားလုံးကို မေ့နိုင်အောင် ကြိုးစားပါ့မယ်၊ သမီးကြောင့် ဒက်ဒီတို့ကိုလည်း စိတ်မဆင်းရဲစေချင်ပါဘူး"





မနော အံကလေးကြိတ်လိုက်သည်။

မေ့နိုင်အောင် ကြိုးစားပါ့မယ်လို့သာ ဒက်ဒီ့စိတ်ထဲ ပေါ့ပါးသွားအောင် ပြောလိုက်ရသော်လည်း ဘယ်လိုခွန်အားမျိုးနဲ့များ ချစ်သူကို မေ့လို့ရမှာတဲ့လဲ။

ပြီးတော့ ... ချစ်သူကရော ကိုယ့်ကို မေ့နိုင်မှာတဲ့လား။

သေကွဲ ကွဲခဲ့ရဖူးတဲ့ ခဲမှန်ဖူးတဲ့စာသူငယ်လို ကိုယ့်ကို လက်လွှတ်ဆုံးရှုံးရမှာ အရမ်းကို စိုးထိတ်ကြောက်လန့်ရှာတဲ့ ချစ်သူ။

အရမ်းကို မြဲနိုင်တဲ့ ချစ်ခြင်းတရား။

နှောင်ဖွဲ့ တွယ်ငယ်တဲ့ သံယောဇဉ်။

သူလည်း မေ့လို့ရမှာမဟုတ်။

ကိုယ်လည်း ဘယ်လိုမေ့လို့ရနိုင်မှာလဲ။

ဘယ်လို မေ့လိုရနိုင်မှာတဲ့လဲ ...။

"ဟူး"

ခရီးဆောင်အိတ်ကို ဆိုဖာပေါ် ပစ်တင်လိုက်ရင်းက ထနှောင်း လေပူများကို မှုတ်ထုတ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက နယ်ကပွဲရုံခွဲတွေဆီ အောက်ခြေသိမ်းလုပ် တတ်အောင် လွှတ်ထားသည်မို့ ထနောင်းမှာ မစားသာ။ ပင်ပန်း လိုက်တဲ့ဖြစ်ခြင်း။

ဒါပေမဲ့ … ပင်ပန်းတဲ့ဒဏ်ကို သူ ခံနိုင်ပါသည်။

မနောကို လွမ်းတဲ့ဒဏ်ကိုသာ မခံနိုင်,ခံနိုင် ကြိတ်မှိတ် ခံခဲ့ရသည်။

ခုလည်း ခရီးပန်းလာသည့်ဒဏ်ကို မမှုအား။ တယ်လီ ဖုန်းဆီသာ ပြေးမိသည်။

''ဟယ်လို''

အသံသြန္ဒေးနွေးလေးကို ကြားလိုက်ရလျှင် ထနောင်း ရင်ထဲ အေးမြသွားရသည်။

အကြာကြီး လွမ်းခဲ့ရပြီးမှ … အသံလေးကြားလိုက်ရ သောအခါ ပိုလွမ်းသွားသလို ခံစားလိုက်ရသည်။

''ချစ်လေး''

ထနောင်း တိုးဖွညင်သာလေး ခေါ်လိုက်မိသည်။

''ဟယ် … နောင်း … နောင်းပြန်ရောက်ပြီ … ဟုတ် လား''

ရုတ်တရက် မထင်ထားသလို အရမ်းကို ဝမ်းသာကြည် နူးသွားသော ချစ်သူလေးရဲ့အသံကို ကြားလိုက်ရသောအခါ ထနောင်း ကျေနပ်စွာ ပြုံးလိုက်မိသည်။





သူ အရမ်းကို လွမ်းနေခဲ့သလို … မနောလေးလည်း သူ့ကို အရမ်းလွမ်းနေခဲ့မှာ သေချာတယ်လေ။

''ကလေး … ကိုယ် အရမ်းလွမ်းတယ်ကွာ၊ အခု ပြန် ရောက်ရောက်ချင်း အရမ်းကို ခရီးပန်းနေတဲ့ကြားက ချစ်လေးကို လွမ်းလွန်းလို့ ဖုန်းဆက်လိုက်တာ …၊

ချစ်လေးရော ကိုယ့်ကိုလွမ်းလား၊ ကိုယ် အခု ရေမိုး ချိုးပြီးတာနဲ့ လာခဲ့မယ်နော်၊ စောင့်နေ … သိလား၊ ပြီးရင် မာမီ့လက်ရာ အတူစားကြမယ်လေ''

ထနောင်း လွမ်းခဲ့ရသမျှ အတိုးချပြီး မနောကို စကား တွေ အဆက်မပြတ် ပြောသည်။

အရမ်းကို တွေ့ချင်လွန်းလို့နေပြီလေ။

''မလာခဲ့နဲ့''

''ဟင် … ဘယ်လို''

ထနောင်း ကိုယ့်နားကိုယ်ပင် မယုံနိုင်သလို အရမ်းကို အံ့သြသွားရသည်။

မနောရဲ့လေသံမှာ ခုနကလို ကြည်နူးဝမ်းသာနေတဲ့ အသံကလေး မဟုတ်တော့ပေ။ စိမ်းကားမာကျောလွန်းလို့ နေ သည်။

''ကျွန်မဆီ ဘယ်တော့မှ လာဖို့ မကြိုးစားနဲ့တော့၊ ရှင်နဲ့ကျွန်မ ဇာတ်လမ်းက ပြီးပြီ''



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြီ ... ဆိုသောအသံနှင့် ဖုန်းပိတ်လိုက်သံမှာ တစ်ထပ်တည်း။

ဟ ... ဘာတွေလဲ။

မနော ဘာတွေဖြစ်နေတာလဲ။

သူ နယ်သွားနေတဲ့အချိန်အတောအတွင်းမှာ ဘယ်လိုကြီး ဖြစ်သွားရတာလဲ။

မနော တစ်ခါမှ ခုလို လေသံမာမာနဲ့ မပြောဖူး။

စ,နောက်တာလည်း မဖြစ်နိုင်။

သူ့ကို မျက်နှာတောင် တစ်ချက်အညှိုးမခံနိုင်အောင် အရှုးအမူးချစ်သည့် ချစ်သူလေးက ဒီလို မာကျောစိမ်းပြတ်သော စကားတွေ စပြောသတဲ့လား။

သူ လုံးဝကို မယုံကြည်နိုင်။

မနောရဲ့ဖုန်းကို ထပ်ခါ ထပ်ခါ ပြန်ခေါ်ပါသော်လည်း လုံးဝ Power off ထားလိုက်ပြီမို့ သူ လက်လျှော့လိုက်ရတော့သည်။

ဟင့်အင်း ... လုံးဝ လက်မလျှော့နိုင်သေး။

သူ ချက်ချင်းပင် မနောအိမ်ကို လိုက်သွားဖို့ ဆုံးဖြတ်လိုက်သည်။

သူ ခြေလှမ်းပြင်လိုက်သည်နှင့် ...

''ဘယ်သွားမလို့လဲ သား''





မေမေက ချက်ချင်းပင် သူ့နံဘေးနား ရောက်လာကာ မေးသည်။

သူ မေမေ့ကို မသိစေချင်သည်မို့ ဘာမှမဖြစ်သလို မျက်နှာပြင်လိုက်ကာ ...

''မနောဆီ သွားမလို့ပါ မေမေ''

''ဘာဖြစ်လို့လဲသား၊ အခုပဲရောက်တယ် ... ခဏဖြစ်ဖြစ် နားဦးလေ''

သူ မေမေ့ကို ဘယ်လိုပြောရမှန်းမသိတော့။ လည်ကုပ်ကို ပွတ်သပ်နေမိရင်းက ...,

''ဟို ... မနားတော့ပါဘူး၊ မနောက စိတ်ကောက်နေလို့၊ အဲ့ဒါ သား သွားချော့မလို့''

''မညာပါနဲ့ သားရယ်၊ သားတို့ ဖုန်းပြောနေတာ မေမေ အကုန်ကြားပြီးပါပြီ''

မေမေက လက်ထဲက ကော့ဒ်လက်(စ်)ကို ပြ,သည်။

သူ မေမေ့ကို ဘာဆက်ပြောလို့ပြောရမှန်းမသိ ဖြစ်သွားရသည်။

''သား ... သူ့ဆီ သွားဖို့မလိုတော့ပါဘူး၊ ဘယ်တော့မှ သွားစရာမလိုတော့ပါဘူး''

မေမေ့မျက်နှာမှာ တည်တင်း၍နေသည်။

လေသံကလည်း မာကျောနေသည်မို့ သူ ဘာမှနားမ



www.burmeseclassic.com

www.burmeseclassic.com



လည်တော့သလို မျက်မှောင်ကြီးကြုတ်လိုက်မိကာ . . .

"ဘာဖြစ်လို့လဲ မေမေ . . . သားတော့ ဘာမှနားမလည်တော့ဘူး၊ သား နယ်မှာနေတဲ့အချိန်အတွင်းမှာ မေမေနဲ့ မနော ဘာတွေဖြစ်ထားကြလို့လဲ . . . သားကို ပြောပြပါဦး"

"ပြောပြမယ် . . . ပြောဖို့ မေမေစောင့်နေတာ၊ သားကို ခရီးရောက်မဆိုက် မပြောချင်လို့၊ ခုတော့ ပြောရတော့မှာပေါ့၊ ကဲ . . . ထိုင်ပါဦး . . . အေးအေးဆေးဆေး ပြောကြတာပေါ့"

မေမေက သူ့လက်ကိုဆွဲကာ ဆိုဖာမှာ ထိုင်စေသည်။

သူ မေမေ့ကို စိတ်ရှုပ်ထွေးစွာ စိုက်ကြည့်ကာ မေမေ ပြောပြမယ့်စကားတွေကို နားစိုက်ထောင်နေမိသည်။

"စိတ်မကောင်းတော့ မဖြစ်နဲ့သား၊ သားနဲ့မနောနဲ့ မင်္ဂလာကိစ္စကို မေမေတို့ဘက်က စပြီးဖျက်သိမ်းလိုက်ပြီ"

"ဗျာ . . . ဘယ် . . . ဘယ်လို မေမေ၊ မင်္ဂလာကိစ္စကို ဖျက်သိမ်းလိုက်ပြီ . . . ဟုတ်လား၊ ဟာ . . . ဟာ . . . ဘာဖြစ်လို့လဲ"

သူ အရမ်းကို ထိတ်လန့်တုန်လှုပ်သွားရသည်။ သူနဲ့ မနောနဲ့ မင်္ဂလာကိစ္စကို ဖျက်သိမ်းလိုက်ပြီတဲ့။

ဘာတွေလဲ . . . ဘာတွေဖြစ်ကုန်လို့လဲ . . .။

ဟား . . . သူ ဘာကိုမှ မယုံကြည်နိုင်အောင် ဖြစ်သွားရသည်။ ဟင့်အင်း . . . မဖြစ်နိုင်ဘူး။





သူနဲ့မနောနဲ့ ချစ်ခရီးက အစစအရာရာ သာယာဖြောင့်ဖြူးနေခဲ့တာပဲ။

ဘာလို့ ဖျက်သိမ်းရမှာလဲ။

ဟင့်အင်း . . . အဲ့ဒီလို မဖြစ်ရဘူး။

"မ . . . မနောမှာ ဘာအပြစ်ရှိလို့လဲ မေမေ၊ သူ့မှာ ဘာအပြစ်များ ရှိလို့လဲ"

သူ စကားတွေ တစ်ဆို့ထစ်ငေါ့လျက် တုန်လှုပ်စွာ မေးလိုက်မိသော်လည်း မေမေက တည်ငြိမ်အေးဆေးစွာပဲ ပြန်ဖြေခဲ့ပါသည်။

"မေမေတို့ သားရဲ့အိမ်ထောင်ရေးနဲ့ပတ်သက်လို့ ဘာပြောခဲ့သလဲ . . . သားမှတ်မိရဲ့လား၊ မချမ်းသာရင်နေပါစေ, ရုပ်မလှရင် နေပါစေ . . . အမိက,က မျိုးရိုးကောင်းဖို့ပဲ လိုအပ်တယ်လို့ ပြောခဲ့တာ သားမှတ်မိလား"

"မနောက ဘာတွေဖြစ်နေလို့လဲ မေမေ"

"ပြောပြမယ် သား . . . မေမေ ခုပြောမယ့်စကားကို ကြားလိုက်ရရင် သား အရမ်းကို အံ့ဩသွားလိမ့်မယ်"

သူ မေမေပြောမယ့်စကားကို စိတ်ဝင်စား စိတ်လှုပ်ရှားစွာ နားစိုက်ထောင်လိုက်မိပါသည်။

မေမေက သူ့မျက်နှာကို အသေအချာကြည့်လျက် တစ်လုံးချင်း ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မနောဖြူဟာ ဦးထိန်လင်းနဲ့ ဒေါ်ရီရီနှင်းတို့ရဲ့ သမီးအရင်း မဟုတ်ဘူး သား"

"ခင်ဗျာ၊ အဲ့ဒါ . . . အဲ့ဒါ သားနဲ့ ဘာဆိုင်လို့လဲ မေမေ၊ မနောက မွေးစားသမီးဖြစ်နေတာနဲ့ သားတို့မင်္ဂလာကိစ္စ ဖျက်ရမှာ ဘာဆိုင်လို့လဲ"

မေမေက သူ့ကို လက်ကာပြပါသည်။

"မေမေ့စကား ဆုံးအောင်နားထောင်ဦး သား၊ တကယ်တော့ မနောဖြူဟာ သိပ်ကိုမျိုးရိုးနိမ့်တဲ့ သူဘရာဇာကြီးတစ်ယောက်ရဲ့သမီးပဲ"

"ခင်ဗျာ"

သူ ပါးစပ်အဟောင်းသား ဖြစ်သွားရတော့သည်။

မနောဟာ သူဘရာဇာကြီးတစ်ယောက်ရဲ့သမီး . . တဲ့။

သူ့နားကို သူ လုံးဝမယုံနိုင်။

မေမေ့မျက်နှာကို တအံ့တသြ ကြည့်လိုက်မိသည်။

"မ . . . မဖြစ်နိုင်တာ မေမေရယ်"

"သား မယုံဘူးလား၊ ဒီမှာ သားမယုံရင် မေမေ့ဆီမှာ ခိုင်လုံတဲ့ သက်သေအထောက်အထားရှိပါတယ်၊ ရော့ . . . ဒီစာကိုဖတ်ကြည့်"

မေမေက သူ့လက်ထဲကို စာတစ်စောင်ထည့်ပေးပါသည်။





သူ စာကို အဆီပိပြင်းတဲ့မြွေတစ်ကောင်လို ဖွင့်ဖတ်ရမှာ တွန့်ဆုတ်ထိတ်လန့်နေမိသည်။

"ဖတ်ကြည့်လေ သား . . . ဖတ်ကြည့်လိုက်ပါ"

မေမေ အတင်းတိုက်တွန်းတော့မှ သူ စာကိုတွန့်ဆုတ်စွာ ဖွင့်ဖတ်လိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မျိုးရိုးဂုဏ်သိက္ခာကို အလေးအနက်ထားသော
ဦးကျော်သူရိန်၊ ဒေါ်မိုးမိုးခိုင်နှင့် မိသားစု သိစေရန် ...

ဦးကျော်သူရိန်နှင့် ဒေါ်မိုးမိုးခိုင်တို့ရဲ့မိသားစုထဲ ဝင်ရောက်ရန် ကြိုးစားနေသော မနောဖြူဆိုသော မိန်းကလေးမှာ မိတ်ဆွေတို့ ယုံကြည်ထားသလို တက်နေဝန်းကုမ္ပဏီပိုင်ရှင် ဦးထိန်လင်းနှင့် ဒေါ်ရီရီနွယ်တို့၏သမီးအရင်း မဟုတ်ပါ။

အလွန်မျိုးရိုးနိမ့်သော သုဘရာဇာကြီး ဦးသုတနှင့် ဒေါ်မြူမြူတို့၏သမီးရင်းသာ ဖြစ်ပါသည်။ မျိုးရိုးဂုဏ်သိက္ခာကို အလေးအနက်ထားကိုးကွယ်သော မိတ်ဆွေတို့အနေနှင့် သုဘရာဇာမျိုးရိုးမှ ဆင်းသက်လာသော မိန်းကလေးတစ်ဦးကို သမီးချွေးမ,တော်စပ်ရန် တကယ်ပဲ လက်ခံနိုင်ကြပါသလား။ အကယ်၍ ကျွန်ုပ် အသိပေးသည်ကို မယုံကြည်ပါက ပူးတွဲပေးလိုက်သော စီဒီချပ်အား ဖွင့်ကြည့်လိုက်ပါ။

မိတ်ဆွေတို့အကျိုးကို လိုလားသော စေတနာရှင်တစ်ဦး၊





တဆတ်ဆတ်တုန်နေသော ထနောင်းရဲ့လက်ထဲတွင် ကွန်ပျူတာနှင့် စာစီထားသောစာရွက်မှာ တဖျပ်ဖျပ်ခါနေသည်။

"ဒီမှာ စီဒီ ... သားကြည့်မလား မေမေ ဖွင့်ပြမယ်"

သူ ဘာမှပြန်မပြောနိုင်ခင်မှာပဲ မေမေက စီဒီချပ်တစ်ချပ်ကို Player ထဲ ထည့်လိုက်ပါသည်။

သူ တထိတ်ထိတ်ဖြင့် တီဗွီဖန်သားပြင်ကို ကြည့်လိုက်မိသည်။

ည ...

လူခြေတိတ်ဆိတ်သောည ...။

ပတ်ဝန်းကျင်တစ်ခုလုံး ပြာမှောင်နေသည်။

လရောင်, ကြယ်ရောင်မရှိသလို လျှပ်စစ်မီးအလင်းရောင်လည်းမရှိ။ သို့သော် ခဏမျှကြာလျှင် ...

နန်းတော်ကြီးတမျှ ခမ်းနားထည်ဝါလှသောအိမ်ကြီးရဲ့ ဆင်ဝင်အောက်က မီးလုံးပြာကလေးတစ်လုံးမှာ ဖျပ်ခနဲလင်းလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မှုန်ဝေသော အလင်းပြာကလေးအောက်မှာ ဖြူလွှဲသော ညဝတ်ဂါဝန်ရှည်ကလေးနှင့် သဘာဝဆန်ဆန်လှပနေသော မိန်းကလေးတစ်ယောက်။

ဆံပင်ပျော့စင်းစင်းလေးတွေက ညဥ့်လေပြည်မှာ အရိုင်းဆန်စွာ လွင့်လို့နေသည်။

ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေပုံက စိတ်လှုပ်ရှားနေသောပုံရိပ်ကို ထင်ဟပ်ပေါ်လွင်စေသည်။

ပြာမှုန်သော အလင်းမှိန်မှိန်အောက်မှာ မိန်းကလေးရဲ့ မျက်နှာက ဖန်သားပြင်ဘက် လှည့်လာခဲ့လျှင် ...

"ဟင် ... မနော"

မနောပါလား။ မနောပုံစံက ပျာယာခတ်နေသည်။

ညဝတ်ဂါဝန်ရှည်လေး တဖားဖားနဲ့ ဆင်ဝင်အောက်မှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက်က ခြံတံခါးဝဆီ လည်တိုင်လေးဆန့်ကာ မျှော်,မျှော်ကြည့်နေသည်။

ထိုစဉ် ...

အိမ်မကြီးဆီမှ တံခါးတစ်ချပ် ဖျတ်ခနဲ ပွင့်လာသည်။

တည်ကြည်သော၊ ရုပ်ရည်သန့်ပြန့်သော လူကြီးတစ်ဦး ထွက်လာသည်။ မနောရဲ့ဖေဖေ။

အင်း ... မနောရဲ့ဒက်ဒီ ဦးထိန်လင်း။

"ဖေဖေလာမယ်ဆိုလို့ မျှော်နေတာပေါ့ ... ဟုတ်လား၊





ကြည့်စမ်း ... စိတ်တွေလှုပ်ရှားနေလိုက်တာ၊ ဒက်ဒီဆင်ဝင်တောင် နိမ့်သွားသလိုပဲ"

မနောခေါင်းလေးကို လက်ဖြင့်အုပ်လျက် လှုပ်ခါပြီး ပြောပုံက ချစ်စနိုး။

"ဟင် ... ဒက်ဒီကလည်း ဒက်ဒီဆင်ဝင်ကြီးနိမ့်သွားတာ သမီးနဲ့ ဘာဆိုင်လို့လဲလို့"

မနော ပြန်ပြောပုံက မှုန့်နွဲ့နွဲ့။ ခြေကလေးက ဆောင့်လိုက်သေးသည်။

"သမီးက လမ်းတွေအရမ်းလျှောက်နေတာကိုး"

ဦးထိန်လင်း သမီးဖြစ်သူကို စ,သည်။ အဲဒီတော့မှ မနော ရှက်သွားရကာ ...

"ဟင် ... ဒက်ဒီကလည်း"

လို့ နှုတ်ခမ်းလေး စူသည်။

"စ,တာပါဗျာ၊ အလကားစ,တာပါ၊ သိပါတယ်၊ အဖေဖြစ်သူလာမယ်ဆိုလို့ နေမထိ ထိုင်မသာ မျှော်နေတာ မဟုတ်လား"

ဦးထိန်လင်း ပြုံးစစနဲ့ စကားနာထိုးသည်။ မနော ဖက်ကလေးပု လျှာလေးတစ်လစ်ထုတ်ကာ ...

"ဟင် ... ဒက်ဒီကလည်း အဲ့လိုမပြောပါနဲ့"

"မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"သမီးက ဒက်ဒီ့ကိုလည်း ချစ်ပါတယ်နော်"

"ဟုတ်ရဲ့လားဗျာ"

"ဒက်ဒီ့ကိုလည်း ချစ်တယ်၊ ဖေဖေ့ကိုလည်း ချစ်တယ်၊ အမေနှစ်ယောက်လုံးကို အတူတူပဲ ချစ်တယ်"

"မ,တတ်ပ ... ညာစားတာ မဟုတ်လား"

ဦးထိန်လင်း သမီးဖြစ်သူခေါင်းကို ထုသည်။

သားအဖနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး သဘောတွေကျကာ ရယ်လိုက်မိသည်။

"ဟော"

နားပါးသော ဦးထိန်လင်းက ကားစက်သံသဲ့သဲ့ ကြားလိုက်ရသဖြင့် ခေါင်းထောင်ထ,သွားသည်။

မနောကတော့ ချက်ချင်းပြုံးတူးပြတဲကလေး ဖြစ်သွားလျက် ချာခနဲ ခေါင်းလှည့်ကြည့်သည်။

အနက်ရောင် ပြောင်လက်နေသော မာစီးဒီးစ်ကားကြီး တစ်စီးက ခြံရှေ့ဦးတည်လျက်။

ကားရှေ့မီးများ မှိတ်တုတ်မှိတ်တုတ်နှင့် အချက်ပြလေလျှင် ...

မနော 'ဟယ်' ခနဲ ခပ်အုပ်အုပ် အာမေဍိတ်သံပြုမိလျက် အပြေးအလွှား ခြံတံခါးသော့ဖွင့်မိသည်။

ကားက ခြံထဲ တောက်လျှောက်မောင်းချလာကာ ပိ





တောက်ပင်ကြီးတစ်ပင်အောက် မှောင်ရိပ်ခိုကာ ရပ်သည်။

ထို့နောက် ... မိုးကြီးစုပ်စုပ်ချုပ်မှာ အနက်ရောင်ကုတ်အင်္ကျီ၊ အနက်ရောင်စတိုင်လ်ပန်နှင့် အနက်ရောင် ပြောင်လက်နေသော ရှူးဖိနပ်ကို စတိုင်လ်ကျ သားနားစွာ ဝတ်ဆင်ထားသော အသက်လေးဆယ့်ငါးနှစ်ဝန်းကျင်ခန့် လူကြီးတစ်ယောက် ကားထဲမှ ဆင်းလာသည်။

အထက်သို့မြင့်တက်သွားသော ထူထဲသည့် မျက်ခုံးတန်း၊ နှာတံမြင့်မြင့်၊ ပိရိပြတ်သားသော နှုတ်ခမ်းများနှင့် ခိုင်မာသော မေးရိုးများက မာကျောပြတ်သားသည့်စိတ်ဓာတ်ကို ဖော်ပြနေသယောင်။

နက်မှောင်ပြောင်လက်နေသည့် ဆံပင်ရှည်ရှည်များကို အပြောင်သိမ်းကာ နောက်လှန်ဖြီးပြီး နောက်ဘက်မှာ စုစည်းထားတော့ ဂိုက်စတားခေါင်းဆောင်နှင့် တူနေသေးသည်။

အတော်ကြည့်ကောင်းပြီး စတိုင်လ်ကျတဲ့လူကြီးပဲ .. လို့ ထနောင်းစိတ်ထဲမှ မှတ်ချက်ချမိသည်။

"ဖေကြီး"

"ဟင်"

ထိုလူကြီး ကားပေါ်မှဆင်းသည်နှင့် ပြေးဖက်ကြိုသော မနော။

ထနောင်းမှာ ကြည့်နေရင်းမှ မျက်လုံးများ ပြူးသွားရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒီလူကြီးက မနောရဲ့ဖေဖေ။

ဒါဆို သူ ... သုဘရာဇာကြီးပေါ့။

ဒီလောက်စတိုင်လ်ကျသားနားပြီး မာစီးဒီစ်ကားကြီးစီးနိုင်တဲ့လူကြီးက သုဘရာဇာကြီးတဲ့လား။

"ကြည့်စမ်း သား ... သုဘရာဇာလို့မပြောရဘူး၊ ရုပ်ကြီးကိုက ကြောက်စရာကြီးနော်၊ မေမေတောင် သူ့ကိုကြည့်ပြီး ကြောက်လွန်းလို့ ကြက်သီးတောင် တဖြန်းဖြန်းထ,တယ်"

နံဘေးမှ မေမေပြောသောစကားကို ထနောင်း မကြားမိ။ ကိုယ်ကို ရှေ့သို့ကိုင်းလျက် ဆက်ပြီး စိတ်ဝင်တစားကြည့်နေမိသည်။ မနောက ထိုလူကြီးခါးကို တင်းတင်းဖက်လျက် ... ထိုလူကြီးကလည်း မနောပခုံးကို ဖက်ထားပုံမှာ ကြင်ကြင်နာနာ။

"ဖေကြီးကလည်း နေနိုင်လိုက်တာ၊ သမီးဆီ မလာတာကြာပြီ၊ သမီးမှာတော့ လွမ်းလွန်းလို့ မျှော်လိုက်ရတာ၊ ဒါပဲ ... ဒီတစ်ခါ ဖေကြီးကို သမီး သိပ်တွေ့ချင်လာရင်တော့ ဖေကြီးဆီ လာခဲ့မှာပဲ"

မျက်ရည်လေးများ ရစ်ဝဲကာ မနောပြောပုံကလေးက သနားစရာကောင်းနေသည်။

"မလာပါနဲ့ သမီးလေးရယ်၊ ဖေကြီးဆီလာရင် ငါ့သမီးလေး ဂုဏ်ငယ်မှာပေါ့၊ ဖေကြီးပဲ လာပါ့မယ်၊ ဖေကြီးလည်း သမီးကို အရမ်းသတိရပါတယ်၊ ဖေကြီး အလုပ်တွေများလို့





မလာနိုင်တာပါ သမီးလေးရယ်"

"ဖေကြီးက ပြောလိုက်ရင် အဲ့လိုချည်းပဲ"

"ကဲ ... ချော့ပေတော့ သုတရေ၊ မင်းသမီးက မင်းလာမယ်ပြောတာနဲ့ တမျှော်တည်း မျှော်တော့တာ၊ လာ ... ခုတော့ ဖအေကိုတွေ့တာနဲ့ ဖေကြီး ဖေကြီးနဲ့ ... ငါ့ကိုတောင်မေ့ပြီ"

သားအဖနှစ်ယောက်ကြား ဝင်ရပ်ကာ ဦးထိန်လင်းပြောတော့ မနောမှာ ခုမှ မွေးစားဖခင် ဦးထိန်လင်းကို သတိရကာ အဖေနှစ်ယောက်ကြား ဘယ်လိုနေရမှာလဲမသိသလို အိုးတိုးအမ်းတမ်းလေးဖြစ်သွားရသည်။

"မဟုတ်ပါဘူးကွာ ... ဒီကောင်မလေးက မင်းသမီးပါ ထိန်လင်းရာ၊ မင်းသမီးမို့ တစ်သွေးတစ်မွေး ဖြစ်နေတာပေါ့"

ထိုလူကြီး ပြန်ပြောပုံကလည်း မနောကို ချစ်စနိုး စ,နောက်နေသလို။

ဒါပေမဲ့ သမီးဖြစ်သူကို မြတ်မြတ်နိုးနိုး ငုံ့စိုက်ကြည့်နေသည့် မျက်နှာမှာတော့ ခံစားချက်ပေါင်းများစွာ။

"ငါ တကယ်ပြောတာပါ ထိန်လင်းရာ၊ မင်းကိုလည်း သိပ်ကျေးဇူးတင်ပါတယ်၊ မနောကို မင်းရဲ့သမီးလေးအရင်းလို သဘောထားပြီး စောင့်ရှောက်ပေးထားတဲ့ မင်းရဲ့ကျေးဇူးကြောင့်သာ သမီးဟာ ဂုဏ်ရှိတာပါ ...၊



www.burmeseclassic.com

www.burmeseclassic.com



ငါနဲ့သာ အတူနေရင် သုဘရာဇာကြီးရဲ့သမီးဆိုပြီး ငါ့သမီး မျက်နှာငယ်ရမှာ၊ ဂုဏ်ငယ်ရမှာ၊ ဘယ်သူမှလည်း ဆေးဖော်ကြောဖက် လုပ်ချင်မှာမဟုတ်ဘူး''

ပြောရင်းမှ ထိုလူကြီးရဲ့အသံမှာ လှိုက်လှဲ့ကွဲအက်လို့ လာသည်။

မနောသည်လည်း ထိုလူကြီးရဲ့လက်ကို လွတ်ထွက်သွားမှာစိုးသလို တင်းတင်းဆုပ်ကိုင်ထားရင်းက ကြမ်းပြင်ကို ငုံ့စိုက်ကြည့်ကာ တိတ်ဆိတ်ငြိမ်သက်၍နေသည်။

သားအဖနှစ်ယောက်ကိုကြည့်ကာ မသက်မသာ သက်ပြင်းရှိုက်လိုက်သူက ဦးထိန်လင်း။

''အဲဒါတွေ မပြောပါနဲ့ သုဘရာ၊ ငါ ခုလို ဂုဏ်သိက္ခာ ရှိရှိ ပြည့်ပြည့်စုံစုံနဲ့ နေနိုင်တယ်ဆိုတာကလည်း မင်းကျေးဇူးပါ''

''ကဲ … တွေ့တုန်းတွေ့ခိုက်မှာ စိတ်မကောင်းဖြစ်စရာတွေ မတွေးဘဲ စိတ်ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင်နေကြရအောင်''

''လာ … ထမင်းအတူတူ စားကြစို့၊ သမီးရော၊ ငါရော မင်းနဲ့ ထမင်းလက်ဆုံအတူစားချင်လို့ စောင့်နေကြတာ''

''မနှင်းနဲ့ ယုဂန်ရော''

''အိပ်နေကြပြီလေ''

ထို့နောက် … သုံးယောက်သား အသီးအနှံပုံ ပိုစတာ





ကြီးများကပ်ထားသော ကျယ်ဝန်းခမ်းနားလှသည့် ထမင်းစားခန်းထဲ ဝင်သွားကြပြီး …

ဟိုတယ်စားပွဲတစ်ခုပမာ ပြည့်စုံထည်ဝါလှသော ကျွန်းစားပွဲရှည်ကြီးပေါ်မှာ ဟင်းအမယ်များ အချိုပွဲများက များပြားဖွယ်ရာလွန်းလှ့စွာ။

သုံးယောက်သား စကားများ အလုအယက်ပြောဆိုရင်း စားသောက်နေကြပုံမှာ ပျော်ပျော်ရွှင်ရွှင် မြိန်ရေရှက်ရေ။

''ဖေ့ … တို … အံမယ်လေး သားရယ် … ကြည့်စမ်းပါဦး … ဒီလောက် နိမ့်ကျ,ယုတ်ညံ့တဲ့ သုဘရာဇာကြီးနဲ့များ ထမင်းတစ်ပိုင်းတည်း စားနေလိုက်ကြတာ၊ ကြည့်စမ်း … အံမယ်လေး လေး ရွံစရာကောင်းလိုက်တာ''

မေမေ မျက်စိပျက် မျက်နှာပျက်နှင့် Player ကိုပိတ်သည်။

သူ ဖန်သားပြင်ဆီမှ အကြည့်လွှဲကာ မေမေနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

''သုဘရာဇာရော ဘာဖြစ်လဲမေမေ၊ သုဘရာဇာဆိုတာလည်း လူပါပဲ မေမေရယ်၊ လူတန်းစားခွဲခြားတဲ့စိတ်ဓာတ်ဟာ ဒီခေတ်ကြီးမှာ မရှိသင့်တော့ပါဘူး''

ထနောင်းရဲ့စကားကို ကြားလိုက်ရလျှင် ဒေါ်မိုးမိုးခိုင်မှာ မျက်လုံးများ ပြူးသွားရလျက် …



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာ ... မင်း ဘယ်လိုပြောလိုက်တာလဲ သား"

"သားတော့ အဲဒီစိတ်ဓာတ်နဲ့အယူအဆကို လုံးဝလက်မခံနိုင်ဘူး မေမေ"

"တော်စမ်း ထနောင်းညို ... မင်းဟာ ငါမွေးထားတဲ့သားပါ၊ ငါ့ကို ဘာမှ စောဒကမတက်နဲ့"

"သားကို ခွင့်လွှတ်ပါ မေမေ၊ သား မနောကို ဘယ်နည်းနဲ့မှ မစွန့်လွှတ်ဘူး၊ မနောနဲ့ဝေးရရင် သား သေမှာပဲ"

"ဘာဖြစ်လို့သေရမှာလဲ ... မိန်းမ မရှားပါဘူး ငါ့သားရယ်၊ မေမေ့စကားကို နားထောင်စမ်းပါ၊ ဒီနေ့ကစပြီး မနောဖြူဆိုတာကို သားဘဝထဲက ထုတ်လိုက်ပါတော့၊ မေ့ပစ်လိုက်ပါတော့"

"ဟင့်အင်း ... သား သူ့ကိုချစ်တယ်၊ သား သူ့ကိုအရမ်းချစ်တယ်၊ မမေ့နိုင်ပါဘူး၊ မေမေ သဘောမတူလည်း သား သူ့ကို လက်ထပ်မှာပဲ၊ သုဘရာဇာကြီးသမီးဖြစ်တာနဲ့ သားနဲ့သူနဲ့ ဝေးရမှာ လုံးဝအဓိပ္ပာယ်မရှိပါဘူး"

တစ်သက်နှင့်တစ်ကိုယ် မိဘကိုခံမပြောဖူးသော ထနောင်းမှာ ခုမှ အပြန်အလှန်ပြောနေမိသည်။

သားအမိနှစ်ယောက်လုံး မလျှော့နိုင်ဘဲ တင်းမာခက်ထန်လာကာ ... နောက်ဆုံးမှာ ဒေါ်မိုးမိုးခိုင်က ထနောင်းကို





အံကြိတ်လျက် ခေ့ခေ့ကြည့်ကာ ...

"မင်း ... မေမေ့ကို ကလန်ကဆန်လုပ်ဖို့ စိတ်မကူးနဲ့ ထနောင်းညို၊ မင်းကို မေမေ ခုကိစ္စမှာ လုံးဝအလျှော့ပေးလိမ့်မယ် မတင်နဲ့ ... ကြားလား"

"ကဲ ... ကိုမြင့်ဦး၊ ဖော်မင်း၊ အောင်မျိုး ... ဒီကောင်လေးကို ခုချိန်ကစပြီး အိမ်ထဲကအိမ်ပြင် လုံးဝမထွက်စေနဲ့၊ အနီးကပ် ကြပ်ကြပ်မတ်မတ်စောင့်ကြည့်ပါ၊ တစ်ခုခုဖြစ်ခဲ့ရင် ရှင်တို့သုံးယောက်လုံး မလွယ်ဘူးသာမှတ်"

ဒေါ်မိုးမိုးခိုင်လေသံမှာ တင်းမာခက်ထန်လွန်းလှစွာ။

ခြံစောင့် ဦးမြင့်ဦးနှင့် ဦးကျော်သူရိန်ရဲ့တပည့်နှစ်ယောက် အိမ်ထဲမှထွက်လာကာ ထနောင်းနှင့် မလှမ်းမကမ်းမှာ နေရာယူကာ သတိအပြည့်နှင့် စောင့်ကြည့်နေကြတော့သည်။

"တောက်"

လှောင်ချိုင့်ထဲက ငှက်တစ်ကောင်လို ကိုယ့်ကိုယ်ကိုယ် ခံစားလိုက်မိကာ ထနောင်း ခါးခါးသီးသီး တောက်ခေါက်လိုက်မိသည်။

အချစ်ဆိုတာ အဲ့လို လှောင်ပိတ်ထားဆီးလို့ ရစကောင်းတဲ့အရာလား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

**ထနောင်း** အိပ်ရာထဲမှ ဖြည်းဖြည်းချင်း ထ,သည်။

ကြမ်းပြင်ကို ခြေသံမကြားရအောင် ဖွနင်းသည်။ တံခါးမကြီးဆီသွားကာ နားကပ်ပြီး အပြင်မှအသံတွေကို နားစွင့်သည်။

"ခေါ် … ခလော"

"ခူး"

ဟောက်သံများ ကြားရတော့မှ ထနောင်း ပြုံးပြီး ပြတင်းပေါက်ဆီ ခြေကိုဖွကာ ပြန်လျှောက်သည်။

ထို့နောက် ပြတင်းတံခါးမှချက်ကို အသံမထွက်ရအောင် ဖြည်းဖြည်းချင်းဖွင့်သည်။

အသက်ရှူပင် အောင့်ထားမိသည် ထင်ပါရဲ့။

ချက်ပွင့်သည်နှင့် ထနောင်းတစ်ယောက် လှောင်ချိုင့်ထဲမှ လွတ်လိုက်သည့် ငှက်တစ်ကောင်လို လေအဟုန်ကိုခွင်းလျက်





တစ်ဟုန်ထိုး။

ချစ်သူရေ …

မင်းရဲ့လမင်းမျက်နှာလေး တစ်ခဏ မြင်တွေ့ခွင့်ရဖို့အတွက် ဘယ်လိုအတားအဆီး အခက်အခဲမျိုးပဲ ပိတ်ကာထားပါစေ … ငါ ဖြိုခွဲတိုက်ခိုက်လို့ အရောက်လာခဲ့မယ်ကွယ်။

'တင်းတောင် .. တင်းတောင်'

ညကြီးအချိန်မတော် အဆက်မပြတ် ပေါ်ထွက်လာခဲ့သော လူခေါ်ဘဲလ်သံကြောင့် တစ်အိမ်လုံး စိတ်လှုပ်ရှားစွာ ထ,ရတော့သည်။

ဘယ်သူပါလိမ့် …။

ဖေဖေများလား …။

မနော စဉ်းစားမရနိုင်အောင် ဖြစ်သွားရသည်။

ဖေဖေလာရင် ဒီလိုတစ်ခါမှ ဘဲလ်တီးတာမျိုးမရှိ။ ကြိုတင်အကြောင်းကြားပြီးမှ လာတတ်သည်။

"လှမောင်ရေ … သွားကြည့်လိုက်စမ်းကွာ … ဘယ်သူလဲလို့၊ အချိန်မတော်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီအသံကြားလိုက်ရလျှင် မနောလည်း အခန်းထဲမှ ထွက်လာခဲ့မိသည်။

ဦးလှမောင် ခြံထဲဆင်းသွားလျှင် ဧည့်ခန်းပြတင်း ကန့်လန့်ကာစ,ကို ကြိုးဖြင့်ဆွဲလျက် အနည်းငယ်ဟ,ကာ မနောချောင်းကြည့်လိုက်သည်။

ခြံတံခါးသံပန်းရဲ့ အုတ်တိုင်နှစ်ဖက်တွင် ထည့်မြှုပ်ထားသည့် ညမီးလုံးရဲ့အလင်းရောင်ဖြင့် ခြံဝမှာရပ်ပြီး အဆက်မပြတ်ဘဲလ်တီးနေသူကို မြင်လိုက်ရလျှင် မနောမှာ မျက်လုံးလေးတွေပိုင်းစက်သွားရတော့သည်။

''ဘုရားရေ ... နောင်း ... နောင်းပါလား''

မနောမှာ ဒီအချိန်ကြီး ထနောင်းရောက်လာလိမ့်မယ်လို့ လုံးဝမမျှော်လင့်ထားသည်မို့ အရမ်းကို အံ့အားသင့်သွားမိကာ ပြတင်းတံခါးကိုပါ အနည်းငယ် ဟ,ပြီး နားစွင့်လိုက်မိသည်။

''ထနောင်း ... ညကြီးမိုးချုပ် ဘာကိစ္စရှိလို့လဲ''

''ကျွန်တော့်ကို တံခါးဖွင့်ပေးပါ ဦးလေး ... ကျွန်တော် မနောနဲ့ တွေ့ချင်လို့ပါ''

''မဖြစ်ဘူး ထနောင်း၊ ဆရာက မှာထားတယ် ... မင်းကို တံခါးဖွင့်မပေးရဘူးတဲ့''

''ကျေးဇူးပြုပြီး ဖွင့်ပေးပါ ဦးလေးရယ်၊ ဦးလေးကျေးဇူး ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူး၊ ကျွန်တော် မနောကို





ခဏလေး တွေ့ခွင့်ရရင် ကျေနပ်ပါပြီ၊ ခဏကလေးပဲ တွေ့ခွင့်ပြုပါ''

''အာ ... ခက်တာပဲ ထနောင်းရယ်၊ မင်းကို ဦးလေး ဖွင့်မပေးချင်လို့ မဟုတ်ပါဘူးကွယ်၊ ဆရာက အမိန့်ထုတ်ထားလို့ပါ''

ဦးလှမောင်မှာ ထနောင်းနှင့်မနော နှစ်ယောက်လုံးကို ခင်မင်သူမို့ အခက်တွေ့နေရသည်။

သူ့စိတ်ရင်းနှင့်သာဆို ချက်ချင်းပင် ဖွင့်ပေးချင်မိသော်လည်း အိမ်ကြီးရှင် ဆရာဦးထိန်လင်းကိုယ်တိုင်က ထနောင်းညို လာရင် ခြံတံခါး လုံးဝဖွင့်မပေးရ ... ဟု တစ်ချက်လွှတ်အမိန့် ထုတ်ထားသည်မို့ သူ လုံးဝဖွင့်မပေးရဲ။

ခြံစောင့်ကြီးဦးလှမောင်နှင့် ထနောင်းညိုတို့ အပြန်အလှန်ပြောဆိုနေကြသည်ကို ပြတင်းတံခါးမှ အားလုံးပိုင်းကြည့်နေကြဆဲ။ ယုဂန်မှာ ...

''တောက်''

တစ်ချက် လေသံပြင်းပြင်းနှင့်ခေါက်ကာ ...

''ဒီကောင် ဘာကောင်လဲကွ၊ သူများအိမ်ထဲ ညကြီးမိုးချုပ်ဝင်ဖို့ ကြိုးစားနေတယ်၊ တော်တော်တရားလွန်တဲ့ကောင်ပဲ''

ယုဂန် လက်သီးကို တင်းတင်းဆုပ်ကာ အပြင်ထွက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ပြင်သည်။

"ယုဂန်"

မနော ယုဂန်ကို စိန်းစိန်းကြီးကြည့်ကာ အော်လိုက်မိသည်။

"ငါ့ကိစ္စက နင်နဲ့ဘာဆိုင်လို့ နင် ဝင်ပါချင်ရတာလဲ"

"ဘာ ဘာ ... နင် ဘယ်လိုပြောလိုက်တယ် မနော"

ယုဂန်မှာ တစ်သက်နှင့်တစ်ကိုယ် မနော ဒီလိုမျိုး သူ့ စိမ်းစကားပြောတာ မကြားဖူးခဲ့သည်မို့ တအံ့တသြကြည့်ကာ ဆတ်ဆတ်ခါနာသွားရသည်။

အမှန်အတိုင်းဝန်ခံရရင် မနော ထနောင်းညိုနှင့်ချစ်သူတွေဖြစ်သွားကြတာကို ယုဂန် နည်းနည်းမှမကျေနပ်။

တစ်သက်လုံး သွားအတူ၊ စားအတူ တတွဲတွဲ မခွဲမခွာ နေခဲ့ပြီးမှ မျက်ကြည်လွှာကို အကြောင်းပြုပြီး ထနောင်းညိုနှင့် ရင်းနှီးဖို့ကြိုးစားတဲ့အချိန်မှာ ယုဂန် လုံးဝမသိရအောင် လျှို့ဝှက်ခဲ့သော မနောကို ယုဂန် လုံးဝမကျေနပ်။

"သမီးကလည်းကွယ် ... ကိုယုကို ဒီလိုမပြောပါနဲ့၊ ကိုယု စိတ်မကောင်းဖြစ်ရှာမှာပေါ့"

မာမီက သူ့တူဘက်မှ မခံရပ်နိုင်သလို မျက်နှာပျက်ယွင်းစွာပင် ပြောသည်။

ထနောင်းညိုရောက်လာသည့်အတွက် မိသားစုတွင်း





စိတ်ရှုပ်ထွေးစရာတွေ ဖြစ်လာခဲ့ရပြီဆိုတော့ ...

"ဟင်း"

ဦးထိန်လင်း သက်ပြင်းရှိုက်လျက်က ...

"ကဲ ... ထနောင်းညိုကို ဒက်ဒီ အေးအေးဆေးဆေး သွားဖျောင်းဖျလိုက်မယ်၊ သမီး ဘာမှမစိုးရိမ်နဲ့ ... ဟုတ်ပြီလား၊ ထနောင်းညိုက ဆိုးသွမ်းမိုက်မဲတဲ့ ကလေးတစ်ယောက်တော့ မဟုတ်ပါဘူး"

ဦးထိန်လင်းကိုယ်တိုင် ထနောင်းညိုကိုထွက်တွေ့ကာ ဖျောင်းဖျမည်ဆိုတော့ မနော အနည်းငယ် စိတ်သက်သာရရသွားရသည်။

ထနောင်းရဲ့မေမေက ကိုယ့်ကို ဘယ်လိုပဲပြောပြော နောင်းမှာ ဘာအပြစ်မှမရှိသည်မို့ ယုဂန်က ရန်ထွက်ရာ နှင်ထုတ်မှာမျိုးကိုတော့ မနော မခံစားနိုင်။

ဦးထိန်လင်းကတော့ တည်ငြိမ်အေးဆေးစွာပင် ထနောင်းကို ထွက်တွေ့ရလေသည်။

"ထနောင်းညို ... မင်း ဒီအချိန်ကြီး ဒီကိုဘာလာလုပ်တာလဲ"

ဦးထိန်လင်းကိုယ်တိုင် ထွက်လာတော့ ထနောင်းမှာ အနည်းငယ်ရှိန်သွားရသော်လည်း ခေါင်းငိုက်စိုက်ချကာ အောက်ကျို့ပြီး တောင်းပန်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဦး ... မေမေ မင်္ဂလာကိစ္စဖျက်သိမ်းတာ ကျွန်တော် ဘာမှမသိရပါဘူး၊ ကျွန်တော့်သဘောလည်း မပါ,ပါဘူး၊ ကျွန်, ကျွန်တော်ကတော့ မနော့ကို သူဘရာဇာကြီးရဲ့သမီးပဲဖြစ်ဖြစ်, ဘယ်သူ့သမီးပဲဖြစ်ဖြစ် လက်ထပ်မှာပါပဲ၊

ကျွန်တော်တို့ချစ်ခြင်းကို မခွဲပါနဲ့ ဦးရယ်၊ ကျွန်တော့်ကို နားလည်ပေးပါနော်''

ဦးထိန်လင်းမှာ မိဘတွေရဲ့သဘောထားနှင့် လုံးဝမတူညီသော ထနောင်းညိုရဲ့ ရိုးသားဖြူစင်လှသောစိတ်ဓာတ်ကို သိလိုက်ရလျှင် အံ့အားလည်းသင့်ကာ စိတ်မကောင်းလည်းဖြစ်သွားရသည်။

''ဦး ... စိတ်မကောင်းပါဘူး မောင်ရင်ရယ်၊ ဒါပေမဲ့ ယောက်ျားလေးရှင်ဘက်က စတင်ဖျက်သိမ်းလိုက်တာမို့ ဦးတို့မှာ တစ်ရှက်က နှစ်ရှက်မဖြစ်ပါရစေနဲ့၊ မောင်ရင် ပြန်ပါတော့ကွယ်၊ ဦး တောင်းပန်ပါတယ်''

ကုမ္ပဏီပိုင်ရှင်သူဌေးတစ်ယောက်က ကိုယ့်ကို ဖျောင်းဖျောင်းဖျဖျပြောရုံမက တောင်းပန်စကားပြောနေပြီဆိုတော့ ထနောင်းမှာ ရှေ့ဆက် တစ်ဖွတ်ထိုး မလုပ်ဝံ့တော့အောင် ဖြစ်သွားရသည်။

သို့သော် ... ခြေချုပ်ချ လှောင်ပိတ်ထားသည့် အခြေအနေမှ မနည်း ခဲရာခဲဆစ်လာခဲ့ရသည်မို့ ချစ်သူရဲ့မျက်နှာလေးကို မမြင်တွေ့ရဘဲတော့ မပြန်နိုင်ပြီမို့ ...





''ကျွန်တော့်ကို ဝင်ခွင့်မပေးရင်လည်း မဝင်တော့ပါဘူး၊ ဒါပေမဲ့ ... မနော့ရဲ့မျက်နှာလေးကိုတော့ ကျွန်တော် တွေ့သွားပါရစေ''

''ဦးတောင်းပန်နေပြီပဲ မောင်ရင်ရယ် ... ပြန်ပါတော့''

''ဟင့်အင်း ... ကျွန်တော် မဝင်နဲ့ဆိုရင် မဝင်ဘူး၊ ဒါပေမဲ့ မနော့မျက်နှာကိုတော့ အဝေးကနေပဲဖြစ်ဖြစ် ခဏလေးတွေ့ရပြီးတော့မှ ပြန်နိုင်မယ် ...၊

ဒါ တစ်ခုတော့ ခွင့်ပြုပေးပါ ဦးရဲ့၊ ကျွန်တော် တောင်းပန်ပါတယ် ... တောင်းပန်ပါတယ်''

ထနောင်း ငိုသံပါကြီးနှင့် ခြံရှေ့မှာ ဒူးထောက်ပြီး အောက်ကျနောက်ကျခံကာ တောင်းပန်လေသည်။

မနော့မှာ ချစ်သူတစ်ယောက်လုံး ဒူးထောက်တောင်းပန်နေသော မြင်ကွင်းကို မြင်လိုက်ရလျှင် လုံးဝမခံစားနိုင်တော့။

နှလုံးသားထဲမှ လှိုက်တက်လာခဲ့သော ကြေကွဲစိတ်ကို ထိန်းချုပ်လို့ မရနိုင်တော့။

ကိုယ့်မျက်နှာကို မမြင်ရမချင်း ခြံရှေ့မှာ ပေကတ်ဒူးထောက်နေရာမှ လုံးဝလှည့်ပြန်မည်မဟုတ်သော ထနောင်းရဲ့ မာကျောလှသောစိတ်ဓာတ်ကိုလည်း သိမြင်သည်မို့ အံ့ကလေးကြိတ်ကာ ဝရန်တာဆီ ပြေးထွက်လိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မနော ... မနော"

မနောကို မြင်လိုက်ရလျှင် ထနောင်းမှာ အရမ်းကို ပျော်သွားရလျက် သတိလက်လွတ် အော်လိုက်မိသည်။

မမြင်မတွေ့ရသည်မှာ ကြာပြီမို့ အဝေးမှ မြင်ရသည့်တိုင် ချစ်ရသူရဲ့ ကြေကွဲမျက်နှာကို ငတ်ငတ်မွတ်မွတ် စိုက်ကြည့်နေမိသည်။

မနောမှာလည်း ချစ်သူကို ဒီလိုပုံစံနှင့် မြင်တွေ့နေရသည်မှာ စိတ်ထဲနာကျင်ခါးသီးလွန်းလှသည်မို့ ...

"နောင်း ... ပြန်ပါတော့ နောင်းရယ် ... ပြန်ပါတော့နော်"

မနောမှာ လက်သီးကလေးနှစ်ဖက် တင်းတင်းဆုပ်ကာ နောင်းပုံစံကို မမြင်ရက်နိုင်စွာ တစာစာသာ ပြန်ဖို့ပြောနေမိသည်။

"ပြန်မှာပါ ... ကိုယ်ပြန်မှာပါ။ မနောကို ကိုယ်ခဏလေးတော့ ကြည့်ပါရစေဦးနော်"

ထနောင်းရဲ့ ခခယယတောင်းဆိုပုံကလေးကြောင့် မနောမှာ ပိုပြီးမခံစားနိုင်အောင် ဖြစ်သွားရသည်။

ဦးထိန်လင်းမှာလည်း တစ်ယောက်ကိုတစ်ယောက် အဝေးမှ အပြန်အလှန် တရှိုက်မက်မက် ငေးကြည့်ရှိုက်ငိုနေကြသော လူငယ်နှစ်ဦးကိုကြည့်ကာ စိတ်ထိခိုက်နေမိသည်။

ကလေးတို့ရယ် ... မင်းတို့နှစ်ယောက် ဘာလို့ ဒီ





လောက်တောင် ကံဆိုးကြရတာလဲ ... လို့ စိတ်မကောင်းစွာ တွေးမိဆဲ။

'ကျွီ'

ခနဲ ကားဘရိတ်အုပ်လိုက်သံကြီးနှင့်အတူ ...

"ထနောင်းညို ... မင်း ဘယ်လိုလုပ်လိုက်တာလဲ ... ပြောစမ်း၊ မင်း မေမေ့ကို အရှက်ခွဲနေတာလား။ ဒီလောက်ယုတ်ညံ့နိမ့်ကျတဲ့ သူဘရာဇာတစ်ယောက်ရဲ့သမီးအတွက် ဒူးထောက်အညံ့ခံနေရသလား။ မင်းကြောင့် ငါ ရှက်လို့သေတော့မယ် ထနောင်းညို"

ကားပေါ်မှ မျက်စိမျက်နှာပျက်ကာ ဝုန်းဒိုင်းကြဲပြေးဆင်းလာခဲ့သော ထနောင်းမေမေ ဒေါ်မိုးမိုးခိုင်နှင့် လူတစ်အုပ်ကို တွေ့လိုက်ရလျှင် မနောမှာ မှင်တက်ထိတ်လန့်သွားခဲ့ရသည်။

ထနောင်းမေမေမှာတော့ ပျာယာခတ်လျက်။

"ဟဲ့ ... ဖော်မင်းတို့၊ အောင်မျိုးတို့ ... သူ့ကို ကားပေါ် ဆွဲခေါ်စမ်း"

မနော မှင်တက်နေမိဆဲမှာပင် ...

ဒေါ်မိုးမိုးနှင့်အတူပါလာကြသော လူနှစ်ယောက်မှာ ထနောင်းကို အတင်းဝိုင်းချုပ်လျက် ကားပေါ်ဆွဲတင်ကြလေသည်။

ထနောင်းမှာ အတင်းရုန်းကန်လျက်က ...

"မနော ... မနော"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆို့ဆို့နင့်နင့် အော်ဟစ်နှုတ်ဆက်သွားရှာသေးသည်။

"နောင်း . . . နောင်းရယ်"

မနောမှာ မျက်နှာကို လက်ဝါးနှစ်ဖက်နှင့်အုပ်ကာ သည်းသည်းထန်ထန် ရှိုက်ငင်ငိုကြွေးလိုက်မိတော့သည်။

ရင်တစ်ခုလုံး နာကျင်ကြေကွဲလွန်းရသည်မှာ အနှိုင်းမဲ့။

နောင်းရေ . . .

ဘယ်လိုကြမ္မာဆိုးမျိုးနဲ့များ တို့နှစ်ယောက် ဆုံတွေ့ကြရတာလဲ။

သုဘရာဇာတစ်ယောက်ရဲ့သမီးဖြစ်တဲ့အတွက် တို့မှာ အပြစ်ရှိသတဲ့လား။

ဩော် . . . သုဘရာဇာကြီးတစ်ယောက်သမီးဖြစ်လို့ မနောမှာ အပြစ်ရှိခဲ့သတဲ့လားကွယ်။

"သမီး . . သမီးလေးရယ် . . . သုဘရာဇာတစ်ယောက်ရဲ့ သမီးဖြစ်လို့ ငါ့သမီးလေး ခုလိုခံစားရတာ၊ ငါ့ . . . ငါ့သမီးလေး ခုလိုကြေကွဲရတာ ဖေကြီးကြောင့် . . . ဖေကြီးကြောင့်"

သမီးဖြစ်သူရဲ့ ကြေကွဲဖွယ်ရာအဖြစ်အပျက်ကို သိရှိသွား





သော ဦးသုတမှာ သမီးအတွက် စိတ်ထိခိုက်မဆုံးတော့။

သူ့ကြောင့် သမီးလေး ခုလိုယောကျ်ားလေးရှင်ဘက်က စတင်ပြီး မင်္ဂလာပွဲဖျက်သိမ်းခြင်းကိုခံရတာ သူ့ကြောင့် ခုလို အရှက်တကွဲအကျိုးနည်း ဂုဏ်ငယ်ရတာ နာကျင်ခံစားရတာ ဟုတွေးပြီး သူ့ကိုယ်သူသာ အပြစ်တင်နေမိတော့သည်။

မနောမှာလည်း ကိုယ့်အတွက် ဖေဖေ စိတ်ထိခိုက်ခံစားရတာ တွေ့လိုက်ရလျှင် ဝမ်းနည်းသွားရလျက် . . .

"ဟင့်အင်း ဟင့်အင်း . . . ဖေကြီးကြောင့်မဟုတ်ဘူး၊ ဖေကြီးကြောင့် မဟုတ်ပါဘူး ဖေကြီးရယ်၊ အယူအစွဲမှားတဲ့သူတွေရဲ့ ကျဉ်းမြောင်းတဲ့သဘောထားကြောင့် ခုလိုဖြစ်ရတာပါ . . .၊

ဖေကြီးက လောကမှာ ဘယ်သူမှမလုပ်ချင်တဲ့၊ အလိုအပ်ဆုံးအရာလည်းဖြစ်တဲ့ အမွန်မြတ်ဆုံးအလုပ်ကို လုပ်ခဲ့တာပါ"

"အို . . . သမီး . . . သမီးလေးရယ်"

ဖခင်ဖြစ်သူ စိတ်ထိခိုက်နေရတာကို မကြည့်ရက်နိုင်စွာ ဖေးဖေးမမ ပြောပေးနေသော သမီးဖြစ်သူရဲ့ နားလည်သိတတ်နိုင်လွန်းမှုကြောင့် ဦးသုတမှာ ပိုပြီး မချိတင်ကဲဖြစ်သွားမိသည်။

သမီးလေးကို ရင်ခွင်ထဲထည့်ကာ သနားချစ်ကြင်လွန်းစွာ ချော့မြူမိသည်။

အဖေဖြစ်သူရဲ့ခါးကို တင်းတင်းပြန်ဖက်ထားသော



www.burmeseclassic.com

www.burmeseclassic.com



မနောရဲ့မျက်ရည်တွေမှာလည်း ဦးသုတရဲ့ ရုပ်အကျီရင်ဘတ်တစ်ခုလုံး ရွဲရွဲစို။

ဦးသုတရဲ့မျက်ရည်တွေမှာလည်း မနောဆံနွယ်တွေကြားထဲ တပေါက်ပေါက် လိမ့်ဆင်းလျက် ...။

မနော မျက်ရည်တွေကြားမှ ရှိုက်သံဗလုံးဗထွေးနှင့် အဖေဖြစ်သူကို ဆက်ပြီးနှစ်သိမ့်သည်။

"ဖေကြီး ... သမီးအတွက် ဘာမှစိတ်မကောင်းမဖြစ်နဲ့နော်၊ ဖေကြီးအလုပ်ကြောင့် သမီးမှာ သိမ်ငယ်တဲ့ခံစားချက်လည်း မရှိပါဘူး၊ သုဘရာဇာသမီးဟာ သုဘရာဇာသမီးပေါ့၊ အဲဒီအတွက် သမီး ဘယ်လိုမှမနေပါဘူး၊ သုဘရာဇာသမီးမို့ သဘောမတူရင်လည်း ဘာဖြစ်လဲ ... ဖေကြီးနဲ့ ဘယ်သူနဲ့မှ သမီး မလဲနိုင်ဘူး"

မနော ငိုရင်း ရှိုက်ရင်း ပြောမိသည်။ ရင်ထဲမှာတော့ သမီး ရင်ကွဲရင် ကွဲသွားပါစေ ... ဖေကြီးကိုတော့ သမီးကြောင့် ဘယ်သူကမှ လက်ညှိုးထိုးကဲ့ရဲ့မသင်္ဂြိုဟ်စေရဘူး ... လို့ ဆက်ပြောမိသည်လေ။

"ဖေကြီးရဲ့ အသက်မွေးဝမ်းကျောင်းအလုပ်ကို နားလည်မပေးနိုင်တဲ့လူတွေကြောင့် သမီး ဝမ်းနည်းမိပေမယ့် ဖေကြီးနဲ့တော့ ဘယ် ... ဘယ်သူနဲ့မှ သ ... သမီး မလဲနိုင်ဘူး"

စကားဆုံးသည်နှင့် မနောမှာ ဆက်ပြီး မထိန်းချုပ်နိုင်





တော့ဘဲ အသံထွက်အောင်ပင် သည်းသည်းရှိုက်ရှိုက် ငိုကြွေးမိတော့သည်။

ဦးသုတမှာလည်း တသိမ့်သိမ့်ခါနေသည့် သမီးဖြစ်သူရဲ့ ကျောပြင်လေးကို ပွတ်သပ်ကာ ချော့မြူပေးလင့်ကစား ... ကိုယ်တိုင်က မျက်ရည်ပေါက်ကြီးများ တစ်လိမ့်ချင်းကျဆင်းနေမိသည်။ သားအဖနှစ်ယောက်ရဲ့ စိတ်မကောင်းစရာမြင်ကွင်းကို ငေးကြည့်ရင်း စိတ်ထိခိုက်နေရသူက ဦးထိန်လင်းပဲဖြစ်သည်။

မွေးကင်းစ နီတာရဲ့ အနီးအဖြူထုပ်ကလေးဘဝထဲက ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့ရသော မွေးစားသမီးနှင့် ...

သူငယ်ချင်းလည်းဖြစ်၊ ကျေးဇူးရှင်လည်းဖြစ်သော သုဘရာဇာကြီးကိုကြည့်ကာ ...

ဦးထိန်လင်းမှာ မျက်လုံးတွင် မျက်ရည်ကြည်များဖြင့် ရစ်ဝဲမှုန်သီလာလျက် ...

စိတ်နှလုံးတို့က ဟိုးလွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကျော်ဆီသို့ အတွေးအဖြစ် လွင့်ပါး မျောပါသွားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဟော့ကောင်တွေ ရာဇာတော့ ရာဇာပဲကွာ"

"ဘာရာဇာလဲ"

သုတရဲ့ခြေလှမ်းတို့ ရှေ့သို့ ဆက်မတိုးမိတော့ဘဲ နေရာမှာပင် တုံ့ခနဲ ရပ်လိုက်မိသည်။

ခေါင်းလည်း အလိုအလျောက် ငုံ့ထားမိသားဖြစ်သွားရသည်။

"သုဘရာဇာ ... လေ"

"အေး ... အဲ့ဒါ သင်္ချိုင်းဘုရင်လို့လည်း ခေါ်တယ်ကွ"

"မသာတို့ရဲ့ဘုရင်ပေါ့ကွာ"

"ဟေ ... မသာတို့ရဲ့ဘုရင် ဟုတ်လား ဟေး ... ဟေး ဟုတ်တယ် ... အဟား ဟား"

"မသာဘုရင် ... မသာဘုရင် ... ဟား ဟား ဟား ဟား"





သုတ လွယ်အိတ်ကြိုး တင်းတင်းဆုပ်လျက် နေရာမှ ချက်ချင်း လှည့်ထွက်ဖို့ ခြေလှမ်းပြင်သည်။

"ဟော့ကောင်တွေ ... မင်းတို့ ဘာပြောတာလဲ"

သူ့ရှေ့သို့ ခြေလှမ်းကျဲကြီးများဖြင့် ရောက်လာခဲ့သူမှာ ထိန်လင်း။

"ထိန်လင်း"

သုတ လှမ်းတားရန် ခေါ်လိုက်သည်။

"မင်း အသာနေစမ်း ... သုတ"

"ပြောလေ ... မင်းတို့ ခုနက သုတကို ဘာပြောလိုက်တာလဲ"

"မကြားလိုက်ဘူးလား ... မသာဘုရင် လို့လေ"

"မင်း ... မင်းတို့ လူတစ်ဖက်သားကို စော်ကားလှချည်လားဟင်၊ သုတအဖေက သုဘရာဇာလုပ်တာ ဘာဖြစ်လဲ၊ ဒါ ကောင်းရောင်းကောင်းရာ လုပ်တာပဲ"

"ခေါင်းရောင်း ခေါင်းဝယ် ပြောစမ်းပါ ထိန်လင်းရာ"

"ဘာကွ"

ထိန်လင်းမှာ သရော်စကားကြောင့် ဆွေ့ဆွေ့ခုန်သွားရသည်။

"မင်းတို့ရော သူ့အဖေလုပ်ငန်းနဲ့ ကင်းနိုင်လို့လား ... ပြောစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိန်လင်း ဒေါသထွက်လွန်းရသည်မို့ မာမာထန်ထန်ပင် ပြောမိတော့သည်။

"ဗိုး ... ငါတို့က သေမှ သူ့အဖေနဲ့ ပတ်သက်ရမှာ၊ တချို့ကတော့ မသေခင်ကတည်းက မသထာရေစာကို သာပေါင်းညာစား ကပ်စားနေတာ"

"ဘာကွ ... ဘာပြောတယ်"

ထိန်လင်း ယမ်းပုံမီးကျသွားရတော့ကာ လက်သီးကို ကျစ်နေအောင် ဆုပ်ထားမိသည်။

"မသထာရေစာ မဟုတ်ပါဘူးကွာ ... မသာစာရေစာပါ"

"ဝေး ... ဟုတ်တယ်၊ မသာစာ ရေစာ၊ မသာစာရေစာ ... ဟား ဟား ဟား"

"တောက် ... ဟေ့ကောင်တွေ မင်း ... မင်းတို့တွေ"

ထိန်လင်း ရှူးရှူးရှားရှားနှင့် ရှေ့သို့တိုးသည်။

"လာပါကွာ ထိန်လင်းရာ ... ဒီကောင်တွေက အမြဲမခံချင်အောင် စ,နေကျပဲ၊ မဖြစ်ချင်စမ်းပါနဲ့ကွာ"

သုတမှာ စကားနည်း ရန်စဲ၊ ထိန်လင်းကို အတင်းဆွဲခေါ်လာခဲ့ရသည်။

"လွှတ်စမ်းပါ သုတရာ၊ အဲ့လို ငုံ့ခံလို့ ဒီကောင်တွေ လူပါး၀,လာတာ"





"ထားလိုက်စမ်းပါကွာ၊ သူတို့ ဘာပြောပြော ငါ့အသားပဲ့ပါသွားတာမှ မဟုတ်တာ"

သုတမှာ ငယ်စဉ်ကတည်းက နိမ့်ကျလွန်းသော သုဘရာဇာတစ်ယောက်ရဲ့သားအဖြစ် ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်ခဲ့ရသည်မို့ ဘယ်သူဘာပြောပြော ဘယ်လိုလှောင်ပြောင်ကဲ့ရဲ့ပါစေ ... ပြန်မပြောဝံ့ဘဲ ငြိမ်သက်ငုံ့ခံခဲ့သည်ချည်းသာ။

အမြဲတမ်း သူ့ဘက်မှနာကာ မခံချင်ဖြစ်ပြီး ကာကွယ်ရန်ဖြစ်တတ်သည်က ထိန်လင်းဖြစ်သည်။

"ငါ့ကြောင့် မင်းပါ အပြောခံရတာတော့ ငါ စိတ်မကောင်းဘူးကွာ ထိန်လင်း"

သုတ ဟိုကောင်တွေအုပ်စုပြောသော သာပေါင်းညာစားဆိုသောစကားအတွက် ထိန်လင်းကို မျက်နှာပူအားနာစွာ ပြောမိသည်။

တကယ်တော့ ထိန်လင်း၏ဖခင် ဦးထိန်ဝင်းမှာ အရာရှိကြီးတစ်ဦးဖြစ်သည့်အတွက် ရာထူးဂုဏ်ရှိသော်လည်း ထိန်လင်းတို့မိသားစုမှာ အပိုအလျှံ သုံးနိုင်စွဲနိုင်သူများ မဟုတ်ကြ။

သုတကတော့ သုဘရာဇာသားမို့ သိမ်ငယ်နိမ့်ကျပေမယ့် ကျိုကျိုတက်ချမ်းသာသူဖြစ်သည်မို့ သုတနှင့်ပေါင်းသော ထိန်လင်းကို သာပေါင်းညာစားလို့ လှောင်ပြောင်ကြတာပင်။

"ထားလိုက်စမ်းပါကွာ၊ ငါကတော့ မင်းအဖေ သုဘ



www.burmeseclassic.com

www.burmeseclassic.com



ရာဇာဖြစ်ပေမယ့် မင်းတို့မိသားစုဟာ စာရိတ္တလည်းကောင်းတယ်၊ စိတ်ထားလည်း ကောင်းတယ်၊ ဒါဆို ပြီးတာပဲ"

"ငါ့အဖေက ပြောထားတယ် ... ဘာအလုပ်ပဲလုပ်လုပ် ကိုယ်ကျင့်တရားကောင်းဖို့က အဓိကတဲ့"

"အေးကွာ ... ငါတို့မိသားစုကို အရေးတယူပေါင်းသင်းတဲ့အတွက် မင်းကိုငါ အရမ်းကျေးဇူးတင်ပါတယ်"

သုတ ထိန်လင်းရဲ့လက်ကိုဆုပ်ကိုင်ကာ လှုပ်လှုပ်လှဲလှဲ ပြောမိသည်။

တကယ်လည်း ပတ်ဝန်းကျင်က ဘယ်လောက်ပဲလှောင်ပြောင်နှိမ့်ချပါစေ ... သူ့ဘက်က အမြဲကာဗာလုပ်ပေးခဲ့သော ထိန်လင်းကို သုတ ခင်လည်းခင်သလို ယုံကြည်အားကိုးမှုလည်း ရှိသည်ပင်။

သို့သော် ... နောက်ဆုံး တစ်ကျောင်းလုံးနီးပါးက မတူမတန်သလိုဆက်ဆံကာ ဝိုင်းပယ်သည့်ဒဏ်ကို မခံနိုင်တော့သည့် အဆုံးမှာတော့ ...

ဆယ်တန်းနှစ်မှာပင် သုတမှာ ကျောင်းတစ်ဝက်တစ်ပျက်နှင့် ထွက်လိုက်ပြီး ဖခင်ကြီး၏သုဘရာဇာလုပ်ငန်းကိုပင် ဝင်ရောက်ကူညီလုပ်ကိုင်ပေးတော့သည်။

ထိန်လင်းကတော့ ဆယ်တန်းအောင်ပြီး တက္ကသိုလ် ဆက်တက်သည်။





ထိန်လင်းအတွက် ကြမ္မာငင်ချင်တော့ ...

ထိန်လင်း တက္ကသိုလ် ဒုတိယနှစ်အရောက်မှာ ဖခင်ဖြစ်သူ ဦးထိန်ဝင်းမှာ ကျန်းမာရေးအတော်ချို့ယွင်းလာကာ ပင်စင်ယူလိုက်ရတော့သည်။

"ထိန်လင်း ... ဦးလေး အတော်ဖြစ်နေတယ်ဆို ဘာရောဂါလဲ"

ကြားကြားချင်းပင် အလုပ်မအားသည့်ကြားက သုတ အပြေးအလွှားရောက်လာကာ သတင်းမေးသည်။

ထိန်လင်း မျက်နှာမကောင်းစွာဖြင့် ...

"ဆရာဝန်ကပြောတော့ ကင်ဆာတဲ့ကွာ၊ အလွန်ဆုံး ခြောက်လပဲ ခံတော့မယ်တဲ့"

"ဟာင်"

ထိန်လင်း ငိုသံပါကြီးနှင့် သူငယ်ချင်းကို ရင်ဖွင့်သည်။

"မေမေ ခြစ်ခြစ်ခြုတ်ခြုတ်စုထားတာလေးနဲ့ ဖေဖေ့ကို မနည်းဆေးကုနေရတာ၊ သိတဲ့အတိုင်းပဲ ဆေးကုသစရိတ်က မနည်းဘူး၊ အိမ်မှာ အရမ်းကိုကျပ်တည်းနေပြီ"

"သုတ ... ငါ့ကို တစ်ခုလောက် ကူညီပါလား"

"ပြောလေ သူငယ်ချင်း ... ငါ ဘာကူညီရမလဲ ပြော"

အမြဲတမ်း ကိုယ့်ဘက်က ကာဗာလုပ်ရပ်တည်ပေးခဲ့သော သူငယ်ချင်းဖြစ်သူကို သုတ အားတက်သရော ပြန်မေးမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မင်းတို့အလုပ်မှာ ငါ့ကိုခိုင်းပါလား ... ငါ ကျောင်းထွက်ပြီး အလုပ်,လုပ်မှ ဖြစ်တော့မယ်"

"ဘာ ... ဘာပြောတယ်"

သူငယ်ချင်းဖြစ်သူရဲ့တောင်းဆိုချက်ကို ကြားလိုက်ရလျှင် သုတမှာ အကြီးအကျယ် အံ့အားသင့်လျက် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်သွားရသည်။

"ထိန်လင်းရယ် ... မင်း ဘယ်လိုပြောလိုက်တာလဲ ဟင်၊ အင်း ... မင်း ငါ့တို့အလုပ်မှာ ဝင်မလုပ်ရဘူး"

"မဖြစ်ဘူး ... ငါ အလုပ်,လုပ်မှဖြစ်မယ်၊ ကူညီပါ သူငယ်ချင်းရာ"

သုတ စိတ်ထိခိုက်စွာ အတွင်ငြင်းသလို ထိန်လင်းကလည်း ကျဉ်းထဲကျပ်ထဲရောက်နေသော အခြေအနေကြောင့် မရအရ တောင်းဆိုသည်။

နောက်ဆုံးမှာတော့ ...

ထိန်လင်းအတွက် အကောင်းဆုံးသော အနေအထားတစ်ခုကို သုတ ဖန်တီးပေးနိုင်ခဲ့ပါသည်။

"သုတ အဆင်ပြေလား .. မင်းအဖေဆီမှာ ငါ့အတွက် အလုပ်ပြောပေးခဲ့လား"

ထိန်လင်း သုတကိုတွေ့တာနှင့် အမောတကော မေး





သည်။ သုတ ခပ်တည်တည်ဖြင့် ခေါင်းကိုညိတ်ပြကာ ...

"ပြောတယ်"

"ဟာ ... ဝမ်းသာလိုက်တာကွာ၊ ပြော ... ငါ ဘယ်တော့ အလုပ်စ,ဆင်းရမှာလဲ၊ ဒီနေ့လား"

"ဟင့်အင်း"

သုတ ခေါင်းခါပြတော့ ထိန်လင်း နားမလည်နိုင် ဖြစ်သွားရသည်။

"ဘာအလုပ်မှ မလုပ်ရဘူးတဲ့"

"ဟင် ... ဘယ် ... ဘယ်လို"

အလုပ်မလုပ်ရတော့ဘူးဆို၍ ထိန်လင်း မျက်နှာလေးငယ်သွားသည်။ ဒီတော့မှ သုတက ပြုံးကာ ...

"ဘာအလုပ်မှ မလုပ်ရဘူး၊ ကျောင်းလည်း မထွက်ရဘူးတဲ့"

"သုတ မင်း ... မင်း ပြောချင်တာက"

"အေး ... အဖေက မင်းတို့မိသားစုကို အစစအရာရာ ကူညီမယ်တဲ့၊ မင်းအတွက် ပညာသင်စရိတ်ရော, မင်းအဖေအတွက် ဆေးကုသစရိတ်ရော ဒါနပြုပါရစေတဲ့ ...၊

တကယ်လို့ မင်းက အဲဒီအစီအစဉ်ကို လက်မခံချင်ဘူးဆိုရင်တော့ ဘွဲ့ရ အလုပ်အကိုင်ကောင်းရင် ဖေဖေထောက်ပံ့ခဲ့တဲ့စရိတ်ကို အရင်းနဲ့အတိုးပါ ပြန်ဆပ်တဲ့၊ တစ်ခုတော့ရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



. . . ငါ့ကိုမခင်ရင်ပေါ့တဲ့''

''သုတ . . . သူ . . သူငယ်ချင်းရယ် . . . ငါ . . . ငါ ဘယ်လိုပြောရမှာလဲ၊ အာ . . . ငါ ဘာမှမပြောတတ်တော့ဘူး သူငယ်ချင်းရယ် . . . ၊

ငါ . . . ငါ အရမ်းကျေးဇူးတင် . . . မင်းတို့မိသားစုရဲ့ ကျေးဇူးကို တစ်သက်မမေ့ . . . မမေ့''

စိတ်လှုပ်ရှားစွာပြောရင်း ထိန်လင်းမှာ သုတကိုဖက်ကာ မျက်ရည်ပေါက်ကြီးများ ကျဆင်းလာခဲ့တော့သည်။

စကားကိုလည်း မဆက်နိုင်တော့။ ထစ်ငေါ့ကာ အက်ကွဲတိမ်ဝင်လို့ သွားရတော့သည်။

သုတရဲ့ဖခင်ကြီး ဦးသီလမှာ ကတိစကားအတိုင်း ထိန်လင်းရဲ့ပညာသင်စရိတ်ရော ဦးထိန်ဝင်းအတွက် ဆေးကုသစရိတ်ရော လိုလေသေးမရှိရအောင် ကူညီပေးခဲ့သည်။

သို့သော် . . .

ထိန်လင်း ပထမနှစ်ပြီးဆုံးခါနီးမှာပင် ဦးထိန်ဝင်း ဆုံးပါးခဲ့သည်။

ဘာပဲဖြစ်ဖြစ် ဦးသီလရဲ့ထောက်ပံ့ကူညီမှုနဲ့ ထိန်လင်း ဘွဲ့ရ ကျောင်းပြီးခဲ့သည်။

ထို့နောက် ဂုဏ်သရေရှိစွာ အစိုးရဌာနတစ်ခုမှာ အရာရှိတစ်ဦး ဖြစ်လာခဲ့သည်။





ဘဝမှာ မွန်းကျပ်မှုတွေ မရှိတော့သော်လည်း နိမ့်ကျချိန်မှာ လိုလေသေးမရှိအောင် ထောက်ပံ့ကူညီခဲ့သော ဦးသီလနှင့်သူငယ်ချင်းဖြစ်သူ သုတတို့ရဲ့ကျေးဇူးတရားကို ဘယ်တော့မှ မမေ့။

သူငယ်ချင်းနှစ်ယောက် ဘယ်တော့မှလည်း အဆက်အသွယ်မပြတ်။ အခင်မင်လည်း မလျော့ပါးခဲ့။

နှစ်ယောက်သား အသီးသီး ချစ်သူတွေ့ကာ အိမ်ထောင်များ ကျခဲ့ကြသည်။

အရင်အိမ်ထောင်ကျလေသော ထိန်လင်းနှင့်ရီရီနှင်းတို့ ဇနီးမောင်နှံမှာ သားသမီးမထွန်းကားနိုင်လေတော့ ရီရီနှင်းအစ်မ မှမွေးသည့် တူတော်သူ ယုဂန်ကို မွေးစားလိုက်ကြသည်။

ယုဂန်မှာလည်း မိဘနှစ်ယောက်စလုံး ဆုံးပါးသွားခဲ့ပြီမို့ ဦးထိန်လင်းတို့ဇနီးမောင်နှံက သနားချစ်ကြင်စွာ ကျွေးမွေးစောင့်ရှောက်ခဲ့ကြခြင်း ဖြစ်သည်။

သုတနှင့် ဖြူဖြူသန့်တို့ ဇနီးမောင်နှံမှာတော့ ချစ်စရာကောင်းလှသော သမီးလေးတစ်ယောက်မွေးသည်။

သို့သော် . . . သုတအတွက် ကံဆိုးမိုးမှောင်ကျချင်တော့ သူ့ကို သုဘရာဇာရယ်လို့ လုံးဝမခွဲခြားဘဲ နှစ်နှစ်ကာကာချစ်ခဲ့သည့် နာမည်နှင့်လိုက်အောင် စိတ်ထားဖြူစင်သန့်ရှင်းလှသော ဇနီးသည် ဖြူဖြူသန့်မှာ သူ့အတွက် ချစ်စရာကောင်းလှသော



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးတစ်ယောက်ကိုထားရစ်ခဲ့ပြီး လောကကြီးထဲမှ ထွက်ခွာသွားလေပြီ။

သူတမှာ ရှုမတတ် ခံစားရကာ ...

အနှီးထုပ်လေးထဲမှာ ရွှေရုပ်လေးတစ်ရုပ်လို လှပနူးညံ့လှသော သမီးကလေးကို မျက်ရည်ဖုံးသော မျက်လုံးအစုံဖြင့် တစိမ့်စိမ့်ကြည့်ရင်း ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာချခဲ့သည်။

"သူငယ်ချင်းရယ် တကယ်ပဲလား၊ မင်း တကယ်ပဲ ဆုံးဖြတ်ပြီးပြီလား၊ ငါ ... ငါ မင်းအတွက် စိတ်မကောင်းဖြစ်ရလွန်းလို့ ဘာပြောရမှန်းတောင် မသိတော့ဘူး"

ဦးထိန်လင်းမှာ သူငယ်ချင်းဖြစ်သူ ဦးသုတရဲ့ဆုံးဖြတ်ချက်ကို ကြားလိုက်ရလျှင် မယုံကြည်နိုင်လွန်းစွာ ထပ်ခါတလဲလဲ ပြန်မေးမိသည်။

ဦးသုတကတော့ မချိလွန်းစွာဖြင့် ...

"ဆုံးဖြတ်ပြီးပြီ၊ ငါ တကယ်ဆုံးဖြတ်ပြီးပြီ သူငယ်ချင်း၊ ငါနဲ့နေရင် ငါ့သမီးလေးဟာ သုဘရာဇာကြီးရဲ့သမီးဆိုပြီး ပတ်ဝန်းကျင်မှာ အနှိမ်ခံ အပယ်ခံရမှာပဲ ...၊





ငါ့ ... ငါ့တုန်းကလို ငါ့သမီးကလေး မခံစားရအောင် ငါ ဆုံးဖြတ်လိုက်တာပါ ...၊

ငါ့သမီးလေးကို မင်းနဲ့ရီရီနှင်းတို့ရဲ့သမီးကလေးအဖြစ် တရားဝင်မွေးစားပေးပါ၊ သမီးအတွက် လိုအပ်တာတွေအားလုံးကို ငါ ဖြည့်ဆည်းပေးပါ့မယ် ...၊

သမီးကို ငါ့ရဲ့သမီးအဖြစ် ပတ်ဝန်းကျင်က မသိရင် တော်ပါပြီ"

ဦးသုတ မျက်ရည်မကျသော်လည်း ရှိုက်သံကြီးဖြင့် ရှည်လျားစွာ ပြောသည်။

"အေးပါကွာ ... မင်းမှာ ဇနီးလည်းဆုံး, သမီးကိုလည်း ခွဲရမယ်ဆိုတော့ ငါက မင်းအတွက် စိတ်မကောင်းလွန်းလို့ ပြောမိတာပါ ...၊

စိတ်ချပါ ... ငါလည်း သားသမီးမရနိုင်တော့ မင်းရဲ့ သမီးလေးကို ငါ့ရင်က မွေးတဲ့သမီးအရင်းတစ်ယောက်လို မွေးမှာပါ၊ ဖခင်တစ်ယောက်ရဲ့မေတ္တာ အပြည့်အဝပေးမှာပါ၊ ကလေးအတွက် မင်း အစစအရာရာ စိတ်ချပါ"

ဦးသုတ နောက်ဆံမတင်းရအောင် ဦးထိန်လင်းမှာ ကတိအထပ်ထပ်ပေးမိသည်။

တကယ်လည်း အနီးဖြူဖြူနှင့် ရစ်ပတ်ထားသည့် ကလေးလေးမှာ နီတာရဲလေးပေမယ့် ရွှေရုပ်ကလေးလို လှပ



www.burmeseclassic.com

www.burmeseclassic.com



ချစ်စဖွယ်ကောင်းလွန်းလှသည်မို့ . . . မြင်မြင်ချင်း သမီးအရင်းကလေးလို ချစ်စိတ်များ တဖွားဖွားပေါ်လာခဲ့မိသည်လေ။

ယုဂန်တုန်းက ဇနီးဘက်မှတော်သည့် တူလည်းဖြစ်၊ မိဘများလည်း မရှိတော့သည်မို့ သနားခဲ့မိပေမယ့် . . .

သည်ကလေးကိုတော့ ဘယ်ဘဝက ရေစက်မှန်းမသိ မြင်မြင်ချင်း သမီးအရင်းကလေးလို ခံစားကာ ချစ်မိသည်။

"ထိန်လင်း . . . ကျေးဇူးတင်ပါတယ်ကွာ၊ မင်းရဲ့ကျေးဇူးကို ဆပ်တဲ့အနေနဲ့ ငါ တစ်ခုတော့ လုပ်ပေးပါရစေ . . . ငါ ကုမ္ပဏီတစ်ခု ထောင်ဖို့အစီအစဉ်ရှိတယ်၊ အဲဒီကုမ္ပဏီကို မင်းနာမည်နဲ့ လွှဲပေးပါရစေ၊ မင်း အုပ်ချုပ်ပေးပါ"

"ဟာ သုတ . . . ဟင့်အင်း . . . ငါ အဲ့ဒါတွေ ဘာမှ မမျှော်လင့်ဘူး"

ဦးထိန်လင်း မထင်မှတ်နိုင်စွာ မယုံကြည်နိုင်စွာ အံ့အားအသင့်ကြီး သင့်သွားခဲ့ရတော့သည်။

"မငြင်းပါနဲ့ သူငယ်ချင်းရာ . . . ငါ့စေတနာပါ၊ ကဲ . . . ငါ သွားတော့မယ်နော် သူငယ်ချင်း"

ဦးသုတ နှုတ်ဆက်ရင်း သမီးကို ဦးထိန်လင်း ရင်ခွင်ထဲသို့ ထည့်သည်။

ထို့နောက် သမီးလေးရဲ့နဖူးပြင်နုနုကလေးကို မထိရက်ထိရက် မွှေးမြသည်။





မျက်ရည်မိုးက ရင်ထဲ၌ သည်းထန်စွာ။

"သမီးလေးရေ . . . ဖေကြီး သွားမယ်နော်"

ဆို့နင့်သောအသံကြီးဖြင့် သမီးဖြစ်သူကို နှုတ်ဆက်ရှာသော သူငယ်ချင်းကိုကြည့်ကာ ဦးထိန်လင်းမှာ မကြည့်ရက်နိုင်စွာ။

"သမီးဆီ မကြာ မကြာ လာလည်ပေါ့ကွာ"

သူတောင် ကိုယ့်ရင်သွေးမဟုတ်ဘဲ ဒီလောက်ချစ်မိသွားသေးလျှင် မိဘရင်းဖြစ်တဲ့ သုတခမျာ အသည်းနင့်အောင်ချစ်ရတဲ့ သမီးကလေးကို ခွဲခွာရတဲ့အတွက် ဘယ်လောက်များ နာကျင်ခံစားရမလဲဆိုတာ သူ စာနာမိပါသည်။

အဲ့ဒီနောက်မှာတော့ . . .

သမီးလေးရဲ့ရှေ့ရေးကိုတွေးကာ သူ အလုပ်မှထွက်ပြီး သုတထောင်ပေးသည့် 'တက်နေဝန်း' ကုမ္ပဏီကို ဦးစီးခဲ့သည်။

သူ့ရဲ့ကြိုးစားအားထုတ်မှုကြောင့် ကုမ္ပဏီကြီးမှာ အတိုင်းထက်အလွန် အောင်မြင်ခဲ့သည်။

သို့သော် အကျိုးအမြတ်အားလုံးကို သူတစ်ယောက်တည်း မခံစားဘဲ သုတလက်ထဲသို့သာ အပ်ကာ သူ ရသင့်ရထိုက်သည်ထင်သော ရှယ်ယာပမာဏကိုသာ ခွဲဝေယူသည်။

သုတမှာ ငွေကြေး ဘယ်လောက်ပဲ ချမ်းသာကြွယ်ဝစေသော်လည်း သူ့ဘဝသူ သိမ်ငယ်သော စိတ်အရင်းခံကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မထင်မရှားဘဝဖြင့်သာ လျှို့ဝှက်သိုသိပ်စွာ နေထိုင်လျက် ...

သမီးကိုတော့ ည လူခြေတိတ်တိတ်ဆိတ်ချိန်မှ တိတ်တဆိတ် လာရောက်တွေ့ဆုံလေ့ရှိသည်။

ထိုအချိန်တွင် ဦးထိန်လင်းအိမ်မှ အလုပ်သမားများက အစ ဘယ်သူတစ်ဦးတစ်ယောက်မှ မသိစေရ။

ဦးထိန်လင်း၊ ဦးသုတ၊ မနောဖြူ ... တို့ သုံးယောက်သာ တိတ်တဆိတ် တွေ့ဆုံတတ်ကြခြင်းဖြစ်သည်။

ထို့ကြောင့် ... မနောဖြူမှာလည်း ငယ်စဉ်ကလေးဘဝကတည်းက ပတ်ဝန်းကျင်အမြင်တွင် မျိုးကောင်းရိုးကောင်း အလွန်ချမ်းသာသည့် 'တက်နေဝန်း' ကုမ္ပဏီပိုင်ရှင် သူဌေးကြီး ဦးထိန်လင်း၏တစ်ဦးတည်းသောသမီး။

လိုတရသည့် ရွှေမင်းသမီးလေးတစ်ပါးအဖြစ်။

လူအများ ငေးမောအားကျဖွယ်ဘဝဖြင့် ကြီးပြင်းလာခဲ့လေသည်။

မနောရဲ့အကြောင်းကို ပြောရမယ်ဆိုရင် ယုဂန်ကိုလည်း လုံးဝမေ့ထား၍မရ။





ဘာဖြစ်လို့လဲဆိုတော့ မနောနှင့်ယုဂန်မှာ မောင်နှမရင်းချာကဲ့သို့ ငယ်စဉ်ကတည်းက အတူစား၊ အတူသွား၊ အတူကစား ကြီးပြင်းခဲ့ကြသူများ ဖြစ်သည်။

တစ်ယောက်နှင့်တစ်ယောက် မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင် ချစ်ကြသည်။

"ယုဂန် ... ကော်ဖီသွားသောက်မယ် ယုဂန်"

"ယုဂန် ... မနော ရှော့ပင်ထွက်ချင်လို့ ... လိုက်ပို့ဦး"

"ယုဂန် ... မနော ဒီလိုဝတ်ထားတာ လိုက်ရဲ့လား ... ကြည့်ပေးစမ်းပါဦး"

ဘာပဲလုပ်လုပ် တယုဂန်တည်း ယုဂန်ကာ အားကိုးသည်လေ။

အားကိုးလောက်ချင်စရာ ယုဂန်က ဉာဏ်ထက်မြက်သူမို့ ဆယ်တန်းအောင်တော့ အမှတ်ကောင်းကောင်းနှင့် ဆေးကျောင်းတက်ခွင့်ရခဲ့သည်။

"ယုဂန်ရယ် ... နင် အရမ်းတော်တာပဲ၊ ငါ နင့်ကို ဒီလောက်တော်လိမ့်မယ်လို့တောင် ထင်မထားဘူး။ တကယ်ပြောတာ"

ရိုးရိုးမေဂျာရသော မနောမှာ ယုဂန်ရဲ့လက်ကို အားရပါးရ ဆွဲခါလှုပ်ယမ်းကာ ဝမ်းသာအားရပြောသည်။

"ကဲ့ ... ငါ့သားက ဆေးကျောင်းတက်မယ်၊ ဆရာဝန်

www.burmeseclassic.com



လုပ်မယ်ပေါ့ ... ဟုတ်လား''

ဦးထိန်လင်း သားဖြစ်သူကို မေးသည်။ ယုဂန်မှာ မွေးစားဖခင်ကြီးကို မဝံ့မရဲကြည့်မိလျက် ...

''ဟို ... သားကတော့ အခွင့်အရေးပေးရင် နိုင်ငံခြားမှာ ကျောင်းဆက်တက်ပြီး ပါရဂူဖြစ်တဲ့အထိ ကြိုးစားချင်တယ်''

ယုဂန်က ရည်မှန်းချက်ကြီးမားသူ။

ဒီအကြောင်းကို ဘာရယ်မဟုတ်ဘဲ ဦးထိန်လင်းမှာ ဦးသုတနှင့် စကားစ,မိလျှင် ...

''ကောင်လေးက တော်သားပဲ၊ ယောက်ျားတစ်ယောက် အဲဒီလို ရည်မှန်းချက်ကြီးမားတာတော့ ကြိုက်တယ်ကွာ''

ဦးသုတမှာ လှိုက်လှိုက်လှဲလှဲပင် ချီးကျူးလေသည်။

''အေး ... သမီးအပေါ်လည်း အရမ်းကောင်းတယ်၊ သမီးက ယုဂန်ကိုဆို သိပ်နိုင်တာ၊ ယုဂန်က သမီးရဲ့အနွံအတာကို အရမ်းခံရရှာတာ''

ဦးထိန်လင်းစကားကြောင့် ဦးသုတမှာ ခဏငြိမ်သက်သွားပြီး စဉ်းစားကာ ...

''အင်း ... ယုဂန်ဟာ မနှင်းရဲ့တူလည်းဖြစ်တယ်၊ သမီးနဲ့လည်း မောင်နှမအရင်းအချာလို ရင်းနှီးကြီးပြင်းခဲ့ကြတာ၊ သူ့ရဲ့ရည်မှန်းချက် ကြီးမားတဲ့စိတ်ဓာတ်ကိုလည်း ငါ သဘောကျတယ်၊ တကယ်လို့သာ သူတို့နှစ်ယောက် မေတ္တာမျှသွားရင်





ငါ့အနေနဲ့ လိုလိုလားလား ကြည်ဖြူတယ်''

ဦးသုတဆီမှ သဘောတူ ရည်ရွယ်သောစကားကို ကြားလိုက်ရသောအခါ ဦးထိန်လင်းမှာ မွေးစားသားနှင့် မွေးစားသမီးအတွက် ဝမ်းသာသွားရသည်။

''အေးကွာ ... သူတို့နှစ်ယောက် မေတ္တာရှိသွားကြရင်လည်း သိပ်ကောင်းမှာ၊ သူတို့ဆန္ဒ သဘောမပါဘဲနဲ့တော့ ငါတို့လူကြီးတွေ စီစဉ်လို့ လိုက်နာရတာမျိုးတော့ မဖြစ်စေချင်ဘူး''

''အေး ... အဲဒါတော့ ဟုတ်တယ်''

ဦးထိန်လင်းမှာ ထိုအကြောင်းကို ဇနီးဖြစ်သူ ဒေါ်ရီရီနှင်းကို ပြန်ပြောပြမိလျှင် ...

ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲသာ ဖိတ်ချင်သော ဒေါ်ရီရီနှင်းမှာ အတိုင်းမသိ ဝမ်းသာသွားရတော့သည်။

''အို ... ကိုသုတကြီးက အဲ့လိုပဲပြောလား၊ သားကို သမီးနဲ့ သဘောတူသတဲ့လား၊ အံမယ်လေး ... ကြားရတာနှင်းဖြင့် ဝမ်းသာလိုက်တာ''

ဒေါ်ရီရီနှင်း အရမ်းကို ဝမ်းသာမိခြင်းပါ။

ရည်မှန်းချက်ကြီးမားလှသော ကိုယ့်တူ,ကိုယ့်သားလိုဖြစ်ခဲ့ရသည့်မှုကို ရုပ်ချောသဘောဖြူသည့် နိတာရဲကလေးဘဝမှ ပြုစုစောင့်ရှောက်လာခဲ့ရသော မွေးစားသမီးဖြစ်သူနှင့် ဖြစ်စေချင်လိုက်သည်မှာ အတိုင်းထက်အလွန်။



www.burmeseclassic.com

www.burmeseclassic.com



မနောဖြူပိုင်ဆိုင်ရမည့် ကြွယ်ဝချမ်းသာမှုများကလည်း မမှန်းဆနိုင်အောင် များပြားလွန်းလှသည်မဟုတ်လား။

သုဘရာဇာသမီးဖြစ်လည်း ကိစ္စမရှိပြီ။

ဒီကိစ္စကို ကိုယ့်မိသားစုဝင်တွေကလွဲပြီး ဘယ်သူမှသိကြတာမဟုတ်။ အဓိက,က တူဖြစ်သူ ယုဂန် ကောင်းစားဖို့သာ။

'တက်နေဝန်း' ကုမ္ပဏီကြီးကိုလည်း တခြားသူလက်ထဲအရောက်မခံနိုင်။ ဒေါ်ရီရီနှင်း ဟန်မဆောင်နိုင်အောင်ပင် ဝမ်းသာအားရ။

''ကိုရေ . . . အဲဒါဆို နှင်း သူတို့နှစ်ယောက်နီးစပ်သွားအောင် ကြိုးစားမှပဲ၊ ငယ်ငယ်လေးကတည်းက ကိုယ့်လက်ပေါ်မှာ ကြီးလာတဲ့ကလေးတွေပဲဟာ၊ နှင်းပြောရင် နားထောင်မှာပါ''

ဒေါ်ရီရီနှင်း စိတ်ကူးဖြင့် အကွက်ချသည်။ အဲ့လိုပြောတာမျိုးကျတော့ ဦးထိန်လင်းက လုံးဝလက်မခံ။

''နှင်း . . . မင်း တော်တော် ကလေးအတွေး တွေးတာပဲ၊ သူတို့ဘာသာ သူတို့သဘောနဲ့ မေတ္တာမျှတာမျိုးပဲ ငါရောသုတရော ဖြစ်စေချင်တယ်၊ ကလေးတွေကြားထဲ မင်းကြားဝင်ပြီး အတင်းအကျိုးဆောင်တာမျိုးမလုပ်နဲ့၊ ငါ မကြိုက်ဘူး . . . ကြားလား''

''ဟုတ်ကဲ့ပါ ဟုတ်ကဲ့ပါ . . . ဒီကလည်း စကားအားဖြင့်





ပြောမိတာပါ၊ ရှင်မကြိုက်ရင် မလုပ်ပါဘူး . . . ဟွန့်''

ဒေါ်ရီရီနှင်း ခင်ပွန်းသည်ကို မကျေမနပ်ဖြင့် မျက်စောင်းထိုးသည်။ မလွန်ဆန်ရဲ၍သာ ငြိမ်နေလိုက်ရသော်လည်း . . . လက်တော့မလျှော့။ တူဖြစ်သူ ယုဂန်ကို တိုးတိုးကျိတ်ကျိတ်သတင်းပေးသည်။

''ဗျာ . . . တ . . . တကယ်၊ ဟုတ်ရဲ့လား မာမီရယ် . . . သားတော့ ကိုယ့်နားတောင် ကိုယ်မယုံချင်ဘူး''

ယုဂန် တကယ်ပဲ ကြားရသောစကားကိုမယုံ။ ဦးသုတကို သူ တစ်ခါမှ အတိအလင်း မျက်နှာချင်းဆိုင် မတွေ့ဖူးဘူး။

ဒက်ဒီ၊ မနောတို့နှစ်ယောက်နှင့်သာ လျှို့ဝှက်သိုသိပ်စွာလာပြီး တွေ့ဆုံတတ်လေ့ရှိသည်မို့ သူ တစ်ခါမှ သေသေချာချာ မမြင်ဖူး။

သို့သော် . . . တစ်ခါ, နှစ်ခါတော့ မထင်မှတ်ဘဲ အဝေးလို အကွယ်လိုမျိုးမှနေ မြင်ဖူးတွေ့ဖူးသည်။

သုဘရာဇာကြီးလို့ မထင်ရအောင် စတိုင်လ်ကျ သားနားလှသော လူကြီးလို့သာ မှတ်ချက်ချခဲ့မိတာ။

ခုတော့ ဒီလူကြီးက သူ့ရဲ့အရည်အချင်းတွေကို သဘောကျသတဲ့လား။

''မာမီ . . . အဲ့ဒါဆို သား ဘာလုပ်ရမလဲဟင်''

''ဟဲ့ . . . အဲ့ဒါ မာမီ့ ပြန်မေးရသေးလား ငတုံးလေးရဲ့



www.burmeseclassic.com

www.burmeseclassic.com



မင်း ချမ်းချမ်းသာသာ မနေချင်ဘူးလား''

''အာ ... ဘယ်လိုမေးလိုက်တာလဲ မာမီကလည်း၊ မချမ်းသာချင်တဲ့သူ ရှိမလား''

''အေး ... အဲ့ဒါဆို မနောဖြူကို လုံးဝလက်မလွှတ်စေနဲ့၊ သူ့အဖေ သုဘရာဇာက ဘယ်လောက်ချမ်းသာသလဲဆိုတာ မမှန်းဆနိုင်အောင်ပဲ၊ သူ့ကိုသာရရင် တက်နေဝန်းကုမ္ပဏီကြီးလည်း မင်းလက်ထဲရောက်လာမှာပဲ''

ဒေါ်ရီရီနှင်း ပြောပုံမှာ တမက်တမော။ ယုဂန်ရဲ့မျက်လုံးများ တလက်လက်တောက်ပြောင်လာသည်။

''ဟား'' ခနဲ ရင်သပ်ရှုမော အာမေဋိတ်သံပြုကာ ...

''မာမီ ... ဒါဆို ကျွန်တော်က''

''အေး ... မင်း မနောကို ရအောင် ကြိုးစားပေတော့''

''ဟာ ... မာမီကလည်း''

ယုဂန်စိတ်ထဲ တစ်မျိုးကြီးဖြစ်သွားရသည်။ မောင်နှမရင်းချာလို နေခဲ့ကြတာ မဟုတ်လား။

''ဘာလဲ ... မင်းက မနောကို ညီမလေးတစ်ယောက်လိုပဲ မြင်တယ်လို့ ပြောမလို့လား၊ အေး ... တော်ကြာ တခြားသူက ဖြတ်ခုတ်သွားတော့မှ ငုတ်တုတ်မေ့မကျန်စေနဲ့''

''မာမီကလည်းဗျာ''

ယုဂန် မခံချိမခံသာ ပြောမိသည်။ မနောကို မာမီ





ပြောသလိုတော့ ဘယ်သူ့လက်ထဲမှ အပါမခံနိုင်။

ရွှေစင်ရုပ်ကလေးလို နုဖပ်ကြည်စင်လှသော ရုပ်ကလေး။ နာမည်နှင့်လိုက်အောင် ဖြူစင်သောစိတ်ထားနှင့် ကျိုကျိုတက်ချမ်းသာကြွယ်ဝမှုတွေကို ဘယ်သူက မမက်မောဘဲ ရှိပါ့မလဲ။

ပြီးတော့ ... မောင်နှမရင်းချာလို့ အတူနေခဲ့ကြပေမယ့် အရွယ်ကလေးကိုယ်စီ ရောက်လာခဲ့ချိန်မှာ ယုဂန်ရဲ့ မသိစိတ်တွေက မသိမသာ ပြောင်းလဲခဲ့ပြီပဲ။

ချိုင်းပြတ်စွပ်ကျယ် အဖြူနှင့်အနက်စင်းလေးကို ပေါင်လယ်ခန့် အဖြူရောင် ကားကားစကဒ်ကလေးနှင့် တွဲဝတ်ကာ ကြက်တောင်ရိုက်နေသော မနောကို ကြည့်ရင်း ကြည့်ရင်းမှ ...

ကျစ်လျစ်မို့ဝန်းသော အသားစိုင်ကလေးများနှင့် ကြက်တောင်ကိုလွှဲကာရိုက်လိုက်တိုင်း လှုပ်ရှားသွားသော အလှအပများကြောင့် ယုဂန်ရင်တွေ တဒိတ်ဒိတ်ခုန်လို့လာခဲ့သည်။

အား ... လှလိုက်တာ။ အပြစ်ရယ်လို့ ပြောစရာမရှိအောင် ရက်ရက်စက်စက် လှလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီအလှအပတွေကို သူ ဘာဖြစ်လို့များ အရင်က သတိမပြုမိခဲ့ရပါလိမ့်။

မဟုတ်ဘူး။ သူ့ရဲ့မသိစိတ်ထဲမှာတော့ အသေအချာရှိနှင့်နေခဲ့မှာပါ။

မောင်နှမလို နေခဲ့တဲ့သံယောဇဉ်က မသိစိတ်ကို ဖုံးကွယ်ခဲ့တာပင်။

တကယ်တော့ မောင်နှမအရင်းမှ မဟုတ်ခဲ့တာဘဲ။ အရင်းနှီးဆုံး သူစိမ်းစစ်စစ်တွေပဲဟာ။

"အံမယ်လေး ... မောလိုက်တာဟာ"

အတွေးတွေ လွင့်မျောဆဲ အလှနတ်သမီးလေးက သူ့ဘေး စွေ့ခနဲ ဝင်ထိုင်သည်။

ချွေးလေးများ စို့နေသော လည်တိုင်ကြော့ကြော့လေးနှင့် မွေးညင်းစိမ်းကလေးများ ခ,သော လက်မောင်းသားကလေးမှာ ဝင်းဝါ၍နေသည်။

ထူးအိမ်သင်ရဲ့ ရွှေအဆင်းလိုဆိုသော သီချင်းကို စိတ်ထဲမှ တစ်ပိုင်းတစ်စ ညည်းမိသည်။

"ဘာကြည့်နေတာလဲ၊ ပေး ... သံပုရာရည်ခွက်"

သူ့မျက်လုံးတွေကို မနောက မနှစ်သက်သလို ပြန်အကဲခတ်ပြီး မျက်ခုံးကလေးများ ကုပ်ချိုးသွားသည်။

ယုဂန် သံပုရာရည်ခွက် ကမ်းပေးစဉ် လှမ်းယူသော





မနောလက်ချောင်းကလေးများနှင့် ထိမိသွားလျှင် လျှပ်စစ်နှင့်အတို့ခံလိုက်ရသလို လက်ချောင်းများ တဆတ်ဆတ်တုန်ခါသွားရသည်။

"ဘာဖြစ်နေတာလဲ ... ဟွန်း"

မနောက အထူးအဆန်းဖြစ်နေသော သူ့ကို မျက်စောင်းထိုးသည်။

"နင် သိပ်လှတာပဲဟာ မနော"

ယုဂန် မာမိပြောထားသောစကားတွေကို နားထဲပြန်ကြားယောင်ကာ ရဲဆေးတင်လျက် ပြောလိုက်မိသည်။

မနောကို သူကလွဲပြီး ဘယ်သူမှမပိုင်ဆိုင်စေရဘူး။

"ယုဂန် ... နင် ဘယ်လိုဖြစ်နေတာလဲ၊ ဒါ ... အစ်ကိုတစ်ယောက်က ပြောရမယ့်စကားလား"

မနော မျက်လုံးစုံမှိတ်ကာ အော်သည်။

ယုဂန် တံတွေးတစ်ချက်မျိုချကာ ကိုယ့်စိတ်ကိုယ် အားတင်းလျက် ...

"အစ်ကိုအရင်းမှ မဟုတ်ဘဲ ... ပြောတော့ ဘာဖြစ်လဲ"

"ဘာ"

မနော အအေးခွက်ကို ဆောင့်ချကာ ဝုန်းခနဲ ထ,ရပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ယုဂန် ...နင် ဘာစကားပြောတာလဲ၊ ဘယ်လို အဓိပ္ပာယ်နဲ့ ပြောလိုက်တာလဲ၊ နင့်ကို အစ်ကိုရင်းတစ်ယောက် လို့ပဲ ငါ့စိတ်ထဲထားတာ၊ နင် ငါ့အပေါ် တခြားစိတ်တွေထားရင် ငါ နင့်ကို လုံးဝမခေါ်တော့ဘူး ...!

ငါ့ကို ကာလာတွေနဲ့ လာမဆက်ဆံနဲ့၊ နောက်တစ်ခါ ဆို နင့်ကို ဒက်ဒီနဲ့တိုင်မယ်"

စိတ်ဆိုးမာန်ဆိုးပြောပြီးတာနှင့် ခြေဆောင့်ထ,ထွက် သွားလေသော မနော၏ကျောပြင်ကိုကြည့်ကာ စိတ်ပျက်ရှုပ်ထွေး စွာ ကျန်ရစ်ခဲ့ရသူက ယုဂန်ပဲဖြစ်သည်။

ဒီပုံစံအတိုင်းသာဆို မနောကို သူ ကြိုးစားဖို့မလွယ်။ ဆက်ပြီးတော့လည်း မကြိုးစားရဲတော့။

ဒက်ဒီနဲ့တိုင်မယ် ... ဆိုတဲ့စကားက သူ့ကို ကျောချမ်း စေသည်လေ။ ဒက်ဒီက မနော၏ဘက်တော်သားစစ်စစ် မဟုတ် လား။

သူနဲ့မနောကို သဘောတူပါတယ်ဆိုတာတောင် နှစ် ယောက်ဆန္ဒသဘောမပါရင် အတင်းအကျပ်မလုပ်ပါဘူးလို့ စကားခံထားတာ။

ယုဂန် ပခုံးနှစ်ဖက်သာ တွန့်လိုက်မိသည်။





အဲ့ဒီနောက်မှာတော့ ...

ရွှေရုပ်ကလေးလို နူးညံ့လှပလွန်းသော မနောဖြူအတွက် ကြမ္မာငင်ချင်တော့ ကျောင်းမှအပြန် ကားအက်ဆီးဒင့်ဖြစ်ကာ မျက်လုံးများ ကွယ်ခဲ့ရသည်။

လိုလေသေးမရှိ ကြွယ်ဝချမ်းသာပါလျက် အရွယ်ရောက် ခါမှ ဒုက္ခိတဘဝရောက်သွားခဲ့ရသော မနောအတွက် အားလုံး မှာ ယူကျုံးမရဖြစ်ခဲ့ကြရသည်။

ကျောင်းဆက်မတက်နိုင်တော့သည်မို့ မနောမှာလည်း နေ့စဉ်နှင့်အမျှ မျက်ရည်ကျခဲ့ရသည်။

မျက်မမြင်ဘဝနှင့် မနောတစ်ယောက် လပေါင်းများစွာ နေခဲ့ရပြီးသည့်နောက် ...

ကံကောင်းချင်တော့ ...ရှန်းလဲ့လှပါန်းသော မျက် ကြည်လွှာနှင့် အစားထိုးကုသခွင့်ရကာ မနောတစ်ယောက် အလင်းရောင်ပြန်ရခဲ့သည်။

တကယ်တော့ မနောမှာ မျက်စိနှစ်ကွင်းသာ အလင်း ရောင်ရခဲ့သည်မဟုတ်။

ညစဉ်ရက်ဆက်လို ထနောင်းတို့ချစ်သူနှစ်ဦးကို အိပ် မက်များ မြင်မက်ကာ ထနောင်းကိုလည်း အိပ်မက်ထဲက ဖြစ်စဉ်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ချစ်သူတစ်ယောက်လို ခံစားရှုးသွပ်ခဲ့မိပြီး ...

နောက်ဆုံးမှာ နှလုံးသားဆန္ဒရောင်ပြန်ဟပ်ကာ နောင်းနှင့် ချစ်သူတွေ ဖြစ်ခွင့်ရခဲ့သည်။

နောင်းကို အိမ်သို့ခေါ်လာကာ လူကြီးတွေနှင့် မိတ်ဆက်ပေးတော့ မာမီက မျက်နှာမကောင်းချင်ပေမယ့် မနော့ရဲ့ဆန္ဒသဘောထားကိုသာ အမြဲထာဝရဖြစ်စေခဲ့သော ဒက်ဒီကတော့ ခေါင်းညိတ်ပြီးသားပင်။ ဒက်ဒီက ခွင့်ပြုသည်ဆိုတော့ အဖေရင်းဖြစ်သော ဦးသုတအဖို့လည်း ကန့်ကွက်ခြင်းမရှိတော့။

အားလုံးအဆင်ပြေ ချောမွေ့ဖြောင့်ဖြူးခဲ့ပြီးမှ ...

အခုတော့ ... ကြားဝင်နှောင့်ယှက်ဖျက်ဆီးသူတစ်ယောက်ရဲ့သတင်းပေးမှုကြောင့် ...

သုဘရာဇာသမီးဆိုသော ပြစ်ချက်နှင့် ထနောင်းနှင့် မနော့တို့ ချစ်သူနှစ်ယောက်ဟာ အဖေရင်း ဦးသုတရော၊ မွေးစားအဖေ ဦးထိန်လင်းပါ စိတ်သောကရောက်ရချေပြီ။

ဩော် ... လောကရဲ့ကံကြမ္မာဟာ မျက်လှည့်ဆရာတစ်ယောက်ရဲ့ ပြကွက်များလို လျှို့ဝှက်ဆန်းကြယ်လှချည်လား။





ဟု မှတ်ချက်ချမိရင်း အတိတ်အတွေးထဲမှ ပြန်လန့်နိုးလာကာ ... တစ်ယောက်ကိုတစ်ယောက် တင်းတင်းကျပ်ကျပ်ဖက်ပြီး သည်းသည်းရှိုက်ရှိုက် ငိုနေကြသော သားအဖနှစ်ယောက်ကို ကြည့်ပြီး ဦးထိန်လင်းတစ်ယောက် သက်ပြင်းရှိုက်လိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ကျိန်း ဖန့်နေသော မျက်လုံးများကို အားယူဖွင့်ကြည့်လိုက်သည်။

အိပ်ပျက်ညပေါင်းများစွာ ဒဏ်ကြောင့် မျက်လုံးတွေက အလင်းရောင်တွေ့လိုက်ရသည်နှင့် မခံနိုင်အောင် ကျိန်းစပ်သွားရသည်။

သူ အိပ်ရာထက်မှ ဖြည်းဖြည်းချင်း ထ,လိုက်သည်။

ထို့နောက် ... ခြေသံမကြားရအောင် ဖွနင်းကာ တစ်ဆင့်ချင်း တစ်ဆင့်ချင်းစီ။

သော့ခလောက်ကြီးကိုကြည့်ကာ သူ 'ဟူး'ခနဲ စိတ်ပျက်လက်ပျက် လေပူများ မှုတ်ထုတ်လိုက်မိသည်။

သို့သော် ... ချက်ချင်းပင် သူ့မျက်လုံးများက ခြံစည်းရိုး အုတ်နံရံဆီ အကြည့်ရောက်သွားခဲ့သည်။

သူ အံကိုတင်းတင်းကြိတ်လိုက်သည်။ သူ့အသိစိတ်ထဲ





မှာ မနောကလွဲပြီး ဘာမှမရှိတော့။

ထို့နောက် ... ချစ်ခြင်း၏ခွန်အားဖြင့် ခြံစည်းရိုး အုတ်နံရံပေါ်ရောက်လျှင် မျက်စိကို စုံမှိတ်ကာ သူ လွှားခနဲ ခုန်ချလိုက်သည်။

"အား"

အချုပ်အခြယ်က လွတ်ပြီ။

မနောလေးရေ ...

အရာရာကို ကျော်ဖြတ်မယ့် ချစ်ခြင်း၊ ခွန်အားအသံချေနဲ့ မင်းဆီ ကိုယ် လာခဲ့မယ်ကွယ့်။

သူ ပြုံးပြီး မျက်လုံးများ ဖွင့်ကြည့်လိုက်လျှင် ...

"သား"

ဒေါသမျက်ဝန်းများနှင့် သူ့ကို စူးရဲစွာစိုက်ကြည့်နေသော မေမေ။ ပြီးတော့ မေမေ့တပည့်များ။

"မင်းက မေမေ့ကို သိပ်လျှော့တွက်ထားတာပဲကိုး။ မင်းကို မေမေမွေးထားတာဆိုတာ မင်း မေ့နေပြီလား ထနောင်းညိုရဲ့"

ထနောင်း မေမေ့ကို ရင်ဆိုင်လိုက်သည်။

"မေမေ မတရားဘူး။ ဘာမှအဓိပ္ပာယ်မရှိတဲ့ အယူအဆဟောင်းကြီးနဲ့ မေမေ သားကို ရက်စက်တယ်၊ သားချစ်သူကို သေကွဲကွဲတာလည်း ကြုံခဲ့ရပြီးပြီ ...၊



www.burmeseclassic.com

www.burmeseclassic.com



အခု မေမေက ထပ်ပြီး ရှင်ကွဲခွဲရက်တယ်၊ ဟင့် အင်း ... ဒီတစ်ခါတော့ သား မနောကို အဆုံးရှုံးမခံနိုင်ဘူး မေမေ၊ သားဘဝမှာ မနောမရှိလို့မဖြစ်ဘူး၊ မေမေတားလည်း သားသွားမှာပဲ''

သူ မေမေ့ကို ကျောခိုင်းကာ လှည့်ထွက်လိုက်သည်။ ဖေဖေ့တပည့်များမှာ ချက်ချင်း သူ့ကို ဝိုင်းလိုက်လေသည်။

သူ တစ်ချက် နှုတ်ခမ်းတွန့်ပြုံးကာ အားလုံးကို ခပ်မိုက်မိုက် စိုက်ကြည့်လိုက်သည်။

လာခဲ့ကြစမ်း ... သူ အသင့်အနေအထားဖြင့် အသံတိတ် စိန်ခေါ်လိုက်သည်။

ဖေဖေ့တပည့်များ ဝိုင်းချုပ်ကြလေလျှင် ... ကပ်လာသည်နှင့် လက်သီးနှင့် အားကုန်ထိုးချကာ ထွက်ပြေးဖို့ ပြင်သည်။

''သား''

ကျယ်လောင်သော်လည်း တုန်ခါ၍နေသော မေမေ့ခေါ်သံကြောင့် သူ့ခြေလှမ်းများမှာ တုံ့ခနဲ ရပ်တန့်သွားရသည်။

''ထနောင်း''

အေးခဲမာကျောလွန်းလှသော ခေါ်သံ။ သူ့ရင်ထဲ ထိတ်သွားရလျက် မေမေ့ကို ကပျာကယာ လှည့်ကြည့်လိုက်မိလျှင်-

''ဟာ ... မေမေ''





သူ့မျက်လုံးများထဲ ပြာဝေသွားရတော့သည်။ ချွန်ထက်လှသော ဓားမြှောင်တစ်လက်ဖြင့် ကိုယ့်ရင်ဝကိုယ် တည့်တည့် ချိန်ထားသည့် မေမေ။

''မင်း သွားမယ်ဆိုရင် ငါ့ကိုသတ်ပြီးမှသွား''

သူ မေမေ့ကို တုန်လှုပ်စွာကြည့်လိုက်မိသည်။ အဓိပ္ပာယ်မရှိလိုက်တာ မေမေရယ် ... ဟု သူ စိတ်ထဲမှ ထိတ်လန့်တုန်လှုပ်စွာ တွေးမိဆဲ။

''ဒါမှမဟုတ်ရင်လည်း မင်းသွားတာနဲ့ ဒီဓားမြှောင်သွားက ငါ့ရင်ထဲကို စိုက်ပြီးသား ဖြစ်စေရမယ်၊ မင်းကြိုက်တဲ့လမ်းကို ရွေးပါ ထနောင်း ...၊

မေမေ့ရဲ့အသက်နဲ့ မင်းရဲ့ဘဝကို လဲရဲတယ်ဆိုရင် မေမေကလည်း စိန်ခေါ်တယ် ထနောင်းညို''

မေမေ့အသံနှင့်မျက်လုံးမှာ ပကတိ အေးခဲလျက်ရှိသည်။

မေမေ့ရဲ့မာကျောပြတ်သားလှသော စိတ်ဓာတ်ကို အသိဆုံးဖြစ်သော ထနောင်းမှာ ဓားမြှောင်ကိုင်ထားသည့် မေမေ့ကို မကြည့်ရဲတော့စွာ ...

''မေမေ ... မေမေ အဲဒီဓားကို ချလိုက်ပါတော့ မေမေရယ်၊ သား မသွားတော့ပါဘူး၊ ... မသွားတော့ပါဘူး မေမေရဲ့၊ သား ကတိပေးပါတယ်''

သူ မေမေ့ဆီပြေးကာ မေမေ့ခြေထောက်ကို ကျပ်နေ



www.burmeseclassic.com

www.burmeseclassic.com



အောင်ဖက်ပြီး တွင်တွင်တောင်းပန်မိတော့သည်။

"သား ... မသွားတော့ပါဘူး။ မသွားတော့ပါဘူး မေမေရယ်၊ သားကို အဲဒီဓားပေးပါ၊ ဓား သားလက်ထဲပေးပါ"

သူ မေမေ့လက်ထဲမှ ဓားကို အတင်းလုယူမိသည်။ ဓား မေမေ့လက်ထဲက လွတ်မှ သူ စိတ်အေးရတော့တာပင်။

"သား ... သားကို မေမေ ခုလိုတားရတာ မချစ်လို့ မဟုတ်ပါဘူး။ နားမလည်ပေးနိုင်လို့လည်း မဟုတ်ပါဘူး၊ မေမေတို့မိသားစု အရမ်းတန်ဖိုးထားတဲ့ မျိုးရိုးဇာတိဂုဏ်ကို ထိပါးမယ့်ကိစ္စမို့လို့ မေမေ ခုလိုလူကြမ်းကြီး လုပ်နေရတာပါ၊ မေမေ့ကို ... မေမေ့ကို ပြန်ပြီးနားလည်ပေးပါ သားရယ်"

သူ မေမေနှင့်ရင်ဆိုင်ဖို့၊ ပဋိပက္ခဖြစ်ဖို့ မစဉ်းစားတော့ဘဲ သူသာ ရင်ကွဲခံလိုက်တော့မည်။

ချစ်သူကို အဆုံးရှုံးခံလိုက်တော့မည်ဟု နာကျင်စွာ ဆုံးဖြတ်လိုက်သည်။

"ဟုတ်ကဲ့ပါ မေမေရယ်၊ သား မေမေ့စကားနားထောင်ပါတော့မယ်၊ မေမေ့အသက်နဲ့ သား ဘာနဲ့မှမလဲနိုင်ပါဘူး၊ သားကြောင့် မေမေ စိတ်မဆင်းရဲစေရတော့ပါဘူး ...၊

သား ... သား ... မနောကို မနောကို လုံးဝစွန့်လွှတ်လိုက်ပါတော့မယ်၊ သား မနောကို မကြိုးစားတော့ပါဘူး"

ချစ်သူရေ ... စွန့်လွှတ်မယ့်စကားတစ်ခွန်း နှုတ်ခမ်း





တွေဆီက ထွက်ရဖို့ နှလုံးသားတစ်ခုလုံး တစ်စစီကြေမွအောင် ခံစားနာကျင်ရတယ်ဆိုတာ သိပါရဲ့လား။

ဒါပေမဲ့ ... အစွဲအလမ်းကြီးတဲ့ ဟောဒီနှလုံးအိမ်ထဲမှာတော့ မင်းလေးကို တစ်သက်လုံး စူးစူးနစ်နစ် ချစ်နေမိဦးမှာပါ။

အဲ့ဒါကိုတော့ ဘယ်သူမှ တားမြစ်ချုပ်ခြယ်လို့ မရနိုင်ဘူး။

ထနောင်းသည် ရင်ထဲမှ စူးအောင့်နာကျင်လာတော့သည်။ မေမေ့မျက်နှာကို မော့ကြည့်လိုက်ကာ ...

"မေမေ ... သား တစ်ခုတော့ တောင်းဆိုပါရစေ"

မေမေ သူ့မျက်နှာကို မျက်ခုံးများ တွန့်ကုပ်လျက် ငုံ့ကြည့်သည်။

"ဘာများလဲ သား"

"သား ... မနောကို တစ်ခါလောက်တော့ တွေ့ပါရစေ"

"သား"

"နောက်ဆုံး ... နောက်ဆုံးအနေနဲ့ပါ မေမေရယ်၊ သားကို ခွင့်ပြုပါနော်၊ တစ်ခါလောက်တွေ့ရပြီးရင် သား သူ့ကို တစ်သက်လုံးအတွက် စွန့်လွှတ်လိုက်မှာပါ"

မေမေ အချိန်ကြာမြင့်စွာ သူ့ကို စိုက်ကြည့်သည်။

စူးလက်အေးခဲသော မေမေ့ရဲ့မျက်လုံးတွေ တစ်စထက်



www.burmeseclassic.com

www.burmeseclassic.com



တစ်စ ဖျော့မှိန်လာကာ . . . သက်ပြင်းကို တစ်ချက်ရှိုက်လိုက်ပြီးလျှင် . . . ခေါင်းကို ဖြည်းလေးစွာ ညိတ်ပြလေသည်။

"မေမေ"

ထနောင်း ကြေကွဲစွာ ကြည်နူးမိလေသည်။

♬ ကြည်ပြာရီဝေသောအကြည့်နဲ့ ညို့ချစ်သူ ××× ကျွန်တော်ရဲ့ ကြင်နာသူ ××× သူ့အကြည့် ဘဝင်မှာဆူ ××× ရင်ခွင်လွှာကိုပူ ××× အသွေးအသားတွေဆူလို့ ××× အသည်းလေးပေါက်အောင်ကြည့်တဲ့ ကျွန်တော့်ချစ်သူ ×××

ကြည်ပြာရီဝေသောအကြည့်နဲ့ ညို့ချစ်သူ ××× ကျွန်တော်ရဲ့ ကြင်နာသူ ××× သင်းပျံ့သော ကော်ဖီရနံ့လေးနှင့်အတူ ♬

ချိုမြကြည်လင်သော သီချင်းသံက နူးညံ့စွာ လွင့်ပျံ့လာခဲ့သည်။ ထနောင်း နှလုံးသားထဲ နင့်ခနဲ စူးရှသွားခဲ့ရသည်။

သက်ပြင်းကို ခိုးရှိုက်ကာ ကော်ဖီဆိုင်ရဲ့အပြင်ဘက်ကို မျှော်ကြည့်မိတော့ . . . မိုးသားတွေ ညို့မှိုင်းအုံ့ဆိုင်းနေတာ တွေ့လိုက်ရသည်။





ရွာတော့မှာလား မိုးရယ်။ ရွာကျလာမယ့် မိုးရေစက်တွေနှင့်အတူ နှလုံးသားထဲက မီးတောက်က အေးငြိမ်းခွင့်ရမယ်ဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ။

မနော . . . မနောကရော မိုးရွာရင် သူ့ဆီ ရောက်လာပါဦးမလား။

လာခဲ့ပါ မနောရယ်။

လာခဲ့ပါ နော်။

သူ တမ်းတဆဲ။

မနောရဲ့ လင့်ခရုဇာကားကြီး ချိုးကွေ့ဝင်လာတာ မြင်လိုက်ရလျှင် ရင်ထဲ ဒိန်းခနဲ။

လှုပ်ခတ်သွားသော သူ့ပုံစံကို မေမေက နားလည်ရိပ်မိစွာ လှည့်ကြည့်သည်။

သူ့ပုံစံက ဒီလောက်တောင် သိသာသွားသတဲ့လား။

သူ့အနောက်မှာ ဦးလေးလှမောင်တို့ပိုင်း။

မေမေက သူ့ဆန္ဒကို ခွင့်ပြုသည့်တိုင် အစောင့်အကြပ်တွေတော့ အနားမှာထားသေးသဲ။

သူ မနောရဲ့ကားကြီးကို မမိုတ်မသုန် စိုက်ကြည့်နေဆဲမှာပင် မောင်းသူဘက်မှ ပြတင်းမှန်ချပ်က ရှောခနဲကျသွားခဲ့ပြီး သူမြင်တွေ့လိုက်ရသည်မှာ မနောရဲ့ဒက်ဒီ ဦးထိန်လင်း။

ပြီးတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



အနောက်ဘက် တံခါးမှာ ပွင့်ဟသွားခဲ့ပြီးလျှင် ...

"မနော"

အသက်ပင် မရှူမိတော့သလို ခံစားလိုက်ရသည်။

ဖြူလွလွ ဂါဝန်ရှည်လေးအောက်က ခန္ဓာကိုယ်ကလေးမှာ သိသိသာသာ ဖြူဖျော့ပိန်ကျသွားတာ တွေ့လိုက်ရတော့ ရင်ထဲ ဆစ်ခနဲ နာကျင်သွားရတော့သည်။

"ပိန်သွားလိုက်တာ"

ကလေးရယ် ...

မင်းလေးလည်း ကိုယ့်ထက် မလျော့အောင် ခံစားနာကျင်မှာ သိပါရဲ့။

စိတ်မကောင်းခြင်းကြီးစွာ သူ ငေးမိဆဲ။

အခြယ်အသကင်းမဲ့သော မျက်နှာဖျော့ကလေးနှင့် သစ်ရွက်ကလေးတစ်ရွက် လွင့်လာသလို ဆိုင်ထဲ ဝင်ရောက်လာခဲ့ပြီ။

မေမေ့ကိုတွေ့လျှင် မျက်လုံးကလေးများ ဝိုင်းခနဲ ဖြစ်သွားခဲ့ပြီးမှ ...

မျက်နှာမထားတတ်သလိုလေးနှင့် ခေါင်းလေးငုံ့ ဦးညွှတ်လေသည်။

မေမေ့အပေါ် ဘယ်လိုအငြိုးအာဃာတများမှ မရှိသလို ရိုရိုကျိုးကျိုး ဦးညွှတ်လိုက်သော မနောရဲ့အပြုအမူကလေးကြောင့် ထနောင်းမှာ အံ့အားလည်းသင့်၊ သနားလည်း သွားရ





တော့သည်။

မေမေကလည်း မျက်နှာမလွှဲဘဲ ပြန်ပြီးခေါင်းညိတ်ပြတာ မြင်လိုက်ရသည်။

ပြီးတော့မှ ... မနောက သူထိုင်နေသော စားပွဲဆီ လှမ်းလာခဲ့သည်။

"မနော ... မနောလေး ကိုယ့်ဆီလာတယ်နော်၊ ကိုယ့်ကို လာတွေ့တယ်နော်၊ ကိုယ် ပျော်လိုက်တာ မနောရယ်၊ ကျေးဇူးလည်း အရမ်းတင်ပါတယ်"

သူ စိတ်လှုပ်ရှားစွာ ကရားရေလွှတ်ပြောမိပေမယ့် မနောလေးကတော့ နူးညံ့ဖျော့တော့စွာသာ ပြုံးလျက် ...

"လာရမှာပေါ့ နောင်းရယ်၊ မနောလည်း နောင်းကို ပြောချင်တဲ့စကားတွေ ရှိတယ်လေ"

"ဘာလဲဟင် မနော ... ပြော ... ပြောလေ"

မနောက သူ့မျက်နှာဆီမှ အကြည့်လွှဲကာ တိုးညင်းစွာ ဆက်ပြောသည်မှာ ...

"နောင်းရဲ့မေမေပြောတာ မှန်ပါတယ်၊ မနောက သူဘရာဇာရဲ့သမီးပါ၊ အဲ့ဒါကြောင့် နောင်းရဲ့မေမေပြောတဲ့အတိုင်း မျိုးရိုးဂုဏ်ကို ထိန်းသိမ်းဖို့ မနောနဲ့လက်ထပ်မယ့်ကိစ္စကို လက်လျှော့လိုက်ပါတော့"

ထနောင်းမှာ ဆုံးဖြတ်ပြီးသား ကိစ္စဖြစ်သော်လည်း ချစ်



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့နှုတ်ဖျားမှ ထွက်လာသောစကားကို နားနှင့်ဆတ်ဆတ်ကြား လိုက်ရသောအခါ ရင်တစ်ခုလုံး နင့်ခနဲသွားရသည်။

"တကယ်တော့ မနောက တမင်လျှို့ဝှက်လိမ်ညာထားခဲ့တာ မဟုတ်ပါဘူး။ ကိုယ့်ဖေဖေက သူဘရာဇာဆိုတာ လူသိမခံရဲစရာလည်း မရှိပါဘူး။

ဖေဖေကိုယ်တိုင်က လူသိမခံချင်လို့ မနောဖွင့်မပြောခဲ့တာပါ၊ လက်ထပ်ပြီးရင်တော့ မိသားစုဝင်တစ်ယောက်အနေနဲ့ နောင်းကို ဖေဖေနဲ့ပေးတွေ့ဖို့ မနော တိတ်တိတ်ကလေး ရည်ရွယ်ထားခဲ့တာပါ ...၊

အဲ့ဒီအတွက် မနော ...မနော တောင်းပန်ပါတယ် နောင်းရယ်"

"ဟင့်အင်း ...တောင်းပန်ဖို့ မလိုပါဘူး မနောရယ်၊ ကိုယ့်မှာ မေမေ့လို ရှေးရိုးဆန်တဲ့ အယူသီးမှုမျိုးတွေ မရှိပါဘူး၊

မနော ဘယ်လိုဘဝ, ဘယ်လိုမျိုးရိုးပဲဖြစ်ဖြစ် ကိုယ့်အချစ်က ဘယ်တော့မှ ပြောင်းလဲသွားမှာ မဟုတ်ဘူး၊

ကိုယ့်မေမေရဲ့ မနောကို နှိမ့်နှိမ့်ချချ ပြောဆိုခဲ့တာတွေအတွက် ကိုယ်တောင်းပန်ပါတယ်နော် ...မနော"

စားပွဲပေါ်တင်ထားသော မနောရဲ့အေးစက်နေသည့်လက်ကလေးနှစ်ဖက်ကို ဖွဖွဆုပ်ကိုင်ကာ သူ တောင်းပန်လိုက်မိသည်။





ဖြူစင်လှသော မနောကလေးကတော့ နာကြည်းမှု မရှိတတ်သလို ပြုံးမြဲပြုံးလျက်ကပင် ...

"ဟင့်အင်း ...နောင်းရဲ့မေမေကို မနော စိတ်မဆိုးပါဘူး။ သူဘရာဇာသမီးမို့ သူဘရာဇာသမီးလို့ ပြောတာပဲ၊ ဒါအမှန်တရားပဲဟာ ...၊

နောင်းစိတ်ထဲမှာလည်း ဘာမှမထားနဲ့တော့၊ နောင်းမေမေရဲ့စကားကို နားထောင်ပြီး မနော ...မနောကို မေ့လိုက်ပါတော့ နောင်းရယ် ...နော်"

နော် ...ဆိုသည့် အဆုံးသတ်အသံကလေးမှာ ရှိုက်သံစွက်ပြီး တုန်ခါလို့ သွားသည်။

သို့သော် ကြည်စင်သော အပြုံးကတော့မှ လျော့ပါးလို့ မသွားခဲ့။

"တကယ်တော့ မနောဟာ ဘယ်သူ့သမီးပဲဖြစ်ဖြစ်, ဘယ်လိုမျိုးရိုးပဲဖြစ်ဖြစ်, အဲ့ဒါတွေ ကိုယ်မသိဘူး၊ ကိုယ်သိတာက မနောကိုချစ်တယ် ...ဒါပဲ၊

ဘုရင့်သမီးပဲဖြစ်ဖြစ်, သူဘရာဇာရဲ့သမီးပဲဖြစ်ဖြစ်, အချစ်မှာ တန်းတူပဲ ...၊

အချစ်မှာ မျိုးရိုးမြင့်တာ နိမ့်တာ, ချမ်းသာတာ ဆင်းရဲတာ, ပညာရှိတာ မရှိတာ, ရုပ်လှတာ မလှတာ အဲ့ဒီခွဲခြားမှုတွေ ဘာဆိုဘာမှ မရှိပါဘူး ...၊



www.burmeseclassic.com

www.burmeseclassic.com



အချစ်မှာ ဘယ်လိုကွဲပြား ခြားနားခြင်းမှမရှိဘူး၊ အချစ်မှာ ညီမျှခြင်းပဲ ရှိတယ် ... သိရဲ့လား မနော၊ မနောနဲ့ကိုယ့်ကြားမှာလည်း ညီမျှခြင်းပဲ ရှိပါတယ်''

ထနောင်းရဲ့ဆုပ်ကိုင်ထားသောလက်မှာ ပိုပြီးတင်းကျပ်မြဲမြံလို့သွားခဲ့သည်။

ဩော် ...

စွန့်လွှတ်မယ်လို့ ခါးသီးစွာ ဆုံးဖြတ်ပြီးခါမှ ဘယ်လိုခွန်အားမျိုးနဲ့ ခွဲခွာရမှာလဲ ချစ်သူရယ်။

အစကတည်းက မဆုံစည်းခဲ့ကြရင်လည်း အကောင်းသားကွယ်။

မနောရဲ့အပြုံးမှာ ကြည်စင်ရာမှာ ကြေကွဲသော အပြုံးအဖြစ် ညင်သာစွာ ပြောင်းလဲလို့ သွားခဲ့ပြီးလျှင် ...

''ယုံပါတယ် နောင်းရယ်၊ နောင်းရဲ့အချစ်ကို မနောယုံပါတယ်၊ နောင်းရဲ့အချစ်ကို မနောရဲ့နှလုံးသားထဲမှာ အမြဲတမ်းမြတ်မြတ်နိုးနိုး သိမ်းဆည်းထားမှာပါ ...၊

နောင်းနဲ့ဝေးရလို့ မနောရင်ထဲ နာကျင်ကြေကွဲရပေမယ့် နောင်းရဲ့မေမေ စိတ်ချမ်းသာရမှာမို့ မနော ကျေနပ်ပါတယ်၊

နောင်းကို အရမ်းချစ်တယ်၊ ဝေးလည်း မဝေးရဲပေမယ့် နောင်းမေမေက သဘောတူခွင့်မပြုဘဲတော့ မနော ဘယ်တော့မှ လက်မထပ်ပါဘူး ...၊





အဲ့ဒါကြောင့်လေ တို့နှစ်ယောက် အချစ်တွေကို ကိုယ်စီသိမ်းပြီး တစ်သက်တာ ဝေးဝေးပဲနေကြပါစို့''

ရှိုက်သံကလေးစွက်ကာ ကြေကွဲနာကျင်စွာ စကားတွေအများကြီးပြောပြီးသည်နှင့် ...

မနောမှာ နှုတ်ပင်မဆက်တော့ဘဲ ...

ရှိုက်သံမထွက်ရအောင် နှုတ်ခမ်းလွှာကလေးများကိုလက်ဖဝါးဖြင့် အသာအုပ်လျက် ကော်ဖီဆိုင်မှ ပြေးထွက်ကာ

ဒက်ဒီဦးထိန်လင်း အသင့်စောင့်နေသည့် ကားပေါ် မြန်ဆန်စွာ တက်သွားလေတော့သည်။

ဘာအပြစ်မှမရှိဘဲ ခွဲခွာရသည့် ကလေးနှစ်ယောက်အတွက် ဦးထိန်လင်းမှာ စိတ်မကောင်းခြင်းကြီးစွာဖြင့် ကားကိုဖြည်းညင်းစွာ မောင်းထွက်ခဲ့သည်။

ထနောင်းမှာတော့ ကျောခိုင်းဝေးကွာသွားပြီဖြစ်သောချစ်သူကို မတ်တတ်ရပ်လျက် မျက်စိတစ်ဆုံး ငေးစိုက်ကြည့်ရင်းနေရာမှာ ကျောက်ရုပ်တစ်ရုပ်လို မလှုပ်မယှက် ငြိမ်သက်စွာကျန်ရစ်ခဲ့ရသည်။

ရင်တစ်ခုလုံး တစ်စစီပဲ့ကြေလျက် ...

ချစ်သူမလာခင်က ညို့နေသော မိုးသားများက ...

ခုတော့ ... သည်းထန်စွာ။

တစ်စထက်တစ်စ အငြိုးတကြီး သည်းထန်စွာ ...



www.burmeseclassic.com

www.burmeseclassic.com



မိုး ...လို

ပေါက်ကွဲအော်ဟစ်ငိုကြွေးလို့ရရင် ဘယ်လောက်ကောင်းမလဲ။

ချစ်သူရေ ...

ခုလိုခွဲခွာဝေးကွာဖို့ ဆုံတွေ့ချစ်ခဲ့ရတာလား။

တစ်သက်တာအတွက် ...

တစ်သက်စာ ဝေးကြရလေပြီ။

အပြင်မှာက သဘာဝမိုး ...

ရင်ထဲမှာတော့ အက်စစ်မိုး။



## အခန်း (၁၇)

“နော ရာ ...ဒီလိုချည်း မနေနဲ့လေ၊ ပြော ...ဘယ်သွားမလဲ၊ ရှော့ပင်ထွက်မလား၊ ကိုယ် လိုက်ပို့ပေးမယ်”

ညှိုးဖျော့ငေးမှိုင်လျက် အမြဲလို တွေတွေငေးငေးဖြစ်နေသော မနောကိုကြည့်ကာ စိတ်မချမ်းသာသလို ယုဂန် အနားကပ် အဖော်ပြုပေးဖို့ ကြိုးစားမိသည်။

မနောက ဘာမှပြန်မပြော။

ခေါင်းလေးပဲ ခါပြသည်။

“ကိုရီးယားအခွေသစ်တွေ ကြည့်မလား၊ ကိုယ် သွားဝယ်ပေးမယ်”

မနော ခေါင်းပဲခါပြန်သည်။

“နောလေး ...နင် အရမ်းပိန်နေပြီနော်၊ မြီးရှည်စားမလား၊ ငါကိုယ်တိုင် လုပ်ပေးမယ်”



www.burmeseclassic.com

www.burmeseclassic.com



မနော အနားမှာကပ်ကာ တစ်ခုပြီးတစ်ခု မေးနေသော ယုဂန်ကို မနော သက်ပြင်းလေးရှိုက်ကာ လှည့်ကြည့်သည်။

"မနောကို ဂရုစိုက်မနေပါနဲ့ ယုဂန်ရယ်၊ ငါ့ဘာသာ တစ်ယောက်တည်းနေပါရစေ၊ ငါ့အပေါ် နင့်စေတနာရှိတာ ကျေးဇူးတင်ပါတယ်"

ပါးနပ်စွာ နှင်ထုတ်လိုက်ပုံလေးကြောင့် ယုဂန်မှာ မတတ်နိုင်တော့သလို အသာလှည့်ထွက်လာခဲ့ရတော့သည်။

မနောကတော့ လှည့်မကြည့်။

ဟိုးအဝေးကိုသာ တွေဝေစွာ ငေးလျက်။

"ဒက်ဒီရေ . . . သမီးကိုကြည့်ရတာ အထီးကျန်ဆန်လိုက်တာ၊ နင်းတော့ မမြင်ရက်ဘူး၊ အရမ်းသနားတာပဲ"

ဒေါ်ရီရီနှင်း ခင်ပွန်းဖြစ်သူကို စကားစ,သည်။

ဦးထိန်လင်းမှာ ဇနီးသည် ဘာပြောချင်သလဲသိရအောင် အသာနားစွင့်နေလိုက်သည်။

သူကိုယ်တိုင်လည်း သမီးဖြစ်သူ တစ်ယောက်တည်း တွေတွေကြီးထိုင်ကာ ငေးနေတတ်တာ တွေ့မြင်ရတာ စိတ်ထဲ





မချမ်းသာလှ။ ဒါပေမဲ့ ဘယ်တတ်နိုင်မှာလဲ။

ဒါဟာ . . . ဘယ်သမားတော်မှ ကုစားပေးနိုင်သော ဝေဒနာမဟုတ်။

"နှင်း တစ်ခုစဉ်းစားမိတယ်၊ သမီး အဲ့ဒီကောင်လေးကို မေ့သွားအောင် သားကိုယုနဲ့ နေရာချထားပေးလိုက်ရင် မကောင်းဘူးလား၊ သမီးအပေါ် ကိုယုလောက် ကောင်းတဲ့သူ မရှိဘူး၊ ကိုယုက သမီးကို အရမ်းဂရုစိုက် ကြင်နာ"

"အနှင်း"

ဦးထိန်လင်း ဖြတ်အော်လိုက်တာကြောင့် ဒေါ်ရီရီနှင်းမှာ ပြောလက်စ တစ်ဝက်တစ်ပျက်နှင့် ရပ်တန့်သွားခဲ့ရသည်။

"သမီးရဲ့အိမ်ထောင်ရေးကိစ္စကို သမီးဆန္ဒအတိုင်းပဲ ရှိပါစေ၊ ဘာမှတိုက်တွန်းတာမျိုး, အမိန့်ပေးတာမျိုး မလုပ်ခိုင်းနဲ့၊ သူ လက်မခံဘဲနဲ့တော့ ငါ ဘာမှအတင်းအကျပ် မစီစဉ်နိုင်ဘူး၊ ဒါပဲ . . . ကြားလား"

ဦးထိန်လင်း ယတိပြတ်ပြောသည်။

သူ့တူကောင်းစားစေရေးအတွက် သမီးကို အတင်းတိုက်တွန်းစီစဉ်ချင်နေသော ဇနီးသည်ရဲ့စိတ်ကူးတွေကို ဦးထိန်လင်း ရိပ်စားမိနေသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီ့ကို အားကိုးလို့မရတော့ဘူးဆိုတာ သိလိုက်ရလျှင် ယုဂန်မှာ ကိုယ့်အားကိုယ်ကိုးဖို့ပဲ ဆုံးဖြတ်လိုက်တော့သည်။

မနောကို သူ ဘယ်နည်းနဲ့မှ လက်လွှတ်ဆုံးရှုံးမခံနိုင်။

မနောဟာ သူ့အတွက်ပဲ ဖြစ်စေရမည်။

သူ ဒက်ဒီနှင့်မာမီတို့ ခြံထဲဆင်းထိုင် စကားပြောချိန်၊ မနောတစ်ယောက်တည်း ဝရန်တာထွက်ထိုင်ချိန်မှာ မနော အနားသို့ ဖြည်းညင်း ညင်သာစွာ ကပ်ခဲ့ကာ ...

''နောလေး နေကောင်းရဲ့လား''

မနော သူ့ကို ကြောင်တောင်တောင် လှည့်ကြည့်သည်။

အဲဒီတော့မှ တစ်အိမ်တည်းနေသူချင်း ပဋိသန္ဓေရ စကားဆိုမိသော သူ့ကိုယ်သူ ရှက်သွားရတော့သည်။

''အပြင်လေးဘာလေး ထွက်ရအောင် မနော''

ပြောမယ့်သာပြောရ ...

သူမျှော်လင့်ထားသည့်အတိုင်းပင် မနောဆီက ခေါင်းခါပြခြင်းကိုသာ ရရှိလိုက်ပါသည်။

''နော ... နင် ဒီလိုကြီးမနေစမ်းပါနဲ့ဟာ၊ လူငယ်ပဲ ကိုယ့်ဘဝကို အညွှန့်ကျိုးမခံပါနဲ့၊ ဒါလေးက ဘာမှဖြစ်တာ မဟုတ်ဘူး ... လို့ သဘောထားလိုက်စမ်းပါ''





''ကိုယ်ချင်းမစာဘဲ မပြောစမ်းပါနဲ့ ယုဂန်ရယ်၊ နင့်မှာ အချစ်မှမရှိတာ၊ နင် ဘယ်ခံစားတတ်ပါ့မလဲ''

ကြိုတင်ကြံစည်မှုနှင့်လာခဲ့သော ယုဂန်မှာ ထိုစကား ကြားလိုက်ရလျှင် အကွက်ကောင်းဆိုက်သွားရလျက် မနောကို ရီဝေစွာစိုက်ကြည့်ကာ ...

''နော ... နင်က ငါ့မှာ အချစ်မရှိဘူးလို့ ထင်တယ် ပေါ့ ... ဟုတ်လား၊ အချစ်မရှိတဲ့လူရယ်လို့ လောကမှာ ရှိနိုင်ပါ့ မလား နောရယ် ...၊

ငါက အချစ်ကို မျိုသိပ်ထိန်းချုပ်ခဲ့တဲ့ကောင်ပါ၊ သိပ်ချစ် ရတဲ့သူနဲ့ အနီးဆုံးမှာနေရင်းနဲ့ အဝေးဆုံးကိုရောက်နေခဲ့ရတဲ့ သူက ငါပါ''

မနော ယုဂန်ကို သံသယမျက်လုံးများနှင့် ပြန်ကြည့်မိ သည်။

ယုဂန်စကားတွေက ဒီနေ့မှ ဆန်းကြယ်လို့နေပါလား။

''ယုဂန် ... နင် ဘာတွေပြောနေတာလဲ''

''ပြောပါရစေ မနော ... ဒီစကားတွေကို ငါ ပြောချင် ရဲ့နဲ့ ပြောခွင့်မရခဲ့ဘူး၊ အခုချိန်မှ ဖွင့်ပြောလို့ ငါ့ကို ပွဲလန့်တုန်း ဖျာခင်းတဲ့သူလို့တော့ မထင်လိုက်ပါနဲ့ နော၊ နင့်ကို ငါ ...''

''ယုဂန်''

''ငါ ... နင့်ကို သိပ်ချစ်တယ် နော''



www.burmeseclassic.com

www.burmeseclassic.com



''ဘာ''

ခုချိန်မှာ အခွင့်ကောင်းယူပြီး လာပြောရဲသော ယုဂန်ကို မနော ရူးရူးဝါးဝါးကြီး စိုက်ကြည့်လိုက်မိသည်။

''ယုဂန် ... နင် ဘာစကားပြောတာလဲ၊ နင့်ကို အစ်ကို အရင်းတစ်ယောက်လို သဘောထားတဲ့ ငါ့ရဲ့စိတ်ကို နင် စော်ကားလိုက်တာပဲ ...၊

မှတ်ထား ... တစ်ခွန်းတည်း ပြောလိုက်မယ် ... ငါ့ရင်ထဲမှာ နောင်းတစ်ယောက်တည်းရှိတယ်၊ အေး ... အဲ့ဒါ တစ်ဘဝစာပဲ၊ တစ်သက်စာပဲ''

''မဖြစ်ရဘူး ... အဲ့လို မဖြစ်ရဘူး၊ နင် သူ့ကိုမေ့ပစ်ရမယ်၊ နင် တကယ်ချစ်သင့်တာ ငါ့ကိုပဲ မနော''

''နင် ခုထိ ဒီစကားပြောတုန်းပဲလား၊ ငါ့အပေါ် မရိုးသားတဲ့စိတ်ရှိတဲ့ နင့်ကို ဒီနေ့ကစပြီး ပြတ်တယ်၊ ငါ့ဘဝထဲမှာ ယုဂန်ဆိုတာ လုံးဝမရှိတော့ဘူး ... ဒါပဲ''

''ဟင့်အင်း ... ငါ နင့်ကိုချစ်တယ် နော၊ နင် ငါကလွဲပြီး ဘယ်သူ့ကိုမှ မချစ်ရဘူး၊ ဟိုကောင့်ကို မေ့ပစ်ရမယ်''

''သွား ... ထွက်သွား ... နင် ငါ့ရှေ့က ခုချက်ချင်းထွက်သွားတော့ ယုဂန်၊ နင့်ကိုငါ မမြင်ချင်ဘူး ... သွား ... သွား''

မနောမှာ ယုဂန်ရဲ့စကားတွေကို ဆက်မကြားချင်တော့





သည်မို့ နားနှစ်ဖက်ကို လက်ဖဝါးများနှင့် တင်းတင်းပိတ်၊ မျက်စိကိုစုံမှိတ်လျက် အားကုန်အော်ဟစ်မောင်းထုတ်လိုက်မိတော့သည်။

ချစ်သူနှင့်ဝေးကွာချိန်မှာ ကြားဝင်အခွင့်အရေးယူခဲ့သူ။

အသည်းနှင့်အောင်ချစ်ရသူကို မေ့ခိုင်းရက်သူအဖြစ် ယုဂန်ကို အမုန်းကြီးမုန်းကာ နာလည်း နာကြည်းသွားမိသည်။

''တောက်''

ယုဂန်ကတော့ တောက်တစ်ချက်ကို ခါးခါးသီးသီး ခေါက်လျက် နေရာမှ ချာခနဲ နောက်ကျောခိုင်းလှည့်ထွက်လာခဲ့မိလေသည်။



www.burmeseclassic.com

## အခန်း (၁၈)

# "တောက်"

ထနောင်းညို။

မင်းဟာ ငါ့ရဲ့အချစ်၊ ငါ့ရဲ့ဘဝအတွက် အနောင့်အယှက်ပဲ။ ခလုတ်ပဲ။

ငါ့ဘဝရဲ့မျှော်လင့်ချက်တွေ၊ ရည်မှန်းချက်တွေ ပျက်စီးဆုံးရှုံးရဖို့အတွက် ရောက်လာတဲ့ ဖျက်မြင်းပဲ။

မင်းကြောင့် ...

မင်းသာ မနောဖြူရဲ့ဘဝထဲကို ဝင်မလာခဲ့ဘူးဆိုရင် မနောဖြူရဲ့အချစ်ကို ပိုင်ဆိုင်ခွင့်ရမှာ ငါပဲ။

မင်းနဲ့မဆုံတွေ့ခင်အထိ မနောရဲ့တွယ်တာမှုတွေ၊ သံယောဇဉ်တွေဟာ ငါ့တစ်ယောက်တည်းမှာပဲ ရှိခဲ့တာ။

မနောရဲ့အဖေအရင်း ဦးသုတကိုယ်တိုင်က မနောသာ ကြည်ဖြူမယ်ဆိုရင် ငါနဲ့လက်ထပ်ပေးဖို့ သဘောတူခဲ့ပြီးသား။





ငါဟာ ... ယုဂန်ဆိုတဲ့ ငါဟာ မနောရဲ့ချမ်းသာကြွယ်ဝမှုတွေကို လိုချင်တပ်မက်တဲ့စိတ်တစ်ခုတည်းနဲ့ မနောကို ပိုင်ဆိုင်ချင်ခဲ့တာမဟုတ်ဘူး။

မနောကို ငါ တကယ်ချစ်ခဲ့တာ။

ကလေးဘဝမှာ အတူသွား၊ အတူကစားပြီး ကြီးပြင်းလာခဲ့ရတဲ့ သံယောဇဉ်ဟာ အရွယ်ရောက်လာချိန်မှာ ငါကိုယ်တိုင်မသိလိုက်ဘဲ အချစ်အဖြစ် ပြောင်းလဲလာခဲ့တယ်။

အစ်ကိုအရင်းလိုပဲ သဘောထားတယ်ဆိုတဲ့ မနောရဲ့ စကားတစ်ခွန်းကြောင့် ငါဟာ ငါ့အချစ်တွေကို ဖွင့်ဟခွင့်မရခဲ့ဘူး။

မျိုသိပ်ထိန်းချုပ်ခဲ့ရတယ်။

အနီးဆုံးမှာနေပြီး အဝေးဆုံးရောက်ခဲ့ရတာ ငါပဲ။

အခု ... ဖွင့်ဟပြောခွင့်ရတဲ့အချိန်ကျတော့လည်း ငါဟာ ဘေးရောက်ခဲ့ရပြန်တယ်။ မနောဆီက ငါ့အတွက် တုံ့ပြန်မှုဟာ ငြင်းဆန်ခြင်းပဲ။

မင်းကို ငါ သိပ်မုန်းတယ် ထနောင်းညို။

ငါနဲ့ မနောနဲ့ကြားကို ဖျက်မြင်းတစ်ကောင်လို ရောက်လာခဲ့တဲ့မင်းကို ငါ အရမ်းမုန်းတယ်။

အဲ့ဒါကြောင့် ...

ငါဟာ မင်းတို့ရဲ့အချစ်ရေး ဖြောင့်ဖြူးသာယာမှုကို ဘယ်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



နည်းနဲ့မှ မုဒိတာမပွားနိုင်ခဲ့ဘူး။

ဟင်း ဟင်း ...

အဲ့ဒါကြောင့် ငါ လျှို့ဝှက်စွာ သိထားခဲ့တဲ့ မနောတို့သားအဖရဲ့တွေ့ဆုံမှု၊ မနောရဲ့ဘဝအမှန်ကို ...

မျိုးရိုးဂုဏ်ကို အရမ်းကိုးကွယ်တဲ့ မင်းအမေ ဒေါ်မိုးမိုးခိုင်ဆီ ဗွီဒီယိုခိုးရိုက်ပြီး စာနဲ့စီဒီချပ် တိတ်တဆိတ်ပို့ပေးခဲ့တာ ငါပဲ။

ငါ့စွမ်းဆောင်ချက် အောင်မြင်ခဲ့ပါတယ်။

သိပ်ကို အောင်မြင်ခဲ့ပတယ်။

မင်းအမေဟာ မနောကို သူဘရာဇာကြီးရဲ့သမီးဆိုတာ သိသိချင်း ခါးခါးသီးသီးဖြစ်ပြီး မင်္ဂလာပွဲအစီအစဉ်ကိုတောင် ဖျက်သိမ်းခဲ့တယ်။

ဒါပေမဲ့လည်း ...

ငါဟာ မနောရဲ့အချစ်ကို လုံးဝမရနိုင်တော့ဘူး။

အဲဒါ ... မင်းကြောင့်။

ဟော့ဒီ လူ့လောကကြီးထဲမှာ မင်း ရှိနေသေးလို့ပဲ ထနောင်းညို။

မနောဟာ မင်းအပေါ် မျှော်လင့်ချက်တွေ မကုန်သေးလို့ပဲ။

မင်း ဟောဒီလူ့လောကကြီးထဲမှာ မရှိတော့တဲ့ တစ်နေ့ကျတော့မှ ...





မနောရဲ့မျှော်လင့်ချက်တွေ ကုန်ဆုံးသွားခဲ့ပြီး မနောအချစ်ကို ငါ ရနိုင်လိမ့်မယ်။

အဲဒီတော့ ထနောင်းညိုရေ ... မင်းကိုငါ ...။

"သောက်စမ်းပါ ကိုဇော်မင်းရာ"

ထနောင်း လျှာလေးအာလေးကြီးဖြင့် ဇော်မင်းရှေ့ ခွက်ကို အတင်းထိုးပေးသည်။

"တော်ပြီ ကောင်လေး ... ငါ မသောက်တော့ဘူး"

ထနောင်းရဲ့မေမေ ဆရာကတော်က ထနောင်းအတွက် စိတ်ချရအောင် ထည့်ပေးထားတာမို့ သောက်ချင်သော်လည်း မသောက်သင့်မှန်း သိတာမို့ ဇော်မင်း ငြင်းသည်။

"လုပ်စမ်းပါ ကိုဇော်မင်းရ ... ချစမ်းပါ၊ မေမေဆူမှာ စိုးလို့လား။ မဆူစေရပါဘူး"

ထနောင်း မရအရ ဇော်မင်းလက်ထဲ ခွက်ကိုထည့်သည်။

"မဟုတ်ဘူး ကောင်လေး ... မမက မင်းကိုထိန်းဖို့ ငါတို့ကို မင်းအနားမှာထားတာ၊ ငါ မသောက်ချင်ဘူး"

ဇော်မင်း ခွက်ကိုပြန်တွန်းရင်း ထနောင်း နားလည်



www.burmeseclassic.com

www.burmeseclassic.com



အောင် အကျိုးသင့်အကြောင်းသင့် ပြောပြ၏။

ထနောင်း . . . "ဟာ" ခနဲ ထ,အော်၏။

"ကောင်လေး . . . ထနောင်း"

ဇော်မင်း ဟန့်၏။ မရတော့။

ထနောင်း နေရာမှ ထ,ကာ ခွက်ကိုင်လျက်သားနှင့်

"ဘာလဲ ကိုဇော်မင်း . . . ခင်ဗျားက အဘွားကြီးကို ကျွတ်နေတာလား၊ ဟား . . . ထားလိုက်စမ်းပါဗျာ၊ ကျွန်တော် အခု သောက်နေတာ မေမေ့ပါမစ်နဲ့ပါဗျ၊ တရားဝင်ခွင့်ပြုချက်နဲ့ပါ . . .၊

မေမေက ကျွန်တော့်ကို မနောကို မေ့ပစ်ရင်ပြီးရော . . . ကျန်တာ ကြိုက်တာလုပ်တဲ့၊ အဟား . . . ကျွန်တော် မဟုတ်တာတော့ မလုပ်ပါဘူး . . . ဟင်း ဟင်း၊ မျိုးရိုးဂုဏ်လည်း မထိခိုက်ရအောင် အရက်ကလေးပဲ နည်းနည်းသောက်မိတာပါ၊

အရက်ကို ကျွန်တော် ကြိုက်လွန်းလို့ သောက်နေတာ မဟုတ်ဘူးဗျ၊ မနောကို မေ့ချင်လို့၊ မနောဖြူဆိုတဲ့ ဘာအပြစ်မှ မရှိတဲ့ ကောင်မလေးကို မေ့ချင်လို့ . . .၊

မရဘူး . . . မရဘူးဗျ ကိုဇော်မင်း၊ မူးတာက မူးတာ သက်သက်, မေ့လို့မရတာက မရတာသက်သက်ပဲ၊ အခု မူးနေတဲ့ အချိန်မှာလည်း မနောကို ကျွန်တော် သတိရနေတာပဲ၊

အဲဒါ ဘယ်လိုလုပ်ရမှာလဲ၊ အခုတော့ မနောကိုလည်း





မေ့လို့မရဘူး၊ အရက်ကိုလည်း ကြိုက်သွားပြီ၊ ကြိုက်သွားပြီ၊

ကဲ . . . ကျွန်တော် ဘယ်လိုလုပ်ရမှာလဲ၊ ပြောစမ်းပါ . . . ပြောစမ်းပါဦး"

"ကောင်လေး ထနောင်း . . . ဒီလိုမလုပ်နဲ့လေကွာ၊ ပြန်ထိုင်စမ်းပါ၊ ပြောချင်တာရှိ အေးအေးဆေးဆေးပြော၊ အေးအေးဆေးဆေး ရင်ဖွင့်၊ မင်းပြောချင်တာတွေအားလုံး ငါ နားထောင်ပေးမယ် . . . ဟုတ်ပြီလား၊ ပြန်ထိုင်"

ဇော်မင်း ထနောင်းပခုံးကိုဖက်ကာ ချော့ပြီး ပြန်ထိုင်စေသည်။

ထနောင်းဟာ အူအရှိုင်းမို့ ထိန်းမနိုင် သိမ်းမရချင်ဖြစ်နေတာ နားလည်ပေးရသည်။

မျိုသိပ်ထားသမျှ ခံစားရသမျှ ဝေဒနာတွေက မူးသည့်အချိန်မှာ ပေါက်ကွဲထွက်လာသည်လေ။

ပြီးတော့ . . .

ဒီဝေဒနာက ဝေဒနာအားလုံးထဲမှာ အခံရအခက်ဆုံး ဖြေဖျောက်ရအခက်ဆုံး အဆိုးရွားဆုံး ဝေဒနာမဟုတ်လား။

ဒါကို နားလည်လို့လည်း ထနောင်းမေမေခမျာ သားဖြစ်သူ စိတ်သက်သာရာ ရပါစေ၊ ဖြေသာပါစေ နားလည်မှုပေးကာ

. Liquor house သွားမှန်းသိသိကြီး အပြန်ကျရင်လည်း ဘေးလူတွေ တွဲထိန်းပို့ပေးရတဲ့အထိ တအားကိုမူးလာတတ်တာ



www.burmeseclassic.com

www.burmeseclassic.com



သိသိကြီးနဲ့ လွှတ်ပေးထားရတာပင်။

ကိုယ့်မျက်စိရှေ့မှာ သားတစ်ယောက်လုံး အရက်တွေ ဒီလောက်မူးနေတာ တွေ့ရတာ ဘယ်လိုအမေက စိတ်ချမ်းသာမှာတဲ့လဲ။

သို့သော် …

သားဖြစ်သူက အသည်းကွဲတဲ့ဝေဒနာ၊ ချစ်သူနဲ့ခွဲခွာရလို့ အသည်းကွဲတဲ့ဝေဒနာကို အရက်နဲ့မှ ကုစားချင်သည်ဆိုတော့လည်း …

ဒေါ်မိုးမိုးခိုင်မှာ ရင်နာနာနှင့်ပင် နေပါစေလို့ လွှတ်ထားရတော့သည်သာ။

သားဖြစ်သူ အိမ်ပြန်မရောက်မချင်း နာရီကို တကြည့်ကြည့်နှင့် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း ပူပန်စိုးထိတ်နေရသည်မှာ အမေပဲဖြစ်သည်။

သားဖြစ်သူကတော့ ဒါကို သိမှာမဟုတ်။ သိရှာလိမ့်မည် မဟုတ်။

တကယ်လည်း ထနောင်းတစ်ယောက် မသိ။

ခုချိန်မှာ မူးချင်တာ၊ မူးနေတာကလွဲပြီး ထနောင်း ဘာဆိုဘာမှမသိ။

"ညီလေး ပြန်ထိုင်ပါကွာ၊ တခြားဝိုင်းတွေက ကြည့်ကုန်ကြပြီ"





ဇော်မင်း ထနောင်းကို ခပ်တိုးတိုး သတိပေးရသည်။

သွေးလေးဆူလာရင် ယမကာလုလင်တွေက ရန်ဖြစ်ဖို့ ဝန်မလေးတတ်ကြဘူး မဟုတ်လား။

"ကျွန်တော်က ဘယ်သူ့ဂရုစိုက်ရမှာလဲ၊ ဘယ်သူတွေလည်း ကျွန်တော့်ကိုကြည့်တာ"

ဟော … ခုပဲကြည့်။

သွေးလေး ဆူပွက်ပူလောင်လာတော့ နဂိုဆို သိုးကလေးလို အေးအေးကလေးနေတတ်သော ထနောင်းတစ်ယောက် ရန်စ,စိန်ခေါ်ဖို့ အသင့်ဖြစ်လာရတော့သည်။

တစ်ဆိုင်လုံးကို သိမ်းကျုံးပြီး မိုက်ကြည့်,ကြည့်သည်။

"ညီလေး ထနောင်း … မင်း ဒီကို အရက်သောက်ချင်လို့ လာတာမဟုတ်လား၊ အရက်ပဲ သောက်ကြတာပေါ့ …၊ ရန်ဖြစ်ဖို့ မလိုဘူးလေကွာ၊ အရက်ဆိုင်ထဲမှာ ရန်ဖြစ်တယ်ဆိုရင် မင်းအမေအတွက် မျိုးရိုးဂုဏ်သိက္ခာ ထိခိုက်သွားလိမ့်မယ်နော်"

ဇော်မင်း အဓိကပစ်မှတ်စကားလုံးနှင့် ထနောင်းကို သတိပေးလိုက်သည်။

"မျိုးရိုးဂုဏ်သိက္ခာ, မျိုးရိုးဂုဏ်သိက္ခာ၊ အား … ဟုတ်တယ် ကိုဇော်မင်း၊ ဆောရီးဗျာ … မျိုးရိုးဂုဏ်သိက္ခာဆိုတာကြီးကို ကျွန်တော် မေ့သွားလို့ … ဆောရီး ဆောရီး"



www.burmeseclassic.com

www.burmeseclassic.com



ခုမှ ထိ,သွားသလို ထနောင်း ကပျာကယာ ပြန်ထိုင်ချသည်။

အရမ်းမူးနေပြီမို့ ထိုင်ခုံနှင့်လူက တလွဲ။ ဇော်မင်း ထိန်းပြီး နေသားတကျ ပြန်ထိုင်စေရသည်။

"အမေ့အတွက် မျိုးရိုးဂုဏ်၊ အဟား ... အမေ့အတွက် မျိုးရိုးဂုဏ်၊ ကျွန်တော် အမေ စိတ်ချမ်းသာအောင် မျိုးရိုးဂုဏ်ဆိုတာကြီးကို ကျွန်တော်က စောင့်ထိန်းပေးရမယ်ဗျ ...၊

ကျွန်တော့်အသည်းတွေ ကွဲချင်ကွဲသွားပါစေ ကျွန်တော်က မေမေ့အတွက်၊ မေမေစိတ်ချမ်းသာအောင် ကျွန်တော့်အသည်းနှလုံးနဲ့ စတေးပြီး အဲဒီမျိုးရိုးဂုဏ်ဆိုတာကြီးကို ကာကွယ်ထိန်းသိမ်းရမယ်လေ ...၊

ဒါပေမဲ့ ကျွန်တော့်အသည်းနှလုံးကတော့ဗျာ ပန်းလေးတစ်ပွင့်လို တစ်စစီ တစ်စစီ ကြွေပျက်စီးခဲ့ရပြီ"

ထနောင်း စကားတွေ အများကြီးပြောလည်း ပြော၊ သောက်လည်းသောက်။

"ထနောင်း ညီလေး ... တော်တော့ကွာ၊ သိပ်များနေပြီ"

"သောက်ဦးမယ်ဗျာ၊ တစ်ပြားလောက် ထပ်မှာပေးပါဦး၊ ကျွန်တော်က မေ့ချင်တာ၊ အရမ်းကို့မူးပြီး မေ့လိုက်ချင်တာ"

"မနော ... မနောလေးရေ ... ကိုယ် မင်းကိုမေ့





အောင် ဘယ်လိုလုပ်ရမှာလဲ ... မနောရေ ... ကလေးရေ"

မနော ကြား,မကြားတော့ မသိ ...။

ထနောင်းရဲ့ အာလေးလျှာလေးအသံကွဲကြီးက တစ်ဆိုင်လုံးတော့ ကြားလောက်သည်။

ဒီဆိုင်က စင်တင်တေးဂီတတွေ ဘာညာ ဘာညာတွေ မပါတော့ တိတ်ဆိတ်ငြိမ်သက်ကာ လူလည်း ကျဲကျဲ၊ ရှင်းရှင်းသာရှိသည့်ဆိုင် ဖြစ်သည်လေ။

ဒီတော့ ထနောင်းတစ်ယောက်တည်းရဲ့အသံက သာထင်ရှားလို့နေသလို ဖြစ်နေသည်။

"ထနောင်း ... ပြန်ကြရအောင်ကွာ၊ အချိန်မနည်းတော့ဘူး"

"အာ ... အေးဆေးပေါ့ ကိုဇော်မင်းရာ ... ချစမ်းပါဦး"

"တော်လောက်ပြီ ကောင်လေး၊ မင်းအမေ စိတ်ပူနေတော့မယ်၊ သောက်ချင် အိမ်ရောက်မှ ဆက်သောက်တော့"

"ဟင့်အင်း ... မေမေ့ရှေ့မှာတော့ မသောက်ချင်ဘူးဗျာ၊ မိဘကို စော်ကားရာရောက်တယ်၊ ကျွန်တော်က သားလိမ္မာဗျ၊ မိဘကို စိတ်ဆင်းရဲအောင်မလုပ်ဘူး၊ ဒီမှာပဲသောက်မယ်"

ပြောမရတဲ့အဆုံး ဇော်မင်း လက်ပိုက်လို့သာ ကြည့်နေလိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကတော်တော့ အိမ်မှာ အတော်စိတ်ပူနေလောက်ပြီ ...ဟု ဇော်မင်း တွေးလိုက်မိသည်။

တကယ်လည်း ညဉ့်နက်သထက် နက်လာတော့ ဒေါ်မိုးမိုးခိုင်မှာ နာရီကို တကြည့်တည်း ကြည့်နေမိတော့သည်။

ဆယ့်နှစ်နာရီခွဲ ...။

ရင်တွေ ထိန်းမရအောင် ပူလောင်လာတော့သည်။ သားတစ်ယောက် အရမ်းကို မူးနေပြီလား။

ဆိုင်ထဲမှာ ရန်တွေဘာတွေများ ဖြစ်နေမလား။ ဇော်မင်းတစ်ယောက်တည်း ထိန်းနိုင်ပါ့မလား။

တော်ကြာ ...ဇော်မင်းကိုယ်တိုင်က မထိန်းဘဲ မူးနေခဲ့ရင် ဒေါ်မိုးမိုးခိုင် အတွေးနှင့်အတူ ဆတ်ခနဲ ထ,လိုက်သည်။

"အောင်မျိုး ...မမနဲ့ အဖော် ခဏလိုက်ခဲ့စမ်း"

ကားသော့ဖြုတ်ရင်း လှမ်းပြောလိုက်သည်။

"ဒီအချိန်ကြီး ဘယ်သွားမလို့လဲ မမ"

"သားနောက်လိုက်ရမှာပေါ့၊ အရမ်းညဉ့်နက်နေပြီ"

ဒေါ်မိုးမိုးခိုင်ပြောပုံက စိတ်ပျက်အားလျော့စွာ။

ဩော် ...တစ်ယောက်တည်း မွေးထားသော သားဆိုတော့ အမေကိုယ်တိုင် လိုက်ခေါ်ရတော့မှာပေါ့။





စားပွဲမှာ ခေါင်းစိုက်လျက်က အရက်ခွက်ကို မလွှတ်တမ်းကိုင်ထားဆဲဖြစ်သော သားဖြစ်သူကို မြင်တွေ့လိုက်ရလျှင် ဒေါ်မိုးမိုးခိုင်ရင်ထဲ မမြင်ရက်စွာ ဆို့တက်သွားရသည်။

"သား ...သားရယ် ...အရက်သမားကြီးလုံးလုံး ဖြစ်တော့မှာလား သားရဲ့ ...ဟင်၊ မေမေ့ကြောင့် ငါ့သား အရက်သမားကြီးလုံးလုံး ဖြစ်ရတော့မှာလား"

ပတ်ဝန်းကျင်ကို ဂရုမစိုက်နိုင်တော့ဘဲ ဒေါ်မိုးမိုးခိုင် ဆိုင်ထဲပြေးဝင်ကာ သားကျောပြင်ကို နောက်မှနေ သိုင်းဖက်ရင်း ငိုကြွေးမိတော့သည်။

အမေဖြစ်သူရဲ့အသံကြားရတော့ ထနောင်း ခေါင်း အနည်းငယ်မတ်လာသည်

"မေ မေ ...လား"

မေးသံက မသဲကွဲတော့။

"ဟုတ်တယ် သားလေး ...မေမေ လိုက်ခေါ်တာ၊ အရမ်းညဉ့်နက်နေပြီ ...ပြန်ရအောင်နော်"

ဒေါ်မိုးမိုးခိုင် ကလေးငယ်လေးတစ်ယောက်လိုပင် သားဖြစ်သူကို ချော့ခေါ်သည်။

ခေါင်းကို ဆတ်ခနဲခါ၊ မျက်လုံးတွေ မွတ်သပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ထနောင်း မော့ကြည့်လိုက်တော့ မေမေ့ပါးပြင်ပေါ်မှာ မျက်ရည်စ,တွေ တွေ့လိုက်ရသည်။

"ဟင် မေမေ ... ဟင့်အင်း ... မေမေ မငိုနဲ့၊ မေမေ မငိုနဲ့နော်၊ သားပြန်မယ် ... သား ခုပဲ ပြန်မှာပါ မေမေ"

ချက်ချင်းပင် ဒယီးဒယိုင်နှင့် ထ,သည်။

အောင်မျိုးနှင့်ဇော်မင်း နှစ်ယောက်သားတွဲပြီး ကားပေါ် တင်ရသည်။

ဒေါ်မိုးမိုးခိုင် သားဖြစ်သူရဲ့ဆံပင်တွေကို ပွတ်သပ်ရင်း မျက်ရည်တွေ တတွေတွေကျနေမိသည်။

ထနောင်းကတော့ အရာအားလုံးကို သိတစ်ချက် မသိ တစ်ချက်။

ထိုမြင်ကွင်းကို အစမှအဆုံးတိုင် ကြည့်နေသူတစ်ယောက်ကတော့ ...

လျှို့ဝှက်သိပ်သည်းစွာ နှုတ်ခမ်းဖျားလေး လွန့်လူးရုံ ပြုံးလိုက်ပါသည်။

ထိုအပြုံးမှာ ကြောက်စရာကောင်းလောက်အောင် အေးစက်မာကျောလွန်းလှပါသည်။





"အောင်ကြီး ... တွေ့ရဲ့လား၊ Timberland နက်ပြာရောင်တီရှပ်နဲ့ ကွာတားအကွက်ဝတ်ထားတဲ့ ငနဲလေး ... စားပွဲ ခုနစ်က"

ယုဂန် အောင်ကြီးကို ကားပေါ်မှနေ လှမ်းပြလိုက်သည်။

"စားပွဲနံပါတ် ခုနစ်၊ အိုကေ ... မြင်ပြီဆရာ၊ ဆရာ့ ငနဲလေးက ပေစုတ်စုတ်လေးပါလား၊ တုပ်ကွေးမိထားတဲ့ ကိုရီးယားမင်းသားလေးကျနေတာပဲ၊ လူပုံကတော့ ဖြူဖပ်ဖြူရော်နဲ့ သနားစရာလေး၊ လုပ်ရက်စရာ မရှိပါဘူး ဆရာရယ်"

အောင်ကြီးရဲ့ နှိမ့်နှိမ့်ချချ သရော်တော်တော်ပြောပုံကြောင့် ယုဂန် သဘောတကျ ရယ်လိုက်မိသည်။

ကြည့်စမ်းပါဦး ...

လက်ထပ်ပွဲ ဖျက်သိမ်းလိုက်ရတဲ့ အသည်းကွဲအဆွေးသမားတဲ့။

နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ထိုးထိုးထောင်ထောင်နဲ့၊ ဆံပင်တွေကိုလည်း မဖြီးမသင်၊ ပွရှုပ်လို့။

ဒါလားကွ ...

မျိုးရိုးဂုဏ် ထိန်းသိမ်းတဲ့ သားအလိမ္မာ။

မဒေါ့ သဘောမတူတဲ့ မိန်းကလေးကို လက်မထပ်ရတာနဲ့ အရက်သမား ဖြစ်သွားရရှာသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား"

ယုဂန် အသံထွက်အောင်ပင် ရယ်လိုက်မိသည်။

ဒါလားကွ ... ယောက်ျား။

အေး ...

သနားစရာ ယမကာလုလင်လေးရေ ...

မင်း မကြာခင်မှာ ငါနဲ့ ထိပ်တိုက်တွေ့ရတော့မယ်ကွ ... ဟား ဟား။

ယုဂန် စိတ်ထဲမှ တိတ်တဆိတ် ကြုံးဝါးလိုက်မိသည်။

"ကဲ ... အောင်ကြီးနဲ့ တိုးကြီး ဆင်းတော့၊ ငနဲအရိပ်အခြည်ကို ကြည့်ထား၊ မျက်ခြည်မပြတ်စေနဲ့၊ သူ့ဘေးမှာ အဖော်ပါတဲ့ ငနဲကြီးရဲ့အရိပ်အကဲကိုလည်း ကြည့်ပြီးမှ လှုပ်ရှားနော်၊ ဘယ်သူမှ မရိပ်မိစေနဲ့ ... ကြားလား ...၊

အောင်မြင်ရင် မင်းတို့ ဘောက်ဆူးကောင်းကောင်း ရမယ်"

ယုဂန် အောင်ကြီးနှင့်တိုးကြီးတို့ကို ကားပေါ်မှဆင်းခိုင်းလိုက်သည်။

ဒီလူနှစ်ယောက်က လက်မရွံ့ ကြေးစားလူမိုက်တွေ ဖြစ်သည်။

ပိပိရိရိလည်း သရုပ်ဆောင်နိုင်သည့်လူတွေ ဖြစ်သည်။

သူ့လုပ်ငန်းကို မဖြစ်ဖြစ်အောင် လုပ်ပေးမည့်သူတွေ





အဖြစ် ဒီလူနှစ်ယောက်ကို သူ ယုံကြည်အားကိုးမိသည်။

သူ့လုပ်ငန်းအောင်မြင်လို့ သူ့ရည်ရွယ်ချက် လမ်းစပေါ်လာခဲ့ပြီဆိုရင် ဒီလူနှစ်ယောက်ကို သူ ကောင်းကောင်းဆုကြေးပေးရတော့မည်။

ကိစ္စမရှိ။

အောင်မြင်ဖို့သာ အဓိကဖြစ်သည်။

အောင်ကြီးနှင့်တိုးကြီး ကားပေါ်မှဆင်းတာနှင့် သူ အိမ်အမြန်ပြန်လာခဲ့သည်။

အိမ်ရောက်လျှင် ...

အိမ်သားတွေရဲ့ အရိပ်အခြည်ကို အရင်ကြည့်ရသည်။

သူ့ကို ဘယ်သူမှ သတိမထားမိအောင် ကြိုးစားနေရသည်။

မနော ထိုင်နေကျ ဝရန်တာဆီ ထွက်လာကာ ခြေသံမကြားရအောင် ဖွနင်းလျက် ချောင်းကြည့်လိုက်သည်။

မနော မရှိ။

သို့သော် ...

အဓိက,က ဟမ်းဖုန်း။ မနောရဲ့ ဟမ်းဖုန်း။

မနောက ဒီနေရာမှာထိုင်ပြီး ဖုန်းထဲက ထနောင်းညိုရဲ့ ဓာတ်ပုံကို ကြည့်တတ်သည်ဆိုတာ သူ သိထားသည်လေ။

ယုဂန် လူရိပ်လူကဲကြည့်ကာ မနောရဲ့ဟန်းဖုန်းကို



www.burmeseclassic.com

www.burmeseclassic.com



အမြန်ယူပြီး သူ့အခန်းထဲ ပြေးဝင်လိုက်မိသည်။

ထို့နောက် …

နောင်း …

အခု လာခေါ်တဲ့ လူနှစ်ယောက်က မနော့ရဲ့လူတွေပါ။

အောင်ကြီးနဲ့တိုးကြီး … တဲ့။

အရေးတကြီးကိစ္စရှိလို့ အမြန်လိုက်ခဲ့ပါ။

မနော

ယုဂန် မက်ဆေ့ အမြန်ပို့လိုက်သည်။

အားလုံး အဆင်ပြေပါစေ။

အောင်ကြီးနဲ့တိုးကြီး ထနောင်းညီ့ဆီ ရောက်မယ့်အချိန်။

ထနောင်းညီ့ရဲ့ဟမ်းဖုန်းဆီ မက်ဆေ့ချ် ဝင်မယ့်အချိန် တစ်ပြိုင်တည်း ရောက်ပါစေ … လို့ သူ ဆုတောင်းနေမိသည်။

"ဟင်"

ရုတ်တရက်ဝင်လာသော မက်ဆေ့ချ်ကို ဖတ်ကြည့်ပြီး





ထနောင်း အရမ်းကို အံ့သြသွားရတော့သည်။

မနော့ပို့လိုက်တဲ့ မက်ဆေ့ချ်။

အရေးတကြီးကိစ္စ … တဲ့။

မနောတစ်ယောက် ဘာများဖြစ်လို့ပါလိမ့်။

ထနောင်း ချက်ချင်း ထူပူသွားမိတော့သည်။

ထိုစဉ် …

သူ့အနားကို လူနှစ်ယောက် ရောက်လာသည်။

"ကိုထနောင်းညီလားခင်ဗျာ"

"ဟုတ်ပါတယ်"

"မနောဖြူက ခေါ်ခိုင်းလိုက်လို့ပါ"

"ခင် … ခင်ဗျားတို့က"

"အောင်ကြီးနဲ့ တိုးကြီးပါ"

"မနော … မနော ဘာဖြစ်လို့လဲဟင်"

"အမြန်လိုက်ခဲ့ဖို့ပဲ မှာလိုက်ပါတယ်"

သူ ချက်ချင်း ထ,လိုက်မိတော့သည်။

ကံကောင်းထောက်မစွာ ကိုဇော်မင်းက သန့်စင်ခန်း ဝင်နေချိန်မို့ သူ လိုက်ခွင့်ရတာ။

ဘာမှစဉ်းစားမနေတော့ဘဲ သူ ထိုလူနှစ်ယောက် လာခေါ်သော ကားပေါ် အမြန်တက်လိုက်မိသည်။

မနောက ခေါ်ခိုင်းလိုက်တာ … တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ပါလိမ့်။

မနော ဘာတွေဖြစ်လို့လဲ။

သူ့ရင်တွေ တထိတ်ထိတ်ဖြစ်ကာ ပူပန်လှုပ်ရှားနေမိသည်။

ဘာတွေဖြစ်နေလို့လဲ မနောရယ်။

''ဟင် . . . ခင် . . . ခင်ဗျားတို့''

မနောအတွက် ပူပန်တကြီးတွေးမိဆဲ . . . ဘေးမှ လူရဲ့လက်ကိုင် ဖျတ်ခနဲ လှုပ်ရှားသွားတာ မြင်လိုက်၍ လှည့်ကြည့်လိုက်သောအခါ သူ့အတွက် အရာရာသည် နောက်ကျလို့ သွားခဲ့ရပြီ ဖြစ်သည်။

* *

'ကရင် . . ရင်'

ဖုန်းမြည်သံ ကြားတာနှင့် ယုဂန် ချက်ချင်း ဖုန်းကို ဖွင့်လိုက်သည်။

''ဆရာ''

''အေး . . . ပြော အဆင်ပြေလား''

''ပြေတာပေါ့ ဆရာရယ် . . . မပြေစရာ ဘာရှိလဲ''





''ဟိုကောင် ထနောင်းညိုရော''

''အေးဆေးနပ်နေတယ်၊ ခုချိန်ဆို အိပ်မက်ထဲမှာ မနောဖြူနဲ့ တူတူပုန်းတမ်း ကစားနေလောက်ပြီ''

အောင်ကြီးက ဘေးမှာ သတိလစ်နေသည့် ထနောင်းညိုကို လှည့်ကြည့်ရင်း ရယ်လိုက်သည်။

''အိုကေ . . . ဟုတ်ပြီ၊ ဒီကောင် သတိရလာရင် ခဏထိန်းထား၊ ငါလာမှရှင်းမယ် . . . ကြားလား''

''ဟုတ်''

''အေး . . . အခု ငါပြောထားတဲ့ ဂိုဒေါင်ဟောင်းကြီးထဲမှာ သွားစောင့်နေ၊ ဘေးပေါက်က ဝင်၊ ငါ လူတစ်ယောက်ကြိုပြီးလွှတ်ထားတယ်၊ ငါ ချက်ချင်း လိုက်လာခဲ့မယ်''

ယုဂန် ဖုန်းပိတ်ပြီးတာနှင့် အလျင်စလို ထွက်လာခဲ့မိသည်။

ထနောင်းညို . . .

မင်း အခု ငါ့ထောင်ချောက်ထဲက သနားစရာ သားကောင်ငယ်လေးဖြစ်ရပြီ။

ဘာတတ်နိုင်သေးလဲ။

မင်း . . . ဟော့ဒီ လူ့လောကကြီးထဲမှာ မရှိတော့မှ မနောရဲ့အချစ်ကို ငါရမှာ။

ငါ . . . မင်းဆီ လာခဲ့ပြီ ထနောင်းညိုရေ။



www.burmeseclassic.com

www.burmeseclassic.com



ဘဝကူးကောင်းဖို့ အာရုံပြုထားပေတော့။

ဘုရား ...ဘုရား ...

ကြားလိုက်ရသောစကားများကြောင့် မနောမှာ ကိုယ့်နားကိုယ် မယုံနိုင်လောက်အောင် အံ့အားသင့် ထိတ်လန့်သွားခဲ့ရသည်။

မနော ရေချိုးခန်းထဲမှ ထွက်လာတော့ ...

ဝရန်တာမှထွက်လာသည့် ယုဂန်ရဲ့လက်ထဲမှာ မနောရဲ့ဟမ်းဖုန်းကို တွေ့လိုက်ရတာမို့ တစ်ခုခုတော့ တစ်ခုခုပဲဆိုတာ ထူးဆန်းမိလျက် ...

ယုဂန်ရဲ့အခန်းပြင်ဘက်မှ ဖုန်းပြောတာ ကြားလိုက်ရသည်မို့ ...

အသာငြိမ်ပြီး နားထောင်လိုက်ချိန်မှာ ယုဂန်ရဲ့ထိတ်လန့် ကြောက်ရွံ့စရာ အကြံအစည်ကို သိခွင့်ရခဲ့တာ ဖြစ်သည်။

ယုဂန် ...

ကြောက်စရာ ကောင်းလိုက်တာ။

နောင်းကို ရှင်းပစ်မလို့တဲ့။





နောင်းမှာ ဘာအပြစ်ရှိလို့လဲ။

ပြီးတော့ ...

ဂိုဒေါင်ဟောင်း ...တဲ့။

ယုဂန်ပြောတဲ့ စကားထဲမှာ ပါတာ။

ဘယ်က ဂိုဒေါင်ဟောင်းလဲ။

နေဦး ...

မနော ကွန်ပျူတာတစ်လုံးလို ဦးနှောက်ကို အမြန် အလုပ်ပေးခန့်မှန်းလိုက်သည်။

ဖေဖေ့မှာ ပစ္စည်းဟောင်းတွေ သိုလှောင်တဲ့ ဂိုဒေါင်ဟောင်းတစ်လုံး ရှိသည်။

အဲ့ဒီဂိုဒေါင်ကို ခုနောက်ပိုင်း သိပ်အသုံးပြုတော့သည် မဟုတ်။

သေချာတယ်။

ယုဂန် နောင်းကို အဲဒီဂိုဒေါင်းဆီ ခေါ်ပြီး ...

မနော ဆက်မတွေးရဲတော့။

အဝတ်အစား အမြန်လဲသည်။

ထို့နောက် ...

ရေချိုးခန်းထဲ ဝင်ပြီး ဒက်ဒီ့ဆီ ဖုန်းခေါ်သည်။

"ဟယ်လို"

"ဒက်ဒီ ...ဒက်ဒီ လုပ် ...လုပ်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



မနောသည် ဒက်ဒီ့အသံ ကြားလိုက်ရသည်နှင့် အားကိုးတကြီးပင် အကူအညီ တောင်းမိသည်။

''သမီး ... မနော ... ဘာဖြစ်လဲ သမီး၊ သမီး ဘာဖြစ်လို့လဲ''

''သမီး ဘာမှမဖြစ်ဘူး ဒက်ဒီ၊ ဖြစ်တာက ဟို ... ဟို ထနောင်း''

''ထနောင်း ... ဟုတ်လား၊ ထနောင်းညို ဘာဖြစ်လို့လဲ၊ ဘာလဲ ... ဒီကောင်လေး ခြံရှေ့ရောက်လာပြန်ပြီလား''

''ဟင့်အင်း ... မဟုတ်ဘူး ဒက်ဒီ၊ ယု ... ယုဂန်လေ ထနောင်းကို ဒက်ဒီ့ဂိုဒေါင်းဟောင်းထဲမှာ ရှင်းပစ်မယ်လို့ ဖုန်းပြောနေတာ သမီး ကြားတယ်၊ သ ... သမီး နောင်းအတွက် အရမ်းစိုးရိမ်''

မနော ... နောင်းအတွက် အစိုးရိမ်လွန်တာရော ကြောက်လန့်တာရော ပေါင်းပြီး စကားမဆက်နိုင်တော့ဘဲ မျက်ရည်တွေကျလာမိတော့သည်။

''သမီး ... သမီးလေး ဘာမှမစိုးရိမ်နဲ့၊ ကြောက်လည်း မကြောက်နဲ့၊ ဒက်ဒီတစ်ယောက်လုံး ရှိတယ်၊ ဘာမှမဖြစ်စေရဘူး၊ ထနောင်း ဘာမှမဖြစ်စေရဘူး ...၊

ဒီကောင် ယုဂန်ကွာ ... ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ၊ သမီးပြောလို့သာ ... ဒက်ဒီဖြင့် ယုံတောင်မယုံနိုင်ဘူး၊ ယုဂန်





... ယုဂန် တော်တော်မိုက်တဲ့ကလေး''

ဦးထိန်လင်း ငယ်စဉ်ကတည်းက အုပ်ထိန်းစောင့်ရှောက်ခဲ့ရသော မွေးစားသားဖြစ်သူအတွက် မချိတင်ကဲ ရေရွတ်လိုက်မိသည်။

မလုပ်သင့်, မလုပ်အပ်တာတွေကို ဘာလို့ကြံစည်ရတာလဲ။

''ဒက် ... ဒက်ဒီ''

ဦးထိန်လင်း အတွေးနှင့် တိတ်ဆိတ်သွားခဲ့သည်မို့ မနော ပြန်ခေါ်မိသည်။

''ဩော် ... အေး ... သမီးလေး ဒီကောင် ခု ဘယ်မှာလဲ''

''ထွက်သွားပြီ ဒက်ဒီ၊ သမီး ဒက်ဒီဆီ ချက်ချင်း ဖုန်းဆက်တာ၊ နောင်းအတွက် နောက်ကျသွားမှာ သမီး အရမ်းစိုးရိမ်မိလို့''

မနော ဒက်ဒီနှင့်သာ ဖုန်းပြောနေမိသော်လည်း စိတ်ထဲမှာတော့ နောင်းအတွက် အရမ်းကို စိုးရိမ်ပူပန်တုန်လှုပ်နေမိသည်။

''နေဦး သမီး ... ဒက်ဒီ သက်ဆိုင်ရာကို အကြောင်းကြားပြီး ချက်ချင်း လိုက်လာခဲ့မယ် ... ဟုတ်ပြီလား၊ မကြောက်နဲ့နော် သမီးလေး၊ ဘာမှမကြောက်နဲ့၊ ထနောင်း ဘာမှမဖြစ်စေ



www.burmeseclassic.com

www.burmeseclassic.com



ရဘူး ...၊

ကဲ .. ဒက်ဒီ ဖုန်းချလိုက်တော့မယ်နော် သိလား"

"ဟုတ် ... ဒက်ဒီ"

မနောနှင့် ဒက်ဒီ တစ်ပြိုင်နက်တည်းလိုလိုပင် ဖုန်းချလိုက်ကြသည်။

ဖုန်းချပြီးသည်နှင့် မနော ချက်ချင်းပင် ကားသော့ယူကာ ထွက်လာခဲ့မိသည်။

ထို့နောက် ...

မနောရဲ့ လင့်ခရူဇာကားက ဒက်ဒီ့ဂိုဒေါင်ဟောင်းရှိရာဆီသို့ တစ်ရှိန်ထိုး ဦးတည်လျက်။

နောင်း ... နောင်းရေ ...

နောင်း ဘာမှမဖြစ်စေရဘူး။

နောင်းအတွက် မနော ရှိတယ်။

လိုအပ်ရင် ...

တကယ်လို့ ... တကယ်လို့များ လိုအပ်ခဲ့မယ်ဆိုရင် ... မနောရဲ့အသက်ဟာ နောင်းအတွက်ပါပဲ ...

ယုံကြည်ထားလိုက်ပါ နောင်းရယ်။





"သား ..."

စိတ်ထဲမှ အလန့်တကြား ထ,အော်လိုက်မိသည်။

ရင်ထဲ လှပ်ခနဲ။ အပူလုံးတစ်ခုက ဆို့တက်လာသည်။

"သား ... သားလေး မေမေ့သားလေး"

ဒေါ်မိုးမိုးခိုင် ဆတ်ခနဲ ထ,လိုက်မိသည်။

သား ... ဘာဖြစ်နေပြီလဲ။

ရင်တစ်ခုလုံး ပူလောင်လာသည်။

သား တစ်ခုခုဖြစ်နေပြီ။

ဒါမှမဟုတ် ... ဖြစ်တော့မယ်။

မိခင်စိတ်၊ မိခင်တစ်ယောက်ရဲ့ မေတ္တာတရားနဲ့ ရင်ထဲမှာ အလိုအလျောက် သိမြင်လို့နေသည်။

သား ... ဟင့်အင်း ... ဘာမှမဖြစ်ရဘူး။

ငါ့သားလေး ဘာမှမဖြစ်ရဘူး။

မေမေ လာပြီ ... သားရေ။ သား ဘာမှမဖြစ်စေရဘူး။

ဒေါ်မိုးမိုးခိုင် ကားကို တစ်ရှိန်ထိုး မောင်းထွက်လာခဲ့မိသည်။ သားရှိနိုင်မယ့်နေရာကို ဦးတည်လျက်။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒါ ... ဘယ်သူတွေလဲ။

တစ်ခါမှ မမြင်ဖူးသော မျက်နှာစိမ်းတွေ။

"ဟဲ့ သား ... မလိုက်သွားနဲ့လေ"

စိုးရိမ်တကြီး လှမ်းအော်မိ၏။

သားဖြစ်သူမှာ မကြား။

လူစိမ်းတွေရဲ့ကားပေါ် အတင့်ရဲစွာ လိုက်ပါသွားခဲ့သော သားကိုကြည့်ပြီး ဒေါ်မိုးမိုးခိုင်မှာ စိုးရိမ်ထိတ်ပျာသွားရသည်။

သားရယ် ...

မင်း ဘယ်လို ယုံကြည်မှုမျိုးနဲ့များ လူစိမ်းတွေနဲ့ လိုက်သွားခဲ့ရတာလဲ။

အဲ့ဒီလူတွေ သားကို ဘယ်ခေါ်သွားကြမှာလဲ။

ဇော်မင်း ... ဇော်မင်းရော။

ဇော်မင်း ဘယ်မှာလဲ၊ ဘယ်ရောက်နေလဲ။

ဒေါ်မိုးမိုးခိုင် ဝေ့ဝဲရှာဖွေမိဆဲ။

ဇော်မင်းမှာ ဆိုင်ထဲမှ အမောတကော ပြေးထွက်လာတာ တွေ့လိုက်ရသည်။

"ဟဲ့ ... ဇော်မင်း"

"ဟာ မမ ... မမ ဒီကို ဘာလာလုပ်တာလဲ"

ဇော်မင်းမှာ ဒေါ်မိုးမိုးခိုင်ကို ရုတ်တရက်တွေ့လိုက်ရလျှင်





အံ့ဩတကြီး ဖြစ်သွားရသည်။

"သားကို စိတ်ထင့်လို့ ငါလိုက်လာခဲ့တာ"

"ကျွန်တော် သန့်စင်ခန်း ဝင်နေတာ၊ အခု ထွက်လာတော့ မတွေ့တော့လို့ စိတ်ပူပြီး လိုက်ရှာမလို့"

"ဘုရားရေ ... ဇော်မင်းရယ် ငါ့သားလေး ဒုက္ခရောက်ပြီလားမသိဘူး၊ သားကို လူစိမ်းတွေနဲ့အတူ ရှေ့က ကားပေါ် တက်သွားတာ တွေ့လိုက်ရတယ်၊ ငါ ... ငါတော့ အဲဒီလူတွေကို မသင်္ကာချင်ဘူး"

"ဒါဆို ... ကျွန်တော်တို့ ခုပဲ နောက်ယောင်ခံလိုက်ရအောင် မမ၊ မီသေးတယ်"

"အေး ... ငါ နံပါတ်မှတ်မိတယ်"

ဒေါ်မိုးမိုးခိုင် သားဇောဖြင့် အနည်းငယ်လှမ်းသွားပြီဖြစ်သော ကားနောက်ကို စက်ကုန်ဖွင့်ကာ လိုက်ခဲ့သည်။

သား ... ဘာမှမဖြစ်ရဘူး။

သား ... ဘာမှမဖြစ်စေရဘူး။

"အ ... ကျွတ် ... ကျွတ်"



www.burmeseclassic.com

www.burmeseclassic.com



ထနောင်း ညည်းညူရင်း မျက်လုံးများကို ဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်မိသည်။

ခေါင်းထဲမှာ မူးနောက်အုံ့ခဲဆဲ။

သူ ဦးဆုံး သိ,လိုက်ရသည်မှာ တထောင်းထောင်းထနေသော အောက်သိုးသိုး ဖုန်နံ့များ။

ပြီးတော့ . . . သူ တစ်ခါမှ မရောက်ဖူးသောနေရာ။

ထို့နောက် သူ မော့ကြည့်လိုက်မိလျှင် . . .

''အိပ်ရေးဝ,ရဲ့လား ထနောင်းညို''

''ဟင်''

သူ အရမ်းကို အံ့ဩသွားရတော့သည်။

မျက်မှောင်ကြုတ်လိုက်မိရင်း . . .

''ယုဂန်''

မနော ဒက်ဒီနှင့်မာမီတို့ရဲ့ မွေးစားသားဖြစ်သူ ယုဂန်။

ဒါပေမဲ့ မနောက အစ်ကိုအရင်းကဲ့သို့ပင် သံယောဇဉ်ရှိသည်ဟု ပြောထားဖူးသူ။

သူနှင့် ဖက်လှဲတကင်း ရင်းနှီးခင်မင်ခြင်းမရှိသော်လည်း တစ်ယောက်ကိုတစ်ယောက်တော့ ဆွေမျိုးတော်စပ်ရမယ့်သူတွေအဖြစ် ဟိုအရင်က အသိအမှတ်ပြုခဲ့သည်ပဲ။

သူ ဘာတစ်ခုမှ ဆက်စပ်စဉ်းစား၍မရနိုင်။

နားလည်၍မရနိုင်။





''ယုဂန် . . . ကျွန်တော် ဒီကို ဘယ်လိုရောက်နေတာလဲ''

သူ နားမလည်နိုင်စွာ မေးကြည့်လိုက်မိသည်။

ယုဂန်နောက်မှ ထွက်လာသူနှစ်ယောက်။

သူ့ကို ဆိုင်ထဲမှာ လာခေါ်သူနှစ်ယောက်။

''ခင်ဗျားတို့နှစ်ယောက်''

လူနှစ်ယောက်က သူ့ကို သနားစရာသတ္တဝါလေးတစ်ကောင်လိုကြည့်ကာ ခေါင်းညိတ်ပြသည်။

အဲဒီတော့မှ သူ ဖျတ်ခနဲ သတိရလိုက်မိတော့သည်။

မနော . . .

မနော သူ့ကို ဖုန်းနဲ့ မက်ဆေ့ချ်ပို့ခဲ့တာ။

ခေါင်းတစ်ခုလုံး အုံ့ခဲမူးနောက်နေတာကို ဂရုမစိုက်နိုင်တော့ဘဲ ချက်ချင်း ထ,ရပ်လိုက်မိသည်။

''မနော . . . မနောရော . . . မနော ဘယ်မှာလဲ''

''မနောလား''

ယုဂန်က သူ့ကို စူးရဲတောက်ပြောင်နေသော မျက်လုံးများနှင့် စိုက်ကြည့်သည်။

ယုဂန်ရဲ့မျက်လုံးများထဲတွင် ကောက်ကျစ်ရိုင်းစိုင်းသော အငြိုးများ၊ အမုန်းများကို မြင်တွေ့လိုက်ရလျှင် သူ တစ်စုံတစ်ခုကို သဘောပေါက်ပြီးသား ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ယုဂန်ဟာ မနော‌ရဲ့အစ်ကိုအရင်း မဟုတ်ဘူး။

"ယုဂန် ... မနော ဘယ်မှာလဲ"

သူ ယုဂန်ရဲ့မျက်လုံးများထဲကို စိုက်ကြည့်ပြီး ထပ်မေးလိုက်သည်။

"မင်းနဲ့ ဘာဆိုင်လို့လဲ ထနောင်းညို၊ မင်းနဲ့မနောနဲ့ ဘာဆိုင်တော့လို့လဲ"

"ယုဂန် ... မင်း အမှန်အတိုင်း ပြောစမ်းပါ ... ငါ့ဆီ မနောဖုန်းနဲ့ မက်ဆေ့ချ်ပို့တာက"

"အေး ... ငါပဲ"

"မင်း ဘာသဘောနဲ့ ခုလိုတွေ လုပ်ရတာလဲ ယုဂန်၊ ပြောစမ်းပါ ... မင်းနဲ့ငါကြားမှာ ဘာရန်ငြိုးတွေရှိလို့လဲ ... ပြော"

"ရှိတာပေါ့၊ ငါနဲ့မနောကြားမှာ မင်းက ဝင်ရှုပ်တဲ့ ဖျက်မြင်းပဲ"

"ဘာ"

ထနောင်း မျက်မှောင်ကြုတ်ပြီး တအံ့တသြ အော်လိုက်မိသည်။

ဖျက်မြင်း။

သူက မနောနဲ့ ယုဂန်ကြားမှာ ဖျက်မြင်းတဲ့။

"ဖျက်မြင်း ... ဟုတ်လား၊ နေပါဦး ... မင်းနဲ့မနော





က ဘာဆိုင်လို့လဲ၊ မနောက မင်းကို အစ်ကိုအရင်းတစ်ယောက်လိုပဲ သဘောထားခဲ့တာတဲ့၊ ငါ့ကို အမှန်အတိုင်း ပြောပြပြီးသား"

"အေး ... မနောဘက်က အစ်ကိုအရင်းတစ်ယောက်လို သဘောထားလည်း ငါ့ဘက်က ညီမအရင်းလို သဘောမထားနိုင်ဘူး၊ ငါနဲ့ မနောနဲ့က ဘာမှ သွေးမတော်,သားမစပ်တဲ့ သူစိမ်းစစ်စစ်တွေပဲ ...၊

မင်းသာ ဝင်မရှုပ်ခဲ့ရင် မနောနဲ့ငါနဲ့ကြားမှာ ဘာအနှောင့်အယှက်မှ ရှိမှာမဟုတ်ဘူး၊ သူ့အဖေကိုယ်တိုင်က ငါနဲ့ သဘောတူပြီးသား ...၊

မင်းသာ ... မင်းနဲ့သာ မနော မတွေ့ခဲ့ရင် မနောကို ငါ ဆွဲဆောင်လို့ရမှာ၊ အခုတော့ မင်းကြောင့်"

ယုဂန်က လက်ညှိုးငေါက်ငေါက်ထိုးကာ အငြိုးတကြီး စွပ်စွဲလေလျှင် ...

ထနောင်းမှာ တစ်စုံတစ်ရာကို အလိုအလျောက် ရိပ်မိသွားလျက် ...

"နေပါဦး ... မနောအဖေဟာ သုဘာရာဇာဆိုတဲ့အကြောင်း ငါ့မေမေဆီ စာနဲ့စီဒီချပ် ပို့လိုက်တာကရော ..."

ယုဂန်က ခေါင်းတဆတ်ဆတ်ညိတ်ပြကာ မခိုးမခန့် ရယ်ပြလေသည်။

"ဟုတ်တယ် ... အဲ့ဒါ ငါ့လက်ချက်ပဲ၊ မျိုးရိုးဂုဏ်



www.burmeseclassic.com

www.burmeseclassic.com



သိက္ခာကို ကိုးကွယ်လွန်းတဲ့ မင်းအမေဆီကို မနောဟာ သူဘ ရာဇာကြီးရဲ့သမီးဖြစ်ကြောင်း စာနဲ့စီဒီခွေ ပို့ပေးလိုက်တာ ငါပဲ"

"မင်း အတော်ယုတ်မာပက်စက်တဲ့ကောင်ပဲ ယုဂန်၊ ငါတို့ လက်မထပ်ဖြစ်အောင် ဖျက်ဆီးနှောင့်ယှက်ခဲ့တာ မင်းပေါ့၊ အဲ့ဒီအတွက် မင်းမှာ ဘာအကျိုးရှိလို့လဲ ...၊

မင်းမှတ်ထားလိုက် ယုဂန် ... ငါတို့နှစ်ယောက်ရဲ့အချစ် ဟာ လက်ထပ်ပေါင်းဖက်ရမှာ မဟုတ်ဘူး၊ ဝေးကွာနေလည်း ငါတို့နှစ်ယောက်ဟာ အမြဲချစ်နေမှာပဲ ငါတို့ရင်ထဲက အချစ်ကို ဘယ်သူမှ ဖျက်ဆီးလို့မရဘူး"

"ဟုတ်လား ...ငါ ဖျက်ပြမယ်၊ ယုဂန်ဆိုတဲ့ငါက ရအောင် ဖျက်ပြမယ်၊ အချစ်ဆိုတာက အသက်ရှိမှ ရှင်သန်လို့ ရတဲ့အရာကွ၊ အဲဒီတော့ အဲဒီအချစ်ဆိုတာကြီး ဆက်ပြီး ရှင်သန် လို့မရအောင် ..."

ယုဂန် ပြောလက်စ စကားကိုရပ်ကာ ...

လက်နောက်ပြန်နှင့် ခါးကြားမှ တစ်စုံတစ်ခုကို ဆွဲထုတ် လိုက်သည်။

လက်ခနဲ ...

ချွန်မြနေသော ဓားမြှောင်တစ်လက်။

ထနောင်း သတိအနေအထားနှင့် ယုဂန်ရဲ့ လှုပ်ရှားမှု ကို စောင့်ကြည့်ဆဲ။





"သား"

ယုဂန်ရော၊ ထနောင်းရော အံ့သြတကြီး လှည့်ကြည့် လိုက်မိကြသည်။

ထနောင်းရဲ့မေမေ ဒေါ်မိုးမိုးခိုင်။

သားအတွက် စိုးရိမ်တကြီး ပြေးဝင်လို့လာသည်။

"မေမေ မလာနဲ့"

ထနောင်း စိုးရိမ်ပူပန်စွာ အော်ဟစ်တားသော်လည်းမရ၊

"သား ... သားကို ဘာလုပ်ကြမလို့လဲ၊ မလုပ်ကြပါနဲ့၊ သားမှာ ဘာအပြစ်မှမရှိပါဘူး၊ မလုပ်ကြပါနဲ့"

ဒေါ်မိုးမိုးခိုင် သားဖြစ်သူရှေ့ အတင်းဝင်ကာ စိုးရိမ်တ ကြီး ကာကွယ်ထားသည်။

"မေမေ ... ဖယ်ပါ၊ သားကိစ္စ သားရှင်းပါ့မယ်၊ မေမေ လွတ်ရာသွားနေပါ၊ စိတ်ချ .. သား ဘာမှမဖြစ်ပါဘူး"

ထနောင်း ... မေမေ စိတ်မပူအောင် အားပေးပြောရင်း မေမေ့ကို ဖယ်စေသည်။

အရမ်းကို စိုးရိမ်ပူလောင်နေသော ဒေါ်မိုးမိုးခိုင်မှာ သား ရှေ့မှ တစ်လက်မမှမခွာ။

လက်နှစ်ဖက်ဖြန့်ကားကာ သားရှေ့ရပ်ပြီး သားကို ကာကွယ်ဆဲ။

ဒေါသတွေ, အာဃာတတွေနှင့် ဆူပွက်လောင်မြိုက်



www.burmeseclassic.com

www.burmeseclassic.com



နေသော ယုဂန်မှာ ဒေါ်မိုးမိုးခိုင်ကိုကြည့်ပြီး စိတ်ရှုပ်ထွေးလာသလို ...

"ဟာ ... အရေးထဲ ဒီအဘွားကြီးက အကယ်ဒမီရှော့ခ်တွေ လာလုပ်နေသေးတယ်၊ ဟော့ကောင် အောင်ကြီး ... လာစမ်း ... အဘွားကြီးကို အရင်ရှင်းပစ်လိုက်စမ်းကွာ"

ယုဂန် မကောင်းဆိုးဝါးဝင်ပူးနေသလို ရက်စက်စွာ အမိန့်ပေးလိုက်သည်။

"မေမေ"

ထနောင်း စိုးရိမ်တကြီး အော်မိ၏။

ထနောင်းကို တိုးကြီးက နောက်ဘက်မှ သိုင်းချုပ်ကာ ဒေါ်မိုးမိုးခိုင်နှင့် လူချင်းခွာလိုက်သည်။

"မေမေ"

ထနောင်း ကြုံးအော်သည်။

အောင်ကြီးလက်ထဲမှ မောင်းချခါးတစ်လက်က ...

'ဖျောက်'

ခနဲ အသံနှင့်အတူ ပွင့်အန်ရုန်းထွက်လာသည်။

လက်ခနဲ ...

အောင်ကြီးရဲ့ လက်တစ်ဖက်မှာ မြောက်တက်လူ့ပ်ရှားလို့အသွား ...

ရုတ်တရက် ... ဝင်ရောက်လာခဲ့သော အရိပ်တစ်ခု။





ဒေါ်မိုးမိုးခိုင်မှာ ဘေးသို့လွင့်ထွက်သွားခဲ့ပြီးလျှင် ...

"အား"

"ဟင်"

"အို"

"ဟာ"

တစ်ပြိုင်နက်တည်း ထွက်ပေါ်လာခဲ့သော အာမေဋိတ်သံများ။ ကြမ်းပြင်ပေါ်မှာ ပုံလျက်သား လဲကျနေသူက ...

"မနော"

ထနောင်း ကြေကွဲစွာခေါ်ရင်း မျက်လုံးတွေ ပြာဝေသွားခဲ့ရတော့သည်။

ဂိုဒေါင်ထဲ ဝင်လာလာချင်း မြင်လိုက်ရသော မြင်ကွင်းကြောင့် ...

ဒေါ်မိုးမိုးခိုင်ကို ဘေးသို့တွန်းထုတ်ကာ ...

အစားဝင်ခံလိုက်သူက မနောရယ်ပါ။

အောင်ကြီး ကိုယ့်လက်ကိုယ် ချောက်ချားစွာ ပြန်ငုံ့ကြည့်မိ၏။

အမှန်မှာတော့ ရုတ်တရက် ဖြစ်ပျက်သွားသော ပုံရိပ်များအားလုံးကို မယုံကြည်နိုင်သလို ...

မနော ...

နောလေး ...



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံးက မသိစိတ်ထဲမှာ စွဲငြိနေခဲ့ပြီး မျှိုသိပ်ထိန်းချုပ် ချစ်ခဲ့ရတဲ့ ကောင်မလေး။

ကိုယ့်ကို အစ်ကိုအရင်းတစ်ယောက်လို တွယ်တာပါတယ်ဆိုတဲ့ ညီမလေး။

အစစအရာရာ ကိုယ့်ကို မှီခို့အားကိုးခဲ့တဲ့ ကလေး။

ခု ... ခုတော့ ...

သူ့ရဲ့မှောင်မိုက်ပူလောင်လှတဲ့ မောဟတွေကြောင့် ...

မမြင်ရက်၊ မတွေ့ရက်စရာ ...

ရင်ဝမှာ ဓားစိုက်လျက် အနေအထားနှင့် ...

ကြမ်းပြင်ပေါ်မှာ လဲကျလျက် ...

သွေး .... သွေးတွေ ...

မြင်မကောင်းအောင် ယိုစိမ့် စီးကျနေသော သွေးစက်တွေ။

နောလေး ...

နင် ဘာမှမဖြစ်နဲ့နော် ...

ငါ့ ... ငါ့ကြောင့် ...

ငါ့ကို ခွင့်မလွှတ်ပါနဲ့ နောလေးရယ်။

ဘယ်တော့မှ ခွင့်မလွှတ်ပါနဲ့။

နောလေး ...

နင် ငါ့ကို ဘယ်တော့မှ ခွင့်မလွှတ်ပါနဲ့။





ယုဂန် သွေးများ ခြင်းခြင်းရဲကာ ကြမ်းပြင်ပေါ်ပုံလျက်သားလေး လဲကျနေသော မနောကို ကြက်သေ့သေကာ စိုက်ကြည့်နေဆဲ။

"မနော"

ထနောင်းတစ်ယောက် သွေးရူးသွေးတန်းအော်ကာ မနောကို စိုးထိတ်စွာ ပြေးပွေ့၏။

"မနော ... မနော"

မနောမှာ ထနောင်းကို မျက်လွှာလေးတစ်ချက် လှန်ကြည့်ကာ ...

မျက်ခွံလေးတွေ ပြန်မှိတ်ကျသွားသည်။

"မနော"

ထနောင်း ဆောက်တည်ရာမရစွာ ကြုံးအော်၏။

မနော နှုတ်ခမ်းလွှာလေးတွေ ပြုံးလိုက်သလို လွန့်ခနဲဆွဲဆန့်လှုပ်ရှားသွားလျက် သွေးများ ပွက်ခနဲ ကျလာ၏။

"မနော ... မနော ... ကိုယ်ခေါ်နေတယ်လေ၊ ကိုယ်ရှိတယ်လေ မနောရဲ့၊ မနော ... သတိထားပါဦး။ မနော ဘာမှမဖြစ်ရဘူးနော် ... ဘာမှမဖြစ်ရဘူးနော် ...၊

မနော ... အခု ကိုယ့်ရင်ခွင်ထဲမှာ ... သိရဲ့လား၊ ကိုယ့်ရင်ခွင်ထဲမှာ ကိုယ်နဲ့မနော ထပ်မဝေးကြရတော့ဘူးနော်၊ တို့နှစ်ယောက် ဘယ်တော့မှ မခွဲကြတော့ဘူး ...၊



www.burmeseclassic.com

www.burmeseclassic.com



သိရဲ့လား မနောရေ ... အားတင်းထားပါ အချစ်ရယ် ကိုယ် ရှိတယ်လေ''

ထနောင်း အရူးတစ်ယောက်လို မနောရဲ့ ပါးရိုးလေးတွေကို ကိုင်လှုပ်ကာ တတွတ်တွတ်ပြောသည်။

ခွဲမသွားပါနဲ့။

ကိုယ့်ကို ခွဲမသွားပါနဲ့ မနောရယ်။

ကိုယ် ရူးလိမ့်မယ် ... သိရဲ့လား။

ထနောင်းရဲ့ မျက်ရည်စက်များမှာ တားဆီးမရအောင် ပြိုဆင်းစီးဆင်းလာလျက် ...

မနောရဲ့ပါးပြင်နုနုနှစ်ဖက်ပေါ်တွင် စွတ်စိုရွှဲနစ်နေစေတော့သည်။

ချစ်သူနှစ်ယောက်ရဲ့ ကြေကွဲဖွယ်ရာမြင်ကွင်းကိုကြည့်ပြီး ယူကျုံးမရဖြစ်နေရသည်က ထနောင်းမေမေ ဒေါ်မိုးမိုးခိုင်။

မနောရဲ့လက်ကလေးတစ်ဖက်ကို ဖွဖွညင်သာစွာ ဆုပ်ကိုင်ရင်းက ...

''သမီး ... သမီး မနောရယ် ... အန်တီ့အတွက် ကြားဝင်ခံသွားပေးသတဲ့လား၊ အန်တီ ... အန်တီက သမီးအပေါ် ရက်စက်ခဲ့မိတာ ...၊

သမီးကို အန်တီမမုန်းပါဘူး သမီးရယ်၊ ဘယ်တုန်းကမှ မမုန်းခဲ့ပါဘူး ...၊





အန်တီ့ကို ခွင့်လွှတ်ပါ၊ အန်တီ့ကို ခွင့်လွှတ်ပါ မနောရယ်''

ဒေါ်မိုးမိုးခိုင် တတွတ်တွတ် တောင်းပန်ပါသော်လည်း မနောမှာလည်း ပကတိငြိမ်သက်လျက် ...

ထိုအချိန်မှာပင် ...

''သမီးလေး''

တစ်ဟုန်ထိုးပြေးဝင်လာကာ ထနောင်းလက်ထဲမှနေ မနောကိုယ်လေးကို လုယူကာပွေ့လိုက်သော လူကြီးတစ်ဦး။

အားလုံး အံ့ဩတကြီး ကြည့်လိုက်မိကြသည်။

နက်ပြာရောင် ကုတ်အင်္ကျီစတိုင်လ်ပင်နှင့် ပြောင်လက်နက်မှောင်နေသော ပခုံးကျော်ဆံပင်ရှည်ကို ပြောင်လှန်သိမ်းကာ စုစည်းထားသောလူကြီး။

''သမီး ... သမီးလေး ... ဖေကြီး လာပြီလေ၊ ဖေကြီး လာပြီလေ သမီးလေးရဲ့၊ ဘယ်လိုဖြစ်ရတာလဲ ... ဘယ်လိုဖြစ်ရတာလဲ သမီးလေးရယ် ...၊

ကံဆိုးလှချည်လား သမီးလေးရဲ့၊ မိတဆိုးမလေးရဲ့၊ ဖေကြီးက သမီးအတွက် ပိုက်ဆံတွေ, စည်းစိမ်တွေပဲ ပုံပေးနိုင်ခဲ့တာ၊ သမီးလေးအနားမှာနေပြီး ပျော်ရွှင်မှုတွေ မဖန်တီးပေးနိုင်ခဲ့ဘူး၊ သမီးအတွက် ဂုဏ်တွေ,သိက္ခာတွေလည်း မဖန်တီးပေးနိုင်ခဲ့ဘူး ...၊



www.burmeseclassic.com

www.burmeseclassic.com



ဖေကြီးကြောင့်၊ အသုံးမကျတဲ့ ဟောဒီအဖေကြောင့် ငါ့သမီးလေး ဒီလိုအဖြစ်ဆိုးတွေနဲ့ ကြုံတွေ့ရတာ သမီးလေး ရယ်''

သမီးဖြစ်သူကို တင်းကျပ်စွာ ပွေ့ထားလျက်က သုဘ ရာဇာကြီး ဦးသုတ သည်းထန်စွာ ရှိုက်ငိုမိသည်။

''သူငယ်ချင်းရယ် . . . စိတ်ကိုဖြေပါကွာ''

ဦးထိန်လင်း သူငယ်ချင်းဖြစ်သူရဲ့ပခုံးကို ဖျစ်ညှစ်ဆုပ် ကိုင်ကာ နှစ်သိမ့်သည်။

တကယ်တော့ . . .

သူငယ်ချင်းဖြစ်သူကိုသာ နှစ်သိမ့်ပေးမိတာ။

သမီးလေးအတွက် သူကိုယ်တိုင်လည်း မဖြေနိုင်။

အဖေအရင်းမဟုတ်သည့်တိုင် အဖေအရင်းကဲ့သို့ တစ် သက်လုံးမွေးမြူပြုစုစောင့်ရှောက်ခဲ့ရသည်မှာ ချစ်ခြင်းအပြည့် ဖြင့် မဟုတ်ပါလား။

မျိုးရိုးဂုဏ်ကို ကိုးကွယ်ပါသည်ဆိုသော ဒေါ်မိုးမိုးခိုင်ပင် ဦးသုတကို မျက်ဝါးထင်ထင်မြင်လိုက်ရသောအခါ တွေဝေစွာ စိုက်ကြည့်နေမိလေသည်။

ယုဂန်နှင့်တပည့်ဖြစ်သူများကိုတော့ သက်ဆိုင်ရာက တာဝန်အရ ဖမ်းဆီးခေါ်ဆောင်သွားချိန်မှာ . . .

ယုဂန်ရဲ့မျက်ရည်ဖုံးသော နောင်တမျက်ဝန်းတွေက





မနောဆီသို့သာ လည်ပြန်လျက်။

ခုတော့ . .

သူ စနစ်တကျ အကွက်ချကြံစည်ခဲ့ရသမျှ အရာအား လုံးက ချစ်သူကို ပိုင်ဆိုင်ဖို့အတွက် မဟုတ်တော့ဘဲ . . .

ချစ်သူကို စတေးဖို့ ဖြစ်ခဲ့ရပြီးလားလေ။

ယုန်ကလေးတစ်ကောင်လို စိတ်ထားဖြူစင်လှသော မနောဖြူ . . . ဆိုတဲ့ မိန်းကလေးတစ်ယောက်ကတော့ သုဘရာ ဇာ အဖေကြီးရဲ့ရင်ခွင်ထဲမှာ ငြိမ်သက်စွာ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ဖြူစင်ရှင်းသန့်သော အလင်း။

မျက်တောင်တွေကို တဖျပ်ဖျပ်ခတ်နေမိသည်။ မျက်ဝန်းတွေကို ရွေ့လျားဖို့ ကြိုးစားမိပြန်သည်။

"ဟော ... သတိရလာပြီ"

ဝမ်းသာအားရအသံ။ အနားမှာ လူတွေအားလုံးဝိုင်းလို့။

"မနော ... မနော သတိရလာပြီနော်"

"သက်သာရဲ့လား သမီး"

"ဘယ်လိုနေသေးလဲ သမီးလေး"

"ခေါင်းထဲက မူးနေလား"

"ဒဏ်ရာက အရမ်းနာနေလားဟင်"

အလုအယက် ဝိုင်းမေးကြပုံကြောင့် အနားမှာရှိသော သူနာပြုဆရာမလေးက ပြုံးသည်။

"ဒဏ်ရာက မပြင်းထန်ပါဘူး၊ တစ်ရက်၊နှစ်ရက်နေရင်





သက်သာသွားမှာပါ၊ လှုပ်လှုပ်ရှားရှားတော့ မနေနဲ့ဦးပေါ့"

သတိရလာသော မနောဆီကို အရင်ဆုံးကပ်ကာ စကားတွေပြောဖို့ ကြိုးစားသူက ထနောင်းရဲ့မေမေ ဒေါ်မိုးမိုးခိုင်။

"သမီးရယ် ... အန်တီ့ကိုခွင့်လွှတ်ပါနော်၊ အန်တီ တောင်းပန်ပါတယ်၊ သမီးက အန်တီ့အသက်ကို ကယ်ခဲ့တာပါ၊ အန်တီ ... သမီးအပေါ် ရင့်ရင့်သီးသီး ဆက်ဆံခဲ့တာတောင် သမီးက သဘောထားကြီးကြီးနဲ့ အန်တီ့အသက်ကို ကယ်ခဲ့တာ အန်တီ တောင်းပန်ပါတယ်"

မနော စကားမပြောနိုင်သေးပေမယ့် ဒေါ်မိုးမိုးခိုင်ကို ပြုံးပြကာ တောင်းပန်စရာမလိုပါဘူး ဆိုတဲ့သဘော ခေါင်းလေး အသာခါပြသည်။

ဒေါ်မိုးမိုးခိုင်မှာ မနောကို တောင်းပန်ရုံနှင့် မကျေနပ်နိုင်သေးဘဲ ...

"ဦးထိန်လင်းနဲ့ ဦးသုတကိုလည်း ကျွန်မ တောင်းပန်ပါတယ်ရှင်၊ ကျွန်မလေ သဘောထား ကျဉ်းမြောင်းခဲ့မိပါတယ်၊ အယူအဆလည်း မှားယွင်းခဲ့ပါတယ်၊ ကျွန်မကို ခွင့်လွှတ်ပါ၊ ကျွန်မ အနူးအညွတ် တောင်းပန်ပါတယ်"

"ရပါတယ်ဗျာ၊ ကျွန်တော့်လို သူဘရာဇာတွေအပေါ် လူတွေအတော်များများက ဒီလိုပဲ သဘောထားတတ်ကြပါတယ်၊ တောင်းပန်စရာမလိုပါဘူး၊ ဒေါ်မိုးမိုးခိုင်အနေနဲ့ ခုလို မြင်အေး



www.burmeseclassic.com

www.burmeseclassic.com



တာကိုပဲ ကျွန်တော် ဝမ်းသာလှပါပြီ''

ဒေါ်မိုးမိုးခိုင် တောင်းပန်သည်ကို ဦးသုတ မျက်နှာမထားတတ်သလို အနေရခက်ရင်းက ဝမ်းသာကြည်နူးစွာ ပြန်ပြောလေသည်။

''အခုလို ခွင့်လွှတ်ပေးတာကို ကျွန်မကလည်း ဝမ်းသာပါတယ်ရှင်၊ ကျွန်မကသာ အမြင်ကျဉ်းမြောင်းနေမိတာပါ၊ ခုခေတ်မှာ ထင်ရှားကျော်ကြားတဲ့ အနုပညာရှင်တွေ, လုပ်ငန်းရှင် သူဌေးကြီးတွေ အို ... အလွှာအသီးသီးက လူကြီးလူငယ်တွေ နာရေးကူညီမှုအသင်းတွေဖွဲ့ပြီး နာရေးကိစ္စတွေကို ကိုယ်တိုင် ဝင်ပြီး လုပ်ကိုင်ဆောင်ရွက်နေကြတာ မြင်ရ,ကြားရတော့ ကျွန်မ ကိုယ်ကျွန်မ ရှက်မိပါတယ် ...၊

အဲဒါကြောင့် ကျွန်မရဲ့အမြင်တွေ ပြောင်းလဲလာခဲ့ရတာပါ၊ အခု သမီးမနောဆီမလာခင် နာရေးကူညီမှုအသင်းကို ဝင်ပြီး တတ်နိုင်သလောက် လှူဒါန်းခဲ့ပါသေးတယ်''

''သာဓုဗျာ ... သာဓု သာဓု''

ဦးထိန်လင်းနှင့်ဦးသုတ ဒေါ်မိုးမိုးခိုင်ရဲ့အလှူအတွက် ဝမ်းသာအားရ သာဓုခေါ်သည်။

''ကဲ ... အလှူအတွက် သာဓုခေါ်တာလည်း ခေါ်ပေါ့၊ ကျွန်မ ကြေညာစရာတစ်ခု ရှိပါသေးတယ်၊ နားထောင်ပေးကြပါဦး''



BURMESE CLASSIC .com



ဒေါ်မိုးမိုးခိုင်က ကြေညာစရာတစ်ခုရှိတယ် ဆိုသဖြင့် အားလုံး ငြိမ်သက်ကာ နားစွင့်နေကြမိသည်။

''ဟုတ်ကဲ့ ... ကျွန်မရဲ့သား ထနောင်းညိုကို ဦးသုတရဲ့သမီး မနောဖြူနဲ့ မကြာခင်မှာ အခမ်းနားဆုံး အကြီးကျယ်ဆုံး လက်ထပ်မင်္ဂလာပွဲ ကျင်းပပေးမှာဖြစ်ပါတယ်ဆိုတဲ့အကြောင်း ကြေညာပါရစေ''

''ဟာ ... မေမေ''

ထနောင်း ... အမေဖြစ်သူကို ဝမ်းသာအားရပြေးဖက်သည်။

မနောလည်း အံ့အားသင့်ကာ မျက်လုံးလေးတွေ ဝိုင်းစက်သွားခဲ့ရပြီးမှ ... ကြည်နူးရင်ခုန်စွာ ပြုံးပြသည်။

ချစ်သူနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည်ကြည်နူးနူးကြည့်ကာ ...

နှုတ်ခမ်းများပေါ်မှာ နူးညံ့ငွေ့ထွေးသော အပြုံးကိုယ်စီနှင့်။

ခုတော့ ...

ချစ်သူနှစ်ယောက် စစ်မှန်သောချစ်ခြင်းသစ္စာကြောင့် ချစ်ခရီးလမ်းသည် အစစအရာရာ ဖြောင့်ဖြူးသာယာလို့ နေခဲ့ပြီ ဖြစ်သည်။

သူတို့နှစ်ယောက်ကြားမှာ ဘယ်လိုအနှောင့်အယှက်



www.burmeseclassic.com

www.burmeseclassic.com



အတားအဆီးမှ မရှိတော့ပြီလေ။

ခါးရှိသင်းပျံ့သော ကော်ဖီနံ့လေးက မွှေးပျံ့လျက် ...

♫ ကြည်ပြာရီဝေသောအကြည့်နဲ့ ညို့ချစ်သူ ××× ကျွန်တော်ရဲ့ ကြင်နာသူ ××× သူ့အကြည့် ဘဝင်မှာဆူ ××× ရင်ခွင်လွှာကိုပူ ××× အသွေးအသားတွေဆူလို့ ××× အသည်းလေးပေါက်အောင်ကြည့်တဲ့ ကျွန်တော့်ချစ်သူ ×××

ကြည်ပြာရီဝေသောအကြည့်နဲ့ ညို့ချစ်သူ ××× သူဟာ ကျွန်တော်ရဲ့ ကြင်နာသူ ♫

ထနောင်းနှင့်မနော ချိုကြည်စွာ လွှင့်ပျံ့လာသော သီချင်းသံလေးကြောင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ နားလည်စွာ ပြုံးလိုက်မိကြသည်။

ထနောင်းက ကြည်စင်ရွှန်းလဲ့သော မျက်ဝန်းလေးတွေကို လက်ညှိုးဖြင့် ညွှန်လျက် ...

"အဲဒီမျက်ဝန်းလေးတွေကြောင့် အသည်းပေါက်အောင် ချစ်ခဲ့မိတာ ဒီကကောင်က"

ချစ်သူရဲ့အပြောကို လှပစွာ မျက်စောင်းဝင့်သည်။





"ဟွန်း ... မျက်ဝန်းတွေကိုချစ်တာပေါ့ ... ဟုတ်လား"

"မျက်ဝန်းတွေကိုရော၊ နှလုံးသားကိုရော၊ ပြီးတော့ မနောဖြူဆိုတဲ့ ကောင်မလေးတစ်ယောက်လုံးကို အရမ်းချစ်တာ ... ကျေနပ်ပြီလား"

"ကျေနပ်ပြီ ... ကျေနပ်ပြီ ... ဟင်း ဟင်း"

နွေးထွေးလှပလွန်းသော ရယ်သံနုနု။

"နောင်း"

"ဟင်"

"ပြောလေ မနော"

"မနောဖြစ်ချင်တာတစ်ခု ပြောချင်တယ် ... ပြောရ မလားဟင်"

"မနော ဘာဖြစ်ချင်လဲ ... ပြောလေ၊ ကိုယ် အားလုံး မနောဖြစ်ချင်တဲ့အတိုင်း ဖြစ်စေရမယ်"

"လပ်(ဖ)နေရာလေးအတိုင်း ဖြစ်ချင်တယ် နောင်းရယ်၊ လပ်(ဖ)လို ဖြစ်ခွင့်လေး ပေးပါလားနောင်းရယ်၊ နောင်းကို လပ်(ဖ) ချစ်သလိုမျိုး ချစ်ချင်တယ်၊ လပ်(ဖ) ကြည့်ခဲ့တဲ့ အကြည့်လေးအတိုင်း မျက်ဝန်းထဲမှာ စွဲထင်နေအောင်ကြည့်ပြီး ချစ်ချင်တယ် နောင်းရယ် ... နော်"

"ချစ်ရယ် ... လပ်(ဖ)လေးရယ်"

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် လက်များ ကမ်းပေးမိကြသည်။

ထို့နောက် ... နွေးထွေးသော လက်ချောင်းများက မြဲမြဲစွာ၊ တင်းကျပ်စွာ ဆုပ်ကိုင်လျက် ...

ချစ်ခြင်းမှာ

ဆင်းရဲခြင်း မရှိ။

ချမ်းသာခြင်း မရှိ။

လှပခြင်း မရှိ။

မလှပခြင်း မရှိ။

ဂုဏ်ရှိခြင်း၊ ဂုဏ်မဲ့ခြင်း ဘာမှမရှိ။

ချစ်ခြင်းမှာ အရာအားလုံးက တူညီလျက်သာ ရှိသည် မဟုတ်ပါလား ။ ။

နှလုံးသားသည်းနှမှ ချစ်ခြင်းများစွာဖြင့်

BURMESE CLASSIC .com

www.burmeseclassic.com